ရောရော ယောင်ယောင် မောင်ဘမောင်
ဝတ္ထုတိုများ
မြင့်သန်း
တတိယအကြိမ်

About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။ တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှာတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။ ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝမရှိသလောက် ဖြစ်သည်။ ထိုအခက်ခဲများကို ကျနော်တို့ တတ်နိုင်သည့် ဘက်မှ ကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်း ဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီး ကိုယ်ကျိုးအတွက် လုံးဝ(လုံးဝ)အသုံးမပြုပါ။

အကယ်၍ ဤစာအုပ်အတွက် အဖိုးအခ တစ်စုံတစ်ရာ ပေးခဲ့ပြီး ရခဲ့သည် ရှိသော်လည်းကောင်း linkတွင် ကြော်ငြာများခံကာ တင်ထားသော အခြားတနေရာရာမှ ရရှိခဲ့သော် ဂျင်းထည့်ခံရပြီ မှတ်ပါ။

အခမဲ့ စာအုပ် အသစ်များ တင်တိုင်း သိရှိနိုင်ဖို့ Telegram Channel ကို subscribe ထားနိုင်ပါသည်။

WHISPER of WORDS

Subscribe Telegram Channel

https://t.me/TheBookR

ကိုယ်တို့တစ်တွေလည်း အဲဒီလို နေခဲ့ကြလို့ ခုတော့၊ ခုလို နေနိုင်ကြတာပဲ။ ပြောမယ်ဆိုရင်တော့ ခေတ်ကျပ်ကြီးတွေ အကြားမှာ နေတတ်အောင် နေခဲ့ကြတာပါ။ ကိုယ်တို့ခေတ်အခါတုန်းကလည်း ကိုယ်တို့တစ်တွေ မည့်ခဲ့ကြပါဘူး။ အင်း၊ မေးမယ်ဆိုရင်တော့လည်း တော်ကော တော်ခဲ့ကြသလားရယ် လို့ မေးစရာပဲ။

တတိယအကြိမ်အတွက် အမှာစာသစ်နဲ့ ဝတ္ထုတို ၃ ပုဒ် ထပ်မံ ဖြည့်စွက်ထားပါတယ်။

ရောရောယောင်ယောင် မောင်ဘမောင်

ဝတ္ထုတိုများ

မြင့်သန်း

နှစ်ကာလများ

အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊

အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉ ၂၅ ၄၈ ၄၈ ၀၄၈

e-mail: theeras2001@gmail.com

ပုံနှိပ်မှတ်တမ်း

ရောရောယောင်ယောင် မောင်ဘမောင်

မြင့်သန်း

တတိယအကြိမ်၊ အောက်တိုဘာ၊ ၂၀၁၈။

ဒုတိယအကြိမ်၊ ၂၀၁၅ (နှစ်ကာလများ)။

ပထမအကြိမ်၊ ၂၀၀၂ (မိုးရွှေ)။

အုပ်ရေ – ၁၀၀၀

တန်ဖိုး - ၃၀၀၀ ကျပ်

ထုတ်ဝေသူ ဦးစိန်ဝင်း၊ နှစ်ကာလများစာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ အတွင်းနှင့် အဖုံးပုံနှိပ် ဦးအေးဝင်း၊ အေးကမ္ဘာ ပုံနှိပ်တိုက်၊ (၀၀၂၉၀) ၄၆၊ ၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ မျက်နှာဖုံး ဘဗွေးကြည်၊ ကွန်ပျူတာစာစီ သရဖီ၊ စာအုပ်ချုပ် ရွှေသမီး။

အမှာ

ဤဝတ္ထုတိုများစာအုပ်တွင် ပါဝင်သော ကျွန်တော်၏ အရေးအသားများမှာ ၁၉၉၀ ကာလ၏ နောက်ပိုင်းတွင် ရေးသား သော အရေးအသားများသာ ဖြစ်ပါသည်။ အတော်များများမှာ မဂ္ဂဇင်းများတွင် ပုံနှိပ်ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။ တစ်ပုဒ် နှစ်ပုဒ်သာ ယခင်က ပုံနှိပ်ဖော်ပြခဲ့ခြင်း မရှိသော အရေးအသား များ ဖြစ်ပါသည်။ ဤအရေးအသားများ၊ အရေးအသားဟန်များ ဖြစ်လာခဲ့ခြင်းမှာ အကြောင်းရှိသဖြင့် အထိုက်အလျောက် ရှင်းပြလိုပါသည်။

ပညာရပ်ဆိုင်ရာ အဆောက်အအုံများနှင့် ကျွန်တော် ဆယ်နှစ်ခန့် ကင်းကွာခဲ့ပြီးနောက် ၁၉၈၀ ကာလများ၏ စောစောပိုင်းတွင် ကျွန်တော်သည် ပညာရပ်ဆိုင်ရာ အဆောက်အအုံများ အတွင်းသို့ ပြန်လည်ရောက်ရှိ သွားခဲ့ပါသည်။ ပညာရပ်ဆိုင်ရာ အဆောက်အအုံများအတွင်း ပြန်လည်ရောက်ရှိ သွားပြီး စနစ်တကျ လေ့လာရသောအခါတွင် ကျွန်တော်၏ ဆိုးဆိုးရွားရွား အနက်ယူမှားခဲ့ခြင်း အများအပြားကို သိခဲ့ရပါသည်။ အဓိကမှာ ကျွန်တော် ကျွမ်းကျင်နှံ့စပ်သည်ဟု အထင်ရှိခဲ့သော အနောက်တိုင်းဘာသာစကား အခြေခံကာ ကျွန်တော် သိမှတ်နားလည် လက်ခံ အနက်ဖွင့်ခဲ့ပုံ အတော်များများသည် ကျွန်တော်၏ ပင်ရင်း (အရှေ့တိုင်း/မြန်မာ စသည်ဖြင့် ခေါ်လိုက ခေါ်နိုင်သည်) သိမှုတွင် အခြေခံကာ၊ သိမှတ်နားလည်ခဲ့ခြင်းသာ ဖြစ်ခဲ့ကြောင်း သဘောပေါက်ရသဖြင့် ဖြစ်ပါသည်။

အထူးသဖြင့် ၁၉၆၀ ကာလခန့်က စတင်ပုံနှိပ် ထုတ်ဝေခဲ့သည့် အနောက်တိုင်းဘာသာ စာဖြင့် ရေးသားခဲ့သော အရေးအသား အများအပြားမှာ အစဉ်အလာ၏ ဘောင်မှ ခွဲထွက်ခဲ့ကြပါသည်။ ပညာရပ်ဆိုင်ရာ အဆောက်အအုံများသည် ပိုမို၍ စနစ်ကျလာကြကာ၊ လျင်မြန်စွာ ကြီးထွားလာကြပါသည်။ အလားတူပင် ဖန်တီးမှုဆိုင်ရာ အနုသုခုမ ပညာရပ်များမှာ လျင်မြန်စွာ ပြောင်းလဲလာကြပါသည်။ ထို ပြောင်းလဲမှုများတွင် အကြောင်းပေါင်းများစွာ ရှိခဲ့ပါသည်။ ရှေးကသော် ထိုအကြောင်းပေါင်း များစွာကို စိုးစဉ်းမျှ မသိဘဲလျက် ပြောင်းလဲ သွားသော အနုပညာကို မှန်းဆ၍ သာယာခဲ့မိပါသည်။

သိမှတ်နားလည်နိုင်မှု ကွာပုံသည် ပြန်လည်ဖော်ထုတ်ရာတွင် အရေးကြီးကြောင်း ရှေးကပင် ကျွန်တော် နားလည်ရန် သင့်သော်လည်း ကျွန်တော့်အနေဖြင့် သတိမမူ ဖြစ်ခဲ့ပါသည်။ ကျွန်တော်ငယ်စဉ်က ကျွန်တော့်ဖခင်ကြီး၏ မိတ်ဆွေတစ်ဦးဖြစ်သူ ရန်ကုန်တက္ကသိုလ် ဘာဆာဟောင်းဖြစ်သူ ဦးတင် (မြန်အောင်ဦးတင် ဟုလည်း တွင်သည်) က အင်္ဂလိပ်သတင်းစာ တစ်စောင်မှ ပေးစာတွင် ရေးသားထားသော အရေးအသား နှစ်ခုကိုပြကာ “မောင်မြင့်သန်း၊ ဒီမှာ ဘာကွာသလဲ” ဟု မေးဖူးပါသည်။

ကျွန်တော် ဖတ်ကြည့်ရသရွေ့မှာ ကြီးကြီးကျယ်ကျယ် ကွာပုံမမြင်၊ သို့သော်လည်း အန်ကယ်ဦးတင်က "ဒါက ဘိုက ဘိုလိုရေးတာ၊ ဒါက တို့အရှေ့တိုင်းသားက ဘိုလိုရေးတာ" ဟု ပြောကာ ရှင်းလင်းပြပါသည်။ ဆိုလိုသည်မှာ သိမှုပုံစံ ကွာသဖြင့် ဘာသာစကားကို တည်ဆောက်ရာတွင် ကွာခြား သွားကြခြင်း ဖြစ်ပါသည်။

ဤတွင် မော်ဒန်-ပို့စ်မော်ဒန်အကြောင်း အနည်းငယ် ထည့်သွင်းဆွေးနွေးရန် လိုအပ်လာပါသည်။ ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးခဲ့စဉ် ကာလအတွင်း၊ ကျွန်တော် လက်လှမ်းမီသမျှ ဖတ်ရှုပြီးနောက်၊ အရေးအသား အတော်များများ စမ်းသပ်ရေးသားခဲ့ဖူးပါသည်။ အတော်များများမှာ အနောက်၏ သိမှုပုံစံကို အခြေခံထားသော အရေးအသားမျိုး ဖြစ်ပါသည်။ တစ်နည်းဆိုသော် ပုံတူကူးထားသည့် သဘောမျိုး ဖြစ်ပါသည်။ အထူးသဖြင့် သိပ္ပံနှင့် သညာများကို တိုက်ရိုက်ဖလှယ်၍ မြန်မာဘာသာစကားအားဖြင့် ပြန်လည်ဖော်ထုတ်ခြင်းများ ဖြစ်လာပါသည်။ ဥပမာ- ကျွန်တော် ဖတ်ရှုခဲ့ရဖူးသော "သိုးများကို လက်နှိပ်စက် အရိုက်သင်ပေးသည်" ဟူသော **Satirical Irony** ကို ကျွန်တော်က ကျွန်တော်၏ အရေးအသားတစ်ခုတွင် "နွားများတွင် ကာဗျူရေတာ တပ်ပေးသင့် မသင့်" စသည်ဖြင့် ရေးသားခဲ့ပါသည်။ စာဖတ်သူများ ကမူ **Satirical Irony** အဖြစ် မမြင်ဟု ထင်သည်။ ဝေဖန်ရေး ဆရာတစ်ဦးကမူ ကြောင်သည်ဟူ၍ပင် ဝေဖန်ခဲ့ပါသည်။ ဝေဖန်ချက်မှာ ယခုသော် ကျွန်တော့်အတွက် အလွန်အကျိုး ရှိသော ဝေဖန်ချက်ဖြစ်လာသည်။ ထိုစဉ်က ကျွန်တော်သည် ဘာသာစကား၏ ထိန်းချုပ်ခံ နားလည်မှုကို ထည့်သွင်းမစဉ်းစားခဲ့မိခဲ့သော အကြောင်းကို သတိပေးသလို ဖြစ်လာ ပါသည်။

မော်ဒန်-ပို့စ်မော်ဒန် လမ်းကြောင်းပေါ်တွင် ဖန်တီးရာ၌၊ ဒီလိုရေးရမယ် ဟုလည်း တွေးခဲ့မိသဖြင့် ရေးစမ်းကြည့်ခဲ့ရာ ထိုသို့ တွေးခဲ့ခြင်းသည်ပင် ပို့စ်မော်ဒန်လမ်းကြောင်းမှ သွေဖည်သွားခဲ့ကြောင်း၊ အနှစ်နှစ်ဆယ်ကျော်မှ သဘောပေါက်ရပါသည်။ ဆရာများ၏ စနစ်တကျ ပို့ချမှုအောက်တွင် ပို့စ်မော်ဒန်ဟု သတ်မှတ်ထားသော အရေးအသားများကို ဖတ်ရသည်တွင် ကိုယ့်ဘာသာ ရှက်ပြုံးပြုံးမိပါသည်။ ဘာသဲလ်(မ)၊ ပင်ချွန်း၊ ဗရော့တီဂန် တို့၏ အရေးအသားများကို ဖတ်ရှုရသည်တွင် ကျွန်တော် အသိသစ်များ ရခဲ့ရပါသည်။ ကျွန်တော်တို့ သိမှု သို့မဟုတ် သိမှတ်မှုပုံစံထဲတွင် မရှိခဲ့သော အနောက်တိုင်း သိမှုပုံစံများကို မည်သို့မည်ပုံ အံဝင်အောင် သုံးမည်ဟု မစဉ်းစားဘဲ၊ အတင်းယူငင် သုံးစွဲမိပုံကို ပြန်လည် တွေးကြည့်ကာ ရှက်မိပါသည်။

သို့ရာတွင် ကျွန်တော့်အနေဖြင့် ဝမ်းသာနိုင်သော အချက်တစ်ခုမှာ မော်ဒန်- ပို့စ်မော်ဒန် ဖန်တီးမှုများကို အနောက်တိုင်း အတွေးအခေါ် စနစ်များနှင့် မရောထွေးခဲ့မိခြင်း ဖြစ်သည်။ ဖန်တီးမှုသည် ဖန်တီးမှုဖြစ်ပြီး၊ ပညာရပ်ဆိုင်ရာ တင်ပြမှုများသည် သီးခြားအပြုအမူများ ဟု မြင်ပါသည်။ မဆီမဆိုင် စထရပ်ချရယ်လစ်တို့၏ အမြင်များ၊ ဘာသာဗေဒဆိုင်ရာ တည်ဆောက်မှုများကို

ဖန်တီးခြင်းဖြင့် ရောထွေး မမြင်ခဲ့မိခြင်း ဖြစ်သည်။ စင်စစ် ပို့စ်မော်ဒန်ကာလ၏ အနုပညာဖန်တီးမှု၏ အခြေခံမှာ လွတ်လပ်ခြင်းဖြစ်ပြီး (လွတ်လပ်ခြင်းကို တောင်းဆိုခြင်းနှင့် မရောထွေးပါနှင့်) မိမိ၏ ဆန္ဒအတိုင်း ပြန်လည်ဖော်ထုတ်ပြခြင်းသည်သာ အခရာ ဖြစ်ပါသည်။ ဒီကော်န်စထရပ်ရှင်းတို့၊ ဟိုကောန်စထရပ်ရှင်းတို့၊ ဆစ်ကနေဖိုင်ရာတို့၊ ဆစ်ဂနေဖိုက်တို့၊ ဒီစင်ထရယ်လိုက်တို့၊ ဖရိုက်ဂမင့်တေးရှင်းတို့၊ လိုဂိုစင်တာရစ်တို့၊ မက်တာနယ်ရေးတစ် တို့၊ ယင်းတို့သည် ဖန်တီးမှု၏ အခြေခံများ မဟုတ်ပါ။ ပညာရပ်ဆိုင်ရာ ဆွေးနွေးမှုအတွက် သိရှိရန် လိုအပ်မှု၏ အစိတ်အပိုင်းသာ ဖြစ်ပါသည်။ ပညာရှင် (သို့မဟုတ်၊ အသိအမှတ်ပြု ပညာရှင်) များ ဆွေးနွေး၊ နှီးနှောကြရန်သာ ဖြစ်ပါသည်။ ရှင်းရှင်းရေးရသော် အခြေခံ အထိုက်အလျောက် မရှိဘဲ၊ နားလည်နိုင်သော အကြောင်းများလည်း မဟုတ်ပါ။

ဤစာအုပ်ပါ အရေးအသားများကို ဂရုပြုကြည့်သော် သုံးမျိုးသုံးစား ပါဝင်နေကြောင်း တွေ့ရပါမည်။ "လွယ်ကူစွာ ပြောဆိုသင့်သော အကြောင်းများ" မှာ ရှေးက ကျွန်တော် ရေးလေ့ရှိသော "ကျွန်တော်" တည်းဟူသော နာမ်စားကို သုံးစွဲ၍ ရေးသားထားသည်ကို တွေ့ရပါမည်။ "မောင်ဘမောင် ဝတ္ထုတိုများ" တွင်မူ မောင်ဘမောင်မျက်နှာဖုံးကို စွပ်၍ လည်းကောင်း၊ နောက်ပိုင်းတွင် ဖော်ပြထားသော ဝတ္ထုတိုများတွင် တင်ပြနေသူကို မမြင်ရတော့သည့် အနေအထားဖြင့် လည်းကောင်း ရေးသားခဲ့ပါသည်။ စာရေးသူ၏ 'ငါ' နှင့် 'အတ္တ၏ ရှိနေမှု' အကြား၊ ဈေးဆစ်ထားသော အရေးအသားများသာ ဖြစ်ပါသည်။ ရေးသားသူ၏ 'ပါဝင်ပတ်သက်ထား သော' နှင့် 'နိုင်သော' နေရာများ တွေ့ရပါလိမ့်မည်။ အရေးအသားများ အားလုံး၏အကြား၌ တူညီမှုတစ်ခုသာ ရှိပါသည်။ ဤအရေးအသားများ အားလုံးကို ကျွန်တော်သည် လမ်းပေါ်က လူတစ်ယောက်အနေဖြင့်သာ ရေးသားခဲ့ပါသည်။ ယခုသော် စာဖတ်သူ(တို့)၏ လက်အတွင်းမှ ကျွန်တော့်အရေးအသားများသာ ဖြစ်သွားခဲ့ပါပြီ။

နိဂုံးအားဖြင့် ဆိုရသော် အရေးအသား တစ်စုံတစ်ရာအား ဖန်တီးရာတွင် ဖန်တီးသူ၏ သိနားလည်မှုသည် အရေးအကြီးဆုံး ဖြစ်ပါသည်။ ပညာရှင်များက သူတို့အလုပ် သူတို့လုပ်ကြပါလိမ့်မည်။ ဖတ်သူများက သူတို့၏ သိမှတ်ခံစားနိုင်မှု အတိုင်းအတာတစ်ခု အနေဖြင့်သာ ဖတ်မည်ဟု ကျွန်တော် ယုံကြည်ပါသည်။ ဆိုခဲ့ပြီးသည့်အတိုင်း ကျွန်တော်ကမူ လမ်းပေါ်က လူတစ်ယောက်အနေဖြင့် ဤဝတ္ထုတိုများကို ရေးသာခဲ့ခြင်းသာဖြစ်၍ အားလုံးနှင့် တစ်သဘောတည်း ဖြစ်လိမ့်မည်ဟူ၍ကား မျှော်လင့်မထားပါ။

မြင့်သန်း

စက်တင်ဘာ၊ ၂၀၀၁

ဒုတိယအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ

"ရောရောယောင်ယောင် မောင်ဘမောင်" ဝတ္ထုတိုများကို နှစ်ကာလများစာပေက သီးသီးသန့်သန့် ပြန်ထုတ်ဝေမည်ဟု ကြားရသဖြင့် ဝမ်းသာရပါသည်။ စီစဉ်သော ကဗျာဆရာ (ကို) မိုးဝေးကိုလည်း ကျေးဇူးတင်ရပါသည်။ ပထမပုံနှိပ်စဉ်က မောင်ဘမောင်နှင့် စပ်လျဉ်းနေသည်များကို မရေးလိုက်ရပါ။ ယခု ဒုတိယအကြိမ် ပြန်လည်ဖြည့်စွက် ထုတ်ဝေခြင်းတွင်မူ အထိုက်အလျောက် ရေးလိုပါသည်။

"ရောရောယောင်ယောင် မောင်ဘမောင်" ဝတ္ထုတိုများမှာ ကျွန်တော် ကြုံတွေ့ခဲ့ရသော လူကြီးများတွင် အများဆုံး အခြေခံပါသည်။ ထိုအထဲတွင် အဖေနှင့် သူတို့ ညီအစ်ကိုများလည်း ပါသည်။ အားလုံးသော လူကြီးများမှာ ခေတ်ပညာတတ်ကြီးများ၊ မြန်မာစာ၊ ဘာသာစကား၊ အစဉ်အလာ ယဉ်ကျေးမှု ပိုင်နိုင်သူများ၊ အိုင်စီအက်(စ)၊ ဘီစီအက်(စ)ကြီးများ ဖြစ်ကြပါသည်။ ပြောရမည်ဆိုလျှင် တကယ့်လူများ အပေါ်တွင် အခြေခံပါသည်။ အကြောင်းသင့်၍ ဆိုရသော် ကျွန်တော်၏ ဆောင်းပါးများ (အထူးသဖြင့် ခရီးသွား ဆောင်းပါးများ) သည် တကယ့်လူများနှင့် တကယ့်ဖြစ်ရပ်များ တွင်သာ အခြေခံပါသည်။ ထိုသို့ တကယ့်လူများနှင့် တကယ့်ဖြစ်ရပ်များတွင် အခြေခံ ရေးသားတတ်ရန်မှာ အကြောင်းတစ်ခု ရှိခဲ့ပါသည်။

တစ်ခါက ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူးနေစဉ် ကျွန်တော်တို့ ကျောင်းသူကျောင်းသား လေးငါးခြောက်ယောက် (အသေအချာတော့ မမှတ်မိတော့ပါ) ကို ကွယ်လွန်သူ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းက စကားခေါ်ပြောပါသည်။ ဆရာကြီးမှာ ကျောင်းသူကျောင်းသားများအား ခေါ်ပြီး စကားပြောသောအကျင့် ရှိပါသည်။ (အလားတူပင် ပါမောက္ခ ဦးဖေအောင်လည်း ထိုအလေ့အကျင့်မျိုး ရှိလေသည်။ ပါမောက္ခ ဦးခင်မောင်ဝင်းကမူ ကျောင်းသူကျောင်းသားများရှိရာ လက်ဖက်ရည်ဆိုင်သို့ လိုက်ကာ စကားပြောတတ်သည်) တစ်နေ့သော် စကားပြောကြရင်း လူကြီးများအကြောင်းသို့ ရောက်သွားသည်။ လူကြီးဆိုသည်မှာ ၆၀ ကျော်၊ ၇၀ ကျော်များကို ဆိုလိုပါသည်။ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းမှာ စကားပြောလျှင် မေးခွန်းထုတ်သော အလေ့ရှိပြီး ဆက်လက် ဆွေးနွေးစရာများကို လမ်းစပေးတတ်သည်။

ထိုသို့ လူကြီးအချို့အကြောင်း ပြောဆိုနေကြစဉ် ဆရာကြီးက ဒီလူကြီးတွေ ဘာဖြစ်လို့ အဲဒီလို တွေးတယ် ထင်သလဲဟု ဆိုပါသည်။ ထိုမေးခွန်းမှာ "ရောရောယောင်ယောင် မောင်ဘမောင်" ကို ဖြစ်ပေါ်လာစေခဲ့သော အကြောင်းများအနက် အဓိကကျသော အကြောင်းတစ်ခု ဖြစ်ပါသည်။ "ရောရောယောင်ယောင် မောင်ဘမောင်" ဝတ္ထုတိုများထဲမှ အဓိကဇာတ်ကောင်ဖြစ်သူ ဦးဘမောင်မှာ ခေတ်ပညာတတ်၊ ရာထူးရာခံကောင်းကောင်း ရှိခဲ့သူ၊ လူအမျိုးမျိုးဖြင့်

ဆက်ဆံခဲ့ဖူးသူ၊ မိန်းမယူခဲ့ဖူးသူ ဖြစ်ခဲ့သည်သာမက ကာလတရားကြီး၏ ပြိုပျက်ပြောင်းလဲနေခြင်းကိုလည်း မျက်ခြည်မပြတ်သူ ဖြစ်လေသည်။ ပြောမည်ဆိုလျှင် သူ့တွင် အဖြေအလုံးစုံ ရနိုင်သောလူမျိုး ဖြစ်သည်။ သို့ရာတွင် ဦးဘမောင်မှာ အဖြေမထွက်နိုင်သည့် အနေအထားများနှင့် ကြုံနေရတတ်သည်။ အဖြေမထွက်နိုင်သည်သာမက မေးခွန်းတစ်ခုတည်းတွင် မေးခွန်းပေါင်းများစွာ ဆင့်ပွား ပေါ်လာတတ်သော အနေအထားနှင့်လည်း ကြုံနေရတတ်လေသည်။ ထိုသို့ ဖြစ်ရသည်မှာ သူ၏ ညံ့ဖျင်းမှုကြောင့် မဟုတ်။ အသိပညာ နွမ်းပါးသောကြောင့်၊ ဘဝအတွေ့အကြုံ မရှိသောကြောင့် မဟုတ်။ ဘဝဆိုသည်ကို အလုံးစုံသော အသိပညာအရာတွင် ပြည့်စုံနေမှု တစ်ခုတည်းဖြင့် ဖြေရှင်းမပေးနိုင်သောကြောင့် ဖြစ်သည်။ အခြားတစ်ချက်မှာ လောကကြီး၏ ရှိနေခြင်းကို မည်သို့ လက်ခံထားပါသည်ဟူသော ပြဿနာဖြစ်သည်။

နှစ်ပေါင်း ၄၀ ကျော် ကြာသွားသောအခါ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းမှာ အငြိမ်းစား သံအမတ်ကြီး ဒေါက်တာခင်မောင်ဝင်း ဖြစ်သွားပါသည်။ ကျွန်တော်ကမူ လမ်းပေါ်ကလူ ဘဝ၌ပင် ကျေနပ်သာယာစွာ ဖြစ်–ရှိ နေခဲ့ပါသည်။ ရန်ကုန်ရောက်သည့်အခါများတွင် အနည်းဆုံး ဆရာကြီးနှင့် တစ်ကြိမ်မျှ တွေ့ဆုံစကားပြောဖြစ်ပါသည်။ ဆရာကြီးမှာ ဒဿနိကဗေဒ ပါမောက္ခအဖြစ်သာမက ပါမောက္ခချုပ်၊ ပညာရေးဝန်ကြီး၊ သံအမတ် စသည့် အနေအထားများစွာကို ဖြတ်သန်းလာခဲ့သူဖြစ်ရာ ပြောမည်ဆိုလျှင် ပြောစရာအကြောင်းများ အပြည့်ရှိသူဖြစ်လေသည်။ တစ်နေ့သော် ရန်ကုန်မြို့၊ ကုန်းမြင့်သာယာတွင် ရှိသော လက်ဖက်ရည်ဆိုင်ကလေး၌ လက်ဖက်ရည်သောက်ရင်း စကားစမြည် ပြောကြရာတွင် ဆရာကြီးတို့အရွယ် လူကြီးများအကြောင်း ရောက်သွားပါသည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော်လည်း မမေ့နိုင်သော အကြောင်းတစ်ခု ရှိနေခဲ့လေရာ ဆရာကြီးကို ဆရာကြီးတို့အရွယ် လူကြီးတွေ ဘာဖြစ်လို့ အဲဒီလို တွေးသလဲ ကျွန်တော်က မေးကြည့်မိသည်။ ဆရာကြီးသည် ပညာရှင်၊ ပညာတတ် ဖြစ်လေရာ ယတိပြတ် အဖြေမပေးဘဲ ဆရာ့အထင်တော့ 'အရွယ်ပဲ' ဟု ဖြေသည်။

မှန်ပါသည်။ 'အရွယ်'သည် ကျွန်တော်တို့ အားလုံး၏ သိမှုကို ထိန်းကျောင်းထားပြီး 'ဖြစ်နေခြင်း' နှင့် 'ဖြစ်သင့်ခြင်း'များကို အပြောင်းအလဲ လုပ်ပေးနိုင်သော တစ်စုံတစ်ရာ ဖြစ်ပါသည်။ ကျွန်တော်တို့သည် 'အရွယ်'အတွင်းသို့ မကျရောက်ရန် တားဆီးထိန်းကျောင်းထား၍ ရမည် မထင်ပါ။ တရုတ် စာရေးဆရာကြီး လူရွှန့်၏ တစ်ခုသော ဝတ္ထုတိုတစ်ပုဒ်တွင် အဘွားကြီးကိုးပိဿာ ဟူသော အမျိုးသမီးကြီးတစ်ဦး ပါသည်။ အဘွားကြီး ကိုးပိဿာကမူ သူ့နောက်မှမွေးသူ မှန်သမျှကို ညံ့သည် ဟူ၍သာ မြင်သည်။ ကျွန်တော်တို့သည် ထိုအရွယ်တစ်ခု အတွင်းသို့ ကျရောက်သွားသောအခါ အဘွားကြီး ကိုးပိဿာ မြင်သည်ကဲ့သို့ နောက်မွေးတဲ့ ကောင်တွေများ ညံ့ကိုညံ့တယ် ဟူသော အမြင်မျိုး ရှိမလာရန်မူ သတိရှိသင့်သည်။ ဦးဘမောင်ကြီးကဲ့သို့ လောကကြီးဟာ သူ့ဟာနဲ့သူတော့ ဟုတ်နေသားဟု မြင်နိုင်လျှင်မူ

ကျွန်တော်တို့၏ လောကကြီးမှာ နေပျော်သော လောကကြီး ဖြစ်မည်မှာ သေချာသည်။

မြင့်သန်း

တတိယအကြိမ် ပုံနှိပ်ခြင်းအတွက် အမှာ

"ရောရောယောင်ယောင် မောင်ဘမောင်" ဝတ္ထုတိုများကို ပုံနှိပ်ဖော်ပြပြီးနောက် ကျွန်တော့်ဆရာ နှစ်ဦးနှင့် ပြန်လည် တွေ့ဆုံမိသည်။ ဆရာတစ်ယောက်က မောင်ဘမောင်ရဲ့ စရိုက်လက္ခဏာတွေ ဘယ်က ရသလဲဟု မေးသည်။ ကျွန်တော်က မဖြေရသေးခင် တခြား ဆရာတစ်ယောက်က သူ့အဖေဆီ လာတဲ့ အဘိုးကြီးဆီကပဲပေါ့။ ကိုယ် သိသလောက်တော့ မောင်ဘမောင်ထဲမှာ တကယ့် အနေအထားတွေ ပါတယ်ဟု ဆိုသည်။ ကျွန်တော် မငြင်းနိုင်ပါ။ ကျွန်တော့် ဆရာများသည် စာဖတ် ကောင်းသူများ၊ ဖတ်ထားသည်များကို စိစစ်လေ့ရှိသူများ ဖြစ်သည်သာမက ဆင်ခြင်ခြင်းကို အလေ့အကျင့်အဖြစ် ရှိထားသူများ ဖြစ်သည်။ ကျွန်တော် ကြီးပြင်းရာ ကာလမှာ လွတ်လပ်ရေးရပြီးနောက် ပထမနှင့် ဒုတိယ ဆယ်စုနှစ်များ ဖြစ်သည်။ ကိုလိုနီစနစ်၏ လက်ကျန်စနစ်အတွင်း လုံးလည်ချာလိုက်နေသေးသော ကာလနှင့် ရုန်းထွက်ရန် အားထုတ်သော ကာလ နှစ်မျိုးစလုံးတွင် ဖြစ်သည်။ ကိုလိုနီ အုပ်ချုပ်ရေးစနစ်နှင့် ကိုလိုနီ ပညာရေးစနစ်သည် ပထမ ဆယ်နှစ်တွင်သာ လွှမ်းမိုးနေခဲ့သည်သာ မဟုတ်။ ဒုတိယ ဆယ်နှစ်အတွင်းလည်း ကိုးလိုးကန့်လန့်ဖြင့် ပါဝင်နေပေသေးသည်။ မောင်ဘမောင်၊ ဖိုးစောထွန်းနှင့် ဖိုးကိုတို့ ကဲ့သို့သော သူများမှာ ဒုတိယ ဆယ်နှစ်အထိ ကိုးလိုးကန့်လန့်ဖြင့် မရေရာနေသော စနစ်များအတွင်း သူတို့နည်း သူတို့ဟန်ဖြင့် ရပ်တည်နေနိုင်အောင် အားထုတ်ခဲ့ကြသူများ ဖြစ်သည်။ သူတို့နည်း သူတို့ဟန် ဆိုသည်မှာ လွတ်လပ်သော အတွေးအခေါ် အခြေခံ ရပ်တည်နိုင်မှုသာ ဖြစ်သည်။ ဒုတိယ ဆယ်စုနှစ်အတွင်း အရပ်ဘက်ဆိုင်ရာ အုပ်ချုပ်မှုကို နကန်းတစ်လုံးမျှ မသိသူများ ဝင်ရောက်လာပြီး စနစ်အတွင်း မရှိခဲ့သော အဆင့်/ ရာထူး/နေရာများ ဖန်တီးယူလာခြင်းများနှင့် တိုးခဲ့ကြသူများ ဖြစ်သည်။ သို့ရာတွင် စနစ်အတွင်း မရှိသော အဆင့်/ရာထူး/နေရာ ရယူခြင်းတို့မှာ သမိုင်း၏ တစ်ဖန် ပြန်လည်ဖြစ်ပေါ်မှု သဘောတွင် တည်သည်။ ဖြစ်တတ်သောသဘော ရှိလေသည်။ "ရောရောယောင်ယောင် မောင်ဘမောင်" ဝတ္ထုတိုများသည် ထိုစဉ် ထိုအခါက ဖြစ်ခဲ့သော အနေအထား၊ အဖြစ် အပျက်များတွင် အခြေခံခဲ့သည်မှာ မှန်သော်လည်း ဝတ္ထုများအဖြစ် ရေးသားထားသော ဝတ္ထုများသာ ဖြစ်ပါသည်။

ယခု ဖြည့်စွက်ထားသော ဝတ္ထုတိုသုံးပုဒ်မှာ ယခင် ဖော်ပြခဲ့သော ဝတ္ထုတိုများနှင့် တစ်ချိန်တည်း ရေးသားခဲ့သော ဝတ္ထုတိုများ ဖြစ်သည်။ ရေးသားထားသော ကွန်ပျူတာများအတွင်း ပျောက်ဆုံးနေခဲ့ရာမှ ကွန်ပျူတာ ကျွမ်းကျင်သူ ပညာရှင်များကြောင့် ပြန်လည် ရရှိလာသည်။ သို့သော် အချို့မှာ ဖွန့် Font မကိုက်ညီမှုကြောင့် ကြိုးစားကာ ပြန်လည်တည်ဆောက် ကြည့်ဆဲ ဖြစ်သည်။

ပြန်ချင်ပြီ ညီမောင်လှရဲ့

ဟော... နေဝင်တော့မယ်။ ဒီနေရာက ထိုင်ကြည့်ပြီး နေဝင် တာ၊ နေထွက်တာ ကြည့်ကြည့်နေတာ ကြာပြီ။ အလုပ်မှ မရှိဘဲကိုး၊ ဒီအချိန်လောက်ဆို ဒီအနားကထိုင်ပြီး နေဝင်ပုံ ကြည့်ရတာ ဟုတ်သလိုလို ရှိတာနဲ့ လာလာပြီး ထိုင်ကြည့်နေမိရာက၊ ခုတော့ အလေ့အကျင့်ကလေးလို ဖြစ်နေတယ်။ အကျင့်ကြီးတစ်ခုရယ် လို့တော့လည်း မဟုတ်ဘူးပေါ့လေ။ ကိုယ့်မှာက ဘာမှလုပ်စရာမှ မရှိတာ။

တစ်ခါတလေ ဝီစကီကလေး တစ်ပက် နှစ်ပက်လောက်များ ချပြီး၊ ဒီအနား လာထိုင်နေရတာ ပိုများတောင် နိုပ်သေးတယ်။ နေဝင်ပုံကလည်း ကြည့်ရင်း ဉာဏ်ကစားရတာပေါ့လေ။ ဒီအရွယ် ရောက်တော့မှလည်း အဲဒီလို ဝီစကီလေး၊ ဘာလေး သောက်လိုက်ရတဲ့အခါ ဦးနှောက်က အလုပ်ပိုလုပ်တယ် ခေါ်ရမလားပဲ။ နည်းနည်းပါးပါး။ ငယ်ငယ်ကလို ဂေါ်ရင်ဂျီသောက်တော့ ဘယ်သောက်တော့မှာတုန်း။ ခုအရွယ်က တန်ဆေး လွန်ဘေးကိုး။ မဟုတ်ပေဘူးလား။

ငယ်ငယ်တုန်းကတော့ ဟုတ်သပေါ့။ အပေါင်းရယ်၊ အဖော်ရယ်၊ ပိုက်ဆံရှိလာလို့ ဝမ်းသာတဲ့အခါရယ်၊ ဘိုင်ကျလို့ စိတ်ညစ်တဲ့အခါရယ် ဆင်ခြေမျိုးစုံနဲ့ သောက်ခဲ့ကြတာကလား။ သောက်သဟေ့ ဆိုတော့လည်း မူးမှကြိုက်တယ်။ ခုလို အရသာကလေးခံပြီး သောက်ရတယ် ဆိုတာမှ မသိဘဲကိုး။ ခုတော့လည်း အဲဒီလို မမိုက်ရဲတော့ဘူး၊ ပိုဆိုးတာက အပေါင်းရယ်၊ အဖော်ရယ် ဆိုတာက ဝေးဝေးလာကြပြီ မဟုတ်လား။ မကြာခင်ကတင် ဖိုးကို ဆုံးသွားတာ ကြားရတယ်။ စိတ်မကောင်းဘူး။ ခုထိပဲ။ ဒါပေတဲ့ ကိုယ်ကလည်း ဘာမှတတ်နိုင်တာ မဟုတ်ဘူး။ သူ့ဘဝ၊ သူ့အဖြစ်၊ သူ့ကိုယ်၊ သူ့ခန္ဓာ၊ သူ့ရုပ်၊ သူ့ဘာသာသူပဲ မဟုတ်ဘူးလား။

သူက သူ့စီးပွားရေးနဲ့သူ တစ်သက်လုံးနေလာတာ။ ကိုယ့်လို ပင်စင်တွေဘာတွေ ယူစရာလိုတာ မဟုတ်ဘူး။ ဟိုတစ်ခါ ဒီလာတုန်းကတောင် ပြောလိုက်သေးတယ်၊ အသက်ကလည်း ငယ်တော့တာ မဟုတ်ဘူး။ ဆင်ဆင်ခြင်ခြင် နားနားနေနေ လုပ်။ လောဘတွေ ဘာတွေ သိပ်များမနေနဲ့တော့ ... စသဖြင့်ပေါ့လေ။ ဒီကောင်က စီးပွားရေးသမား မဟုတ်လား။ ခုတော့လည်း လောဘနည်းလောက်တဲ့ အရွယ် ရောက်ပြီကိုး။ သူ့ကြည့်ရတာ လောဘနည်းလောက်ပါပြီ။ ဒါပေတဲ့ ငယ်ကျင့်ကလေးက တယ်မပျောက်ချင်သေးဘူး။ မြေးကလေးတွေ ကောလိပ်ရောက်နေမှ သူက မြာကလေးတွေနဲ့ သွားလာနေချင်သေးတယ်။ သူကတော့ ပြောပါရဲ့၊ ငါ မသေနိုင်သေးဘူး။ မသေချင်သေးဘူးတဲ့။ ဒါ့ကြောင့်လည်း သူက ဆေးတို့ ဘာတို့ မှန်မှန်စစ်သတဲ့။ အားဆေးတွေ ဘာတွေလည်း မှန်မှန်သောက်တယ် ထင်ရဲ့၊ အယ်... ဖြစ်ချင်တော့ အိပ်နေတုန်း နှလုံးရပ်သွားသတဲ့။ ချော... ရော၊ သေ... ရော၊ သေတယ် ဆိုတာကလည်း

ကိုယ်ကပိုင်တဲ့ကိစ္စ မဟုတ်ဘူးလို့ ကိုယ်ကထင်တာပဲ။ ဒါကြောင့်လည်း အနိစ္စလို့ ခေါ်ကြတာ ထင်ပါရဲ့။

ဒါပေတဲ့ စပ်လို့ ပြောရဦးမယ်။ နေတယ်... သေတယ် ဆိုတဲ့ ကိစ္စဟာ ကိုယ်ကပဲ ဆုံးဖြတ်နိုင်သတဲ့။ ဟိုတစ်ခါက ဒီမှာလာပြီး တစ်ပတ်လောက် နေသွားတဲ့ ကိုရင်မောင်တင့် သားက ပြောပြသွားဖူးတယ်။ ဒီအကောင်က ဘီအေ၊ အမ်အေ အောင်ပြီး ကောလိပ်မှာ ဖီလိုဆိုဖီတို့ ဘာတို့ သင်လာတာ ဆိုထင်ရဲ့။ ခုတော့ စာသင်ရတာ ငြီးငွေ့လို့ အရုပ်ရေးစားနေသတဲ့။ သူက ပြောတယ်။ နေမလား၊ သေမလား ဆိုတဲ့ ကိစ္စကို ဆုံးဖြတ်နိုင်တာက လူပဲတဲ့။ လူကလွဲလို့ တခြား သက်ရှိသတ္တဝါတွေဟာ နေတာ၊ သေတာကို မဆုံးဖြတ်နိုင်ဘူးတဲ့။ ကိုယ်ကလည်း သူ့လောက်ညဏ်သွားတဲ့ အကောင်မဟုတ်တော့ သူ့ကို အတော်ရှင်းအောင် မေးယူရတယ်။ ဒါတောင် သူပြောတာ အကုန်အစင် ဘယ်နားလည်မှာတုန်း၊ ကိုယ်ညဏ်မီတာကလေးလောက်တော့ ရအောင် မှတ်ထားလိုက်ရတယ်။ သူကတော့ တစ်ညနေခင်းလုံး ကုန်အောင် ရှင်းပြပါရဲ့။ ... လူဆိုတာ ဆုံးဖြတ်နိုင်သတဲ့။ ရွေးချယ်နိုင်သတဲ့။ အထူးသဖြင့် နေမလား၊ သေမလားဆိုတဲ့ ကိစ္စကိုတဲ့။ ဟုတ်တော့လည်း ဟုတ်သလိုပဲ။

ခက်တာက ကိုယ်ကလည်း တစ်သက်လုံး ပစ်ချခံထားရသလို နေလာတဲ့အကောင် မဟုတ်လား။ မိဘက ကျောင်းထား၊ နောက်တော့ ဘွဲ့ရ၊ ဘွဲ့ရပြီးတော့ အလုပ်ရ။ အဖေ အမေက ပေးစားတဲ့ မိန်းမယူ။ အချိန်တန်တော့ ရာထူးရာခံနဲ့ ဖြစ်။ ကိုယ့်အထက်က ညွှန်ကြားတာ လုပ်။ အိမ်ကမိန်းမ ချက်ကျွေးတာ စား။ ကလေးတွေ ကြီးလာ။ အိမ်ထောင်ရက်သားတွေ ကျကြ၊ နောက် ကိုယ့်အိမ်ကိုယ့်ရာနဲ့ အိမ်ခွဲသွားကြ၊ အချိန်စေ့တော့ ကိုယ်က ပင်စင်ယူ။ အဘွားကြီးကလည်း ဘာသာရေးနောက် ကောက်ကောက်ပါသွားတော့ ယောဂီဝတ်နဲ့ ချောင်မှာသွားနေ။ ဒီလိုနဲ့ ကိုယ်က ခုလို တစ်ကိုယ်တည်း ဖြစ်နေတာပေါ့လေ။ အိမ်တစ်လုံး၊ ခွေးတစ်ကောင်နဲ့ ကိုယ့်ရဲ့ ငယ်တပည့် ခြံစောင့်လုပ်တဲ့ ဖိုးစပ်တို့လင်မယား ချက်ကျွေးတာ စားပေါ့လေ။

ဒါကြောင့်လည်း ကိုယ်က ခက်တယ်ပြောတာ။ တစ်သက်လုံးကလည်း ဘာမှ ကြီးကြီးကျယ်ကျယ်၊ ရွေးချယ်ဆုံးဖြတ်လာတာ မဟုတ်ဘူး။ ကိုယ့်မှာက ဘာတာဝန်မှ ကြီးကြီးကျယ်ကျယ် မရှိခဲ့ဘူး။ ခုမှ ဆုံးဖြတ်တာတို့၊ ရွေးချယ်တာတို့ ဆိုတာတွေ လုပ်ဖို့ကလည်း ခပ်တွန့်တွန့်ပေါ့။ ဒါကြောင့် ကိုရင်မောင်တင့်သား ပြောသွားတဲ့ကိစ္စကို လက်ခံရအောင် ဆိုတာကလည်း ခပ်ခက်ခက်ရယ်။ ဒါပေတဲ့ သဘောတော့ အကျသား။ တကယ်ပါ လူဆိုတာ နေမလား... သေမလားကို ရွေးတတ်တယ် ဆိုတာ။ ခုနေအခါမျိုးမှာ မကြာမကြာ အဲဒါမျိုးတွေ စဉ်းစားတတ်တယ် မဟုတ်လား။ စဉ်းစားတတ်တဲ့ အရွယ်ကလည်း ရောက်နေပြီ မဟုတ်လား။

မစဉ်းစားလို့ကလည်း ကိုယ့်မှာ ထွေထွေထူးထူး လုပ်စရာမှ မရှိတာ၊ ပင်စင်စား ပင်စင်စားနဲ့ တော်ရုံတန်ရုံဆို ဂုဏ်ပုဒ်တစ်ခုလိုလို ဘာလိုလိုနဲ့ သေသေချာချာ

တွေးကြည့်စမ်းပါ။ ကွေ့ ကွေ့ပတ်ပတ် မပြောရင်၊ အမှန်ကတော့ သေမလို့ စောင့်နေတာပဲ မဟုတ်ဘူးလား၊ ရက်ချိန်းမရသေးတာက လွဲလို့ သေဒဏ်က ကျပြီးသားပဲ။ ကြည့်လေ... ခုဆို ကိုယ့်မှာက ဘာမှ လုပ်စရာမရှိတာ။ ဘာတစ်ခုမှ မည်မည်ရရ လုပ်စရာ မရှိတာပဲ။ တစ်ခါတစ်ခါ ကိုယ့်လို ပင်စင်စားကြီးတွေနဲ့ တွေ့ရင် ရှင်ပြုတုန်း ရွှေထီးဆောင်းခဲ့ကြတာကို ပါးစပ်အရသာခံပြီး စားမြုံ့ပြန်ရတာက လွဲလို့ ဘာမှ ထွေထွေထူးထူး လုပ်စရာ ရှိလို့တုန်း။ ဒီအရွယ်ကျမှလည်း ဟိုတုန်းကလို တက်တက်ကြွ ကြွ လုပ်ချင်တယ် ဆိုတာတွေကလည်း ဘယ်ရှိတော့မှာတုန်း။

ပြောဦးမယ်။ ဟိုတစ်လောဆီက မြောက်ဘက်က ဆရာဝန်ကလေး လင်မယားအကြောင်း စက်ပိုင်ကိုအောင်ခင်က ပြောပြလို့ ကြားရတယ်။ လင်မယား နှစ်ယောက်စလုံးက စိတ်ရင်း ကောင်းကြရှာပါတယ်။ ကိုယ်တို့မိတ်ဆွေ၊ ဆရာဝန် ကိုမောင်ကလေးရဲ့ တပည့်တောင် ဖြစ်ဖူးတယ် ထင်တယ်၊ ဒီလိုဗျ၊ ဖြစ်ချင်တော့ ဆရာဝန်ကလေးမှာ စမောလေးရှိတဲ့ အကြောင်း သူ့မိန်းမက သိသွားသတဲ့။ ဆရာဝန်ကလေးကလည်း ပိုက်ဆံက ပေါတယ်မဟုတ်လား။ အဲဒါနဲ့ အချင်း များကြတယ် ထင်ပ။ တိုတိုပြောရရင်တော့၊ ဆရာဝန်ကလေးရဲ့ မိန်းမ အိပ်ဆေးတွေ သောက်လိုက်သတဲ့။ ဒါပေတဲ့ ဆရာဝန်ကလေး သိတာက စောသွားလို့ ဘာမှမဖြစ်ဘူးတဲ့။ သူများတကာတွေက ဟိုပြော ဒီပြော ပြောနေကြပေတဲ့၊ ကိုယ်ကတော့ ဆရာဝန်ကလေး မိန်းမဟာ တယ်ဟုတ်ပါလားလို့ တွေးနေမိတယ်။ ဒီကိစ္စဟာ ကိုရင်မောင်တင့်သား ပြောတဲ့ နေမလား... သေမလား ကိစ္စပဲလို့ တွေးကြည့်နေမိတယ်။ ဆရာဝန်ကလေး မိန်းမရဲ့ ရွေးချယ်မှု၊ ဆုံးဖြတ်မှု စတဲ့ သတ္တိကိုလည်း ချီးကျူးမိပါရဲ့။ ဟိုအကောင် ပြောသွားတဲ့ ရွေးချယ်တာ၊ ဆုံးဖြတ်တာတွေကို ပညာတတ်တွေ နားလည်သလိုတော့ သိချင်မှသိမယ်။ နားလည်ချင်မှ နားလည်မယ်။ ဒါပေတဲ့ ရွေးချယ်ရဲတယ်၊ ဆုံးဖြတ်ရဲတယ်။ အမှန်ပြောရရင် ကိုယ့်ထက် သတ္တိရှိတာကတော့ အမှန်ပဲ။

နောက်တစ်နေ့တော့ ဂေါက်ကွင်းမှာ ဖိုးစောထွန်းနဲ့ တွေ့တယ်။ စကားစပ်မိတာနဲ့ အဲဒီအကြောင်းပြောတော့ သူက ဆဲပါလေရော။ ပြီးတော့ ပြောသေးတယ်။ ငါ့လူ မင်းသာ အိပ်ဆေးသွားသောက်လို့တော့ ဘယ်သူကမှလာပြီး ဖြေဆေးတိုက်မှာ မဟုတ်ဘူး... တဲ့။ ဒီတော့ ကိုယ်ကလည်း သူ့ကို ထပ်ပြီး ရှင်းပြရတယ်။ ကိုရင်မောင်တင့်သား ပြောပြသွားတဲ့ နေမလား... သေမလား ကိစ္စ။ ဒီတော့ ဖိုးစောထွန်း ပြောပြန်တယ်။ ဟ၊ အချိန်တန် သွားရမယ့်ကိစ္စ၊ မင်းက ဘာလို့ လောနေတာတုန်း။ ငါက တစ်သက်လုံး ဆုံးဖြတ်ချက်တွေ ချလာပေမယ့် ဒီကိစ္စမှာတော့ ငါ့ဘာသာ မဆုံးဖြတ်ဘူး။ အချိန်ပဲ ပြောပြော၊ ကံတရားပဲ ပြောပြော၊ ကောင်းကင်ဘုံပဲ ပြောပြော၊ ပြောချင်ရာ ပြောကွာ။ အဲဒါတွေရဲ့ အဆုံးအဖြတ်ပဲ ခံတော့မယ်။ အချိန်တန်မှ သွားမယ်ကွာ... တဲ့။ ဖိုးစောထွန်း အရင်က စက်ရှင်ဂျဒ် လုပ်လာတာ မဟုတ်လား။ ကိုယ့်လို မဟုတ်ဘူး။ အင်မတန် ထက်တဲ့လူ။ ဒါပေတဲ့ ဒီနေရာမှာတော့ ဘာလို့ အခုလိုမြင်တယ် မသိဘူး။

တစ်ခုတော့ရှိတယ်။ ကိုယ်လည်း အရင်က ပြောဖူးသားပဲ။ ဖိုးစောထွန်းနဲ့ ကိုယ်နဲ့က တွေးတာကအစ မတူကြဘူး။ ကြည့်လေ၊ ပင်စင်ယူပြီးတာတောင် သူက ငြိမ်ငြိမ်နေနိုင်တာမှ မဟုတ်ဘဲ။ ရိပ်သာသွားပြီး ပိန်ဖောင်းကလေးလည်း မှတ် တယ်။ ဂေါက်သီးလေး ရိုက်လိုက်၊ ဝီစကီလေး သောက်လိုက် လည်း လုပ်တယ်။ အချိန်ပိုသေးရင် ကလေးတွေခေါ်ပြီး အင်္ဂလိပ်စာတွေ ဘာတွေ အလကား သင်ပေးသေးတယ်။ အဲဒါနဲ့ပတ်သက်လို့ ပြောကြတော့ ငါက တစ်ခုခု အောက်ကျူပိုဒ် ဖြစ်နေမှ ကြိုက်တာ... တဲ့။ ကိုယ်ကတော့ ခုမှ ကိုယ်ပိုင်ရတဲ့ အချိန်တွေ။ တစ်သက်လုံးက ကိုယ့်အချိန်တွေကို တခြားကိစ္စတွေမှာ သုံးလာရတာ။ ခုမှ ကိုယ့်အတွက် ရတာ။ ဒါကြောင့် ခုမှ ကိုယ့်ဘာသာ ပိုင်ရတဲ့အချိန်တွေ ကိုယ့်ဘာသာပဲ သုံးမယ်။ ဘာမှမလုပ်တော့ဘူး၊ ထိုင်ပြီး စဉ်းစားမယ်။ တွေးကြည့်မယ်၊ အဖန်တလဲလဲ သုံးသပ်ကြည့်မယ်။ လုပ်စရာမရှိရင် အိမ်နောက်ဖေး ဝရန်တာမှာ ထိုင်ပြီး မြက်တွေ ပေါက်လာတာ ကြည့်မယ်။ ခုလို နေဝင်တာ နေထွက်တာကလေးတွေကို ထိုင်ကြည့်ရင်း သာယာနေမယ်။ ဒါပဲ။ ဒီတော့ ဖိုးစောထွန်းက တစ်ခါက ပြောသေးတယ်။ ငါ့လူ အလကားနေရင်း အဲဒါမျိုးတွေ ထိုင်စဉ်းစားနေ၊ မြန်မြန် ချောသွားမယ်... တဲ့။ ဒီတော့ ကိုယ်ကလည်း ပြောလိုက်ပါရဲ့။ ချောသွားလည်း ကောင်းသားပဲ။ ကိုယ်တို့မှာက ဒီကိစ္စပဲ ရှိတော့တာ မဟုတ်လား... လို့။

မဟုတ်ပေဘူးလားဗျာ။ ကိုယ့်မှာက ဒီကိစ္စပဲ ရှိတော့တာ။ ဒါကြောင့် တစ်ခါတလေ တွေးကြည့်မိတယ်။ လူ့ဘဝဟာ မီးခလုတ်လေးများလို ဆိုရင် ကောင်းမှာပဲလို့။ အသုံးမလိုတဲ့အခါ ပိတ်လိုက်ရုံပဲ မဟုတ်လား။ အေးလေ... ရှိနေတဲ့ ခလုတ်လေးကိုပဲ မပိတ်ခဲ့တာလား မသိဘူး။ ခက်တာက ကိုယ်ငယ်ငယ်ကတည်းက ဘာမှ အယူတွေ အစွဲတွေ မရှိဘူး။ သူများလို ဒီကနေ့ ဘယ်သွားမယ် ဆိုတာမျိုးတွေ မှန်းမထားဘူး။ ခလုတ်ကလေး ပိတ်ပြီးရင် ပြီးတာပဲလို့ တွေးတယ်။ ထင်တယ်။ အဲဒီလိုတောင် ပြောလို့မဖြစ်ဘူး။ ကိုယ်က ယုံတယ်လို့ပြောမှ ကောင်းမယ်ထင်တယ်။ ဟုတ်တယ်လေ။ တကယ်လို့ ဖိုးစော ထွန်းတို့ တွေးသလို တွေးရင် ဘယ်သွားကြမလို့လဲ ဆိုတဲ့ ကိစ္စ က ပေါ်လာဦးမယ်။

မဆီမဆိုင်ဗျာ၊ တစ်ခု သွားသတိရမိသေးတယ်။ ကိုယ်တို့ ငယ်ငယ်က ရွှေပြုန်းသွားကြတဲ့အခါ ခပ်ယစ်ယစ်နဲ့ ဆိုကြတာ တစ်ခုရှိတယ်။ ... တက်ပြင် ရွက်ဆင်၊ ရွှေပြုန်းဆို ရွာအနောက်ဆီက ချောင်းပေါက်ကိုဝင်။ ပြန်ချင်ပြီ ညီမောင်လှရဲ့... ပြန်ချင်ပြီ ညီမောင်လှရဲ့... တဲ့။ အဲဒါက လာခဲ့တဲ့ နေရာကို ပြန်ချင်တာကိုး။ ခုတော့ ကိုယ်က ဘယ်ကလာခဲ့မှန်းမှ မသိတော့ ဘယ်ကို ပြန်ရမှန်းလည်း မသိပါဘူး။ ကိုယ့်ဘာသာ ဘယ်ပြန်ရပါ့မလဲ လို့ တွေးနေမိတတ်တယ်။ အဲဒီလို တွေးလို့လား မသိဘူး။ တချို့က ကိုယ့်ကို ရောရောယောင်ယောင် မောင်ဘမောင်တဲ့။ ခေါ်တော့လည်း ခေါ်စရာပဲ မဟုတ်လား။

ကြည့်လေ။ ခုဆို လတောင်ထွက်လာပြီ။ မနက်ကျရင် အရှေ့က

နေထွက်လာဦးမှာပဲ။ လထွက်လာတာ၊ နေထွက်လာတာ အဲဒါတွေက တကယ်တော့ ကိုယ့်ဒီနားမှာ ထိုင်ကြည့်နေတာနဲ့ ဆိုင်မှမဆိုင်တာ။ ကိုယ်ရှိနေတဲ့အခါ ကိုယ်သိနေရတယ်။ ဒီတော့ ကိုယ်ရှိနေတာကလေးလည်း အရေးကြီးနေသေးတာပဲ။ ကိုယ်ရှိနေတော့ ကိုယ်က ဆုံးဖြတ်နိုင်သေးတယ်။ ကိုယ်ကပဲ ပစ်ချခံထားရသလို နေနေ၊ ကိုယ်ရှိနေဖို့ကတော့ လိုနေသေးတယ် မဟုတ်ဘူးလား။ ကိုယ်မရှိတော့ဘူးတဲ့။ ဘာဖြစ်သတုံး။ ဘာမှမဖြစ်ဘူး။

ပင်လယ် စာပေနှင့်အနုပညာမဂ္ဂဇင်း၊

အတွဲ (၁)၊ အမှတ် (၂) ၁၉၉၃။

■

ည ဆယ့်နှစ်နာရီ တစ်စက္ကန့်

ညက အိပ်ရာဝင်တာ အတော်လေး နောက်ကျသွားတယ်။ များသောအားဖြင့်တော့ ကိုယ်က စောစောကလေး အိပ်လေ့ရှိတယ်။ အိပ်ဆို ကိုယ့်မှာက ဘာမှ ထွေထွေထူးထူး လုပ်စရာမှ မရှိဘဲကိုး။ မနေ့ညကတော့ ကိုယ်တို့ အဘိုးကြီးတစ်သိုက် ဘသော်ကြီးအိမ်မှာ ဆုံကြတယ်။ စကားမစပ် ပြောရဦးမယ်။ "အဘိုးကြီးတွေ" ဆိုတဲ့ စကားအသုံးအနှုန်းကို ဖိုးစောထွန်းက မကြိုက်လှဘူး။ အသက်အရွယ်ကို မှီပြီး လူတန်းစား ခွဲခြားတာပဲတဲ့။ ဒါ့ကြောင့် ပင်စင်စားကြီးတွေ၊ အငြိမ်းစားကြီးတွေလို့ပဲ ခေါ်သင့်သတဲ့။ ကိုယ်ကတော့ သူ့လောက် ခေါင်းကောင်းတဲ့အကောင် မဟုတ်တော့ ဘာမှ မပြောတတ်ဘူး။ ဘာသာစကားနဲ့ ပတ်သက်ပြီး အဲဒီလိုမျိုး ခွဲခြမ်းစိတ်ဖြာတာတွေ ဘာတွေ သိပ်နားမလည်ဘူး။ ဒါ့ကြောင့် အဘိုးကြီးပဲ ခေါ်ခေါ်၊ အဘိုးလေးပဲ ခေါ်ခေါ်၊ သေခါနီးကြီးတွေပဲ ခေါ်ဦးတော့ ကိုယ့်အနေနဲ့ ဘာမှပြောစရာ မရှိဘူး။ အဲ... ခုနကပြောတဲ့ ဘသော်ကြီးအိမ်မှာ ကိုယ်တို့ အဘိုးကြီးတစ်သိုက် ဆုံတဲ့အကြောင်း ပြောရအောင်။

ဒီလိုဗျ။ ဘသော်ကြီးရဲ့ သမက်ကလေးက နိုင်ငံခြားက ပြန်လာတော့ ကိုယ်တို့ အဘိုးကြီးတစ်သိုက်အတွက် ဂလင်ဖီးဒစ် ဝီစကီတစ်လုံး ဝယ်လာပေးတယ်။ ဂလင်ဖီးဒစ်ဆိုတာက မော့ဝီစကီဗျ။ ဒီမှာ အသောက်အပြုများတဲ့ ဂျော်နီဝါကားတို့ ဘာတို့ထက် အပုံကြီးကောင်းသား။ ကိုယ်ကတော့ ဒါမျိုး ဝီစကီ မသောက်ရတာ နှစ်ပေါင်း ကြာခဲ့ပြီပဲ။ အဲဒီ ဝီစကီတစ်လုံးကို အကြောင်းပြုပြီး ကိုယ်တို့တစ်သိုက် ညဘက် ဘသော်ကြီး အိမ်မှာ ဆုံကြတာပဲ။ ဘသော်ကြီးမိန်းမကလည်း အောက် ဘက်ကဆို ထင်ပါရဲ့။ အချက်အပြုတ်က ကောင်းတယ်။ ဒီတော့ ကိုယ်နဲ့ဖိုးစောထွန်းနဲ့က နေ့လယ်ပိုင်း ဂေါက်ကွင်းမှာ ကိုးကျင်းရိုက်။ အဲဒီမှာတင် ရေမိုးချိုးပြီး ဘသော်ကြီးအိမ်ကို တန်းသွားကြတယ်။ ဆရာဝန် ကိုမောင်ကလေးကတော့ နောက်မှ လိုက်လာတယ်။ တောင်ဘက်က ဆိတ်ကုလားတွေ တဲ့စုက မိန်းမကြီးတစ်ယောက် မမာနေတာ ဝင်ကြည့်နေလို့တဲ့။ သူလာတော့ ဂျော်နီဝါကား အနက်ပတ်တစ်လုံး ယူလာသေးတယ်။ ဘသော်ကြီးအိမ်မှာ အရက် မလောက်မှာစိုးလို့ ထင်ပါရဲ့။

ည ရှစ်နာရီလောက်ကျတော့ ကိုယ်တို့တွေ အတော်ကလေး အရှိန်ရလာလောက်တဲ့ အချိန်မှာ စက်ပိုင် ကိုအောင်ခင် ရောက်လာတယ်။ ဆည်ပေါက်ဘက်က ပြန်လာတယ် ဆိုသလားပဲ။ သူကလည်း လူပျော်ပဲ။ ဆရာဝန် ကိုမောင်ကလေးနဲ့ အလွန်တွဲတဲ့လူ။ ဒီလိုနဲ့ ကိုယ်တို့ဝိုင်းလည်း အတော်မြိုင်လာတယ်။ ဘသော်ကြီးသမက်ကလေး ယူလာတဲ့ ဝီစကီရော၊ ကိုမောင်ကလေး ယူလာတဲ့ ဝီစကီရော ချောတော့တာပဲ။ ကိုမောင်ကလေးတို့၊ ကိုအောင်ခင်တို့က အလွန် သောက်နိုင်တာကလား။

ဘသော်ကြီး တစ်ယောက်တည်းသာ အသောက်အပြု အင်မတန် ဆင်ခြင်တာ။ ဒါတောင် ကိုယ်တို့အထဲမှာ သူက အငယ်ဆုံး။ အစားအသောက် အင်မတန် ဆင်ခြင်တာ။ ကိုယ်ကတော့ ဆင်ခြင်လှတယ် မဟုတ်ဘူး။ သတိကလေးတော့ ထားရသပေါ့။ အသက်က ငယ်မှမငယ်တော့ဘဲ။ ကိုယ်က ကိုမောင်ကလေးတို့၊ ကိုအောင်ခင်တို့နဲ့ ရွယ်တူလောက်ပဲ။ ကြီး တစ်နှစ်၊ ငယ် တစ်နှစ်ပေါ့။

ကြုံတုန်း ကိုမောင်ကလေးအကြောင်း ပြောစမ်းပါရစေ။ ဒီလူက လူတစ်မျိုး၊ ဆရာဝန်ဆိုပေတဲ့ ဆရာဝန်အလုပ်က လွဲလို့ ကျန်တာ အကုန် ဝါသနာပါတယ်။ သစ်ပင်စိုက်မယ်ဗျာ။ ကြက် ဝက် မွေးမယ်ဗျာ။ သီချင်းဆိုမယ်၊ ကဗျာရေးမယ်။ လမ်းပြင် တံတားဆောက်လည်း သူပါတယ်။ အရက်သောက်တယ်၊ ဆေးလိပ်သောက်တယ်။ အဲ... ကျန်းမာရေးအတွက် လေ့ကျင့်ခန်းတွေ ဘာတွေတော့ မလုပ်ဘူး။ ဂေါက်သီးရိုက်တယ် ဆိုတာတောင် ကိုယ်တို့ အဆွယ်ကောင်းလွန်းလို့ ရိုက်တာကလည်း နည်းနည်းပါ။ ကလပ်လာပြီး ဘီယာသောက်နေတာ များပါတယ်။ ဟိုတုန်းကတော့ စပါယ်ရှယ်လစ်ကြီးပေါ့။ အနားယူပြီး ဘာမှကို မလုပ်တော့ဘူး။ သူများလို အပျင်းပြေ ဆေးခန်းထိုင်တာတွေ ဘာတွေလည်း မရှိဘူး။ သို့ပေတဲ့ ဟို ဘက်ရွာတွေထဲ တဲစုတွေထဲ သွားပြီး လူမမာ ကြည့်ပေးတတ် တယ်။ တစ်ခါကဗျာ တိုင်းဆေးရုံကြီးက သူ့တပည့်တစ်ယောက်နဲ့ ဂေါက်ကွင်းမှာတွေ့တော့ သူ့ကို ဆရာကြီး... ခုဘာတွေ လုပ်နေတုန်းလို့ မေးတယ်။ ဘာပြန်ဖြေတယ် ထင်တုန်း။ ကိုမောင်ကလေးက တောအရက်သောက်တယ်၊ ဆေးအလကား ကုတယ် တဲ့။ ကိုမောင်ကလေးက တကယ်ပဲ အဲဒီလို လူမျိုး၊ ကိုအောင်ခင်နဲ့များ ဆုံမိကြတဲ့အခါ ရွာရိုးကိုးပေါက် လျှောက်ပြီး သောက်သောက်စားစားပေါ့။

ကိုယ်လည်း ဒီလိုနဲ့ ဒီမနက်တော့ အိပ်ရာက အထနောက်ကျသွားတယ်။

သို့ပေတဲ့ ညကသောက်တဲ့ အရက်တွေက ကောင်းလို့ ထင်တယ်။ ခေါင်းတွေ ဘာတွေ မကိုက်ဘူး။ မနက်စာစားဖို့ ထမင်းစား စားပွဲမှာ ထိုင်တော့ ကိုယ့်တပည့်ဖိုးစပ်က စားစရာ တွေ ပြင်ပေးရင်း ဆရာကြီး ညက မိုးချုပ်တယ်ထင်ပ လို့ မေးတယ်။ ကိုယ်ကတော့ အေး လို့ပဲ ဖြေလိုက်တယ်။ ဖိုးစပ်က အင်မတန် စကားနည်းတယ်။ ရှေ့ဘို၊ တမာတောဘက်က မေးတစ်ခွန်း ပြောတစ်ခွန်းဆိုတဲ့ လူမျိုး။ ကိုယ့်ဆီမှာ နေလာတာ အနှစ်လေးဆယ် မကဘူး။ ကိုယ် စားဖို့သောက်ဖို့က သူတို့လင်မယားက လုပ်ကိုင်ပေးနေကြတာ။ ကိုယ်က ခုလို ညဘက် အပြင်ထွက်စားတဲ့၊ သောက်တဲ့အခါ နောက်တစ်နေ့ မနက်မှာ ထမင်းကြော်ကလေး ဘာလေး ကြိုက်ချင်တယ်။ ဒါကို ဖိုးစပ် တို့ လင်မယားက ကောင်းကောင်းသိနေတော့ ဒီမနက် ကိုယ့်အတွက် ထမင်းကြော်နဲ့ ကော်ဖီကောင်းကောင်းလေး နှပ်ထားပေးကြတယ်။ ကိုယ် ထမင်းကြော်စားနေတုန်း ဖိုးစပ်က မလှမ်းမကမ်းမှာ ဟိုလိုလို ဒီလိုလို လုပ်နေတယ်။ ကိုယ်လည်း ထမင်းကြော်ကလေး စားပြီးလို့ ကော်ဖီ သောက်နေတုန်း ဖိုးစပ်က စားပွဲနားလာရပ်ရင်း

ဆရာကြီး၊ ဒီနေ့ နေထိုင် ကောင်းရဲ့နော် လို့ စကားစလိုက်တယ်။ ကိုယ်နဲ့ အနေကြာနေတော့ ဖိုးစပ် အကြောကို သိလိုက်မိတယ်။ ဒီတော့ ဖိုးစပ်၊ မင်း ဘာပြော စရာရှိတုန်း လို့ မေးလိုက်တယ်။ ဒီတော့ ဖိုးစပ်က ကာဖီကလေး ပြီးအောင် သောက်လိုက်ပါဦး ဆရာကြီး လို့ ပြောရင်း ထမင်းစားစားပွဲအနား ကပ်လာတယ်။ ဘာဖြစ်လို့တုန်းကွ၊ မင်းမိန်းမ နွားနို့ကုလားနောက် လိုက်သွားလို့လား လို့ ရယ်စရာ နောက်စရာ မေးလိုက်သည်။ ဖိုးစပ်က မရယ်မပြုံးနဲ့ ကိုယ့်ဘေးက ကုလားထိုင်တစ်လုံးမှာ ဝင်ထိုင်လိုက်ရင်း သတင်းကောင်းတော့ မဟုတ်ဘူး ဆရာကြီး လို့ ပြောလိုက် ပြန်တယ်။ ပြီးတော့ ဖိုးစပ်က ကိုယ့်ကိုမကြည့်ဘဲ ကိုယ့်ကို ကျော်ပြီး ပြတင်းပေါက်ကိုကြည့်ရင်း ဆရာဦးမောင်ကလေး ညက ဆုံးသွားတယ် ဆရာကြီး လို့ ပြောလိုက်တယ်။

ကိုယ့်နား ကိုယ်မယုံမိလိုက်ဘူး။ ဖိုးစပ်ပြောတဲ့ စကားလုံးတွေက လေထဲမှာ ပျောက်သွားပေတဲ့၊ အကြောင်းအရာက တည်နေပြီး နားထဲ အသိထဲမှာ စွဲကျန်ရစ်တယ်။ လေထဲက စကားလုံးတွေဟာ ခိုင်ခိုင်မာမာ ပြလို့မရတော့ဘဲ ပျောက်သွား ပေတဲ့ သိမှုတစ်ခုထဲမှာတော့ အကြောင်းတစ်ရပ်ဟာ ခိုင်ခိုင်မြဲမြဲ စွဲသွားခဲ့ပြီ။ ကိုယ်ဆင်ခြင်နိုင်တဲ့ စွမ်းရည်အထဲမှာတော့ ဖိုးစပ် ပြောလိုက်တဲ့ အကြောင်းဟာ ဘယ်လို ဆင်ခြင် ဆက်စပ်ကြည့်လို့မှ မရနိုင်ဘူး။ နားလည်လို့ မရနိုင်ဘူး။ ဒီတော့ ဖိုးစပ်က ဆက်ပြောတယ်။ ဆရာကြီးအိပ်နေတုန်း ဆရာဦးမောင်ကလေးတပည့် မောင်စိန် ဖုန်းဆက်တယ်၊ ညက ဆရာကြီးတို့နဲ့ စားပွဲသောက်ပွဲက ပြန်လာပြီး အိမ်ရောက်တော့ ဆရာဦးမောင်ကလေးက အိုက်တယ်ကွာဆိုပြီး ရေချိုးသတဲ့၊ ပြီးတော့ အိမ်ရှေ့ကပြင်နေရာမှာ ဖျာခင်းခိုင်းပြီး အိပ်တယ်တဲ့၊ မနက်မိုးလင်းလို့ မောင်စိန်က သွားနှိုးတော့ ဆရာဦးမောင်ကလေး အသက် မရှိတော့ဘူးတဲ့။ ဆရာကြီး ဦးစောထွန်းလည်း ဖုန်း ဆက်တယ်၊ ဆရာကြီးနိုးရင် ပြောပြလိုက်လို့ ကျွန်တော့်ကို မှာထားတယ်၊ ဆရာကြီး ဦးစောထွန်းနဲ့ ပြောချင်ရင် ကျွန်တော် ဆက်ကြည့်လိုက်မယ်လေ လို့ ဖိုးစပ်က ပြောတာကို ကိုယ်ကတော့ အသာပဲ ခေါင်းညိတ်ပြနိုင်တော့တယ်။ ကိုယ့်ခေါင်းထဲမှာ စကားလုံးရှာလို့ မရတော့ဘူး။ ဘယ်ပြေးထွက်ကုန်ကြတယ် မသိဘူး။

ဘဝဆိုတာ ဒါပဲလားလို့ ကိုယ့်ဘာသာ တွေးကြည့်နေမိတယ်။ မနေ့ည မအိပ်ခင်အထိ အသက်ရှိနေသေးတဲ့ လူတစ်ယောက်ဟာ ဒီနေ့မနက် မိုးလင်းလို့ အိပ်ရာက ထတော့ မရှိတော့ဘူး။ ရှိတယ်... မရှိဘူးဆိုတဲ့ ကိစ္စဟာ ဖြစ်နေခြင်းရဲ့ အထဲမှာ ဘယ်လောက် အရေးကြီးနေပါလိမ့်။ ကိုယ်က ရှိသေးတယ်။ သူက မရှိတော့ဘူး။ ကိုယ်က ရှိနေသေးတယ် ဆိုရာမှာ ရုပ်နာမ်နှစ်ခုစလုံး ရှိနေသေးတယ်။ သူက မရှိတော့ဘူး ဆိုပေတဲ့ သူ့ရုပ်ကြီး ရှိနေသေးတယ်။ သူ မရှိတော့တာ၊ သူသေသွားတာကို ကိုယ်က သိနေသေးတယ်။ ကိုယ်က ရှိနေသေးတာကိုး။ ကိုယ်ရှိနေသေးတာကို သူက မသိတော့ဘူး။ သူကမှ မရှိတော့ဘဲကိုး။ ခုလို စဉ်းစားကြည့်နေနိုင်တာက ကိုယ်က ရှိနေသေးတာကိုး။ ရှိနေလို့ စဉ်းစားကြည့်နိုင်တာပေါ့။ မဟုတ်ပေဘူးလား။ စဉ်းစားနိုင်လို့ ရှိတယ် ပြောရမလား။ ဒီလိုတော့လည်း ဟုတ်ပုံ မရဘူး။ ရှိနေလို့သာ စဉ်းစားနိုင်တယ်

လို့တော့ ကိုယ်က ထင်တယ်။ ဒါ့ကြောင့် ရှိနေဖို့တော့ လိုတယ်။ ရှိနေဖို့ကတော့ အရေးကြီးနေတယ်လို့ ကိုယ်က ထင်တာပဲ။ မဟုတ်ပေဘူးလား။ ကိုယ်စဉ်းစားကြည့်လို့ မရနိုင်ခင်မှာဘဲ ဖိုးစပ်က ဆရာကြီး ဦးစောထွန်းကို ခေါ်လို့ရပြီ ဆိုတာနဲ့ ကိုယ်လည်း ဖုန်းလှမ်းယူလိုက်မိတယ်။ ဖုန်းပေါ်မှာ ဖိုးစောထွန်းနဲ့ ဘာတွေ ပြောမိကြမှန်းတောင် မမှတ်မိတော့ဘူး။ ဖိုးစောထွန်းက ကိုမောင်ကလေး အိမ်ကို သွားဖို့ နာရီဝက်အတွင်း လာခေါ်မယ်ဆိုတာပဲ မှတ်မိလိုက်တော့တယ်။

ဒီလိုနဲ့ ကိုမောင်ကလေးအိမ် ရောက်သွားကြတယ်။ ဟိုရောက်တော့ လူအတော်ရောက်နေကြပြီး တိုင်းဆေးရုံက သူ့တပည့်တပန်း ဆရာဝန်ကြီးတွေက အစ သူ ဆေးကုပေးနေကျ ရွာထဲက လူတွေ၊ ဆိတ်ကုလားတွေ အဆုံး အတော်များများ ရောက်နေကြတယ်။ ကိုယ်ကတော့ လူစုံ မသိဘူး။ ကိုမောင်ကလေး တပည့် မောင်စိန်က ကိုယ်တို့နှစ်ယောက်ကို ခေါင်းရင်းဘက်မှာ နေရာချပေးတယ်။ အတော်ကြာတော့ ဥပဓိရုပ်ကောင်းကောင်းနဲ့ လူတစ်ယောက်က ကိုယ်တို့ဆီ လာပြီး ဆရာကြီးတို့၊ စီစဉ်ချင်တာရှိရင် ပြောပါ။ စီစဉ်ပါလို့ ပြောတယ်။ ကိုယ်ကတော့ ဒါမျိုးတွေ မစီစဉ်တတ်တာနဲ့ ဖိုးစောထွန်းကိုပဲ ခင်ဗျားသာ ကြည့်စီမံပေးလိုက်ပါ လို့ ပြောလိုက်မိတယ်။ ခက်တာက ကိုမောင်ကလေးမှာ အိမ်ထောင်မရှိ၊ သားမယား မရှိဘဲကိုး။ နီးနီးစပ်စပ် ဆွေမျိုးဆိုတာတောင် ဘယ်သွားရှာရမှန်း မသိဘူး။ ဖိုးစောထွန်းနဲ့ မြို့မျက်နှာဖုံးတချို့ ပြောဆိုနေကြတုန်း ကိုယ်လည်း အသာထပြီး ကိုမောင်ကလေး ရုပ်အလောင်းပြင်ထားတဲ့ နေရာအနား သွားကပ်ရပ်ပြီး ရုပ်အလောင်းကို ကြည့်နေမိတယ်။ အဲဒီတုန်း သူငယ်တစ်ယောက်က ဆရာကြီးထိုင်ပါလို့ ဆိုပြီး ခုံတစ်လုံးချပေးတော့ ကိုယ်လည်း ကိုမောင်ကလေးရဲ့ ရုပ်အလောင်းဘေးမှာ အသာထိုင်ရင်း ကြည့်နေမိတယ်။ မနေ့ညက သူနဲ့ ပြောခဲ့ဆိုခဲ့ကြတာတွေ သွားသတိရနေမိတယ်။ သူ အနားယူပြီး ကိုယ်တို့ မြို့ကလေးကို ပြောင်းလာတာ။ သူနဲ့ သိရကျွမ်းရတာ၊ ပျော်ခဲ့ရယ်ခဲ့ကြတာတွေ သတိရတော့ ပြုံးများတောင် ပြုံးလိုက်မိသေးတယ်။ သူကတော့ မပြုံးနိုင်တော့ဘူး။ သူက မရှိတော့ဘူး။ မရှိဘူး ဆိုပေတဲ့ ဘယ်ရောက်သွားသလဲ လို့ ကိုယ်ကတော့ မပြောနိုင်ဘူး။ သိလည်း မသိဘူး။ သိလည်း မသိချင်ဘူး။ ကိုယ် သိနေတာကတော့ ကိုယ်က ရှိနေသေးတယ် ဆိုတာပဲ။ သူက မရှိတော့ဘူး။ ခုတွေ့နေရတာက မနေ့ညက ပျော်ပျော်ပါးပါး စားတုန်းသောက်တုန်းက ရှိခဲ့တဲ့ ဆရာဝန် ကိုမောင်ကလေး မဟုတ်တော့ဘူး၊ ကိုမောင်ကလေးမှာ ရှိခဲ့တဲ့ဟာတွေ တစ်ခုမှ မရှိတော့ဘူး။ ဒါကြီးကို ရုပ်အလောင်းပဲ ခေါ်ခေါ်၊ ဘာပဲခေါ်ခေါ်၊ ခေါ်ချင်ရာသာ ခေါ်တော့။ မနေ့ညက ကိုမောင်ကလေးတော့ မဟုတ်တော့ဘူး။ လမ်းပေါ်က ကျောက်စရစ်ခဲတွေနဲ့ ဒီဟာကြီး။ မြစ်ထဲက ရေတွေနဲ့ ဒီဟာကြီး။ ဒီဟာကြီးနဲ့ ထိုင်နေတဲ့ ကုလားထိုင်။ ဘာကွာခြားတာ ရှိသလဲ။ ဘာမှ ကွာခြားတာ မရှိဘူးလို့ ကိုယ်တော့ ထင်တယ်။

စိတ်ထဲမတော့ သိပ်မကောင်းလှဘူး။ သို့ပေတဲ့ ဝမ်းတော့ မနည်းလှဘူး။ ကိုယ်လည်း တစ်နေ့တော့ ဒီလမ်းပဲ သွားရမှာ ကိုး။ လူဖြစ်နေရတာအတွက်

ပြီးပြည့်စုံအောင် သေပေးရဦး မှာကိုး။ လူ့ဘဝလို့ ပြောဆိုနေကြတာက မွေးတာက သေတဲ့အထိ မဟုတ်ဘူးလား။ ဒီတော့ လူရဲ့ အဖြစ်အကြောင်းကို ပြောရင် သေတာကို ချန်ထားလို့ မရဘူး။ မသေသေးရင် ကိစ္စ က မပြီးသေးဘူး။ သေကို သေပေးရဦးမှာ။ တာဝန်က ရှိနေသေးတယ်။ ခုတော့ မမျှော်လင့်ဘဲ ဖြစ်သွားရတာ ဖြစ်ပေတဲ့ ကိုမောင်ကလေးက တာဝန်ကျေသွားသလိုပဲပေါ့။ ကိုယ်တို့မှာက မွေးကတည်းက ကြွေးဟောင်း ပါလာသလိုပဲ။ ရက်ချိန်းမရသေးလို့ စောင့်နေရသလိုပဲ။ ခုတော့ ကိုမောင်ကလေးက ရက်ချိန်းရသွားတာပဲပေါ့။ တာဝန်ကျေသွားသလိုပဲ။ ကိုယ့်အနေနဲ့ စိတ်မကောင်း နေလိုက်မိတာက ကိုယ်တို့ဟာ ဘယ်တော့မှ ပြန်မတွေ့ကြတော့ဘူး ဆိုတာပဲ။

ဘယ်လောက်ကြာအောင် ကိုမောင်ကလေးရဲ့ ရုပ်အလောင်း ကို ကြည့်ရင်း တွေးနေမိလိုက်တယ် မသိဘူး။ ဖိုးစောထွန်းက ပခုံး လာပုတ်လိုက်ရင်း ကိုင်း... ပြန်ကြရအောင်လို့ ပြောမှ ပတ်ဝန်းကျင်ကို ပြန်ပြီး သတိရမိလိုက်တယ်။ မော့ကြည့်လိုက်တော့ အလောင်းစင်ရဲ့ တခြားဘက်မှာ မျက်ရည် တွေတွေကြီး ကျနေတဲ့ ကိုအောင်ခင့်ကို တွေ့လိုက်ရတယ်။ ဖိုးစောထွန်းက ကျုပ်စီစဉ်နိုင်တာတွေ စီစဉ်ပေးခဲ့ပြီလို့လည်း ပြောတယ်။ ပြီးတော့ ပင်စင်စားကြီးတွေလည်း တစ်ယောက်ပြီး တစ်ယောက် ချောကုန်ပြီ၊ သိပ်မကျန်တော့ဘူး၊ ဒီအထဲ မင်းပါသွားလို့ မဖြစ်သေးဘူး၊ လာ... သွားစို့လို့ ခေါ်ရင်း ကိုယ့်လက်မောင်းကို လှမ်းကိုင်လိုက်တယ်။ ဒီတော့ ကိုယ့်စိတ်ထဲမှာ သူမို့ ပြောရက်ပလေတယ်။ သေခြင်းတရားဆိုတာ သူကများ ပိုင်တယ် ထင်နေသလား မသိဘူးလို့ တွေးရင်း အမှတ်မထင် တဟားဟားနဲ့ ရယ်လိုက်မိတော့တယ်။

ဖိုးစောထွန်းနဲ့အတူ အသုဘ လာမေးတဲ့လူတွေ၊ ဝိုင်းဝန်းလုပ်ကိုင် နေသူတွေကတော့ ကိုယ့်ကို တအံ့တသြနဲ့ ကြည့်နေ ကြလေရဲ့။

■

ချစ်ခြင်းသည် အပြစ်ကင်း၏

ကိစ္စက ကိုယ့်အိမ်က ကိုယ့်ကို ချက်ပြုတ်ကျွေးမွေးရင်း စောင့်ရှောက်နေကြတဲ့ ဖိုးစပ်တို့ လင်မယားကိစ္စပဲ။ ကိုယ်ကလည်း ဒီကလေးကလား ကိစ္စတွေထဲ မပါချင်ပါဘူး။ ဒါပေတဲ့ ဖိုးစပ်တစ်ယောက် မလိုလားအပ်ဘဲ ဒေါသဖြစ်မှာလည်း ပူတယ်။ သူ့ သမီးကလေး ဆိုတာကလည်း ကိုယ်ကပဲ ကော လိပ်ကျောင်းထား ပေးခဲ့လေတော့ ကိုယ့်သမီးလိုလည်း ဖြစ်နေတော့ ဝင်ပါရတော့တာပေါ့။ ဒီလိုဗျ။

ဖိုးစပ်သမီးလေး ယဉ်မိက တက္ကသိုလ်က ဘွဲ့ကလေးရပြီးတော့ အထက်တန်းပြဆရာမ လုပ်တော့တယ်။ မတ္တီလာနားမှာ ဆိုတော့ အဲဒီမှာနေတဲ့ ဖိုးစပ်ကြီးညီ အငယ်ဆုံးကောင် ကျော်စိန်တို့မိသားစုနဲ့ နေတယ်ပေါ့။ တစ်လ နှစ်လ၊ တစ်ခေါက် နှစ်ခေါက်လောက် ဒီကို ပြန်သပေါ့ဗျာ။ ဒီလိုမဟုတ်လည်း ဖိုးစပ်တို့ လင်မယားက ကြုံတဲ့အခါ ဝင်တွေ့တတ်ကြတယ်။ ဟိုက ကျော်စိန်တို့ လင်မယားကလည်း သားသမီး မရှိလေတော့ ယဉ်မိကို အလွန် စောင့်ရှောက်ရှာတာ။ ကျော်စိန်ဆိုတဲ့ ကောင်က ကျောင်းဆရာ လူထွက်။ ခုတော့ မော်တော်ဆိုင်ကယ် တစ်စီးနဲ့ ရွာရိုးကိုးပေါက်လှည့် ကျူရှင်ပြစားနေတယ် ထင်ပါရဲ့။ ဖိုးစပ်လို မဟုတ်ဘူး။ ဟိုအကောင်က ဝဝဖိုင့်ဖိုင်း နဖူးက ပြောင်ပြောင်။ သူ့မိန်းမကလည်း ဈေးထဲမှာ ဖိနပ်ဆိုင်တွေ ဘာတွေ ရှိတယ်။ ဒီတော့ ယဉ်မိ အဲဒီမှာနေရတာ အလွန်အဆင်ပြေပေါ့။

တစ်နေ့တော့ ကျော်စိန် ပေါက်ချလာတယ်။ အမှန်တော့ ကျော်စိန်လာတာက အဆန်းမှ မဟုတ်တာ။ ဒီကောင်က ဒီဘက်လာလာပြီး ချိုးပစ်၊ ချိုးတည် လုပ်တတ်တယ်။ ကိုယ့် ခြံထဲမှာ သူ့ဂျစ်ကားကလေး ထားပြီး တစ်နေကုန် တောင်ရိုး တက်ပြီး ချိုးပစ်လေ့ ရှိတယ်။ ဒီတစ်ခါတော့ အဲသလို မဟုတ်ဘူး။ အဲဒီတုန်းက ကိုရင်မောင်တင့် သားလည်း ရောက်နေတာကိုး။ ကျော်စိန်နဲ့ ကိုရင်မောင်တင့် သားကလည်း အဖွဲ့ကျတယ်။ နှစ်ယောက်စလုံးက သောက်လည်း သောက်နိုင်တယ်ဗျ။ အဲဒီနေ့က တောင်ခိုးတွေ ဝေနေတာနဲ့ပဲ ကိုယ်လည်း လမ်းလျှောက် မထွက်နိုင်တာနဲ့ နောက်ဖေးဝရန်တာမှာ ကိုရင်မောင်တင့် သားနဲ့ စကားစမြည် ပြောနေကြတယ်။ အဲဒီတုန်း ကျော်စိန် ရောက်လာတာပဲ။ ဒီတော့လည်း ကိုရင်မောင်တင့် သားက သူနဲ့ပါလာတဲ့ ဝီစကီတစ်ပုလင်း ဖောက်ဖြစ်သွားတာပေါ့။ အဲဒီတုန်းက ဖိုးစပ်တို့ လင်မယားက ညနေဈေး သွားကြတယ်။

လိုရင်း ပြောရရင်တော့ဗျာ၊ ကျော်စိန်လာတာက ယဉ်မိ ယောကျ်ားပေးစားဖို့ ကိစ္စပဲ။ ကျော်စိန်ပြောလို့ သိရတာက ယဉ်မိ ကောလိပ်ကျောင်း နေကတည်းက ကောင်ကလေး တစ် ယောက်နဲ့ ကြိုက်နေတာ။ ကောင်ကလေးကလည်း သူ့လိုပဲ ကျောင်းဆရာတဲ့။ အရင်က ရန်ကုန်မှာတဲ့။ ခုတော့ ဒီကို ပြောင်းလာတာ ကိုးလ၊ ဆယ်လလောက် ရှိသွားပတဲ့။ အဲဒါ သူက ကောင်ကလေးနဲ့လည်း

စကားပြောဆိုကြည့်တယ်။ မကြာခင်ကလည်း ကောင်ကလေး အစ်ကိုကြီးဆိုတာက တာဝန် နဲ့ ခရီးသွားရင်း လမ်းကြုံဝင်လာပြီး ကျော်စိန်ကိုပဲ ကြည့်စီမံပေးဖို့ အပ်သွားလေတော့ ကျော်စိန်လည်း ဒီပေါက်ချလာရ တော့တာပဲ တဲ့။ ဒီတော့ ကျော်စိန်က ထုံးစံအတိုင်း ဒါ ဆရာကြီး တာဝန်ပဲ၊ ဆရာကြီးက အသက်အကြီးဆုံးလို့ ပြောတယ်။

ထုံးစံအတိုင်းလို့ ပြောတာကို ကိုယ်က နည်းနည်း ရှင်းရလိမ့်မယ်။ တခြားတော့ မဟုတ်ပါဘူး။ အရင်ကတည်းက ဒီကောင်က ပြောလေ့ ရှိလွန်းလို့ပါ။ ကိုယ်တို့ စကားပြောလေ့ရှိတိုင်း တစ်ခုခု ဆုံးဖြတ်စရာ၊ မှတ်ချက်ချစရာများ ရှိလာခဲ့ရင် ဒီကောင်က ဆရာကြီး၊ ဆရာကြီးက အသက်အကြီးဆုံး၊ ဆရာကြီးမှာ တာဝန်ရှိတယ် လို့ ပြောလေ့ရှိသဗျ။ ကိုယ်က အသက်ကြီးတာတော့ အမှန်ပေါ့။ သို့ပေသိ နေရာတကာမှာ အသိဆုံးတော့ မဖြစ်နိုင်ဘူး ထင်တယ်။ ဒါ့ကြောင့် ဟကောင်... ဒီကိစ္စက မင်းတကူးတကနဲ့ ငါ့အိမ်ပေါ် တင်လာတာ၊ မင်းတို့ ညီအစ်ကိုနှစ်ယောက် ကြည့်ရှင်းကြပေါ့ လို့ ပြောလိုက်မိတယ်။ အဲဒီတော့မှ ကျော်စိန်က ဆရာကြီးရယ်၊ ယဉ်မိဟာ ဆရာကြီး သမီးလိုပါပဲ၊ ဆရာကြီမပါလို့ ဘယ်ဖြစ်မှာတုံး၊ ကိုဖိုးစပ် ဒေါ်သ၊ ဆရာကြီးလည်း အသိသားပဲ၊ သန်းယဉ်မကိုတော့ ကျွန်တော် အနည်းအကျဉ်း ပြောပြထားပြီးသားပါ၊ သန်းယဉ်မက အမေဆိုပေသိ ဆရာကြီးတို့၊ ကျွန်တော်တို့ သင့်တယ်ထင်ရင် ပြီးတာပဲလို့ ပြောဖူးတယ်၊ ကိုဖိုးစပ်ကသာ သူ့သမီးကလေး ငယ်သေးတယ် ထင်နေတာ၊ ကျွန်တော်ချည်းပြောရင် ထထိုးနေမှာ လို့ ပြောတယ်။ ကိုယ်ကလည်း ရယ်ရင်း မင်းစေတနာက ထိုးရင်းထိုး ငါ့ကို ထိုးစေတော့ ဆိုတဲ့ စေတနာမျိုး မဟုတ်လား ပြောလိုက်မိတယ်။

အဲဒီအခါ ကိုယ်တို့ပြောတာ နားထောင်နေတဲ့ ကိုရင်မောင်တင့် သားက နေပါဦး၊ ဦးလေးစိန်ရဲ့ သူတို့ချင်းက ကြိုက်နေကြတာ မဟုတ်လား၊ ဘာပြဿနာရှိလို့တုံး လို့ ဝင်မေးတယ်။ ဒီတော့ ကျော်စိန်က ရှင်းပြတယ်။ ဒီလိုကွ ဖိုးစပ်ကြီးက သူ့သမီးကို ဆိုင်ကဝယ်လာတဲ့ ကော်ပတ်ရုပ်ကလေးများလို မှန်ဗီရိုထဲထည့် ကြည့်နေချင်တာ၊ သူ့တစ်သက် သူ့သမီးလေးကို ဒီလိုပဲထားချင်တာ။ ဒီလိုပဲ ထားချင်ရုံ မကဘူး၊ ဒီလိုပဲ နေလိမ့်မယ်လို့ ထင်ထားတာ။ ဒို့ပြင် တည့်တည့် ပြောရရင်တော့ကွာ၊ မင်းနဲ့ မင့်ဆရာဝန်မကလေး ဘာတဲ့... အယ်မလီ၊ ဟုတ်ပြီ။ မင်းတို့ နေတာထိုင်တာမျိုးလည်း သဘောကျပုံရတယ်။ တစ်ခါက ယဉ်မိကိုတောင် ပြောသေးဆိုပဲ။ ဦးလေးတင့်သားနဲ့ သူ့မိတ်ဆွေ ဆရာဝန်မကလေးကို ကြည့်စမ်း ဘယ်လောက် သဘောကျဖို့ ကောင်းသလဲ တဲ့။ ဒီတော့ ကိုယ်တို့သုံးယောက် မျက်လုံးတွေ ဆိုင်သွားကြတယ်။ ပြီးမှ ကိုယ်က ကိုရင်မောင်တင့်သားကို ပြောလိုက်မိတယ် ကိုင်း...၊ ဒီကိစ္စ မင်းလည်းပါတယ်။ ဖိုးစပ်တို့လင်မယား ပြန်လာတဲ့အခါ ဖိုးစပ်ကြီးကို နားဝင်အောင် ရှင်းကြသေးတာပေါ့။

ကိုယ်တို့လည်း ဖိုးစပ်တို့လင်မယား ဈေးက အပြန်ကို စောင့်ကြရင်း စကားဆက်ကြတဲ့အခါ ကိုရင်မောင်တင့် သားက ဘာဖြစ်လို့ ကျွန်တော်နဲ့ အယ်မလီရဲ့

ဆက်ဆံရေးကို ဦးလေးစပ်က သဘောကျရတာလဲ လို့ ကျော်စိန့်ကို မေးတယ်။ ဒီတော့လည်း ကျော်စိန်က ရှင်းပြတယ်။ ငါလည်း အသေအချာတော့ မပြောနိုင်ဘူး။ တစ်ခါက ဖိုးစပ်ကြီးက သူ့သမီးကို အိမ်ထောင်ရေးအကြောင်း၊ ဘာအကြောင်း ပြောတုန်း ငါ့ရှေ့တင် မင်းတို့ကို နမူနာပေး ပြောတာ ကြားရဖူးတယ်။ သမီး... ဦးလေးတင့်သားကို ကြည့်တဲ့။ သူနဲ့ သူ့မိတ်ဆွေ ဆရာဝန်မလေးဟာ ခုချိန်ထိ တစ်ယောက်နဲ့တစ်ယောက် သူငယ်ချင်းတွေလိုပဲတဲ့။ သူတို့ဟာ ငယ်ငယ်ထဲက အတူ ကြီးလာကြပြီး သူငယ်ချင်းတွေ ဖြစ်နေကြတာ ခုထိပဲတဲ့။ အဲဒီ ချစ်ခြင်းဟာ အပြစ်ကင်းတယ် တဲ့။ ဒီတော့ အနားက နားထောင်နေမိတဲ့ ငါက မနေနိုင်လို့ ဝင်ပြောမိသေးတယ်။ ကောင်းတော့ ကောင်းတာပါ့ကွာ။ သို့ပေသိ၊ လူတိုင်းနေနိုင်တဲ့ကိစ္စမျိုးမှ မဟုတ်တာလို့ ပြောလိုက်မိတယ်။ ဒီတော့ ကိုရင်မောင်တင့် သားက ပြုံးတယ်။ ကျော်စိန်ကပဲ ဆက်ပြီး မင်းတို့ဟာက ဘာခေါ်လဲ၊ ပလာတိုနစ်လားလို့ မေးတယ်။ ကိုယ်ကတော့ ဘာမှန်းမသိဘူး။ သို့ပေတဲ့ မသိသလို သိသလို နေလိုက်တယ်။ ကိုရင်မောင်တင့် သားက ပြုံးလို့သာ နေတော့တာကိုး။

ဒီတုန်း ဖိုးစပ်တို့ လင်မယား ပြန်လာတယ်။ လာတာနဲ့ သန်းယဉ်မက အရိပ်အကဲ သိတော့ သူ့ယောက်ျားကို သွား... ဆရာကြီးတို့နဲ့ စကားပြောချေ။ ကျွန်မ အမြည်းလုပ်ပေးမယ် လို့ ပြောရင်း ဖိုးစပ်ကို ကိုယ်တို့ဆီ လွှတ်လိုက်တယ်။ ဖိုးစပ်က ကိုယ်တို့လို အရက်ကြိုက်တတ်တာ မဟုတ်ဘူး။ ဘီယာကလေး တစ်ပုလင်းလောက်ကို တစ်နာရီလောက် ကြာအောင် သောက်တဲ့ လူမျိုး။ ဖိုးစပ်က ကိုယ်တို့ဝိုင်းမှာ ထိုင်မယ်လုပ်ရင်း ဘာတွေများ ဆွေးနွေးနေကြတုံး လို့ ဆိုတယ်။ ဒီတော့ ဖိုးစပ်အတွက် ဘီယာပုလင်း ဖောက်နေရင်း ကိုရင်မောင်တင့် သားက ဦးလေးစပ်သမီး ယောက်ျားပေးစားဖို့အကြောင်း ပြောနေကြတာ လို့ တည့်တည့်ကြီး ပြောလိုက်ပါလေရော။ ဖိုးကျော်စိန်ရော ကိုယ်ပါ ဘာပြောရမှန်းမသိ ဖြစ်သွားတယ်။ ဒီနေ့မှ ဖိုးစပ်ကလည်း စိတ်ကောင်းဝင်နေပုံ ရတယ်။ ကောင်းသားပဲ၊ ဒါ့ထက် မောင်ရင်တို့ကကော ဘယ်တော့ လက်ထပ်ကြမှာတုံး လို့ ကိုရင်မောင်တင့် သားကို ပြန်နောက်လိုက်တယ်။ ကျွန်တော်တို့က ကြီးပြီ၊ ကျွန်တော်ဆို ဒီနှစ် လေးဆယ့်ငါး ရှိသွားပြီ။ အယ်မလီ ဆိုရင်လည်း ကျွန်တော့်ထက် သုံးနှစ်တည်း ငယ်တာ။ ယဉ်မိတို့က ငယ်သေးတယ်၊ ကိုင်း... ထိုင်ပါဦး။ ကျွန်တော်တို့ အေးအေးဆေးဆေး ပြောကြတာပေါ့ တဲ့။

ဒီလိုနဲ့ တိုတိုပြောရရင် ဖိုးစပ်ကို သူ့သမီး အိမ်ထောင်ချဖို့ကိစ္စကို ပြောဖြစ်သွားကြတယ်ပေါ့။ ပထမတော့ ဖိုးစပ်ကြီးက သိပ်မကြိုက်ချင်ဘူး။ ဒါပေသိ ကိုယ်တို့ဘက်မှာက စကားပြောကောင်းတဲ့ ကျောင်းဆရာလူထွက် နှစ်ယောက် ပါတာကိုး။ ကိုရင်မောင်တင့် သားရယ်၊ ကျော်စိန်ရယ်လေ။ အဆုံးတော့ ဆရာကြီးတို့ သင့်သလိုပဲ ဖြစ်ရတာပေါ့။ ဒါပေတဲ့ ဖိုးစပ်က နဂိုကတည်းက စိတ်ထဲ မရှင်းပုံပေါ်နေတဲ့ ကိုရင်မောင်တင့် သားနဲ့ သူ့သူငယ်ချင်း ကောင်မကလေးအကြောင်း မေးတယ်။ ကျွန်တော်တို့ကတော့ ဒီလိုပါပဲ ဦးလေးစပ်ရာ။ ချစ်ခြင်းမှာ အနှောင်အတည်း မထားတဲ့

သဘောပေါ့။ ချစ်ခြင်းရဲ့ နောက်ဆက်တွဲအဖြစ် ဘာမှ ထည့်မထားဘူး။ ချစ်ခြင်းကို အရိုးသားဆုံး အနေအထား တစ်ခုမှာပဲ ထားတယ်။ အဓိက ကတော့ ဒါပါပဲလို့ ဖြေတယ်။ ဒီတော့မှပဲ ကိုယ်တို့သုံးယောက်သား အစကတည်းက နားမလည်ပုံရတဲ့ အကြောင်းတစ်ခုဟာ တရားဝင် နားမလည်ဘူး ဖြစ်သွားတော့တာပါပဲ။ ဒီတော့ ကျော်စိန်ကပဲ မောင်ရင်... ရှင်းတော့ရှင်းဦး၊ တို့ ခေါင်းအေးအေး ထားရမယ့် အရွယ်ကျကာမှ ရှုပ်မထားခဲ့နဲ့ဟေ့ လို့ ပြောတယ်။

ဒီအခါ ကိုရင်မောင်တင့် သားက ကိုယ့်ကို ဦးတည်ပြီး ဒီလိုပြောတယ်။

ဒီလို ဘထွေးရ။ ကျွန်တော်တို့ အခုထိုင်နေကြတဲ့ လူတွေအားလုံးဟာ မချစ်ဖူးတဲ့လူ၊ မချစ်ခဲ့ဖူးတဲ့လူ မရှိဘူး၊ အချစ်မခံရဖူးတဲ့ လူတော့ ရှိကောင်းရှိမယ်။ ဒါကိုတော့ ကျွန်တော်တို့ မပြောနိုင်ဘူး။ ဒါပေတဲ့ ချစ်ခြင်းကို ချစ်ခြင်းအတိုင်း လက်မခံကြဘဲ နောက်ဆက်တွဲ ဆင့်ပွားချဲ့ကားထားတဲ့ နားလည်မှုတွေ အနေနဲ့ လက်ခံကြတာ များတယ်။ ဥပမာ၊ ချစ်ခြင်းကို ပိုင်ဆိုင်မှုအဖြစ်၊ သွေးသား တော်စပ်လိုမှုအဖြစ်၊ ပုဂ္ဂလိက ကျေနပ်လိုမှုအဖြစ်၊ ပြန်လည် အချစ်ခံရခြင်းကို တန်ဖိုးတစ်ခု ဂုဏ်ရည်တစ်ခု အဖြစ်နဲ့ ပိုပြီး နားလည်လက်ခံကြတယ်။ ဒီအခါ ချစ်ခြင်းရဲ့ ရိုးဂုဏ်တွေ စစ်မှန်မှုတွေ ပျောက်ဆုံးသွားတယ်။

ခုမှ ကိုယ်တို့ ဒုက္ခတွေ့တော့တာ။ သင်းပြောတာ ရှင်းလေရှုပ်လေကိုး။ ဖိုးကျော်စိန်ကတော့ ကျောင်းဆရာလူထွက် ဆိုတော့လည်း ကိုယ်တို့ထက် ပိုနားလည်ပုံ ရတယ်။ ဒီတော့ သူကပဲ မေးနိုင်တယ်။ မောင်ရင်ပြောချင်တဲ့ ချစ်ခြင်းဆိုတာက ဘာတုံးဆိုတာ ပြောဦးကွ လို့ ပြောတယ်။ ဒီလို ဦးလေးစိန်ရဲ့ 'ချစ်ခြင်း' ဆိုတာ 'ချစ်ခြင်း' ပဲ။ ဘာသာစကားနဲ့ တည်ဆောက်ထားတဲ့ 'အသိ' တစ်ခုပဲ။ ဒီထက် ဘာမှမပိုဘူး။ တစ်နည်း ခပ်ကျယ်ကျယ်ပြန့်ပြန့် ပြောချင်ရင် 'ချစ်ခြင်း' ဟာ သမုတိ သဘောဆောင်တဲ့ အသိတစ်ခုပဲ။ ဒါကြောင့် အလွမ်းအဆွေး ရေးတဲ့ ကဗျာဆရာကြီးတွေက 'ချစ်ခြင်းသည် မြဲ၏'၊ 'ချစ်ခြင်း သည် စစ်မှန်၏' စသဖြင့် ရေးကြတာပေါ့။ ဟုတ်တာပေါ့။ 'ချစ်ခြင်း' က 'ချစ်ခြင်း' ပဲကိုး။ မြဲတာပေါ့။ အသိကသာ ပြောင်းလဲသွားတာ။ 'ချစ်ခြင်း' အပေါ် နားလည်မှုကသာ ပြောင်းလဲသွားတာ လို့ ကိုရင်မောင်တင့် သားက ဖြေတယ်။ ဒီတော့ ကိုယ်လည်း မနေသာဘူး။ ဟန်ဆောင် လူတတ်လုပ်နေလို့ မဖြစ်တော့ဘူး။ ကလေးကလား ဆန်ချင် ဆန်နေမယ်။ မေးတော့မေးရဦးမှလို့ သဘောရတယ်။

ဒီတုန်း ကိုရင်မောင်တင့် သားက ဆက်ပြောတယ်။ ချစ်ခြင်းကို ငယ်စဉ်အခါက စိတ်လှုပ်ရှားမှုတွေ၊ သွေးသား တောင်းဆိုမှုတွေ အခြေခံပြီး လက်ခံတဲ့အခါ ချစ်ခြင်းရဲ့ လောဘတွေ၊ ဒေါသတွေ၊ မောဟတွေဟာ အများကြီးပဲ။ ပြီးတော့ ဒီလို မဟုတ်တော့ဘူး။ ချစ်ခြင်းကို ဆင်ခြင်တုံတရားနဲ့ ကြည့်လာကြတယ်။ တစ်နည်းပြောရင်တော့ ဘထွေးရာ... ကြီးတဲ့အခါ နားလည်တဲ့ ချစ်ခြင်းဟာ တန်ဖိုးအားဖြင့် ပြောကြစတမ်း ဆိုရင် ငယ်စဉ်က ရူးရူးမိုက်မိုက်ချစ်ခြင်းနဲ့ မတူတော့ဘူး။ တန်ဖိုး ပိုရှိလာတယ်။ ဆင်ခြင်တုံတရားနဲ့

လက်ခံတဲ့အချစ်ဟာ တန်ဖိုးပိုကြီးပါတယ် လို့ ဆိုတယ်။ ဒီတုန်း ကျော်စိန်က သူ့အစ်ကို ဖိုးစပ်ကြီးကို နောက်တယ်။ ဟေ့ မောင်စပ်၊ မင့်သမီး ယောက်ျား မြန်မြန်ပေးစားရင် ပေးစား၊ မတော်လို့ သူ့လို အတွေးအခေါ်မျိုးတွေ ဖြစ်လာရင် တစ်သက်လုံး ယောက်ျားမယူဘဲ နေလို့ မင်းနဲ့ငါ အိမ်ဦးခန်းက တင်ကျွေးနေရဦးမယ် တဲ့။ ဒီတော့ ဖိုးစပ်က ရယ်တယ်။ ကိုယ်လည်း မနေသာဘူး။ မေးစရာတော့ မေးဖြစ်လိုက်တယ်။ မင်းပြောတာက 'ချစ်ခြင်း' ဟာ အသိ တစ်ခု သက်သက်ပဲ ဆိုတော့ ဟုတ်ပါ့မလားကွာ လို့ မေးတော့ ကိုရင်မောင်တင့် သားက ဒီလိုလေ ဘထွေးရဲ့... အစချီပြီး ရှင်းတော့တာကိုး။

ချစ်ခြင်းမှာ ဆိုးတာကောင်းတာ၊ မှန်တာမှားတာ မရှိဘူး။ ချစ်ခြင်းကို လက်ခံသုံးစွဲတဲ့ သူမှာသာ အဲဒီတန်ဖိုးဖြတ်မှုတွေ ရှိတာ။ ဒါကြောင့် လူတွေမှာ ချစ်ခြင်းရဲ့ အနေအထားဟာ မတူ ကြတာပေါ့။ တစ်နည်း ပြောရရင် ချစ်ခြင်းဟာ လက်ခံသုံးစွဲတဲ့ သူအပေါ်မှာ တည်တာ။ ကိုယ့်အကြိုက်၊ ကိုယ့်ဘဝနဲ့ ယှဉ်ပြီး တည်ဆောက်ယူကြတာ။ တစ်ထပ်တည်းကျတဲ့ ချစ်ခြင်းနှစ်ခု ဘယ်တော့မှ မရှိနိုင်ဘူးလို့တောင် ဆိုကြတယ်။ ခပ်လွယ်လွယ် ပြောရရင်၊ ဘထွေးနဲ့ ဒေါ်ဒေါ်လေးအကြောင်း ပြန်စဉ်းစား ကြည့်လေ။ ဘထွေးနဲ့ ဒေါ်ဒေါ်လေးတို့က လူကြီးတွေ ပေးစားလို့ အကြောင်းပါတာ မဟုတ်လား။ ဒါပေတဲ့ အိမ်ထောင်တစ်ခုရယ်လို့ ဖြစ်လာတဲ့အခါ ချစ်ခြင်းဟာ သူ့ဘာသာ ရောက်လာတာပဲ။ ဘထွေးတို့ အိမ်ထောင်ရေးဟာ အသက်ထက်ဆုံး မြဲတယ် ဆိုရမှာပဲ။ မြဲတာဟာ တခြားအကြောင်းတွေကြောင့်ပဲ။ ဘထွေးတို့က 'ချစ်ခြင်း' ကို 'ချစ်ခြင်း' ထက် ပိုပြီး နေရာမပေးခဲ့ဘူး မဟုတ်လား...။

ခုတော့ ကိုယ့်မှာ ပိုစဉ်းစားစရာ ဖြစ်ရတာပေါ့။ သင်းပြောသလိုပဲ။ ကိုယ်တို့လင်မယားအကြား ချစ်တယ်... မချစ်ဘူးဆိုတဲ့ ကိစ္စကို တစ်ခါမှ မေးစမ်းတောင် မကြည့်ခဲ့ကြဘူးကိုး။ ခုမှ ရိပ်သာမှာ ဘာဝနာပွားနေတဲ့ ကျောင်းအမကြီးကို နင်နဲ့ ငါနဲ့ ချစ်ခဲ့ကြဖူးသလား လို့ သွားမေးပြန်ရင်လည်း အလကား အအော်ခံရဦးမှာ။ ကိုယ့်ဘဝမှာလည်း ချစ်တယ်ဆိုတဲ့ ကိစ္စဟာ တစ်ခါကမှ မကြီးကျယ်ခဲ့တာကိုး။ တက္ကသိုလ် ကျောင်းသားဘဝက ဆိုလည်း မျက်စိကျတာတို့၊ ဘာတို့တော့ ရှိခဲ့တာကိုး။ ဒါကလည်း လူငယ်တို့ ဘာသာဘာဝ မဟုတ်လား။ ခုမှပဲ ကိုယ့်ဘာသာ စဉ်းစားကြည့်ရတယ်။ ဘာတုံး... 'ချစ်ခြင်း' ဆိုတာ။ ငယ်ငယ်က နားလည်ခဲ့တဲ့ တပ်မက်မှု ဆိုတာကတော့ ချစ်ခြင်း မဟုတ်ဘူးဆိုတာ သင်းပြောလို့ သဘောပေါက်မိသလိုတော့ ရှိသား။ အသက်ကပဲ ခုနစ်ဆယ်ကျော်လာတော့ စဉ်းစားရတာကိုက သိပ်စိတ်ဝင်စားစရာ မကောင်းတော့ဘူး။ ရေစက်လမ်းထဲက တောပြန်ကြီး ဗိုလ်အောင်လင်းပြောသလို ပြောရရင် ခုနေတော့ ခြင် ဘာလို့ကိုက်တယ် ဆိုတာက ပိုစိတ်ဝင်စားစရာပဲ။ ဒါပေတဲ့ စဉ်းစားကြည့်နေချင်တယ်။ အဲဒါကို ကိုယ်ကပြောပြတော့ ကိုရင်မောင်တင့်သားက ဘထွေး...၊ ဘယ်သူက စဉ်းစားခိုင်းလို့တုံး။ ကိုယ့်အတွက် ဘာမှ အကျိုးမရှိတော့တဲ့ ကိစ္စတစ်ခုကို ဘာလို့ စဉ်းစားနေတော့မှာတုံး တဲ့။ ဒါလည်း ဟုတ်တုတ်တုတ်။ 'ချစ်ခြင်း' ဆိုတာက 'ချစ်ခြင်း' ပဲတဲ့။ ဘာမှမဟုတ်ဘူးတဲ့။

ဒီတုန်း သန်းယဉ်မ ရောက်လာတော့ စကားပြတ်သွားကြတယ်။ ဖိုးစပ်ကြီးက သူ့မိန်းမကို သူ့သမီး အိမ်ထောင်ချဖို့ကိစ္စ ပြောတယ်။ ကျော်စိန်နဲ့ ကိုရင်မောင်တင့် သားက ခပ်လှမ်းလှမ်းက ပျံနေကြတဲ့ ငှက်တစ်အုပ်ကို ကြည့်ပြီး ချိုးတည်တဲ့အကြောင်း ပြောနေကြတယ်။ ကိုယ်ကတော့ တောင်ရိုး နောက်ဘက်ကို ဝင်တော့မယ့် နေရောင်ခြည်ကို ကြည့်ပြီး သာယာနေမိသလား၊ ဝမ်းနည်းနေမိသလား မသိဘူး။ စဉ်းစားစရာမလိုဘူးလို့ ဆိုကာမှ စဉ်းစားစရာတွေ အပုံကြီးပဲ။ မအိပ်ခင်တော့ မိုဂါဒွန် တစ်ပြားလောက်တော့ သောက်မှ ထင်တယ်။ ဒီအတိုင်းဆိုရင် အိပ်ပျော်တော့မှာ မဟုတ်ဘူး။

ရန်နိုင်သစ် မဂ္ဂဇင်း

အမှတ် ၇၃၊ ဇန်နဝါရီ ၂၀၀၀။

ထိုယောက်ျားကား မိုက်၏ ထိုယောက်ျားတို့ကား မလိမ်မာကြကုန်

အင်း... ခင်ဗျားနဲ့တောင် မတွေ့တာကြာပြီကိုး။ မတွေ့ဆို အိမ်မှာ ကိုရင်မောင်တင့် သားနဲ့ သူ့မိတ်ဆွေ ရောက်နေလို့။ ကိုရင်မောင်တင့် သားတော့ ခင်ဗျားတွေ့ဖူးသား မဟုတ်လား။ ဟိုတုန်းက ကောလိပ်ကျောင်းမှာ ဖီလိုဆိုဖီတို့၊ ဘာတို့ သင်နေတဲ့ အကောင်လေ။ ခုတော့ အရုပ်ရေး၊ စာရေးနေတဲ့ ကောင်လေဗျာ။ သူနဲ့ပါလာတဲ့ မိတ်ဆွေဆိုတာက ကျောင်းအုပ်ဆရာကြီးဆိုပဲ။ ပြည်ဘက်ကလို့ ဆိုတယ်။ လူက ခပ်ဖိုင့်ဖိုင့်ရယ်။ လူက လူအေးဗျ။ ကိုယ်တို့ ညနေတိုင်း ဝီစကီလေး ဘာလေး သောက်ပြီး ငြင်းခုံတဲ့အခါ သူက နားထောင်သမား။ ငြင်းခုံတယ်ဆိုလို့ ပြောရဦးမယ်။ ကိုရင်မောင်တင့် သားက ငြင်းခုံတယ်လို့ဆိုရင် အာယာတ ဖြစ်လိုမှုသဘော ပါသတဲ့။ ဒါ့ကြောင့် အသိပညာ တစ်စုံတစ်ရာအတွက် အချေအတင် နှီးနှောခြင်းလို့သာ ခေါ်သင့်တယ်တဲ့။ ကိုယ်တော့ သိပ်သေသေချာချာ မသိဘူး။ သို့ပေတဲ့ နားထောင်လို့တော့ ခပ်ကောင်းကောင်း။ နှီးနှောတယ် ဆိုတော့လည်း အာဃာတနည်းတယ် လို့ ဆိုနိုင်သပေါ့လေ။ ထားပါတော့။ ဘယ်လိုခေါ်ခေါ်။ ငြင်းတော့ ငြင်းတဲ့သဘော ထင်ပါရဲ့။ ပညာပါပါကလေး ပြောကြတာနဲ့ ထဆဲကြတာတော့ ကွာမှာပေါ့။

ဒီကောင် ကိုယ့်ဆီက ပြန်သွားတာ ဘာကြာသေးလို့လဲ။ ရန်ကုန်တောင် ပြန်ရောက်ပုံ မရပါဘူး။ သူ့မိတ်ဆွေ ကျောင်းအုပ် ဆရာကြီးကို ပြည်မှာဝင်တွေ့တော့ ကျောင်းအုပ်ဆရာကြီးက စိတ်နေမကောင်း ဖြစ်နေရှာ ဆိုကိုး။ စိတ်နေမကောင်း ဆိုတော့ တစ်မျိုးမထင်ပါနဲ့။ သူ့ခမျာ အလုပ်ကများတော့ စိတ်ပင်ပန်း နွမ်းနယ်တဲ့ သဘောပေါ့။ ဘိုလိုတော့ စထရက် ခေါ်တယ် ထင်ပ။ အဲဒါနဲ့ပဲ ကျောင်းကလည်း ပိတ်ထားတုန်းဆိုတော့ နားနားနေနေ နေရအောင်ဆိုပြီး ကိုယ့်ဆီ ခေါ်လာတာတဲ့။ သူတို့က ကောလိပ်ကျောင်းတုန်းက မိတ်ဆွေဆိုပေတဲ့ စရိုက်ချင်းက တယ်ကွာသကိုး။ ကျောင်းအုပ်ဆရာကြီးက မနက်ဆို စောစောထ၊ ဆည်ပေါက်ဘက်ကို လမ်းလျှောက်၊ တစ်ခါတစ်ရံ ကိုယ်နဲ့ ဂေါက်ကွင်းဘက်ထိ လျှောက်ကြတာ။ ကိုယ်နဲ့ လမ်းလျှောက်တဲ့အခါတော့ လမ်းမှာ တော၏ လှပခြင်း၊ တောင်၏ လှပခြင်းများကို ကိုယ့်ကို ရှင်းပြတတ်တယ်။ တစ်ခါတလေ တောအလှ တောင်အလှနဲ့ ဆက်စပ်တဲ့ ကဗျာတွေ၊ ဘာတွေ ရွတ်ပြတယ်။ ညံ့တယ် ပြောရင်လည်း ကိုယ်ကတော့ ခံရမှာပဲ။ သူပြောပြ၊ ရွတ်ပြ ဖတ်ပြတော့မှပဲ ကိုယ်နေတဲ့ တောအရပ် ဒီလောက်သာယာမှန်း သိတော့တယ်။

ကျောင်းအုပ်ဆရာကြီးက မနက်ဆိုလည်း အချိန်မှန် အိပ်ရာကထ။ ညဆိုလည်း ကိုယ်တို့ စကားဝိုင်းသိမ်းမှ အိပ်တာ။ ကိုယ်တို့လို ဝီစကီတွေ ဘာတွေ မသောက်ပေတဲ့ ကိုယ်တို့စကားဝိုင်းမှာ ရေနွေးကြမ်းသောက်ပြီး နားထောင်တတ်တယ်။ သူက ကိုရင်မောင်တင့် သားလို သိပ်ဆွေးဆွေးနွေးနွေး မရှိလှဘူး။ သူ စိတ်ဝင်စားတာများရှိရင်

အိတ်ကပ်ထဲက စာအုပ်ကလေး ထုတ်ထုတ်ပြီး မှတ်တယ်။ များသောအားဖြင့်က ခေါင်းတညိတ်ညိတ်နဲ့ နားထောင်လေ့ ရှိတာကိုး။ ဒါ့ကြောင့်လည်း ကိုရင်မောင်တင့် သားက ဆော့ခရတ္တိတို့၊ ပလေတိုတို့ရဲ့ တပည့်မဟုတ်ဘူး။ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်း တပည့်ဗျလို့ ပြောဖူးတယ်။ ဟုတ်ပါရဲ့ဗျား။ သူတို့ဆရာ ဒဿနဗေဒ ပါမောက္ခဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းဆိုရင်လည်း သူများတကာ ဆွေးနွေးငြင်းခုံကြရင်ဖြင့် သူက ပြုံးပြုံးကြီးနဲ့ ဆေးကံ့ကြီးခဲ နားထောင်နေတတ်တာကိုး။ အင်း... ဆူးခါးတိုက်က ဆရာတော်ကြီး ဦးဝိသုဒ္ဓ စကားနဲ့ပြောရရင် ပညာရှိပီသတဲ့ လူများက တယ်အမှတ်အသား ရှိတတ်တာလို့သာ ဆိုရ တော့မှာပဲ။

ကျောင်းအုပ်ဆရာကြီးက စထရက် ရနေတယ်သာ ဆိုရတယ် လုပ်ရိုးလုပ်စဉ် ပျက်ပုံမရဘူး။ ညစဉ် မအိပ်ခင် ဒိုင်ယာရီတွေ ဘာတွေ ရေးသေးတာ။ မနက်ဆိုလည်း ခုနစ်နာရီ ထိုးပဟေ့ဆိုတာနဲ့ ထမင်းစား စားပွဲမှာ လက်ဖက်ရည်သောက်ဖို့ အသင့်ဖြစ်နေတတ်တယ်။ ကိုရင်မောင်တင့် သားကတော့ အိပ်ချင်တဲ့အချိန် အိပ်၊ ထချင်တဲ့ အချိန်ထ၊ ကိုယ်တို့ ထမင်းစားတဲ့အခါ သူက စားချင်မှ စားတာကလား။ တစ်ညနေတော့ ကိုယ်တို့ ဝီစကီသောက်နေကြရင်း မင်းမှာ မင်းအဖေလို စည်းနဲ့ကမ်းနဲ့ နေတတ်တာကလေးများ မရှိဘူးလား။ ဥပမာကွာ အချိန်လေးစားတာတို့၊ ဘာတို့ မရှိဘူးလားလို့ မေးကြည့်မိတယ်။ ဒီတော့ မောင်မင်းကြီးသားက ဘာပြန်ဖြေတယ် ထင်သလဲ။ ဘထွေးရာ... တဲ့၊ နေဦး။ သူက ကိုယ့်ကို ဘထွေးခေါ်တာက သူ့အဖေညီ ကျောင်းဆရာ မောင်ခန့်နဲ့ ကိုယ်နဲ့က ရွယ်တူ၊ မောင်ခန့်ကို ဘထွေးခေါ်ရာက ကိုယ့်ကိုပါ ဘထွေးခေါ်တာပါ။ ဘထွေးရာ... လောကကြီးဟာ ဘယ်တုန်းကမှ စနစ်တကျ ရှိခဲ့တာမဟုတ်ဘူး။ လူတွေကသာ လောကကြီးကို အမျိုးမျိုး သတ်မှတ်ကြတာ။ ဒီအချိန်တော့ဖြင့် ဒါလုပ်ရမယ်။ ဟိုအချိန်တော့ဖြင့် ဟိုဟာလုပ်ရမယ် မဟုတ်လား။ ဒီလိုလုပ်ခြင်းအားဖြင့် လူတွေဟာ သူ့ဘာသာ ကစဉ့်ကလျား ဖြစ်နေတဲ့ လောကကြီးနဲ့ လိုက်လျောညီထွေစွာ နေနိုင်အောင် အားမထုတ်တာ ပေါ်လွင်လာတာပဲ၊ သူ့ဘာသာ ဖြစ်နေတဲ့ လောကကြီးနဲ့ တတ်နိုင်သမျှ လိုက်လျောညီထွေမှုရှိအောင် နေတတ်ဖို့ လိုတယ်မဟုတ်လား တဲ့။

ဟုတ် မဟုတ်တော့ မသိဘူး။ သူပြောမှပဲ ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ရ မလိုလိုတောင် ဖြစ်မိတော့တယ်။ ဒါနဲ့ ကိုယ်က ဘယ့်နှယ်တုံး ကျောင်းအုပ်ကြီး... လို့ သူ့မိတ်ဆွေကို လှမ်းမေးမိတယ်။ ဒီတော့ ကျောင်းအုပ်ဆရာကြီးက ပြုံးပြီး အဘရာ သူက တစ်သက်လုံး ဒီလိုမြင် ဒီလို တွေး၊ ဒီလို နေလာတာ၊ သူက အမှန်တရားဆိုတာ ပုဂ္ဂလဓိဋ္ဌာန်ပဲလို့ ယုံတာကိုး။ သူ ယုံသလို၊ သူမြင်သလို သူများယုံရမယ်၊ မြင်ရမယ်လို့ မဆိုတော့ ကျွန်တော်တို့က ခင်ဗျား မှားတယ်လို့ နင်ဘဲခဲဆ မပြောသာဘူး မဟုတ်လား... တဲ့။ ဒီလိုတော့လည်း ဟုတ်သားကလား။ ကိုယ်က ကိုယ့်ဘာသာ တွေးမိတယ်။ ဒီလို တွေးတတ်ကြလို့လည်း သင်းတို့သူငယ်ချင်း ပေါင်းဖြစ်ကြတာကိုး လို့လည်း စဉ်းစားမိပြန်တယ်။ ဒီလို နားလည်တတ်တဲ့လူ၊ ကိုယ်ပြောချင်တာက

ကျောင်းအုပ်ဆရာကြီးလို နားလည်တတ်တဲ့လူ၊ ဆင်ခြင်တတ်တဲ့လူက ဘယ်လိုလုပ်ပြီး သောကများနေတဲ့အခါ ကိုရင်မောင်တင့်သားလို လူက ဘယ်လိုဖြစ်လို့ သောက မရှိသလို နေနိုင်တယ်ဆိုတာ ကိုယ့်ဘာသာကိုယ်တော့ စဉ်းစားကြည့်လို့ မရပြန်ဘူး။

ဒါနဲ့ တစ်နေ့ည ထမင်းစားပြီး အိမ်နောက်ဘက် ဝရန်တာမှာ ထိုင်စကားပြောကြတော့ ကိုယ်ကပဲ သူ့ကို မေးမိတယ်။ မင်းမှာ သောကခေါ်ခေါ် ၊ စထရက်ခေါ်ခေါ်၊ ခေါ်ချင်ရာ ခေါ်ကွာ၊ အဲဒါမျိုးများ မင့်ဆီ မရှိဘူးလားလို့ ဆိုတော့၊

သင်းက ဘထွေးရာ... လောကမှာ ငါသေရတော့မယ် ဆိုတဲ့ အသိထက် ပိုပြီး သောကဖြစ်စရာ၊ ဝမ်းနည်းစရာ၊ ကြေကွဲစရာ ဘယ်ရှိပါ့မတုံးလို့ ပြောတယ်။ ဒီတော့မှ ကိုယ်လည်း စိတ်ပူသွားမိတယ်။ ဒီကောင် မပြောကောင်း၊ မဆိုကောင်း၊ ရောဂါတွေ၊ ဘာတွေများ ရှိနေလို့လားဟဲ့။ ဒါကြောင့် ဆရာဝန်တွေ၊ ဘာတွေများ ဘယ်ရွေ့ဘယ်မျှပဲ နေရမယ်များ ပြောထားလို့ လားလို့ တွေးမိတယ်။ ဒီကောင်က ကိုယ်အင်မတန် ရင်းတဲ့ မိတ်ဆွေရဲ့သား ဆိုတော့လည်း ကိုယ့်မှာ အထိုက်အလျောက် တာဝန်က ရှိတာကိုး။ ဒီတော့ ကိုယ်က တည့်တည့်ပဲ မေးရတယ်။ မင်းကို ဆရာဝန်တွေ၊ ဘာတွေက ပြောပြီလား၊ ဘယ်ရွေ့ ဘယ်မျှပဲ နေရမယ်ဆိုတာ... လို့ မေးမိတယ်။ ဒီတော့ ကိုရင်မောင်တင့် သားနဲ့ သူ့မိတ်ဆွေ ကျောင်းအုပ်ဆရာကြီးတို့ နှစ်ယောက်သား ဝါးခနဲ ရယ်ကြတော့တာကိုး။ ကိုယ်လည်း ကိုယ်က မေးလိုက်မိတာကိုး။ သင်းတို့နှစ်ယောက်သား အရယ် ရပ်တော့မှ ကိုရင်မောင်တင့် သားက ဘထွေးရဲ့ လူဆိုတာ မွေးဖွားပြီးကတည်းက သေဒဏ်က ကျပြီးသား မဟုတ်လား၊ ဆိုကြပါစို့။ မွေးဖွားပြီးတဲ့နောက် သေဆုံးဖို့ဟာ လူမှာ တာဝန်တစ်ရပ် ဖြစ်နေခဲ့ပြီ မဟုတ်လားတဲ့။ ဘထွေး မမှတ်မိတော့လို့ပါ။ တစ်ခါကလည်း ဘထွေးနဲ့ ကျွန်တော် ဒီနေရာမှာ ထိုင်ရင်း ကျွန်တော် ရှင်းပြဖူးပါတယ်။ ဘဝရဲ့ ဖြစ်နေခြင်းမှာ အဓိကအကျဆုံးဟာ သေခြင်းပဲ။ ဒီအသိ ရှိနေခြင်းကြောင့် ပေါ်ပေါက်လာတဲ့ သောက၊ ပရိဒေဝဟာ အင်မတန် ပြင်းထန်တယ်ဆို တာကို ကျွန်တော် ပြောချင်တာပါတဲ့။

ဒီလိုတော့လည်း ဟုတ်သားကလား။ သို့ပေတဲ့ အားအားယားယား ဘယ်သူက ဒီကိစ္စကို တွေးနေမှာမို့လဲ။ ကိုယ်ကိုယ်တိုင်လည်း ဒီအမြင်မျိုးတော့ ရှိတယ်။ သဘောလည်း ကျမိပါရဲ့။ သို့ပေတဲ့က သူတို့လို မတွေးတတ်၊ မပြောတတ်ကိုး။ ဒါနဲ့ပဲ ကျောင်းအုပ်ဆရာကြီးက ကိုယ့်ကိုရှင်းပြတယ်။ နှစ်ဆယ်ရာစု အတွေးအခေါ်ထဲက ဘာပါလိမ့်...၊ ထားပါတော့ဗျာ။ အဲဒီ အတွေးအခေါ်အကြောင်း။ သူကတော့ ကျောင်းဆရာ မဟုတ်လား။ ကိုရင်မောင်တင့် သားလို မဟုတ်ဘူး။ ကိုယ့်ကို ကျောင်းသားတစ်ယောက်လို နားလည်အောင် ရှင်းပြရှာတယ်။ ကိုယ်လည်း ပညာအတော်ရသွားတယ် ဆိုရမှာပဲ။ သင်းတို့ ခုခေတ် လူငယ်တွေက ကိုယ်တို့နဲ့ယှဉ်ရင် အဖတ်အပြုက များတယ်မဟုတ်လား။ ဘဝအတွေ့အကြုံသာ အသက်အရွယ်အရ နည်းချင်နည်းမှာ။ စာတွေ့တော့ များရှာကြတယ်။ အတွေ့အကြုံ... အတွေ့အကြုံ။ သတိရတုန်း ပြောပြစမ်းပါရစေ။

တစ်နေ့ နေ့ခင်းပိုင်း ကိုယ်နဲ့ ကျောင်းအုပ်ဆရာကြီးနဲ့ ဂေါက်ကွင်းဘက်ကို လမ်းလျှောက်ကြတယ်။ ကိုရင်မောင်တင့် သားကတော့ ထုံးစံအတိုင်းပေါ့။ စာအုပ်တစ်အုပ်ဖတ်ရင်း အိမ်မှာ ကျန်ရစ်ခဲ့လေရဲ့။ ဂေါက်ကွင်းရောက်တော့ ဖိုးစောထွန်းနဲ့ ဆရာဝန် ကိုမရသာ တွေ့တယ်။ သူတို့ နှစ်ယောက်သားလည်း ဂေါက်ရိုက်ဖို့လာတာ ကွင်းရောက်တော့ ပျင်းတာနဲ့ ဘီယာ ထိုင်သောက်နေကြသတဲ့။ ကိုယ်လည်း သူတို့နဲ့တွေ့တော့ တစ်ခွက် တစ်ဖလားတော့ ကြိတ်လိုက်တာပေါ့။ ကျောင်းအုပ်ဆရာကြီးကတော့ ထုံးစံအတိုင်း လက်ဖက်ရည်သောက်၊ မုန့်စားပေါ့။ နေလေး နည်းနည်းချိုလာတဲ့အခါ အိမ်ပြန်ကြမယ် လုပ်တော့ ဆရာဝန် ကိုမရသာက လမ်းလျှောက် ပြန်ကြရအောင်ဗျာလို့ ဆိုတော့ ကိုယ်တို့က ဘယ်ကန့်ကွက်ပါ့မလဲ။ နဂိုထဲက လမ်းလျှောက်ထွက်လာကြတာ မဟုတ်လား။ ဒီတော့ ဖိုးစောထွန်းက အကြံပေးတယ်။ ရေစက်လမ်းဘက်က သွားကြရအောင်တဲ့။ ရေစက်လမ်းက ဖြတ်၊ ဘုရားဝင်းထဲကဖြတ်၊ ရေကန်ကို ကျော်လိုက်ရင် ကိုယ်တို့အားလုံးနေတဲ့ အပိုင်းကို ရောက်ကရော။ လိုရင်း တိုတိုပြောရရင် ကိုယ်တို့အဖွဲ့ ရေစက်လမ်းထဲရောက်လို့ လမ်းတစ်ဝက်လောက်လည်း ရောက်ရော ဘယ်သူ့ကို သွားတွေ့တယ် ထင်သလဲ။ တောပြန်ကြီး ဗိုလ်အောင်လင်းကိုပေါ့။

ခင်ဗျားတောင် တွေ့ချင်တွေ့ဖူးမှာ။ အဲဒီဘက်မှာ မသိသူ ခပ်ရှားရှား။ လူပုံက ထောင်ထောင်မောင်းမောင်းရယ်။ ခင်မောင်ရင့် ဘိုကေမျိုးနဲ့ အမှန်မတော့ တောပြန်ဆိုတာ ဟိုစဉ်က တော်လှန်ရေးကာလလောက်က တောခိုတာပါ။ နောက် ဒီဘက်ခေတ်ထဲ ရောက်တော့ တပ်ထဲမှာ ဗိုလ်မှူးကြီးကနေ အနားယူတာဆို ထင်ပါရဲ့။ ဖိုးစောထွန်းနဲ့က ငယ်ပေါင်း။ ပိုရင်းတယ်။ မနိုင်ရင်ကာတွေပေါ့ဗျာ။ ကိုယ်နဲ့ကတော့ ဒီကျမှ သိပေတဲ့ အင်မတန် ခင်ပါတယ်။ တွေ့တွေ့ချင်း ဖိုးစောထွန်းကပဲ ဖိုးအောင်လင်း... နေ့ခင်းကြောင်တောင် လမ်းထဲမှာ ဘာလုပ်နေတုံးလို့ စကားစလိုက်ရာက ကိုယ်တို့တစ်သိုက် လမ်းလယ်ကြီးမှာ စကားဖွဲ့ဖြစ် သွားကြတယ်။ ဒီတော့ ဗိုလ်အောင်လင်းကြီးက မနက် မနက် ဘုရားဝင်းထဲက လမ်းလျှောက်က ကျုပ်ပြန်လာရင် ဒီနားက ခွေးဝဲစားမ တစ်ကောင်က ဟောင်နေကျဗျ။ ဒီနေ့တော့ ဟောင်တာ မတွေ့လို့ ခုနေ့ခင်းပိုင်းမှာများ တွေ့လိုတွေ့ငြား လာကြည့်တာ... တဲ့။ ကားတွေ၊ ဘာတွေများ ကြိတ်သွားသလားလို့ ပူလို့ ထွက်ရှာနေတယ်ဆိုပဲ။ ကိုယ်တို့ကတော့ ပြုံးမိတယ်။ ဖိုးစောထွန်းကတော့ အားရပါးရ ရယ်ရင်း ဖိုးအောင်လင်းရာ ခွေးဝဲစားမ သူ့ဘာသူ ကားတိုးတိုး၊ သန်းထီပေါက်ပေါက် မင့်အပူလားလို့ ဆိုတယ်။ ဒီတော့ ဗိုလ်အောင်လင်းကြီးက ဟာဗျာ... ခွေးလည်း အသက်နဲ့ပဲလို့ ဆိုတယ်။ တကယ်တော့ ဗိုလ်အောင်လင်းကြီးက ပူတတ်ပင် တတ်တယ်။

ပူဆို မိုးလင်းလို့ ဘုရားဝင်းထဲ လမ်းတွေဘာတွေ လျှောက်ပြီးပဟော့ဆိုရင် ရေဒီယိုတစ်လုံးနဲ့ တစ်ကမ္ဘာလုံးဖမ်း၊ သတင်းမျိုးစုံ နားထောင်ကော့တာပဲ။ ဂျပန်မှာ ငလျင်လှုပ်လည်း သူ ပူတာပဲ။ အယ်လပ်စကာမှာ ရေခဲတောင်ပြိုလည်း သူ ပူတာပဲ။ သူ့ဘာသာသူ ပူရုံနဲ့ ပြီးတာမဟုတ်ဘူး။ ဟိုလူ့ ဖုန်းဆက်မေး၊ ဒီလူ့ ဖုန်းဆက်ပြောနဲ့။

သူ့အိမ်မှာကလည်း သူ့လို ပူတတ်ပင်တတ်တဲ့ သမီးအပျိုကြီး နှစ်ယောက်ကလည်း ရှိသေးတာ။ ခင်ဗျားလည်း သိသားပဲ။ အပျိုကြီး၊ လူပျိုကြီး ဆိုတာက ပူစရာမရှိရင် ရွာထိပ်က ညောင်ကိုင်းကျိုးတာတောင် ရှာကြံပူတတ်တာမျိုး မဟုတ်လား။ ဒီတော့လည်း ဗိုလ်အောင်လင်းကြီးအတွက် အဖော်ရတာပေါ့။ ဘာတဲ့...၊ ကျောင်းအုပ်ဆရာကြီး ပြောတဲ့စကားနဲ့ ပြောရရင် အပူကူးစက်မှု လွှယ်ကူသွားတယ် ပေါ့ဗျာ။ နေဦး၊ ဗိုလ်အောင်လင်းကြီးတို့ ပူပုံတစ်ခု ပြောပြဦးမယ်။

တစ်ခါက နျူမိုးနယား ဆိုလားဖြစ်လို့ ဗိုလ်အောင်လင်းကြီး ဆေးရုံတင်ရတယ်။ လူကြီးဆိုတော့ ပူကြရတာပေါ့ဗျာ။ ဒါနဲ့ သူ့သားသမီးတွေ မေးကြည့်ရတယ်။ ဘယ်လိုက ဘယ်လိုဖြစ်တယ် ဆိုတာ...။ ဒီတော့ သူ့သားအကြီးကောင်က ပြောပြတယ်။ ဒယ်ဒီက ညတစ်နာရီလောက်ဆို အိပ်ရာက ထတတ်တယ်တဲ့။ ပုံမှန်ပေါ့ဗျာ။ လူကြီးဆိုတော့ အပေါ့အပါး သွားတယ်ပေါ့ဗျာ။ သူ အိပ်ရာထတဲ့ အချိန်လောက်မှာ ရေစက်ထဲက ဒရဝမ်ကောင်ကလေးက ည နာရီတစ်ချက်တီး နာရီသံချောင်း ခေါက်လေ့ရှိတယ်တဲ့။ အဲဒီညကျတော့ ခပ်စောစောပိုင်း ဗိုလ်အောင်လင်းကြီး မအိပ်ခင်က သူ့သားအလတ်ကောင် ဆရာဝန်က သူ့အဖေ စိတ်လှုပ်ရှားမှု များပုံရတယ်။ သွေးကလေး ဘာလေး တိုးချင်ပုံ ရတယ်ဆိုပြီး မအိပ်ခင် သွေးကျဆေးလေး စိတ်ငြိမ်ဆေးလေး တိုက်သပေါ့ဗျာ။ ဒါကြောင့် အဲဒီည ဒယ်ဒီ အိပ်ရာက တစ်ရေးနိုးတော့ နှစ်နာရီ ကျော်နေပြီ။ ဒါပေမဲ့ ဗိုလ်အောင်လင်းကြီးကတော့ ခါတိုင်းလိုပဲ အောက်မေ့ပြီး အိပ်ရာထဲကနေ သံချောင်းခေါက်သံ စောင့်နားထောင်နေတာ။ အတော်ကြာလို့ သံချောင်းခေါက်သံ မကြားတဲ့အဆုံး စိတ်ပူလာတာနဲ့ ထီးကလေး အသာဆွဲပြီး ရေစက်ထဲ သွားတော့တာပေါ့... တဲ့။ အဲဒီညကလည်း မိုးကြီးလေကြီး ကျတာကိုး။ ဟိုရောက်တော့မှ ဒရဝမ်ကောင်ကလေးနဲ့ တွေ့လို့ ကောင်ကလေးက အဘ၊ အခု ညနှစ်နာရီ ခွဲနေပြီဗျ လို့ ဆိုမှ ဗိုလ်အောင်လင်းကြီးခမြာ သူအိပ်ပျော်သွားမှန်း သိရှာတယ်။ အဲဒီညကစလို့ ဗိုလ်အောင်လင်းကြီး အအေးမိ ဖျားတော့တာပါပဲ။

အဲသလို... အဲသလို...။

ဗိုလ်အောင်လင်းကြီးတို့ ပူပုံက။ ဒါနဲ့ပဲ ကိုယ်တို့လည်း သူနဲ့ အတော်ကြာ စကားရပ်ပြောကြရင်းက စကားစ အတော် ဖြတ်ယူကြရတယ်။ ကိုယ်တို့မထွက်ခင် ကိုယ်ကပဲ... အစ်ကိုကြီး အပူအပင် လျှော့ဦး... လို့ ပြောတော့ အေး... ငါလည်း လျှော့ပါတယ်... တဲ့။ ဒီတော့ ဖိုးစောထွန်းကြီးက ဘာလျှော့တာလဲ မင်းက။ မိုးလင်းတာနဲ့ အပူ မင်းဆီမလာမှာစိုးလို့ အိမ်တံခါးဖွင့် စောင့်နေတဲ့ ကောင်ကများလို့ ဝင်ပြောလိုက်သေးတယ်။ ဆရာဝန် ကိုမရသာကတော့ နေထိုင်ကောင်းရင် ပြီးတာပါပဲ ဗိုလ်မှူးကြီးရာ... လို့ ဆိုတယ်။ ဒါနဲ့ပဲ ကိုယ်တို့လည်း ရေစက်လမ်းဘက်က ထွက်လာခဲ့ပြီး တိုတိုပြောရရင် အိမ်ရောက်လာတယ်ပေါ့။ အိမ်ရောက်လို့ ဝီစကီသောက်နေတဲ့ ကိုရင်မောင်တင့် သားနဲ့ တွေ့တော့ သူက ဘထွေးတို့... နည်းနည်းပါးပါး ချီးမြှင့်ပါဦး

ဆိုတာနဲ့ ကိုယ်တို့လည်း ဝိစကီသောက်ရင်း စကားဝိုင်း ဖြစ်ကြပြန်တယ်။ အဲဒီတော့လည်း ဗိုလ်အောင်လင်းကြီး အကြောင်း ပြန်ပြောဖြစ်ကြတာပေါ့။

ဒီတော့ ကိုရင်မောင်တင့် သားက တစ်ခုပြောတယ်။ ဘထွေးတို့... အရမ်းအရမ်း အန်ကယ် ဗိုလ်အောင်လင်းကြီးကို အပူတွေ၊ စထရက်တွေ လျှော့ခိုင်းမနေနဲ့။ အပူဟာ သူ့ဘဝ၊ စထရက်ဟာ သူ့ဘဝပဲ။ အဲဒါတွေနဲ့ အသက်ရှင်နေတာတဲ့။ အဲဒီတော့မှ အင်မတန် နှုတ်နည်းတဲ့ ဆရာဝန် ကိုမရသာက ဟုတ်တယ်ဗျ။ ခင်ဗျားတို့တစ်တွေ အတင်း ဗိုလ်မှူးကြီးကို အပူတွေ လျှော့ခိုင်းမနေနဲ့။ သူလိုလူမျိုးက အပူကလေး၊ စထရက်ကလေး ရှိမှ နေနိုင်တာကလား။ ဒါကြောင့် ကျွန်တော်က သူ့ကို နေထိုင်ကောင်းအောင် နေဖို့သာ ပြောရတာ... လို့ ပြောတယ်။ ဒီတော့ ကိုယ်က ကျောင်းအုပ်ဆရာကြီးဘက် လှည့်ကြည့်ပြီး ဘယ့်နှယ်တုံး ဆရာကြီးလို့ မေးမိတယ်။ ကျောင်းအုပ်ဆရာကြီးက ကိုရင်မောင်တင်သား ဘက်ကို မေးထိုးလိုက်ရင်း မပြောတတ်ပါဘူး အဘရာ...၊ သူပြောသလိုပဲ ကျွန်တော်တို့ လောကကြီးဟာ ဘယ်တုန်းကမှ စနစ်တကျ မရှိဘူးလို့ပဲ ပြောရတော့မှာပဲ ထင်ပါရဲ့... တဲ့။

ကိုယ်ကတော့ သင်းတို့လို ပညာတတ်မဟုတ်တော့ ဘာ ဘာညာညာ မပြောတတ်ဘူး။ သို့ပေတဲ့ ရံဖန်ရံခါ တွေးတော ကြည့်တတ်တယ်။ ဒီကောင် ကိုရင်မောင်တင့်သား ပြောသလို ကိုယ်တို့တစ်တွေဟာ တိုက်ဆိုင်မှု တစ်စုံတစ်ရာက ဖြစ်လာတာတွေလား။ စနစ်တကျမရှိဘဲ ဖြစ်နေကြတာတွေလား။ သေဒဏ်ကျပြီးသား လူတွေလား။ တစ်ခုခုဟာ တစ်နေရာရာမှာ လွဲနေသလား။ တစ်ခုခုထဲမှာ တစ်စုံတစ်ရာဟာ လွဲမှားနေသလား။ သေသေချာချာတော့ မပြောတတ်ဘူး။

တစ်ခုခုတော့ တစ်ခုခုပဲ။

ရန်ကုန်သစ် မဂ္ဂဇင်း၊ ဇူလိုင်လ ၁၉၉၉

မောင်ဘသောင်း၏ ကောင်း၍ ကောင်းခြင်းနှင့် မကောင်း၍ ကောင်းခြင်းအကြောင်း

ဒီလိုဗျ။ ကိုရင်မောင်တင့်သားက ကိုယ့်ဆီအလာ ကျောက်ဆည်ဘက်က ဖြတ်လာတော့ လမ်းဘေး သစ်ပင်ရိပ်အောက်မှာ ခေါင်းဖြူဖြူနဲ့ အသက်ကြီးကြီး လူတစ်ယောက် ပုံဆွဲနေတာတွေ့လို့ ကားရပ်ကြည့်တယ် ဆိုပဲ။ ဒီတော့ ခေါင်းဖြူဖြူနဲ့ လူကြီးဟာ တခြားလူမဟုတ်ဘဲ မောင်ဘသောင်း ဖြစ်နေတော့ တာကိုး။ ကိုရင်မောင်တင့် သားကတော့ ဦးလေးသောင်းလို့ ခေါ်တယ်။ ခေါ်ဆို မောင်ဘသောင်းက သူ့အဖေ ကိုရင်မောင်တင့် ညီ မောင်သုခကြီးနဲ့ ရွယ်တူကိုး။ အရွယ်တင် တူတာမဟုတ်ဘူး။ အစစ တွေးတာခေါ်တာကပါ တူတယ်တောင် ဆိုနိုင်တယ်။ ကိုရင်မောင်တင့် သားကတော့ အတော် ခင်ရှာတယ်။ ဒါနဲ့ပဲ မောင်ဘသောင်းကို ကိုယ့်အိမ် လိုက်ခဲ့ဖို့ ကိုရင်မောင်တင့် သားက ခေါ်ရာက မောင်ဘသောင်းလည်း ကိုယ့်အိမ်ပေါ် ရောက်လာတော့တာပဲ။

ကောလိပ်တုန်းကဆို မောင်ဘသောင်းတို့၊ မောင်သုခကြီးတို့က ကိုယ်တို့ထက် ငယ်တယ်။ သုံးနှစ်လောက်တောင် ငယ် မယ် ထင်တယ်။ အဲဒီတုန်းက ဂုဏ်ထူးတန်းတက်နေတဲ့ ဖိုးစောထွန်းတို့ကဆို တယ်မျက်စိစပါးမွေး စူးတာကိုး။ မောင်ဘ သောင်းကိုရော၊ မောင်သုခကြီးကိုပါ။ ဖိုးစောထွန်းတို့ လူသိုက် ကဆို သူတို့နှစ်ယောက်ကို ဘယ်လို ဘယ်လိုက အရူးတွေ ကောလိပ်ရောက်လာသလဲ မသိပါဘူးကွာ လို့တောင် ပြောကြဆိုကြတာ။ ပြောဆို ဒီလိုဗျ။ မောင်ဘသောင်းတို့၊ မောင်သုခကြီးတို့ ဆိုတာက ထင်တာလုပ်တဲ့ လူမျိုးတွေ။ ထင်တာလုပ်တယ် ဆိုပေသိ အရမ်းကာရော မဟုတ်ဘူးဗျ။ သူတို့က စာကို အလွန်ဖတ်နိုင်ကြတာ။ တစ်ခါတလေ အတန်းကြီးသမားတွေ ကတောင် သူတို့ကို အားကိုးရတယ်။ အထူးသဖြင့် အင်္ဂလိပ်စာအဖတ် အလွန်ကောင်းတာ၊ အလွန်တော်တာ။

ဘယ်လို ပြောရမတုံး။ စာဖတ်ပြီး စာထဲကအတိုင်း နေတယ်ဆိုတဲ့ လူမျိုးတွေပေါ့ဗျာ။

မောင်ဘသောင်းကလည်း တစ်မျိုး၊ သူ ကောလိပ်ရောက်တော့ ဆရာဘသောင်းတို့က နာမည်တစ်လုံးနဲ့ ဖြစ်နေပြီ။ သခင်တွေ၊ ဘာတွေ ဖြစ်နေပြီ။ ဖိုးစောထွန်းတို့နဲ့ တစ်တန်းတည်းမှာကလည်း ကိုဘသောင်းဆိုတာ ရှိတယ်။ နောက်တော့ ဒီစီတွေ၊ ဘာတွေ ဖြစ်သွားတဲ့ လူပေါ့ဗျာ။ ဒီတော့ ကောလိပ်ကျောင်းမှာ နာမည်တူချင်း ကွဲပြားအောင် ဂုဏ်ထူးတန်းက ဘသောင်းကို ကိုဘသောင်းလို့ ခေါ်ပြီး အိုင်အေက ဘသောင်းကို မောင်ဘသောင်းလို့ ခေါ်ကြတာ။ တချို့ ကတော့ ပိုသေချာအောင် ပေါက်တက်ကရ မောင်ဘသောင်းလို့ ခေါ်ကြတယ် အမှန်တော့လည်း ကျောင်းသားကြီးတွေက ချစ်စနိုးနဲ့ ခေါ်တာပါ။ ဒီစီ ဖြစ်သွားတဲ့

ကိုဘသောင်းကြီးကတောင် လူတွေက ပေါက်တက်ကရ မောင်ဘသောင်းလို့ ခေါ်ကြပေတဲ့ မောင်ဘသောင်းက ကျုပ်တို့ထက် စာဖတ်နိုင်တယ် လို့တောင် ပြောဖူးတယ်။

မောင်ဘသောင်းတို့က အညာဘက်က ကြေးရတတ်တွေဗျ။ ယာတွေ၊ ဘာတွေ အများကြီး ပိုင်ကြတာပေါ့။ ဒီ့ပြင် မောင်ဘသောင်းအဖေနဲ့ ဦးလေးက နွားသားစပ်ကာ အင်မတန် ဝါသနာပါတာ။ အဲဒီတုန်းက နွားကို စီးပွားဖြစ် မွေးတာတို့၊ ဘာတို့က မရှိသေးဘူး။ မောင်ဘသောင်း အဖေနဲ့ ဦးလေးက နွားသားစပ်ရင်း ကိုယ်တို့ဆီမှာ စီးပွားဖြစ် မွေးနိုင်တဲ့ လူတွေပေါ့။ ဒီတော့ သူ့မှာက ငွေရေး၊ ကြေးရေး ပူရတယ် မရှိဘူး။ မောင်သုခကြီးကလည်း သူ့လိုပဲ။ သူ့လိုပဲလို့ ဆိုရတာ၊ ကိုရင်မောင်တင့်တို့ အဘိုးက မြင်းဝန်ဆက်တွေ။ မြင်းကွန်း အရေးတော်ပုံ ကာလမှာ အရေးနိမ့်တော့ အောက်ပြည် အောက်ရွာဘက် ဆင်းလာတဲ့ လူတွေပေါ့ဗျာ။ ဒါလည်း ကိုရင်မောင်တင့်တို့၊ မောင်သုခကြီးတို့က ပြောလို့ သိတာမဟုတ်ဘူး။ တစ်ခါက ကိုယ့်ပြည်မြို့ရောက်ကုန်း ကျောင်းဆရာ ဆရာကိုက ပြောလို့သိရတာ။ ဆရာကို ဆိုတာက ကိုရင်မောင်တင့်နှမ မခင်ရွှေရဲ့ ယောက်ျား။

ထားပါတော့။ မောင်ဘသောင်းဆီ ပြန်သွားရအောင်။ မောင် ဘသောင်းရော၊ မောင်သုခကြီးပါ ဘီအေအောက်တန်း ပြီးတဲ့ နှစ်က ကောလိပ် ပြန်မလာကြတော့ဘူး။ မောင်သုခကြီး ပြန်မလာတာက မဆန်းဘူး။ သူက နဂိုကတည်းက ပညာရေး စနစ်တို့၊ ဘာတို့ကို သိပ်ယုံတဲ့အကောင် မဟုတ်ဘူး။ မယုံဘူး ဆိုတာက သူ့အမြင်မှာ လူဆိုတာက ကြိုးစားရင် ဘုရားတောင် ဖြစ်နိုင်တယ် ဆိုတဲ့ သူ့အစ်ကို ကိုရင်မောင်တင့် ပြောစကားလိုပဲ။ စာအုပ်ဖတ်ရင် အက္ခရာစဉ်အတိုင်း ‘က’ ကနေ စဖတ်ပြီး ‘အ’ ရောက်ရင် တစ်လောကလုံး သိလောက်ပြီဆိုတဲ့ အမြင်ရှိတဲ့ ကောင်ကြီးဗျ။ မိဘက ကောလိပ်သွားချေဆိုလို့ ကောလိပ်ရောက်လာတဲ့ ကောင်ကြီးဗျ။ အဲဒီနှစ်က မောင်ဘသောင်းနဲ့ မောင်သုခကြီးတို့ ပြန်မလာကြတော့ ကိုယ်တို့ တန်းကြီးသမားတွေက အတော် ပျင်းသွားကြတယ်။ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် သင်းတို့ဆီက ထူးထူးဆန်းဆန်း အတွေးအမြင်တွေ ကြားရတတ်တာကိုး။

မောင်ဘသောင်းက မောင်သုခကြီးထက် သာတာတစ်ခုက ကောလိပ်ကျောင်းသူတွေက သူ့ကို ကျကြတာကလား။ မောင်သုခကြီးကတော့ သူ့ကို ကျောင်းသူတွေက ရိသဲ့သဲ့များ ပြောရင် နင်တို့ ခိုင်းစားဖို့ နွားတွေ ဂုဏ်ထူးတန်းမှာ ရှိသဟဲ့၊ အဲဒီသွား နဖားကြိုးတပ်ကြချေ လို့ ပြောလေ့ရှိတယ်။ မောင်ဘသောင်းကတော့ မွန်ရည်တယ်။ ဒါကြောင့် ကျောင်းသူတွေ ပါးစပ်ဖျားမှာ ကိုဘသောင်းမှ ကိုဘသောင်း ဖြစ်တော့တာကိုး။ ဟောလ်ဒင်နာတွေမှာ အငြိမ့်တွေ၊ ဘာတွေ လုပ်ကြတဲ့အခါ ပျိုကတောင်းမည်... အစချီလို့ ဘာဘာညာညာ ဆိုတဲ့ သီချင်း ဟာ မောင်ဘသောင်းကြီးကို ရည်ပြီး ဆိုတာဆိုပဲ။ မောင်ဘသောင်းကို မိဘချင်း ရင်းနှီးတဲ့ ရေနံချောင်းဘက်က

တွင်းရိုးတွင်းစားမျိုးထဲက တစ်ယောက်နဲ့ စေ့စပ်တယ် ကြားရပေတဲ့ ဒီကောင်ကြီး အိမ်ထောင်ပြုတယ်လို့တော့ မကြားလိုက်ရဘူး။ ဖိုးကိုတစ်ယောက် မဆုံးခင်ကဆို စကားစပ်တဲ့အခါ ပြောမိကြ တယ်။ ဖိုးကိုက မောင်ဘသောင်း ယူမယ့်မိန်းမများ ငါသနားမိပါသေး လို့ ပြောလေ့ရှိတယ်။ တခြားကြောင့်တော့ မဟုတ်ပါဘူး။ ကိုယ်ပြောခဲ့သလိုပဲ မောင်ဘသောင်းတို့က ထင်ရာ လုပ်တတ်ကြလို့ပါ။

မောင်ဘသောင်း ရောက်လာတဲ့ညပဲ ကိုယ်တို့လည်း နောက်ဘက် ဝရန်တာမှာ ထိုင်ကြရင်း စကားစမြည် ပြောဖြစ်ကြတယ်။ ဦးလေးသောင်းက ဘရန်ဒီ ကြိုက်တယ်ဆိုလို့ မန္တလေးမှာဝင်ပြီး ဘရန်ဒီရယ်၊ ဖန်ခွက်ရယ် ဝင်ဝယ်ခဲ့တယ် လို့ ကိုရင်မောင်တင့် သားက ပြောသေးတယ်။ ကိုယ်ကလည်း ဘာမှန်းမသိတော့ ဘရန်ဒီ ဝယ်တာကတော့ ဟုတ်ပါတယ်၊ ဖန်ခွက်ကတော့ကွာ ငါ့အိမ်မှာ အများကြီး ရှိပါတယ်လို့ ပြောတော့ သင်းက ခုလို ပြန်ပြောတယ်။ ဘထွေးအိမ်က ဖန်ခွက်တွေက ရေသောက်တာ။ အရက်ဆိုတာက သူ့ခွက်နဲ့ သူ သောက်ရတယ် တဲ့။ ပြန်တော့ ပြောဦးမလို့ပဲ။ သို့ပေတဲ့ ကိုယ်ကိုယ်တိုင်က သိမထားတဲ့ ကိစ္စဆိုတော့ သိပ်ပြောလို့ မကောင်းဘူး။ အရက်ကို သူ့ဖန်ခွက်နဲ့သူ သောက်ရတယ် ဆိုတဲ့ကိစ္စ ဖိုးစောထွန်းကြီး ပြောဖူးထာလည်း ကိုယ်က နည်းနည်းကြားဖူးတယ်။ သိပ်မရေရာတဲ့ ကိစ္စဆိုတော့ သိပ်ဝင်မပြောတာဘဲ ကောင်းတယ်လို့ ကိုယ်က မှတ်ထားလိုက်တယ်။

ပြောကြဆိုကြရင်းက ဒီဘရန်ဒီကို သူ့ခွက်နဲ့သူ သောက်မှ ကောင်းသလား၊ သင့်သလားဆိုတဲ့ ကိစ္စက ခေါင်းထဲက သိပ်မထွက်ဘူး။ ဘရန်ဒီ သောက်ရင်း အသာထသွားပြီး တခြားဖန်ခွက်တစ်လုံးထဲ ထည့်သောက်ကြည့်ရင် ကောင်းမလားတောင် စဉ်းစားမိတယ်။ အဲဒီတုန်း ကိုရင်မောင်တင့် သားက သူ့ဦးလေး ဦးသုခ အနိစ္စရောက်သွားကြောင်း၊ သူ ကြားခဲ့ရတဲ့ ကောလိပ်ကျောင်းသားဘဝ အကြောင်းတွေ မောင်ဘသောင်းနဲ့ ပြောနေကြတယ်။ ဒီတော့ ကိုယ့်အနေနဲ့ သိချင်တာကလေးတစ်ခု သတိရမိလိုက်တယ်။ အဲဒါက မောင်ဘသောင်းနဲ့ မောင်သုခကြီးတို့ နှစ်ယောက်သား ကျောင်းကို ပြန်မလာတဲ့ အကြောင်းရင်းပဲ။ မောင်သုခကြီး ကျောင်းပြန်မလာတာတော့ သူ့အစ်ကို ကိုရင်မောင်တင့် ပြောပြဖူးလို့ အထိုက်အလျောက် သိထားရတယ်။ မောင်ဘသောင်းကတော့ ဘာလို့ မပြန်လာသလဲဆိုတာ မရေရာဘူး။ စကားစပ်မိလို့ ပြောရဦးမယ်။ မောင်ဘသောင်းတို့၊ မောင်သုခကြီးတို့ ကျောင်းပြန်မလာတဲ့ အကြောင်း ပြောတဲ့အခါ ဟိုဘက်ဟောလ်က ဆရာဖေအောင်ကတောင် ရယ်စရာ ပြောသေးတယ်။ မြဝတ်ရည်ကလေးမှာကား ကျောင်းသို့ မပြန်ရတော့ချေပေါ့ကွာတဲ့။

ပြောရင်းဆိုရင်းပဲ ကိုယ်သိချင်နေတဲ့ အကြောင်းဆီ ရောက်လာတော့ ကိုယ်ကပဲ မေးလိုက်မိတယ်။ ဘယ်လိုက ဘယ်လိုဖြစ်လို့ မင်း ကျောင်းပြန်မလာတာတုံး မောင်ဘသောင်းရဲ့ လို့ ပြောတော့ မောင်ဘသောင်းက ပြောရရင်တော့ ရယ်စရာပဲ ကိုကြီးဘမောင် လို့ ပြန်ပြောတယ်။ ဒီတော့လည်း ကိုယ်က ဒီလိုဆို

ရယ်ကြရအောင်ပေါ့ကွာ လို့ ပြန်ပြောမိတယ်။ အဲဒီတုန်း သန်းယဉ်မက မိတ္ထီလာက ယူလာတဲ့ နို့ခဲကို ခရမ်းချဉ်သီးနဲ့ ကြော်တာ လာပေးတော့ ကိုယ်တို့အတွက် အမြည်းကောင်းသွားတာပေါ့။ စပ်လို့ ပြောရဦးမယ်။ ကိုယ်တို့အရွယ်လောက် ရောက်တဲ့အခါ ခုလို နည်းနည်းပါးပါး သောက်ရင် အမြည်းကလေးလည်း ပါမှလည်း ကောင်းတယ် ထင်တယ်။ ကိုရင်မောင်တင့် သားကတော့ အဲသလို ကြိုက်ပုံမရဘူး။ တစ်ခါက ကိုယ်တို့ ဝီစကီသောက်ကြတုန်း ဖိုးစောထွန်းက ထင်တယ် ဝီစကီကို ရေနဲ့ရောတာတောင် ကိုရင်မောင်တင့် သားက သူ့ဘာသာ ကောင်းနေတဲ့ရေကို ဘာလို့ ဝီစကီနဲ့ ရောရတာတုံး အနံကယ်ရာ လို့ နောက်တောက်တောက်နဲ့ မှတ်ချက်ချတာ ကြားရဖူးတယ်။ ထားတော့၊ ဒီကိစ္စ။ နောက်မှ ပြောကြရအောင်။ ခုတော့ မောင်ဘသောင်းအကြောင်းပဲ ပြောရအောင်။

ဒီလိုဗျ… ကိုကြီးဘမောင် လို့ အစချီပြီး မောင်ဘသောင်းက သူ့အကြောင်း ပြောတယ်။ တစ်နေ့ ကျွန်တော်လည်း ပျင်း ပျင်းရှိတာနဲ့ နွားခြံထဲ လိုက်သွားမိတယ်။ အဲဒီမှာ အဖေတို့ ဦးလေးတို့ ကြီးမှူးပြီး သားစပ်ကြတာကိုး။ အဲဒီမှာပဲ ဘာတွေ့ရသလဲဆိုတော့ သားစပ်ဖို့ မလိုဘဲ အသားအတွက် မွေးဖို့ နွားတချို့ကို သင်းနေတာ တွေ့ရတယ်။ ကိုကြီးဘမောင်လည်း တွေ့ဖူးမှာပါ။ ကိုယ့်နည်းကိုယ့်ဟန်နဲ့ လုပ်ကြရတာ ဆိုတော့ နွားဟိုသင်းကို ထုပစ်ကြရတာ။ ဒီတော့ အသင်းခံရတဲ့ နွားက မျက်ရည်များတောင် ကျတယ်။ အဲသလိုပဲ၊ သားစပ်တဲ့ နေရာမှာလည်း ဓီးတင်မယ့် နွားမက လိုတယ်၊ မလိုဘူး မသိဘူး၊ နွားထီးကြီးက ဆန္ဒရှိတယ်၊ မရှိဘူးဆိုတာ ထည့်မစဉ်းစားဘဲ အတင်းဖြစ်အောင် လုပ်ကြရတာတွေ တွေ့ပြီး စိတ်ထဲတစ်မျိုး ဖြစ်မိတယ်။ သနားတာ၊ ဘာဘာညာညာ စသဖြင့်တွေ ဖယ်ထား။ အဓိကကတော့ အကျိုးသက်ရောက်မှု၊ တန်ဖိုးဖြတ်မှုဆိုတဲ့ အပိုင်းမှာ နားမလည်နိုင်ဘူး ဖြစ်သွားတယ်။ ဒီတော့ ကျုပ်က မေးရပြန်တယ်။

နေစမ်းပါဦး မောင်ဘသောင်းရဲ့၊ ဘယ်လို အကျိုးသက်ရောက်မှုတွေ၊ တန်ဖိုးတွေများတုံး…။

ဒီလိုလေ…၊ ကျွန်တော်တို့ အောက်တန်းတုန်းက ယုတ္တိဗေဒ သင်ခဲ့ကြရတယ် မဟုတ်လား။ အဲဒီမှာ ယုတ္တိနည်းလမ်းတကျ မှန်ကန်တာ၊ ဆင်ခြေပုံစံအရ မှန်ကန်တာတွေ ရှိတယ်လေ။ နည်းလမ်းတကျ မှန်ကန်တာ၊ ပုံစံအရ မှန်ကန်တာတွေဟာ တကယ့်ဘဝမှာ အမြဲမမှန်နိုင်ဘူးလို့ ကျွန်တော် မြင်မိတယ်။ ခပ်လွယ်လွယ်ပြောရင် တကယ့်ဘဝမှာ ယုတ္တိဗေဒဟာ အမြဲတမ်း ပုံသေယူလို့တော့ မရနိုင်ဘူးလို့ ပြောရမှာပဲ။ ကောင်းကျိုးကို ဦးတည်ပြီး လုပ်ရာမှာ ပုံစံချပြီး အမြဲကောင်းမယ်လို့ မှတ်မထားနိုင်ဘူးဗျ။ အကျိုးစီးပွား တစ်စုံတစ်ရာ မျှော်ကိုးပြီး လုပ်ရာမှာ အမြဲအကောင်းချည်း မဖြစ်နိုင်ဘူး၊ အသင်းခံရတာမျိုးကတော့ ရှိမှာပဲ။

မောင်ဘသောင်းက စကားပြောတာ ခဏရပ်ပြီး ဘရန်ဒီ သောက်လိုက်ပြန်တယ်။

ကိုယ်ကတော့ သဘောပေါက် သလိုလို၊ မပေါက်သလိုလိုပဲ။ ဘယ်လိုက ဘယ်လို နွားသားစပ်တာနဲ့ ယုတ္တိဗေဒကို သွားပြီး ဆက်ကြည့်နိုင်တယ်လို့ မဆိုနိုင်ဘူး။ သို့ပေတဲ့ စကားဝင်ထောက်ရင်း အင်း... ဆက်စမ်းပါဦးလို့ စကားကူလိုက်တယ်။ ဒီတော့ မောင်ဘသောင်းက ဆက်ပြန်တယ်။ ဒီလိုလေ... ကိုကြီးဘမောင်ရဲ့၊ နွားသားစပ်တာ၊ သင်းတာတွေကို ကြည့်ရင် ကောင်းတယ်၊ မှန်တယ် ဆိုတာ တစ်ဦးချင်းစီရဲ့ အဆုံးအဖြတ်တွေပဲ။ ရည်ရွယ်ရင်းကတော့ ကောင်းဖို့ချည်းပဲ။ သို့ပေတဲ့ နွားတိုင်းမှာ အကောင်းချည်း မဖြစ်နိုင်ဘူး။ ဒီမှာပဲ ကျွန်တော်က ခင်မြင့်ရိုးနဲ့ ကျွန်တော်တို့ စေ့ထားတဲ့အကြောင်း သွားစဉ်းစားမိတယ်။ မိဘတွေကတော့ ကောင်းစေချင်တာပဲ။ ကျွန်တော်တို့မှာ ဘာတွေ ဖြစ်လာမယ်လို့ ကျွန်တော်တို့ မပြောနိုင်ဘူး။ မပြောနိုင်ရတာက ကောင်းတယ်၊ မှန်တယ် ဆိုတာမှာ ပုံသေကားချပ် မရှိလို့ပဲ။ ပုဂ္ဂလိကအမြင်၊ အတွေ့အကြုံတွေပေါ်မှာ အခြေခံတာလို့ ပြောကောင်းပြောကြမယ်။ ကျွန်တော့်အမြင်မှာတော့ ကောင်းတယ်၊ မှန်တယ်၊ မကောင်းဘူး၊ မမှန်ဘူး ဆိုတာတွေဟာ ကန့်သတ်ပြလို့ မလွယ်ဘူးလို့ မြင်တယ်။ ဒီလိုလေး ကိုကြီး ဘမောင်ရဲ့...၊ ကောင်းတယ်၊ မှန်တယ်ဆိုတာ သူ့ဘာသာ နေလို့ရတဲ့ကိစ္စ မဟုတ်ဘူး။ မကောင်းဘူး၊ မမှန်ဘူးဆိုတာ မရှိဘဲ သူ့ဘာသာ ရှိမနေနိုင်ဘူး။

ကိုယ်ကတော့ ဘာမှ ဝင်မပြောနိုင်ပြန်ဘူး။ မောင်ဘသောင်းက စကားပြောတာ နားလိုက်တုန်း တောက်လျှောက် ငြိမ်ပြီး နားထောင်နေတဲ့ ကိုရင်မောင်တင့် သားက ခုလို ဝင်ပြောတယ်။ ရေတ်သီးများ စားသလိုပေါ့ ဘထွေးရာ... တဲ့။ ဒီတော့ ကိုယ့်မှာ ဘာကို ဘယ်လို နားမလည်နိုင်မှန်းမသိ ဖြစ်ရတယ်။ မောင်ဘသောင်းက ဘရန်ဒီခွက် လက်ကကိုင်ရင်း ဟုတ်သကွာ၊ အဲဒီဥပမာက အရှင်းဆုံးပဲလို့ ဝင်ပြောတယ်။ သူကပဲ ခုလို ဆက်ပြောပြန်တယ်။ ကိုကြီးဘမောင်ရာ... ကျွန်တော်တို့ ထမင်းစားတဲ့အခါ၊ လက်ဖက်စားကြတဲ့အခါ ငရုတ်သီးစိမ်းများ ကိုက်ကြသလိုပေါ့။ ငရုတ်သီးစိမ်း ဆိုတာက ဘယ်မှာ ချိုလို့တုံး။ စပ်မှန်းသိရက်နဲ့ စားကြတာကလား၊ စပ်တာ ကောင်းသလား၊ ချိုတာ ကောင်းသလားဆိုရင် ချိုတာ ကောင်းတယ်လို့ ပြောကြမှာပဲ။ သို့ပေတဲ့ စပ်တာကိုကြိုက်တဲ့ အရသာကလေး လိုချင်တော့ အကောင်းအဖြစ်နဲ့ လက်ခံကြပြီး စားကြရတာ မဟုတ်လား။ စားတဲ့လူကသာ တန်ဖိုးထားတာ ပြောင်းသွားတာ မဟုတ်လား။

ဒီလိုဖြင့်တော့ ဟုတ်သပေါ့ကွာ လို့ ကိုယ်က မယုတ်မလွန် ပြောလိုက်တယ်။ ဒီတော့ မောင်ဘသောင်းက ဒါပဲ၊ ကိုကြီးဘမောင်ရဲ့...၊ ကျွန်တော်တို့ရဲ့ ဖြစ်ပျက်နေတဲ့ ဘဝထဲမှာ ကောင်းလို့ ကောင်းတာရှိသလို၊ မကောင်းလို့ ကောင်းနေတယ်လို့ လက်ခံထားတာလည်း ရှိနေတယ်။ လူတွေအနေနဲ့ တစ်ခါတစ်ခါ တကယ့် အနေအထားကို မမြင်ဘဲ သူတို့နဲ့ သဘောချင်း မကိုက်ညီရင် မကောင်းဘူး ဆုံးဖြတ်နေကြတာ။ တကယ်တော့ ကောင်းတယ်၊ မကောင်းဘူးဆိုတာ ဖြစ်ပျက်တစ်ခု အတွင်းမှာ ရှိနေတဲ့ တစ်ခုတည်းသော အနေအထားတစ်ရပ်ပဲ၊ ဒီတော့ ကောင်းလို့ကောင်းတာ ရှိနေသလို၊ မကောင်းဘူးလို့ ထင်မြင်နေတာလည်း ကောင်းတာထဲက လာတာပဲကိုး၊

မဟုတ်ပေဘူးလား။

ကိုယ့်အတွက်ကတော့ ခေါင်းရှုပ်လို့ သစ်ပင်အောက် သွားထိုင်နေတာ လမုသီးကြီး ပြုတ်ကျလာတာနဲ့ တိုးရော ဆိုတာမျိုး ဖြစ်မိတယ်။ ဒီတော့ မေးရပြန်တယ်။ မောင်ဘသောင်းရာ… မင့် ငရုတ်သီးကိစ္စ၊ နွားဝှေးသင်းတဲ့ ကိစ္စ၊ ဇီးတင်တဲ့ ကိစ္စတွေ ဘေးဖယ်ပြီး မင်းကျောင်းပြန်မလာတဲ့ အကြောင်း ပြောစမ်းပါဦး။

ဒီလို ကိုကြီးဘမောင်ရဲ့ … လို့ အစချီပြီး မောင်ဘသောင်းက ပြောပြန်တယ်။ အဲဒီကိစ္စတွေ ဖယ်ထားလို့ မဖြစ်ဘူးဗျ။ ကျွန်တော် အဲဒါတွေကြောင့် ကျောင်းကို မပြန်တော့တာဘဲ။ ကောင်းတယ် မကောင်းဘူးဟာ ကျွန်တော်တို့အထဲက ဖြစ်တာပဲ။ ကောင်းလို့ ကောင်းတာနဲ့ မကောင်းလို့ ကောင်းတာပဲ ကွာမယ်။ ဒီတော့လည်း ကျွန်တော်ကျောင်းကို ပြန်ပြီး စာတွေ အများကြီး ဖတ်နေမယ့်အစား ကျွန်တော့်ဘဝ တိုတိုလေးထဲမှာ ကျွန်တော်ကောင်းတယ် ထင်တာ၊ လုပ်သင့်တယ် ထင်တာပဲ လုပ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။ အဖေတို့ အမေတို့ကို ပြောပြီး အိမ်ကထွက်ပြီး ပုဂံဘက်မှာ ကြုံသလိုနေတယ်။ နောက်တော့ အရုပ်ရေးတယ်။ အဖေတို့ အမေတို့ ဆုံးသွား တော့ လုပ်ငန်းကိုင်ငန်း မှန်သမျှ ကျွန်တော့်နှမ မြတင်တို့ လင်မယားကပဲ ဆက်လုပ်တယ်။ ကျွန်တော်ကတော့ ခုလိုပဲ စိတ်ပါရင် အရုပ်လေး၊ ဘာလေး ရေးတယ်။ စိတ်ထဲရှိရာ သွားလာနေတော့တာပဲ။ ဘာလုပ်လုပ်၊ ဘယ်လိုနေနေ ကောင်းတယ် မကောင်းဘူး ဆိုတာထက် ကောင်းလို့ကောင်းတယ် ဆိုတာနဲ့ မကောင်းလို့ ကောင်းတယ်ဆိုတာ သိရင် ပြီးတာပဲ မဟုတ်လား။

ကိုယ့်အတွက်ကတော့ တော်တော် ခက်တယ်။ အသက်ကလည်း ကြီးလာတော့ တွေးတာခေါ်တာ မမြန်တော့ဘူး။ ဒီတော့ လက်ထဲကိုင်ထားတဲ့ ဘရန်ဒီခွက်ကလေး အသာကိုင်ရင်း တပိုးတပါး သွားမလိုလိုနဲ့ သူတို့ကို ခဏကွာလို့ အသာပြောပြီး ကိုယ့်အခန်းထဲကို လာခဲ့တယ်။ အခန်းထဲရောက်တော့ ဘရန်ဒီခွက်ထဲက ဘရန်ဒီကို ကိုယ့်အိပ်ရာဘေးက စားပွဲပေါ်မှာရှိတဲ့ ဖန်ခွက်ထဲ အသာပြောင်းထည့်ပြီး အသာ အရသာခံ သောက်ကြည့်လိုက်မိတယ်။ ကိုယ့်အတွက်တော့ သိပ်မထူးသလိုဘဲ။ တစ်ခုပဲ၊ ကိုယ်တွေးလို့ရတယ်။ ဒီအတိုင်းတော့ဖြင့် ဒီညလည်း မိုဂါဒွန်နှစ်ပြားလောက် သောက်အိပ်ရလိမ့်မယ်။

စတိုင်သစ်မဂ္ဂဇင်း၊ ၂၀၀၀။

လက်နှစ်လုံးသုံးခါ ကိုမရသာ

တစ်ခါတစ်ခါ ကိုယ်တို့အဖွဲ့ထဲမှာ ပါလာတတ်တယ်။ လူက ဒေါင်ကောင်းကောင်းရယ်။ အသားကတော့ ကိုယ်တို့လို မညိုဘူး။ ခပ်ဖြူဖြူရယ်။ တစ်ခါတစ်ခါတော့ ဆေးပြင်းလိပ် သောက်တယ်။ သူ့ဆေးပြင်းလိပ်က ကိုယ်တို့ မောင်သုခကြီးတို့ သောက်တာမျိုး ခပ်ပြင်းပြင်းကြီး မဟုတ်ဘူး။ အနံ့ကလေးက ခပ်ချိုချိုရယ်။ ကိုရင်မောင်တင့် သားက ပြောတော့ ဟာဗာနာနံ့၊ ပွာတိုရီကိုနံ့တဲ့။ ဒီကိစ္စ ကိုယ့်ကိုတော့ မမေးနဲ့။ ကိုယ်လည်း အဲဒီကောင်ပြောလို့ ကြားဖူးတာ။ သိပ်သေချာတာတော့ မဟုတ်ဘူး။

ဒီလိုဗျ။ ကိုမရသာက ဆရာဝန်ကိုမောင်ကလေး ဆုံးပြီးတော့ ကိုမောင်ကလေးအိမ်ကို ဝယ်လိုက်တဲ့သူပဲ။ သူနဲ့ ကိုမောင်ကလေးက အတူတူ ဆရာဝန်ဖြစ်ကြတာ။ မနိုင်ရင်ကာတွေပဲ။ အရင် ကိုမောင်ကလေး ရှိစဉ်ကတည်းက ဒီကိုလာနေကျ ဆိုတော့ ကိုယ်တို့နဲ့က ရင်းပြီးသား ဖြစ်နေတယ်။ ကိုမောင်ကလေး ရှိစဉ်ကတည်းက မောင်ကလေး... မင်းသေရင် မင်းအိမ်ကို ငါ့ကိုရောင်းဖို့ မှာခဲ့လို့ ကိုမောင်ကလေးကို ပြောလေ့ရှိတယ်။ ဆရာဝန် ကိုမောင်ကလေးကလည်း သူ့အိမ်က လူတွေကို ငါသေရင် အိမ်ကို မရသာကြီး ရောင်းလိုက်လို့ မှာခဲ့သတဲ့။

ကိုမောင်ကလေး ဆုံးသွားပြီးတော့ ကိုယ်တို့တစ်တွေ လွမ်းနေကြတုန်း ကိုမရသာကြီး ရောက်လာတာပဲ။ ကိုမောင်ကလေးနဲ့တော့ တခြားစီပဲ။ ကိုမောင်ကလေးက လုပ်ချင်ရာ လျှောက်လုပ်သလောက် ကိုမရသာကြီးက အေးတယ်။ စည်းနဲ့ ကမ်းနဲ့ နေတယ်ဆိုတဲ့ လူမျိုး။ ဒါပေတဲ့ ကိုယ်တို့အားလုံးနဲ့ အဆင်ပြေတယ်။ ဖိုးစောထွန်းနဲ့ကတော့ မကြာမကြာ ငြင်းကြလေ့ ရှိတယ်။ ငြင်းဆို နှစ်ယောက်လုံးက စနစ်သမားတွေကိုး။ ကိုယ့်စနစ်၊ သူ့စနစ် သိပ်မလျှော့ချင်ကြဘူး။ တစ်ခါကများဆိုရင် ဂေါက်ကွင်းမှာ ဂေါက်ရိုက်ပြီးလို့ ဘီယာထိုင်သောက်နေကြတုန်း ကောင်းတယ် ဆိုတဲ့ စကားလုံးနဲ့ ကောင်းသားပဲ ဆိုတဲ့ စကားလုံးတွေရဲ့ တန်ဖိုးမတူပုံ ငြင်းကြတာ ကလပ်ပိတ်ချိန် ရောက်တာတောင် မပြီးကြဘူး။ အဲဒီတုန်းက ကလပ်မှာ လူကြီးလုပ်နေတဲ့ ကိုဘအေးကြီးက အရင်က ကော်မရှင်နာ လုပ်လာတဲ့ ကိုဘအေးပေါ့ဗျာ။ သူက လာပြီး ဟေ့... ငါ့မှာ ဆားဗစ်အတွက် ရထားတဲ့ ခြောက်လုံးပြူးနှစ်လက် ရှိတယ်။ ဟော့ဟိုက ဆယ့်သုံးကျင်းနဲ့ ဆယ့်လေးကျင်း အကြားက လျှိုထဲ သွားပစ်ကြချေလို့ ပြောပြီး ပွဲသိမ်းပစ်ရတယ်။

တစ်ခါကလည်း ဂေါက်ရိုက်ရင်း စငြင်းလိုက်ကြတာ နှစ်လလောက် ကြာသွားတယ်။ ဒီလိုဗျ။ အဲဒီတုန်းက ဖိုးကိုလည်း မဆုံးသေးဘူး။ ပြောရရင်တော့ ကိုမရသာနဲ့ ဖိုးစောထွန်းတို့ ငြင်းကြရပြီဆိုရင် ဖိုးကိုနဲ့ သိပ်မကင်းဘူး။ ဖြစ်ပုံက ဒီလို။

တစ်နေ့ ကိုယ်တို့ ဂေါက်သီးရိုက်ဖို့ တီခုံပေါ် တောင် ရောက်လို့ ကိုယ်ကတောင် ရိုက်ပြီးပြီ။ ကိုယ့်နောက်က ကိုမရသာ ရိုက်တယ်။ အဲဒီတော့ ရပ်ကြည့်နေရင်း ဖိုးကိုက ဖိုးစောထွန်းကို တိုးတိုးပြောလိုက်တယ်။ ကိုယ်ကတော့ မကြားလိုက်ဘူး။ ကိုယ်ကလည်း စပ်စပ်စုစု မလုပ်မိဘူး။ ပထမ ကျင်းပြီးလို့ ဒုတိယကျင်းရိုက်ဖို့ ခုံပေါ် လျှောက်လာကြတော့ ဖိုးကိုက ဟေ့... ရခိုင်ကြီး၊ မင်းရိုက်တာ ကြည့်ရတာ နည်းနည်းလေး လိမ်နေတယ် ထင်တယ်လို့ ပြောပါလေရော။ ဒီတော့ ကိုမရသာက ကျုပ်တစ်သက်လုံး ဒီလိုပဲ ရိုက်လာတာလို့ပဲ ပြန်ပြောတယ်။ ဒီမှာ ထုံးစံအတိုင်း ဖိုးစောထွန်းက အာနိုးပါးလ်မားက ဘယ်လို၊ ဂယ်ရီပလေရာကြီးက ဘယ်လို စသဖြင့် နည်းပညာတွေ ဝေငှတော့တာကိုး။

ခင်ဗျားလည်း သိပါလိမ့်မယ်။ ဂေါက်သမားဆိုတာက ဦးတဲ့လူက ဆရာလုပ်တတ်တာကိုး။ ပိုဆိုးတာက ဘယ်သူကမှ ဆရာအလုပ် သိပ်မခံချင်ကြတာပဲ။ ဒီတော့ အဲဒီနေ့က ဆယ့်ရှစ်ကျင်းသာ ပြီးသွားတယ်။ ဖိုးစောထွန်းနဲ့ ကိုမရသာတို့ ငြင်းလို့ မပြီးကြတော့ဘူး။ ရိုက်ရင်း လမ်းမှာ ကိုယ်က ဖိုးကိုကို ပြောရသေးတယ်။ မင်းကွာ ... အလကား ပြဿနာ သွားရှာတယ်လို့။ ဒီတော့ ဖိုးကိုက ပြောတယ် ဟ... မင်းနဲ့ငါနဲ့ တွဲရတော့ သူတို့နှစ်ယောက်ကို နိုင်ဖို့မလွယ်ဘူး။ ခုတော့ ငြင်းရင်းခုံရင်း တောရိုက် တောင်ရိုက်တွေ ဖြစ်ကုန်ပြီတဲ့။ ဟုတ်တော့ ဟုတ်သဗျ။ အဲဒီနေ့က သူတို့ကို တူးအပ်နဲ့ နိုင်တယ်။ ကလပ်ဟောက်(စ) ထဲ ပြန်ရောက်တော့ ဒီဖိုးကို စလိုက်တဲ့ ပြဿနာက မပြီးသေးဘူး။ ဒါပေတဲ့ ပြဿနာရဲ့ အနေအထားက ပြောင်းသွားတယ်။ ဖိုးစောထွန်းက ဂေါက်သီးရိုက်ရာမှာ အရေးကြီးတာက ဘောလုံး တည့်တည့် သွားဖို့ပဲလို့ ဆိုတယ်။ ကိုမရသာ အလိုကတော့ တည့်တည့်၊ မတည့်တည့် ကိုယ်က ရောက်စေချင်တဲ့ နေရာမှာ ဘောလုံး ရောက်ဖို့ဟာ အဓိကပဲတဲ့။

ဒီတော့ ကလပ်ထဲမှာ စားကြသောက်ကြရင်း ဆက်ငြင်းကြတယ်။ ဂေါက်ကလပ်ထဲမှာ ဆိုတော့ လူတိုင်း ဝင်ပြောနိုင်တဲ့ ကိစ္စဆိုတော့ တော်တော် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်သွားတယ်။ ဟိုလူ ဒီလူက ဝင်ပြောကြစရာ ဖြစ်သွားတယ်။ ဒီတော့ ဘီယာသောက်ရင်း ဖိုးကိုကို မင်းမြင်လား၊ ဒီကိစ္စ တော်တော်နဲ့ ပြီးမှာမဟုတ်တော့ဘူးလို့ ပြောတော့ ဖိုးကိုက ဘမောင်ရာ ... သောက်စရာရှိတာ သောက်စမ်းပါ။ နည်းစနစ်ဆိုတာ ပညာရှိတွေ ငြင်းတာ။ မင်းတို့ ငါတို့အလုပ် မဟုတ်ပါဘူးတဲ့။ ပြီးတော့ နောက်ထပ် ဘီယာ အလကား သောက်ရအောင် ငါလုပ်လိုက်ဦးမယ်လို့ ပြောရင်း ငြင်းခုံနေကြတဲ့ လူတွေကို ခဏရပ်ဖို့ ဖိုးကိုက မတ်တတ်ရပ်ရင်း လက်ကာပြတယ်။ ဒီတော့ အားလုံး ရပ်သွားကြတယ်။ ဖိုးကိုက ပြောတယ် ငြင်းနေလို့တော့ အလကားပဲ သေတောင်ပြီးမှာ မဟုတ်ဘူး။ ဒီတော့ ဒီလိုလုပ်ပါလား။ တနင်္လာနေ့ ကလပ်ပိတ်တယ်။ တို့လေးယောက် လာပြီး ရိုက်ကြမယ်။ ဘမောင်နဲ့ ငါကတော့ အဖော်ပေါ့ကွာ။ မင်းတို့ နှစ်ယောက်က မင်းတို့နည်းနဲ့ မင်းတို့ ရိုက်ကြ။ ကလပ်က ဘယ်သူပဲဖြစ်ဖြစ် စိတ်ပါတဲ့ သူတွေလည်း လိုက်ကြည့်ကြပေါ့ဗျာ။

ဒိုင်လူကြီး သဘောပေါ့။ အနိုင်အရှုံးတော့ မဟုတ်ဘူးပေါ့ကွာ။ တို့ဘာသာ ဆုံးဖြတ်မယ်။ ကိုယ်ကြိုက်တာ ကိုယ်ယူ သဘောပေါ့။ ဒါပေတဲ့ လိုက်ကြည့်တဲ့ လူတွေကိုတော့ မင်းတို့က ဘီယာတိုက်ပေါ့ကွာ တဲ့။

ဒီတော့ ကိုမရသာကြီးက ထပြီး ဖိုးစောထွန်းကို လက်ကမ်းလိုက်တယ်။ ဖိုးစောထွန်းကလည်း ပြုံးပြီး သူ့လက်ပေးပြီး နှစ်ယောက်သား သဘောတူတယ် ဆိုတဲ့ အနေနဲ့ လက်ဆွဲ နှုတ်ဆက်လိုက်ကြတယ်။ လိုရင်း ပြောရရင်တော့ အဲဒီ တနင်္လာနေ့မှာ ရိုက်ကြတော့ ကိုယ်တို့ ဘီယာ အလကား သောက်ရတာက လွဲလို့ ဘာမှ ထူးမလာပါဘူး။ သို့ပေတဲ့ ကိုယ်က ကိုမရသာ ပြောတာကို လက်ခံတယ်။ ရိုက်လိုက်တဲ့ ဘောလုံးက ဘယ်လောက်ကြီး တည့်တည့် ကိုယ်က ကျစေချင်တဲ့ နေရာမှာ မကျခဲ့ရင် နောက်တစ်ချက် ရိုက်တာ နည်းနည်း ခက်နိုင်တယ်။ ဒီတော့ တည့်တည့်ရိုက်နိုင်ဖို့ အတွက်က နောက်တစ်ချက်အတွက် ပြင်ဆင်ထားနိုင်ဖို့လောက် အရေးမပါတော့ သလိုပဲ။ ထားတော့ဗျာ၊ ဒီကိစ္စ။ ကိုယ်က ပြောချင်တာ ကိုမရသာအကြောင်း။ ကိုမရသာက စည်းစနစ်ရှိတယ် ဆိုရာမှာ ဖိုးစောထွန်းထက် သာတယ်။ သူ့စည်းစနစ်တိုင်းမှာ သူ့ဆင်ခြေ ရှိတယ်။ သူ့ဆင်ခြေကို သူများလက်ခံဖို့ မလိုဘူး။ သူများ လက်ခံတာ မခံတာကလည်း သူ့အလုပ်မဟုတ်ဘူး။

ဥပမာတစ်ခု ကိုယ်ပြောပြမယ်။ ကိုယ်တို့ အဘိုးကြီးတွေ အရက်သောက်ကြတဲ့အခါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ သောက်ကြလေ့ ရှိတယ်။ စက်ပိုင် ကိုအောင်ခင်ဆိုရင် ကတ်တီဆာက် ဆိုတဲ့ ဝီစကီကို ဆော်ဒါအများကြီး ထည့်ပြီး တစ်နေကုန် သောက်နေတာ။ ဖိုးစောထွန်းကျတော့ ညနေ ငါးနာရီ မကျော်မချင်း ဝီစကီ မသောက်ဘူး။ ဘီယာကလေး၊ ဘာလေးပဲ သောက်တယ်။ ဖိုးကိုကျတော့ ဘာသောက်သောက် မြေပဲဆီကြော်ကလေး၊ မြေပဲဆားလှော်ကလေး ပါမှ သောက်တယ်။ ကိုယ့်ဆီ မကြာခဏ လာတတ်တဲ့ မောင်ဘသောင်းတို့၊ ကိုရင်မောင်တင့် သားတို့ကျတော့ သောက်တဲ့ အရက်အမျိုးအစားနဲ့ ဖန်ခွက်နဲ့ မလိုက်ဖက်ရင် မသောက်ကြဘူး။ ကိုမရသာ ဝီစကီပဲ သောက်တယ်။ သောက်တဲ့အခါ ဝီစကီကို ဖန်ခွက်ထဲ လက်နှစ်လုံးပဲ ထည့်တယ်။ လက်နှစ်လုံးထည့်တယ် ဆိုတော့ လက်နှစ်လုံးပဲ သောက်တယ်လို့ ထင်ကြလိမ့်မယ်။ ဒီလိုတော့လည်း မဟုတ်ဘူး။ လက်နှစ်လုံးကို သုံးခါလောက် အနည်းဆုံး ထည့်သောက်တတ်တယ်။ ဒါကြောင့် ဖိုးကိုက သူ့ကို လက်နှစ်လုံးသုံးခါ ကိုမရသာလို့ နာမည်ပေးထားတာ။

တစ်ခါတော့ ကိုယ်က မနေနိုင် မထိုင်နိုင်နဲ့ ပြောကြည့်မိတယ်။ ခင်ဗျားဗျာ ... လက်နှစ်လုံးသုံးခါ ထည့်နေမယ့်အစား တစ်ခါတည်း ဖန်ခွက်အပြည့် ထည့်ထားပါလားလို့ ပြောလိုက်တယ်။ ဒီတော့ ကိုမရသာက အဲဒီလိုတော့ ကျွန်တော် မသောက်တတ်ဘူးတဲ့။ ဒီတော့ ကိုယ်က ဘာလို့တုံး ... ထပ်မေးတယ်။ ကိုမရသာက ဘာပြန်ဖြေတယ် ထင်တုံး။ မကြိုက်လို့ တဲ့။ ဘာလို့ မကြိုက်ရတာတုံး လို့ ကိုယ်လည်း ထပ်မေးမိပြန်တယ်။ ဒီတော့

ကိုမရသာက ကြိုက်တာ၊ မကြိုက်တာမှာ ဆင်ခြေမရှိဘူး၊ မကြိုက်တာဟာ မကြိုက်တာပဲ၊ ကြိုက်တာဟာ ကြိုက်တာပဲ တဲ့။ ကိုယ့်အဖို့တော့ အတော် ကသိကအောက် နိုင်သွားတယ်။ တစ်သက်လုံး ကြိုက်တယ်၊ မကြိုက်ဘူး ဆိုတာက ဆင်ခြေရှိမယ် ထင်တာကိုး။ ဒီတော့ မေးရပြန်တယ်။ ခင်ဗျား ပြောသလိုဖြင့် ကြိုက်တယ်၊ မကြိုက်ဘူး ဆိုတာမှာ ဆင်ခြေမရှိဘူးလား လို့။ ကိုမရသာက ရယ်ပြီး ခုလို ပြောတယ်။ ကြိုက်တာဟာ ကြိုက်တာပဲ။ မကြိုက်တာဟာ မကြိုက်တာပဲလို့ ပြောတာဟာ ဆင်ခြေပဲ။ ထပ်ပြနေစရာ မလိုတဲ့ ဆင်ခြေတွေပဲ။ နှစ်နဲ့ နှစ်ပေါင်းရင် လေးရတယ် ဆိုတာမျိုးပဲ။ လေး ဘာဖြစ်လို့ရသလဲ ဆိုရင် နှစ်နဲ့ နှစ် ပေါင်းလို့ လေးရတယ် ဆိုတာထက်ပိုပြီး ဖြေရှင်းလို့ မရဘူး။ ထပ်ပြီး ဆင်ခြေပေးစရာ မလိုတော့တဲ့ ဆင်ခြေပဲ။ ဆင်ခြေပါပြီးသား ဆင်ခြေပဲတဲ့။

ဒီလိုတော့လည်း ဟုတ်သားကလား။ ကိုယ်ကြိုက်တဲ့ သီချင်းတစ်ပုဒ် ရှိတယ်။ တောင်ဇမ္ဗူပိုင်ဆိုတဲ့ မန္တလေးမြို့ဖွဲ့ ယိုးဒယားပဲ။ အားရင်၊ ဂေါက်ရိုက်ရင် ညည်းနေမိတတ်တဲ့ သီချင်းပဲ။ စာသားတွေ အဓိပ္ပာယ် သေချာသိသလား ဆိုတော့ ကိုယ်လည်း သေချာအဓိပ္ပာယ် မသိဘူး။ သို့ပေသိ ကြိုက်တာပဲ။ ကိုမရသာ ပြောသလိုတော့ ကြိုက်တာဟာ ကြိုက်တာပဲ။ ထပ်ပြီး ဆင်ခြေပေးစရာမှ မလိုတော့ဘဲ။ ကိုမရသာဆီက အဲဒီစကား ကြားပြီးကတည်းက ကိုယ်ကတော့ အတော် သဘောကျနေတယ်။ ဖိုးစောထွန်းကို ပြောပြတော့ မကြိုက်လှဘူး။ သူ မကြိုက်တာနဲ့တော့ မဆိုင်တော့ဘူး။ သူ့အလုပ်ပဲ။ ဒါနဲ့ ပြောရဦးမယ်။ ဒီ ကြိုက်တယ်၊ မကြိုက်ဘူးကိစ္စ။ တစ်နေ့ ဗျာ ကိုယ့်အိမ်နောက်က ဝရန်တာမှာ ထိုင်ပြီး စားသောက်ကြရင်း ဖိုးကိုက ကိုယ်တို့တစ်တွေ အိမ်ထောင်ကျခဲ့ကြတဲ့ အကြောင်းတွေ စပြောတယ်။ ဟိုပြော ဒီပြော ပြောကြရင်းက ဖိုးကိုကပဲ ဘာသွားပြီး သတိရမိတယ်မသိဘူး။ ဟေ့... ရခိုင်ကြီး၊ မင်းနဲ့ ခင်လှဖရူနဲ့ ဘယ်လို ညားကြတာတုံး... လို့ မေးလိုက်တယ်။ ပြီးတော့ အားလုံးကို လှမ်းပြောလိုက်သေးတယ် ဒီကောင်တွေ လင်မယား တယ်ချစ်ကြတာပဲ တဲ့။ ဒီတော့ ကိုမရသာက ကျွန်တော်တို့ခေတ်က လူကြီးတွေ စီမံပေးတဲ့ ခေတ်လေ။ ကျွန်တော် ဘိလပ်က ပြန်လာတာနဲ့ လူကြီးတွေက ပေးစားတာလို့ ဖြေတယ်။

ဒီတော့ ဖိုးကိုက ထပ်မေးပြန်တယ်။ ငါကြားတော့ မင်းနဲ့ရှီစံပယ်ကျော်နဲ့ ကောလိပ်မှာ အတော် တွဲကြသေးဆို။ သူ့အစ်ကို ရှီဇံကျော်က ငါ့ကိုပြောတာ၊ ငါက မင်းနဲ့ယူတယ် ဆိုတော့ ရှီစံပယ်ကျော် ထင်တာ။ ကိုမရသာက အတော်ကြာ ဘာမှ ပြန်မပြောဘူး။ ခပ်လှမ်းလှမ်းမှာ မြင်ရတဲ့ မှောင်ရိပ်ထဲက တောင်ရိုးကလေး ကြည့်နေတယ်။ ပြီးမှ သက်ပြင်းကလေး အသာချရင်း ဝီစကီကုန်နေတဲ့ ဖန်ခွက်ကို လှမ်းကိုင်လိုက်တော့ ကိုယ်ကပဲ ပုလင်းလှမ်းယူပြီး ဝီစကီလက်နှစ်လုံး ထည့်ပေးလိုက်တယ်။ ဝီစကီကို အသာငုံလိုက်ပြီးမှ ကိုမရသာက ကျွန်တော် ခင်လှဖရူတစ်ယောက်ပဲ ယူပါသဗျာလို့ ပြုံးပြီး ဖြေလိုက်တယ်။ ဒီတော့ ဖိုးကိုအနားမှာ ထိုင်နေတဲ့ ဖိုးစောထွန်းက မင်းလို မဟုတ်ဘူးကွာလို့ ဖိုးကိုကို လှမ်းပြောလိုက်တော့

ဝိုင်းရယ်ကြရတယ်။ ဖိုးကိုက အိမ်ထောင်ဆက် များတာကိုး။ ဒါနဲ့ စကားလမ်းကြောင်း ပြောင်းပြီး ဖိုးကိုနဲ့ လိုက်ကြိုက်ခဲ့သမျှ မိန်းမတွေ၊ တွဲခဲ့သမျှ မိန်းမတွေအကြောင်း ရောက်သွားတယ်။ ကိုယ်ကတော့ မတင်မကျကြီး ဖြစ်နေပြန်တယ်။ ကိုမရဿ ပြောဖူးတဲ့ ကြိုက်တယ်၊ မကြိုက်ဘူး ဆိုတာမှာ ဆင်ခြေမရှိတာတော့ မှန်တယ်။ ဆင်ခြေမရှိတာကို ဆင်ခြေမရှိတာနဲ့ အစားထိုး ပြောင်းပစ်လို့ ရသလားဆိုတာ သိချင်တယ်။ ကိုယ်က ကိုမရဿအနား ကပ်ထိုင်နေတော့ မေးလိုက်မလို့ပဲ။

ဒါပေတဲ့ မမေးဖြစ်လိုက်ဘူး။ အဲဒီတုန်းက ကိုမရဿ ဝီစကီသောက်နေတာလည်း လက်နှစ်လုံး သုံးခါ မကဘူး။ ခြောက်ခါလောက် ရှိနေပြီ။

■

ခင်မင်သူကလေး

ခင်ဗျားက စလိုက်တော့ရင် ပြောရဦးမယ်။ တစ်ခါက ကိုယ် ပြောဖူးသလိုပဲ။ အသက်ကြီးလာတယ် ဆိုတာက ဂုဏ်ယူစရာ လား၊ တန်ဖိုးတစ်ရပ်လား။ ဒါမှမဟုတ်ရင် သေမယ်လို့ ထိုင်စောင့်နေတာပဲလား ဆိုတာ။ ခုတော့ ကြာလာတာနဲ့အမျှ သေတော့ သေဖို့ပဲ။ ရက်ဆွဲထားတာနဲ့ တူလာတယ်။ ဖိုးစောထွန်းကတော့ အဲသလိုပြောရင် မကြိုက်လှဘူး။ သူက အမြဲ ပြောလေ့ရှိတယ်။ ဖိုးကိုတို့များ သေတာတောင် ဘယ်လောက် ဟန်ကျသလဲ။ မင့်လို သေဖို့စဉ်းစားပြီး သေတာ မဟုတ်ဘူး၊ ဘယ်လောက် နှိပ်သလဲတဲ့။ ဟုတ်ပါတယ်။ သေရင်တော့လည်း အဲသလို သေရတာက ဟုတ်တုတ်တုတ်ကိုး။

သို့ပေတဲ့ မသေခင် ကိုယ်က စဉ်းစားချင်တယ်။ စဉ်းစားတယ်၊ ဘာတယ်ဆိုတော့လည်း ကိုယ့်ကို ကိုရင်မောင်တင့် သားတို့၊ သူ့မိတ်ဆွေ ပြည်က ကျောင်းအုပ်ဆရာကြီးတို့ရဲ့ ဆရာကြီး ဒေါက်တာ ခင်မောင်ဝင်းကြီးတို့ စဉ်းစားတာမျိုးနဲ့ မရောနဲ့ဗျာ။ ဟိုက ပညာတတ်။ စဉ်းစားဖို့ကို စနစ်တကျ ပညာသင်လာတာ။ ကိုယ်က ပင်စင်ယူပြီး အကြံပေး လုပ်နေတုန်းက သူနဲ့ အစည်းအဝေးတွေမှာ ဆုံဖူးတယ်။ ဆွေးနွေးဖို့ တစ်ခုခုများ ပြဿနာအဖြစ် တင်လိုက်ရင် ကိုခင်မောင်ဝင်းကြီးက ဆရာတို့ ... ဒီတော့ ကျွန်တော်တို့ ဘယ်ကစပြီး စဉ်းစားကြမတုံး လို့ စပြီး ပြောလေ့ရှိတယ်။ ဟုတ်သပေါ့ဗျာ။ စဉ်းစားတာ ဘယ်က စကြရမယ် ဆိုတာကို သိဖို့ လိုတာပေါ့။ ကိုယ် ပြောချင်တာကလည်း ဒါပဲ။ သို့ပေသိ၊ ဒါက ပညာတတ်လို့ စဉ်းစားဖို့ကို စနစ်တကျ စဉ်းစားတယ် ဆိုတော့ စရမယ့်နေရာ၊ ရပ်ရမယ့်နေရာ ရှိရမှာပေါ့။ ကိုယ်လို ကောင်မျိုးအတွက်တော့ ကိုယ်တို့စကားမှာ ရှိသားပဲ။ ရောက်တတ်ရာရာ စဉ်းစားတယ် ဆိုတာ။

ခုလိုပေါ့ဗျာ။ ထွေလီကာလီ လုပ်စရာ မရှိတဲ့အခါ၊ ဂေါက်ကွင်းဘက် မသွားတဲ့အခါ၊ ညနေဆို ဒီနားမှာထိုင်ရင်း တောင်စဉ်ရေမရ စဉ်းစားနေတတ်တယ်။ ဒီခုံကလေးပေါ် ထိုင်တဲ့အခါ လှိုကြီးကို ကျော်ပြီး တောင်ရိုးရဲ့ တခြားတစ်ဘက် လှမ်းမြင်ရတာကိုး။ လှိုထဲက သစ်ပင်တွေက ခံနေတော့ မြင်ရတယ် ဆိုရုံပဲ။ ဟိုဘက်က လှိုကြီးရဲ့ ထိပ်မှာရှိတဲ့ ဂေါက်ကွင်းရဲ့ ကျင်းနံပါတ် ၁၃ က ဂရင်းရယ်၊ ၁၄ ရဲ့ တီခုံရယ်တော့ ရိုးတိုးရိပ်တိပ် မြင်ရတယ်။ အဲဒါက ဂေါက်ကွင်း အစပ်ကိုး။ ဂေါက်ကွင်းနဲ့ လမ်းကလေး ခြားနေတဲ့ လမ်းရဲ့ နောက်ဆုံးအိမ်က ဆုံးသွားတဲ့ အိုင်စီအက်(စ) ဦးလှဘောကြီး အိမ်ပဲ။ ဟောဒီနားလောက်က လှမ်းကြည့်ရင် ခြံစပ်က နွယ်သာကီပင် ရောင်စုံတွေ တွေ့ရလိမ့်မယ်။ အဲဒီ နွယ်သာကီပင်တွေ အဆုံးနားမှာ ကိုယ် အခုထိုင်နေတဲ့ တန်းလျားမျိုး တစ်လုံးရှိတယ်။ ဒီကနေတော့ မမြင်ရဘူး။ ဦးလှဘောကြီး ရှိစဉ်ကတော့ ညနေဆို ကိုယ် အခုထိုင်သလိုပဲ လှိုဘက်ကို ကြည့်ရင်း ထိုင်လေ့ ရှိတယ်။

အဲဒီဘက်ကများ ထိုင်ကြည့်ရင် ဒီဘက် တောင်ကြောကို ခု ဒီက မြင်ရသလိုပဲ မြင်ရမယ် ထင်တယ်။

ခုနေတော့ အဲဒီ ခုံတန်းလျားကလေးပေါ်မှာ မစောမြ ထိုင်ကောင်း ထိုင်နေလိမ့်မယ်။ ဟိုတစ်ခါက စကားစပ်မိတော့ ညနေတိုင်း သူလည်း အဲဒီမှာ ထိုင်တတ်ကြောင်း ပြောပြဖူးတယ်။ နေဦးဗျ၊ မစောမြ ဘယ်သူဆိုတာ ပြောဦးမှ။ မစောမြက ဦးလှဘေကြီးရဲ့ တူမ။ ခုထိ အိမ်ထောင်မပြုသေးဘူး။ ဦးလှ ဘေကြီး ဘက်က တူတစ်ယောက်၊ တူမတစ်ယောက်ပဲ ရှိတယ်။ လိုရင်း ပြောရရင်တော့ ဦးလှဘေကြီး ဆုံးသွားတော့ မစောမြနဲ့ သူ့မောင်က ဦးလှဘေရဲ့ ရန်ကုန်ကနဲ့ ဒီက အိမ်တွေ ကို အမွေရလိုက်ကြတယ်။ တကယ်တော့ မစောမြက ရန်ကုန် အိမ် ရတာဆိုပဲ။ သို့ပေတဲ့ သူ့မောင်နဲ့လဲပြီး ဒီအိမ်ကို ယူလိုက်တာဆိုပဲ။ ပင်စင်ယူပြီး အေးအေးလူလူ နေချင်လို့တဲ့။ မစောမြက အထက်တန်းကျောင်းမှာ ကျောင်းအုပ်တွေ၊ ဘာတွေ လုပ် လာတာ။ ဘီလပ်သွားပြီးတောင် အီးဒီယူဖူးတယ် ထင်တယ်။ မိန်းမထဲမှာတော့ စိတ်ရင်းကောင်းတယ်၊ ပွင့်လင်းတယ် ခေါ်ရမယ်။

ကိုယ်နဲ့ကတော့ ဟိုစဉ်ကတည်းက သိတာ။ ဦးလှဘေကြီးနဲ့ကတော့ ဆရာတပည့်လိုကိုး။ ဒီတော့လည်း ရင်းနေတာပေါ့။ အဲဒီတုန်းက ကိုယ်ကလည်း အလုပ်အတွက် အလှည့်စောင့်နေတော့ ကျောင်းမှာ ကျူတာဝင်လုပ်နေတယ်။ ဦးလှဘေကြီးကလည်း သူ့တူမကို စောင့်ရှောက်ဖို့ မှာထားလေတော့ မစောမြတို့ ဟောလ်တွေ၊ ဘာတွေတော့ သွားခဲ့ဖူးတာပေါ့လေ။ ဒါကလည်း မာကြောင်းသာကြောင်းရယ်ပါ။ နောက်ပိုင်းမလည်း ရန်ကုန်မှာ အစည်းအဝေးတွေ၊ ဘာတွေမှာ တွေ့နေကြသေးတာ။ ကိုယ် ပင်စင်ယူပြီး ဒီကို အပြီးပြောင်းလာမှ အားလုံးနဲ့ အဆက် အသွယ် ပြတ်သွားကြတာကလား။ အမှန်ပြောရရင် မစောမြ ဒီကို ပြောင်းလာတာတောင် ကိုယ်က မသိဘူး။ မစောမြ ဒီကို ပြောင်းလာတုန်းက ဖိုးကိုတောင် မဆုံးသေးဘူး။ ဖိုးကိုက မမျှော်လင့်ဘဲ မစောမြကို တွေ့လိုက်လို့ ကိုယ်တို့လည်း မစောမြ ဒီကို ပြောင်းလာတာ သိရတာပဲ။ ဖြစ်ချင်တော့ ဒီလို။ တစ်နေ့ ဂေါက်ရိုက်ကြရင်း ၁၄ တီခုံမှာ ရိုက်ဖို့ အလှည့်စောင့်နေတုန်း ဖိုးကိုက အပေါ့သွားချင်တာနဲ့ တီခုံနောက်က တောစပ်ကလေးက လမ်းကလေးရဲ့ ဟိုဘက်ခြမ်းမှာရှိတဲ့ ဦးလှဘေကြီး အိမ်ဘေးဘက် သွားတော့ ကျုပ် ခုနက ပြောတဲ့ နွယ် သာကီပင်တန်း ရှိတဲ့ဘက် မြင်ရတာကိုး။ အပေါ့သွားရင်း လှမ်းကြည့်တော့ ဦးလှဘေကြီး ဝင်းထဲက သစ်ပင်ရိပ်မှာ မိန်းမတစ်ယောက် စာထိုင်ဖတ်နေတာ တွေ့ရတော့ ဖိုးကို အသေအချာ လှမ်းကြည့်တယ်။ လားလား မစောမြ ဖြစ်နေသတဲ့။

အဲဒီနေ့က ကိုယ်က ဖိုးစောထွန်းတို့နဲ့ ရိုက်တော့ စောပြီးနေတယ်။ ဖိုးကိုတို့ အဖွဲ့ထဲ မပါဘူး။ ဖိုးကိုတို့အဖွဲ့ ရိုက်ပြီး တက်လာတယ် ဆိုတာနဲ့ ဖိုးကိုက ကိုယ်တို့စားပွဲ တန်းလာပြီး ဟကောင် ... ဘမောင်၊ ငါ မစောမြကို တွေ့ခဲ့တယ်လို့ ပြောတော့တာပဲ။

ဒီတော့ ကိုယ်တို့လည်း ပြောနေတဲ့စကား ရပ်ပြီး ဖိုးကိုပြောတာ နားထောင်ရတာပေါ့။ တကယ်တော့ သူတွေ့ခဲ့တာပဲ။ ဘာမှ အထွေအထူး မပါဘူး။ ဆရာဝန် ကိုမရသာကတော့ သေချာရဲ့လားဗျာလို့ မေးတယ်။ ဒီတော့ ဖိုးကိုကတောင် ပြောသေးတယ် ဟေ့… ဖိုးကိုတို့က မိန်းမတစ်ယောက်ကို တစ်ခါမြင်ရုံနဲ့ သေထိ မမေ့ဘူးလို့ ပြောတယ်။ ဒါကို ဖိုးစောထွန်းက ဖိုးကိုပြောတာ ငါတော့ ယုံသဟေ့။ ဒီကောင်က ယောကျာ်းတွေကိုသာ မသိချင်ယောင် ဆောင်တတ်တာလို့ အရွှန်းဖောက်ရင်း ထောက်ခံလိုက်တယ်။ ကိုယ်ကတော့ ဘာမှ ပြန်မပြောမိလိုက်ဘူး။ ဖြူန်းခနဲ ကြားရတဲ့ သတင်းတစ်ခုမို့လား မသိဘူး စိတ်ထဲကတော့ တစ်မျိုးဖြစ်မိ တယ် ထင်တယ်။ ဦးလှဘေကြီးအိမ်မှာ ဆိုတော့ မစောမြ ဟုတ်မှာပါပဲလို့ပဲ တွေးလိုက်မိတယ်။ ကိုယ်ပြောခဲ့သလို မစောမြက ဦးလှဘေကြီး တူမကိုး။

ကိုယ်က ဘာမှမပြောတော့ ဖိုးကိုကပဲ ဟကောင် … ဒီလိုလုပ်၊ အခု အစောကြီး ရှိသေးတယ်။ ဒီကအပြန် ခဏ လှည့်ဝင်သွားရအောင်လို့ ဆိုတယ်။ ဒီတော့ ဖိုးစောထွန်းက ပဋိသန္ဓာရ စကားကလေးများ ဆိုရတာပေါ့ကွာ ဘမောင်ရာ … လို့ ဝင်ဖြေတယ်။ တကယ်တော့ မစောမြနဲ့ ကိုယ်က ခင်တာပါ။ သံယောဇဉ်ကလေးတွေ ရှိကောင်း ရှိနိုင်တာမျိုးကိုး။ မဟုတ်ပေဘူးလား။ ကိုယ်ကတော့ အဲဒီလိုပဲ မြင်တယ်။ ဖိုးကိုကတော့ တစ်မျိုးမြင်မယ်။ ဖိုးစောထွန်းတောင် ကိုယ့်ကို မစောမြနဲ့ တစ်မျိုး မြင်ပုံရတယ်။ ဖိုးကိုက မင်းမှ သိမှာပဲလို့ ပြောလိုက်တဲ့ စကားကို ကိုယ့်အနေနဲ့ အတော် ရှည်ရှည်ဝေးဝေး ပြန်တွေးနေလိုက်မိတယ်။ ဒီတော့ ကိုယ်တစ်ခု သတိရမိလိုက်ပြန်တယ်။

တစ်ခါက ရန်ကုန်မှာ အစည်းအဝေးတစ်ခု သွားကြရတယ်။ ဖြူန်းစားကြီး ခေါ်တဲ့ အစည်းအဝေးကိုး။ ဒီတော့ ကိုယ်ရယ်၊ တိုင်းပညာဝန်ရယ်၊ မစောမြရယ်၊ တစ်ဘက်က ကိုတင်စိုးရယ်၊ လေယာဉ်ပျံနဲ့ အတူ သွားကြရတယ်။ မစောမြက အဲဒီတော့ ကျောင်းအုပ်ကြီး ဖြစ်နေရုံမကဘူး တိုင်းက အလုပ်တွေတောင် တွဲလုပ်နေရတယ် ထင်တယ်။ နှစ်ရက်လောက် ကြာတော့ ကိစ္စဝိစ္စပြီးလို့ ပြန်မယ်လုပ်တဲ့အခါ တိုင်းပညာဝန်ကို ရန်ကုန်က ခဏ ခေါ်ထားလိုက်တယ်။ ကိုတင်စိုးကတော့ အစည်းအဝေး နောက်တစ်ခုရှိလို့ နောက်ရက်မှ ရထားနဲ့ပြန်မယ် ဆိုတယ်။ ဒီတော့ ကိုယ်နဲ့မစောမြပဲ ပြန်ကြရဖို့ ဖြစ်လာတာပေါ့။ ဖြစ်ချင်တော့ အဲဒီနေ့က လေယာဉ်နောက်ကျမှ ထွက်မယ်ဆိုတယ်။ အဲဒါကလည်း စောစောက မသိကြဘူး။ ကိုယ်တို့ကို အကြိုအပို့ လုပ်ရတဲ့ သူငယ်က ကားပေါ်ကျမှ ပြောတာ။ ဒီတော့လည်း ကိုယ်က လေယာဉ်ကွင်းမှာ သွားပြီး အချိန်ဖြုန်း မနေချင်ဘူး။ ဒါနဲ့ပဲ ကားနောက်ခန်းမှာ ပါလာတဲ့ မစောမြကို အချိန်ရလို့ ဈေးလေးဘာလေးများ ဝယ်ချင်သေး သလား မေးမိတယ်။

မစောမြက ကောင်းသားပဲ အစ်ကို၊ အချိန်ရရင်တော့ စကော့ဈေး ဝင်လိုက်ရအောင်လို့ ဆိုတယ်။ ဒီတော့ဗျာ လိုရင်းပြောရရင် စကော့ဈေးဝင်ပြီး မစောမြက ဈေးဝယ်တယ်။ ဒီတော့ ကိုယ်ကလည်း ကားပေါ်မှာ ငုတ်တုတ် ထိုင်မနေချင်တော့

ဟိုကြည့်ဒီကြည့် လုပ်နေရင်း မစောမြ ဈေးဝယ်တဲ့နောက် လိုက်လျှောက်သွားမိတယ်။ ဘယ်လိုက ဘယ်လို ဖြစ်တယ်တော့ မသိပါဘူး မစောမြနဲ့ ကိုယ်နဲ့ စကော့ဈေးထဲမှာ တတွဲတွဲနဲ့ တွေ့တယ်ဆိုတဲ့ သတင်းဖြစ်လာတယ်။ အဲဒီတုန်းက ဆေးကျောင်းတက်နေတဲ့ အကြီးကောင်ကတောင် အဖေ ... အဖေနဲ့ အန်တီလေး မစောမြ သတင်းတွေ ကြားတယ်။ ဆင်ဆင်ခြင်ခြင် နေဦးလို့ ဟောက်သွားဖူးသေးတယ်။ အဲဒီတာန်းကဆို ကိုယ့်မှာလည်း လူတကာကို ရှင်းပြနေရတာ။ မစောမြနား ပေါက်သွားတော့ သူ့ခမျာ ရှက်ရှာမှာပေါ့။ တစ်နေ့တော့ အိမ်လာပြီး အိမ်က ကျောင်းအစ်မကို လာရှင်းပြတယ်။ တကယ်တော့ ကိုယ်ကလည်း ရှင်းပြပြီးသားပါ။ ကျောင်းအစ်မကတော့ မမ ကိုဘမောင်ကိုလည်း ယုံတယ်၊ မစောမြကိုလည်း ယုံတယ်၊ ဒီလို ပြောကြဆိုကြတာတွေက ရှိနေမှာပဲ၊ အလေးမထားပါနဲ့ လို့ ပြန်ပြောလိုက်တယ်။

ကိုယ်တို့မှာလည်း အဲဒီတော့မှပဲ တစ်ယောက်မျက်နှာ တစ်ယောက် ရဲရဲပြန်ကြည့်ပြီး ပြောရဲဆိုရဲ ဖြစ်ရတယ်။ စပ်မိလို့ ပြောရဦးမယ်ဗျာ။ အိမ်က ကျောင်းအစ်မတို့ကျတော့ တွေးခေါ်ပုံက တစ်မျိုးရယ်။ မစောမြ အိမ်လာသွားပြီးတဲ့နောက် ကိုယ်က မေးကြည့်ဖူးတယ် ခင်ဗျား တကယ်ယုံတာလား၊ ရသေ့စိတ်ဖြေ ပြောတာလားလို့ ဆိုတော့ ကျောင်းအစ်မကြီး က ... တကယ်ပါ၊ ကျွန်မ လူတွေကို ယုံတယ်။ လူတွေကိုလည်း ယုံသင့်တယ်။ လူတွေအားလုံး သံသယတွေနဲ့ နေကြရင် လိမ်တယ် ညာတယ်ဆိုတာတွေ ရှိနေမှာ မဟုတ်တော့ဘူး။ လောကကြီး တစ်ခုလုံး ဟုတ်တာတွေချည်းပဲ ဖြစ်နေလို့ ပျင်းစရာတောင် ကောင်းနေဦးမယ်တဲ့။ ဒါတော့လည်း ဟုတ်သလိုပဲ။ ကိုယ်ကပဲ အဲဒီလောက် ဉာဏ်မသွားတော့ အသေအချာ နားမရှင်းဘူး။ ထားတော့ဗျာ ဒီကိစ္စ။ မစောမြအကြောင်း ပြန်ဆက်ရအောင်။ နောက်တော့ မစောမြလည်း ပရိုမိုးရှင်းနဲ့ တခြား ပြောင်းသွားတယ်။ ကိုယ်လည်း ရန်ကုန် ပြန်ပြောင်းရတယ်။ သို့ပေတဲ့ တွေ့ပြုတော့ နေကြသေးတာပေါ့လေ။ ကိုယ်တို့စိတ်ထဲ မရှင်းစရာမှ မရှိတာ။

ဒါနဲ့ပဲဗျာ အဲဒီနေ့က ကိုယ်တို့ စားသောက်ပြီး ဦးလှဘေကြီး အိမ်ဘက် ထွက်လာခဲ့ကြတယ်။ အခန့်သင့်ပဲ မစောမြကို တွေ့တယ်။ ကိုယ်တို့ကိုတွေ့တော့ သူ့ခမျာ ဝမ်းသာသွားပုံ ရတယ်။ မျက်ရည်များတောင် ဝဲလို့ပဲ။ အစ်ကို ဒီမှာရှိနေတယ်လို့ သိတော့နေတယ်။ စောမြလည်း ဒီမှာ အထိုင်မကျသေးတော့ ဘယ်မှာရှာရမှန်း မသိဘူးလို့ ပြောရှာတယ်။ ဒီဂေါက်ကွင်းမှာ ပင်စင်စားတွေ ရိုက်ကြတယ်လို့ ကြားလို့ တစ်နေ့ ဝင်စုံစမ်းမယ်တောင် စိတ်ကူးရှိတယ်လို့ ပြောသေးတယ်။ သတိရလို့ ပြောလိုက်ရဦးမယ်။ အဲဒီတုန်းက ဖိုးကိုက တစ်ခု ပြောသေးတယ်။ မစောမြ၊ ငါနဲ့ ဘမောင်နဲ့က တစ်နှစ်ကြီး တစ်နှစ်ငယ်ပဲ။ အတန်းတော့ အတူတူပဲ။ နင်က သူ့တော့ အစ်ကိုလို့ခေါ်တယ်။ ငါ့တော့ ဆရာဦးကိုလို့ ခေါ်တယ်။ ဘာလို့တုံး...။ ငါ့လည်း အစ်ကိုလို့ ခေါ်နိုင်ပါတယ်၊ အားနာစရာ မရှိပါဘူးလို့ ပြောတယ်။ မစောမြခမျာ ရှက်သွားပုံတော့ ရတယ်။ ဒါပေတဲ့ မစောမြက အစ်ကိုဘမောင်ကတော့ ငယ်ကတည်းက နှုတ်ကျိုးနေတာပါ။ ဒီအရွယ်ကျမှတော့

ဆရာဦးကိုကို အစ်ကိုလို့ ပြောင်းခေါ်လို့ရမယ် မထင်ဘူးလို့ ပြုံးပြီး ပြန်ပြောလိုက်တယ်။ အဲဒီနောက်တော့ ထွေရာလေးပါး ပြောဖြစ်ကြတယ်။ နောက်ရက် တစ်ရက်ချိန်းပြီး ကိုယ်တို့တစ်တွေကို ထမင်းဖိတ်ကျွေးသေးတယ်။ ဒီတော့ ကိုယ်ကလည်း အိမ်က ဖိုးစပ်တို့ လင်မယားကို စီစဉ်ခိုင်းပြီး မစောမြနဲ့ သူ့တူမ ဆရာဝန်မကလေးကို ပြန်ပြီး ထမင်းဖိတ်ကျွေးဖြစ်တယ်။ ကျန်တဲ့ သူတွေကလည်း အပြန်အလှန် ဖိတ်ကျွေးကြလို့ မစောမြလည်း ကိုယ်တို့ အသိုင်းအဝိုင်းထဲ ရောက်လာတယ်။ စိုပြေတဲ့ ပင်စင်စားများ ဘဝကလေးတစ်ခုကို ဖန်တီး ကြရသပေါ့ဗျာ။ ဒါတောင် မစောမြအိမ်မှာ ထမင်းစားတဲ့ ညက အပြန်မှာ ဖိုးကိုက ပြောသေးတယ်။ ဘမောင်တို့ကတော့ ဟန်တယ်ဟေ့။ သူ့အိမ်က ကျောင်းအစ်မကြီးကလည်း ရိပ်သာမှာပဲ အရိုးထုတ်မယ်လို့ ဆုံးဖြတ်၊ မစောမြကလည်း အငြိမ်းစားယူပြီး ဒီပြောင်းလာ၊ ဟန်ကိုကျလို့ တဲ့။

ကိုယ့်အနေနဲ့တော့ ဘာမှ မပြောတော့ပါဘူး။ ဖိုးကိုလို လူမျိုးကလည်း ရှင်းပြလို့ရမှာ မဟုတ်ဘူး။ ဒီတော့လည်း ရူးသလို ကြောင်သလို လုပ်ပစ်လိုက်ရတယ်။ ဒါတင် ဘာဟုတ်သေးလို့တုံး။ အခု သမားတော်ကြီး ဖြစ်နေတဲ့ အကြီးကောင် ဟိုတစ်ခါ ဒီကိုလာရင်း အခုဆို မေမေလည်း ရိပ်သာမှာပဲ နေနေတော့ အန်တီလေး မစောမြက ပင်စင်ယူပြီး ဒီပြောင်းလာတာ အတော်ပဲ။ အဖေလည်း သိပ်မပျင်းရဘူးပေါ့ လို့ ပြုံးစိစိနဲ့ ပြောသေးတယ်။ ကိုယ်လည်း ခုတော့ ဘာမှ ပြန်မပြောချင်တဲ့အရွယ် ရောက်ခဲ့ပြီ ထင်တယ်။ သို့ပေတဲ့ဗျာ … အခုလို ဒီခုံတန်းလျားကလေးမှာ လာထိုင်တော့ တစ်ခု မှတ်မိလိုက်မိပြန်တယ်။ မစောမြ ဒီကိုလာပြီး ညစာစားတဲ့ ညနေက သူတို့ တူဝရီးနှစ်ယောက်သား ခြံထဲကို လျှောက်ပြရင်း ဒီခုံတန်းလျားလေးအနား ရောက်တော့ ကျွန်မအိမ်မှာလည်း ဒီလို ခုံတန်းလျားကလေးတစ်ခု ရှိတယ်လို့ ပြောတယ်။ ကိုယ်ကလည်း ညနေစောင်းတဲ့အခါ ဒီခုံတန်းလျားကလေးမှာ ထိုင်တတ်ကြောင်း ပြောပြမိတယ်။ ဒီတော့ မစောမြက သူလည်း ဒီရောက်စကတည်းကပဲ သူ့ခြံထဲက အဲဒီခုံကလေးမှာ ထိုင်ပြီး ဒီဘက်ကို ကြည့်နေတတ်ကြောင်း ပြောပြတယ်။ အစ်ကိုတို့ အိမ်မှန်းတော့ မသိဘူး။ လျှိုထဲက သစ်ပင်တွေ ကာနေလို့ ဒီဘက်လည်း သေသေချာချာတော့ မတွေ့ရဘူး။ ဒါပေတဲ့ ဒီဘက်ကို လှမ်းကြည့်ရင်း ထိုင်နေရကာ ကြည်နူးနေမိတတ်တယ်။ အခုတော့ အစ်ကိုတို့အိမ် ဒီဘက်မှာ ရှိနေတယ် ဆိုတော့ ပိုအားရှိရတာပေါ့လို့ ပြောတယ်။ အဲဒီတုန်း ကိုယ်လည်း အမှတ်မထင် မစောမြရဲ့တူမ ဆရာဝန်မကလေး ဆိုတာကို လှမ်းကြည့်လိုက်မိတယ်။ သူငယ်မကလေးက ကိုယ် လှမ်းကြည့်လိုက်တာ သိပုံမရဘူး။ သူ့အဒေါ် ပြောလိုက်တဲ့ စကားကို နားထောင်ရင်း လျှိုဘက်ကိုကြည့်ပြီး ပြုံးနေတယ်။ တစ်ခုခုတော့ တွေးမိနေပုံရပါရဲ့။

အင်းလေ…။ ခုလို နေစောင်းချိန်မျိုးမှာ ဆိုရင်ဖြင့် လျှိုတွေရဲ့ တခြားဘက်က ခြံကြီးထဲမှာ မစောမြတစ်ယောက် ခုံတန်းလျားကလေးပေါ်မှာ ထိုင်ရင်း ဒီဘက်ကို ကြည့်နေလိမ့်မယ် ထင်တယ်။

မဟောသီမဂ္ဂဇင်း၊ ၂၀၀၀။

■

ပြောရရင်တော့လည်း ဖရက်ဒီကြောင့်ပဲလို့ ပြောရလိမ့်မယ်။ ရန်ကုန်ကို ပြန်ပြီး ခုလို ခပ်ကြာကြာလေး နေရမယ်ရယ်လို့ ကိုယ့်မှာ တစ်ခါကမျှ စိတ်ကူး မရှိခဲ့ဖူးဘူး။ ကိုယ်တို့ ပင်စင်စားတွေ ရှိရာဆီ ဖရက်ဒီတစ်ယောက် အလည်လာတော့ အားလုံးက ဝမ်းမြောက်ကြတယ်။ သူ ပင်စင်ရကတည်းက ရန်ကုန်မှာပဲ ဆက်ပြီးနေတယ်။ ကိုယ်တောင် သူ လာကာမှ အတော်ကလေး ဂေါက်ပြန်ရိုက်ဖြစ်တယ်။ ကိုယ့်အထင်မှာတော့ သူလည်း တစ်ယောက်တည်း ပျင်းရှာလို့ ဒီဘက်ဆီလာပြီး ခဏ နေတယ်လို့ ထင်နေတာ။ ညစဉ်လို ဟိုအိမ် ဒီအိမ်မှာ သေမယ်ဆို သေလောက်နေတဲ့ လူတွေ စုပြီး အတိတ်အကြောင်းပြောရင်း ရယ်ကြမောကြနဲ့။ ကိုယ်တို့အရွယ်မှာက အတိတ်အကြောင်းကိုပဲ ဦးတည် ပြောရတော့တာကိုး။ အတိတ်တုန်းက ရွှေထီးဆောင်းခဲ့ရတာကလေးတွေ လွမ်းရတာ။ အနာဂတ်မှာက ရွှေထီး ရံစရာအကြောင်းကလေး တစ်ခုပဲ ရှိတော့တယ်။ ဒါကလည်း ရဟန်းဒကာ၊ ကျောင်းဒကာလောက် ဖြစ်ဖူးခါမှပဲ။ အနာဂတ် ဆိုတာက ဘယ်သူကမှ သိပ်မမှန်းရဲတော့တဲ့ အရွယ်။ လွတ်လပ်ရေး ရစတုန်းက ပြောလေ့ရှိတဲ့ နှစ်လေးဆယ် စီမံကိန်းတို့၊ နှစ်နှစ်ဆယ် စီမံကိန်းတို့ ဆိုတာကို မပြောနဲ့။ မနက်ဖြန်မနက် အိပ်ရာကနိုးလို့ အိပ်ရာက ထနိုင်၊ မထနိုင် ဆိုတာကိုတောင် သိပ်စဉ်းစားကြည့်လို့ မဖြစ်တော့ဘူး။ သတင်းစာမှာ နာရေးကြော်ငြာမှာ ကိုယ့်နာမည်မပါသေးရင် အသက်ရှင် နေသေးတယ်။ ပါလာရင်တော့လည်း ကိုယ့်နာမည်ကို ကိုယ့်ဘာသာ ဖတ်နိုင်တော့မှာ မဟုတ်တော့ဘူး။ ပစ္စုပ္ပန်တည့်တည့်မှာ နေရတယ် ဆိုတာက ခုအရွယ်မျိုးကို ပြောတာပဲ။ ခုအရွယ်က ပစ္စုပ္ပန်မှာ နေနိုင်ရင် နေ၊ မနေနိုင်ရင် သေလို့ ပြောဖို့ကောင်းတဲ့အရွယ်။

တစ်နေ့တော့ မနက်ဘက် ဂေါက်ရိုက်နေကြတုန်း ဖရက်ဒီက မေးတယ်။ ပြီးရင် ဘာများ လုပ်စရာရှိသလဲတဲ့။ မရှိရင် သူနဲ့ ထမင်း လိုက်စားစမ်းပါလို့ ပြောတယ်။ ကိုယ်ကတော့ ခုနက ပြောသလိုပဲ။ မသေနိုင်သေးလို့သာ ဟိုလုပ် ဒီလုပ် လျှောက်လုပ်နေတဲ့သူ။ ဘာမှ ကြီးကြီးကျယ်ကျယ် လုပ်စရာမရှိဘူး။ ဒီ့ပြင် ချိန်းချက်ထားတာလည်း မရှိဘူး။ ဖိုးစောထွန်းလို အားရင် အင်္ဂလိပ်စာ အလကား သင်ပေးတာမျိုး။ သင်္ဂြိုဟ် ကိုးပိုင်းကို ရှင်းပြတာမျိုး၊ သင်တန်းပေးတာမျိုးတွေ မရှိဘူး။ တစ်သက်လုံး အမှုတော် ထမ်းလာရတဲ့သူ။ ပြောင်ပြောင် ပြောရရင်တော့ အမှုထမ်း ဆိုတာက တခြားလူတွေအလုပ် လုပ်ပေးနေရတာ။ ဒီတော့ ပင်စင်ယူပြီဟေ့ ဆိုတာနဲ့ ကိုယ့်ဘာသာပဲ နေချင်တယ်။ မင်း ငါ့ကို ထမင်းကျွေးချင်တာ သက်သက်တော့ မဟုတ်ဘူး မဟုတ်လားလို့ မေးတော့ သူက ပြောတယ်။ ကျွန်တော် စကားလေး ပြောစရာရှိလို့ပါတဲ့။ ဒါနဲ့ပဲ ကိုယ်တို့ နှစ်ယောက်သား ဂေါက်ရိုက်ပြီးတော့ မြို့တောင်ဘက် ထိပ်နားဆီက စားနေကျ တရုတ် ထမင်းဆိုင်ဆီ သွားစားကြတယ်။ ကိုယ်လည်း အိမ်

ခဏဝင်ပြီး တပည့်တပန်းတွေ ကန်တော့ထားတဲ့ ဝီစကီပုလင်းလေး ဝင်ဆွဲလိုက်တယ်။ ကိုယ့်အနေနဲ့က နေ့လယ်နေ့ခင်းဘက် သောက်လေ့ မရှိပေတဲ့လည်း ဆုံးသွားတဲ့ ဆရာဝန် ကိုမောင်ကလေးက မှာထားဖူးတယ်။ အဆီအအိမ့် စားတဲ့အခါ ဝီစကီကလေး တစ်ခွက်စ၊ နှစ်ခွက်စ သောက်ပေး ကိုဘမောင် ဆိုလို့ပဲ။ ဒီထမင်းဆိုင် သွားရင်တော့လည်း ကိုယ်က ဝက်သားပေါင်း မှာလေ့ရှိတယ်။ လေငွန်က ဝက်သားပေါင်းလောက် မကောင်းပေတဲ့လည်း အလွမ်းပြေတယ်။ ဝက်သားပေါင်းနဲ့ ဝီစကီကလည်း လိုက်တယ်။ ဝီစကီ က အဆီကြေသတဲ့။ ဒီတော့ ဝီစကီသောက်ချင်လို့ ရှာကြံ ဆင်ခြေပေးတာပဲလို့ အပြစ်တင်ချင်လည်း တင်။ တင်ရင်တော့ ကိုယ်က ကိုရင်မောင်တင့် သား ပြောထားသလို ပြန်ပြောရမှာပဲ။ လူဆိုတာ ဆင်ခြေ ရှိရတယ်။ ဆင်ခြေ မရှိရင် နွားနဲ့ တူသွားလိမ့်မယ်တဲ့။ ကိုယ့်အနေနဲ့ကတော့ အသက်မရှည်ခါမှ နေရော။ ရှင်နေတုန်းတော့ လူစင်စစ်ကနေ နွားဘဝ အရောက်မခံနိုင်ဘူး။

ဖရက်ဒီက ကိုယ်တို့ ဖိုးစောထွန်းတို့ထက် ငယ်တယ်။ စကား ပြောရင် သူ့ကိုယ်သူ ‘ကျွန်တော်’လို့ပဲ ပြောလေ့ရှိတယ်။ ငယ်ငယ်၊ ကြီး ကြီး၊ သူ့ကိုယ်သူ ‘ကျွန်တော်’လို့ပဲ ညွှန်းတယ်။ ဒါကြောင့်မို့ ဖိုးစောထွန်းက ပြောလေ့ရှိတယ်။ ကြည့် ... ဘမောင်၊ ယဉ်ကျေးတယ် ဆိုတာက အဲသလိုမျိုးကွတဲ့။ ဟုတ်လောက်တယ်။ ကိုယ်တို့လို ပတ်ဗလစ်ဆားဗင့် ဖြစ်လာတာနဲ့ သူနဲ့ယှဉ်ရင် ကွာတယ်။ ကိုယ်တို့ကတော့ တခြားလည်း လုပ်မစားတတ်။ တခြားအလုပ်လည်း မရှာတတ်။ ကိုယ်ပိုင်စီးပွားရေး လုပ်ဖို့ဆိုတာကလည်း မစဉ်းစားရဲတဲ့လူမျိုး။ ဒီတော့ ပတ်ဗလစ်ဆားဗင့် ဆိုတာကလွဲလို့ ဘာမှမဖြစ်နိုင်တာ။ မြန်မာလို တည့်တည့် ဘာသာပြန်ရရင်တော့ ‘ပြည်သူ့ကျွန်’ပေါ့။ ခေါင်းမရှိတဲ့ နွားတွေရဲ့ကျွန် ဖြစ်ရတာထက်တော့ သာမှာပေါ့။ ဖရက်ဒီကျတော့ ကိုယ်တို့လို မဟုတ်ဘူး။ အဖေ ကိုယ်တိုင်က အိုင်စီအက်စ်။ ဒီတော့ သားကို ငယ်ကတည်းက အနည်းဆုံး ဘီစီအက်စ်လောက်ဖြစ်ဖို့ ပျိုးထောင်လာခဲ့တာ။ ကောလိပ်ရောက်ရင် ဘယ်လို ဘာသာတွဲမျိုးယူ ဆိုတာကအစ စီမံပေးတယ်။ ကိုယ်တို့လို ကြုံရာယူပြီး ဘွဲ့ရလာတာ မဟုတ်ဘူး။ ဒ့ိပြင် ယဉ်ကျေးခြင်း၊ သိမ်မွေ့ခြင်း၊ တိုင်းကြီးပြည်ကြီးသားဆန်ခြင်း ဆိုတာတွေကို မက်ထရစ် မဖြေခင် ကတည်းက သူ့အဖေက သင်ကြားပေးထားတာ။ မယ်နာ ရှိတဲ့လူ။ ဂရူးမင်း ကောင်းတဲ့လူ။ ဒီတော့လည်း ဖရက်ဒီက ကိုယ်တို့လို ပတ်ဗလစ်ဆားဗင့်တွေနဲ့ ကွာတာ အမှန်ပဲ။ ကိုယ်တို့က ဇွန်း၊ ခက်ရင်း ကိုင်တာတောင် ရာထူးကလေး ရလာခါမှ အတော် သင်ယူခဲ့ရတဲ့လူမျိုး။ ပြောရရင်တော့ ကိုယ်တို့က ကြက်ပေါင်းကို ဓားနဲ့ ခက်ရင်းနဲ့ ဖြတ်ရင် အရိုးမှာ အသားက ကျန်နေသေးတယ်။ သူက ငါးဖယ်ကို ဓားနဲ့ ခက်ရင်းကိုင်ပြီး အရိုးနွှင် နိုင်တယ်။ ကိုင်း ... ရှင်းပြီလား။ ညားတော့ ဇေရဘာဒီ အစပ် မခင်လေး ဆိုတာနဲ့ ညားတယ်။ ပပဝတီတို့လာတဲ့ ကမလ်ပါရှားအရပ်က အဆက်အနွယ်ပေါ့ဗျာ။ အစပ်မကလေး။ ပျဉ်းမနားဘက်ဆီက သူဌေးသမီး။ ချောရုံလှရုံ မဟုတ်ဘူး၊ အင်မတန် မဟာဆန်တာ။ မန္တလေးသူ အညိုမတွေ ငိုကြရလောက်အောင် မဟာဆန်တာမျိုး။ ဒါပေတဲ့ ငယ်ငယ်နဲ့ ဆုံးသွားရှာတယ်။ တတိယကလေး မွေးပြီး မီးတွင်းက အထွက်မှာတင်ပဲ။

ကိုဘမောင်ကို ကျွန်တော် အကူအညီတောင်းချင်လို့ လို့ ဖရက်ဒီက ပြောတယ်။ ကိုယ် လုပ်နိုင်တာဆိုရင် ငြင်းစရာမရှိပါဘူးလို့ ကိုယ်က ဖြေလိုက်တယ်။ ကိုဘမောင် တတ်နိုင်တဲ့ကိစ္စပါလို့ သူက ပြောတော့ ကိုယ်က ဘာမှမမေးသေးဘဲ ဆက်ပြီး နားထောင်နေလိုက်မိတယ်။ သူက ပြောတယ်။ အင်းလျားမြိုင်ထဲက ကျွန်တော့်အိမ်မှာ နှစ်လ၊ သုံးလလောက် နေပေးစေချင်တယ်တဲ့။ ဒီတော့လည်း ဘာဖြစ်လို့တုံးလို့ ကိုယ်က မေးလိုက်မိတယ်။ သူက ဘေးဘီကို တစ်ချက် လှမ်းကြည့်လိုက်ရင်း ကျွန်တော် လန်ဒန်ကို ခဏသွားမလို့၊ မြေးလေးတွေကို သွားတွေ့ချင်လို့တဲ့။ အင်း … ဆိုင်၊ မဆိုင်တော့ မသိဘူး။ ဒီအကြောင်းကလေးတော့ ထည့်ပြောဦးမှ။ ဒီတုန်းက နိုင်ငံခြားသွားဖို့ဆိုတာ အတော်ခက်တယ်။ ပတ်စပုတ် ရဖို့ကို မလွယ်တာ။ နိုင်ငံခြားသွားမယ့် လူတွေအတွက် အခက်ချည်းပဲ။ ဖရက်ဒီတို့လို မင်းကြီးဘဝကနေ အတင်းကို ထွက်ခွင့်တောင်းပြီး ထွက်ထားရတဲ့ လူဆိုရင် ပိုဆိုးသေးတယ်။ နိုင်ငံခြားသွားမယ့်လူဆိုရင် တခြားလူ မပြောနဲ့။ မဆီမဆိုင် ရပ်ကွက်ကောင်စီကတောင် ငွေညှစ်တဲ့ခေတ်။ နိုင်ငံခြား ခဏသွားရင် သွားမယ့်လူရဲ့ အခန်းတို့၊ အိမ်တို့ကို မောင်ပိုင်စီးတဲ့ ခေတ်။ ငွေညှစ်ချင်ရင် အက်စ်ဘီကို မတော်မတည့် သတင်းပေးပြီး ငွေညှစ်လို့ရတဲ့ ခေတ်။ ဒီတော့လည်း ဖရက်ဒီက ဘေးဘီကြည့်ပြီးမှ ပြောတာက အဲသလိုမျိုးတွေ ကြောက်ရလို့ပဲ။ မင်း ပတ်စပုတ်ရပြီလား လို့ မေးကြည့်တော့ ရပြီ၊ ဒါတောင် တော်မီကို ပြောပြလိုက်လို့ သူကိုယ်တိုင် အဘိုးကြီးဆီ သွားတွေ့ပြီး ပြောပေးလို့ ရတာလို့ ပြောပြတယ်။ ဟုတ်တယ်။ အဲဒီတုန်းက ပတ်စပုတ်တစ်ခု ရဖို့ဆိုတာ ကောင်းကင်အထိတက်ပြီး တိမ်ညွန့် စားနိုင်တဲ့ လူတွေနဲ့သိမှ ရတာ။ အယ် … အဲဒါနဲ့ပဲ တိုတိုပြောရရင်တော့ ကိုယ်လည်း ဖရက်ဒီရဲ့ အင်းလျားမြိုင်ထဲက အိမ်မှာ သွားပြီးနေဖြစ်တော့တာ။ ကြီးကြီးကျယ်ကျယ် ဘိုလို ပြောရရင်တော့ ဟောက်စ်စစ်တင်းပေါ့။ ဟန်ကျတာက ဖရက်ဒီရဲ့လူယုံ မောင်ထွန်းရွှေကလည်း နောက်ဖေးတန်းလျားမှာ ရှိတော့ ဟန်ကျသွားတယ်။ သူကပဲ ဂေါက်ကွင်းသွားတဲ့အခါ ဖရက်ဒီရဲ့ ကားနဲ့ မောင်းပို့တယ်။ နောက်တော့ ဖိုးစောထွန်းလည်း ရန်ကုန်လာရင်း ဖရက်ဒီ အိမ်မှာပဲ ကိုယ်နဲ့အတူ နှစ်ပတ်လောက် လာနေသေးတယ်။

ကိုယ်ကတော့ တစ်ပတ် တစ်ခါလောက် ကိုးမိုင်က ကလပ်မှာ ဂေါက်သွားရိုက်တယ်။ ကိုယ်တို့အဖွဲ့တွေလည်း ရှိနေသေးတာကိုး။ များသောအားဖြင့်ကတော့ မနက်တိုင်းလိုလို တက္ကသိုလ် လှေသင်းဘက်ဆီ လမ်းလျှောက်ဖြစ်တယ်။ ကိုယ်တို့တုန်းကတော့ အဲဒီက ဘလေဇာလေး ဝတ်နိုင်ရင် ကျောင်းသူတွေက အတော်ညွတ်ကြတာ။ ဒါကြောင့် ကိုယ်တို့ အောက်ဘက်တန်းတွေဆီက ကျောင်းသားတွေက စာစပ်ကြသေးတယ်။ ဘုတ်ကလပ်မှာနော်၊ အယုတ်အမြတ် မရွေးသမို့၊ သူဌေးသား မှန်ရင်၊ မင်ဘာတဲ့ခင်ဗျာ ဆိုပဲ။ ဟုတ်တုတ်တုတ်ရယ်ပဲ။ ကိုယ်တို့ကတော့ အဲဒီ စာရင်းထဲလည်း မဝင်နိုင်။ အားကစားဆိုတာက သွားယားလို့ ပြောရတဲ့ အကြောင်းလောက်ပဲ။ သို့ပေတဲ့ ခုလို အရွယ်ကလေး ရလာတော့လည်း ကိုယ်လက်လှုပ်ရှားတာကလေးတော့ လုပ်ရသေးတာပေါ့။ အားကစား အနေနဲ့ မဟုတ်လှပါဘူး။ မသေခင် ကိုးလိုးကန့်လန့်

ဖြစ်မနေရှိတင်ပါ။ ပြောရရင်တော့လည်း ကိုယ်လက်လှုပ်ရှားတယ် ဆိုတာက တကယ့်ကို စကားနောက် တရားပါ ပြောရတာမျိုးပဲ။ ကိုယ်ရယ်၊ လက်ရယ် ဆိုပေတဲ့ ပြောမယ်ဆို ခြေထောက်ကလေးရယ်၊ လက်ကလေးရယ်ပဲ လှုပ်နိုင်တဲ့ အရွယ် မဟုတ်ဘူးလား။ ကိုယ်နဲ့ ခါးတို့ ဆိုတာက ဘယ်မှာ သိပ်လှုပ်နိုင်တော့လို့လဲ။ တခြားနေရာ မပြောနဲ့။ ဂေါက်ရိုက်ရင်တောင် ခါးကို ညှာရိုက်နေရတာ။ ခါးမကောင်း၊ ခရီးမတွင်၊ အသီးတင်ချင်ဦးတော့ အရည်က မရွှမ်းတော့ဘူး ဆိုတဲ့ အရွယ်လို့ တချို့က ပြောတတ်ကြတာ မဟုတ်ဘူးလား။ အင်း ... လှေသင်းဘက်ဆီ မနက်တိုင်းလိုလို လျှောက်ပြီး ထိပ်နားဆီက ထိုင်ခုံကလေးမှာ တအောင့်တနား ထိုင်နားတယ်။ အောက်ဘက်ဆီတော့ မဆင်းတော့ဘူး။

အဲဒီအကြောင်းလေးကို ကိုယ်က ပြောချင်တယ်။ အဲဒီခုံကလေးမှာ ထိုင်ပြီး နားနေရင် သူငယ်မနှစ်ယောက် အမြဲလို အောက်ဘက်ထဲဆီက တက်လာတာနဲ့ တိုးတယ်။ သူတို့က ထရက်ဆုတွေ ကိုယ်စီ ဝတ်လို့၊ လှေလှော်ပြီးလို့ ဖြစ်ရင်လည်း ဖြစ်မယ်။ ရိုးရိုး လမ်းထွက်လျှောက်ကြတာလည်း ဖြစ်ချင်ဖြစ်မယ်။ ကိုယ်တော့ မပြောတတ်ဘူး။ သူတို့ လျှောက်တက်လာတဲ့ လမ်းကလေးက မော့တော့ကလေးမို့ ကိုယ် ထိုင်နေတာနဲ့ မတိုးလို့ မဖြစ်ဘူး။ မျက်နှာချင်းဆိုင် တိုးသလိုမျိုး ဆိုတော့လည်း စတွေ့တဲ့ နေ့ကတည်းက ကိုယ်က ပြုံးပြလိုက်မိတယ်။ သူတို့ကလည်း ပြုံးပြ ကြရှာတယ်။ ဒါကတော့ သိပ်ထူးဆန်းတဲ့ကိစ္စ မဟုတ်ဘူး။ လူပေါ်လူဇော် လုပ်နည်းထဲမှာကိုက ရေးထားသမို့လား။ တွေ့လျှင်တွေ့ချင်း မေတ္တာ ရှိစေသော နည်းကား ပြုံးပါ ဆိုတာလေ။ မေတ္တာမရှိတောင် မရိုင်းဘူးပေါ့ဗျာ။ နောက် နှစ်ရက်လောက် ကြာတော့ သူငယ်မတွေက ကိုယ့်ကို နှုတ်ဆက်တယ်။ ဂွတ်မောနင်း ... အန်ကယ်တဲ့။ ဒီတော့လည်း ကိုယ်က ဂွတ်မောနင်းလို့ တုံ့ပြန်ရတာပေါ့။ ဒါမှလည်း တိုင်းကြီးပြည်ကြီးသား ပီသမှာပေါ့။ ဒို့ပြင် မနက်တိုင်း ကိုယ် လမ်းလျှောက်ထွက်လာတာ လမ်းမှာ တွေ့တဲ့လူတွေက ဂွတ်မောနင်းရယ်လို့ နှုတ်မဆက်ကြဘူး။ မယုတ်မလွန် ပြုံးပြတာမျိုး၊ ခေါင်းကလေး ညိတ်ပြတာမျိုးလောက်ပဲ ရှိတယ်။ ဒီတော့လည်း သနရှုပဖြစ်တဲ့ သူငယ်မနှစ်ယောက်က ကိုယ့်ကိုယ် ပြုံးပြတာ၊ ဂွတ်မောနင်းလို့ နှုတ်ဆက်တာဟာ စိတ်ထဲမှာ ကြီးမားတဲ့ ကျေနပ်မှုတစ်ခုတော့ ရသွားတာပဲ။ ကြီးကြီးကျယ်ကျယ်တော့ မဟုတ်ဘူး။ မိုးအလင်းမှာ အရိုးအရင်း ကိုက်ရင်း ကျေနပ်တတ်တဲ့ ခွေးလေးတစ်ကောင်လိုပဲ လို့ ပြောချင်ပြော။ ဒီသူငယ်မနှစ်ယောက်နဲ့ ကိုယ့်ရဲ့ မနက်တိုင်း ဆက်ဆံရေးဟာ အပြုံးနဲ့ ဂွတ်မောနင်းပဲ။ ဘာမှ မပါဘူး။ ဘာမှ မပိုဘူး။ ဒါပေတဲ့ အတော်ကလေး ကြာလာတော့ မနက်တိုင်း အဲဒီအပြုံးနဲ့ အဲဒီဂွတ်မောနင်းကို ကိုယ်က မျှော်လင့်နေလာမိတယ်။ တပ်မက်လာမိသလိုပဲ။ ကိုယ်လည်း မနက်တိုင်း အချိန်မှန်မှန် လမ်းလျှောက်ပြီး အဲဒီ ထိုင်ခုံကလေးဆီမှာ သွားထိုင်နေမိလာတတ်တယ်။

ဖိုးစောထွန်း ရောက်လာပြီး မကြာခင် တစ်နေ့တော့ သူကပါ ကိုယ်နဲ့ လမ်းလျှောက်လိုက်မယ်လို့ ဖြစ်ကရော။ ဒီတော့ အိမ်က ခုနစ်နာရီ ထွက်မယ်။

အသင့်လုပ်ထားလို့ပဲ အသိပေး ထားလိုက်မိတယ်။ ဖြစ်ချင်တော့ တော်မီကလည်း လိုက်မယ်လို့ ပြောပြန်တယ်။ သူက အင်းလျားလမ်း၊ စိန့်ဩဂတ်စတိုင်း ကျောင်းနားဆီက စောင့်မယ်တဲ့။ သူက အဲဒီဘက်ထဲဆီမှာ နေတာ။ အဲဒီနေ့ မနက်တော့ ကိုယ်တို့နှစ်ယောက်သား အိမ်က ထွက်မလာခင် အပြင်က ပြန်လာတဲ့ မောင်ထွန်းရွှေနဲ့ ဂိတ်နား ဆီမှာ ဆုံတော့ သူက ပြောတယ်။ ဆရာကြီး၊ ထီးလေး ဘာလေး ဆောင်သွားပါလား၊ ကနေ့ တိမ်နည်းနည်းထူတယ် တဲ့။ ကိုယ်လည်း မော့ကြည့် လိုက်မိတယ်။ တိမ်တွေ ထူတာတော့ အမှန်ပဲ။ မိုးရွာလောက်အောင်တော့ မထူဘူးလို့ ထင်တာပဲ။ မရွာလောက်ပါဘူးကွာ လို့ သူ့ကို ပြန်ပြောလိုက်တော့ တန်ခူး၊ ကဆုန်၊ နွေအကုန် မိုးအကူးဟာ အပြောရ ကျပ်တယ်၊ တွက်ရ ခက်တယ်လို့ သူက ပြန်ပြောတယ်။ ဒါပေတဲ့ ကိုယ်တို့ နှစ်ယောက်သား ထီးမယူတော့ဘဲ ထွက်လာခဲ့လိုက်ကြတယ်။ အင်းလျားမြိုင်ထဲက နောက်ဖေးလမ်းကြားကလေးကနေ ဖြတ်ပြီး အင်းလျားလမ်းပေါ် တက်၊ အင်းလျားလမ်းပေါ် ရောက်တော့ တော်မီနဲ့တွေ့တယ်။ သူက ကောင်းကင်က တိမ်တွေဆီ လက်ညှိုးထိုးပြရင်း အစိုးမရဘူးတဲ့လို့ ပြောတယ်။ ပြီးတော့ ခင်ဗျားတို့ ကျုပ်တို့လိုပဲ အစိုးမရတဲ့အရွယ် ရောက်ပြီတဲ့။ ဒီတော့ ကိုယ်လည်း မနေနိုင်ဘူး။ အရင်ကတော့ မင်းကိုယ်မင်း အစိုးရတယ်လို့ ထင်လို့လားလို့ လှမ်းမေးလိုက်တယ်။ ခုလောက်တော့ မဆိုးသေးဘူးပေါ့ဗျာ တဲ့။ ကိုယ်ကတော့ မပြောတတ်ဘူး။ ဟုတ်လေမလားဘဲ။ ဒါနဲ့ ကိုယ်တို့ သုံးယောက်သား တက္ကသိုလ် လေ့သင်းဘက်ဆီ လျှောက်ခဲ့ကြတယ်။ ရောက်တော့ ကိုယ်ထိုင်နေကျ ခုံကလေးမှာပဲ သုံးယောက်သား ထိုင်လိုက်ကြရင်း ရောက်တတ်ရာရာ တောင်တောင်အီအီ ပြောနေမိကြတယ်။ ကိုယ်ကတော့ သူငယ်မလေး နှစ်ယောက်ကို မျှော်နေလိုက်မိတယ်။ ပေါ်လာချိန် တန်ပေတဲ့ ပေါ်မလာကြဘူး။ ကိုယ်လည်း လက်ပတ်နာရီကို အမှတ်မထင် ကြည့်မိလိုက်သေးတယ်။ ရှစ်နာရီတောင် နီးသွားပြီ။ အဲဒီတုန်း မိုးဖွဲကလေးတွေ စပြီး ကျလာတယ်။

ဒီတော့ ဖိုးစောထွန်းက သွားကြမှထင်တယ်လို့ ပြောတယ်။ တော်မီက အရင်ဆုံး ထိုင်ရာက ထတယ်။ လူသုံးယောက်၊ ထီးတစ်ချောင်းနဲ့တော့ မဖြစ်ဘူးထင်တယ်လို့ ကိုယ်က ကောက်ချက်ချလိုက်မိတယ်။ ကျောင်းဝင်းထဲဝင် မိုးခိုကြရအောင်လို့ ဖိုးစောထွန်းက အကြံပေးစကား ထွက်လာတော့ တော်မီရော ကိုယ်ပါ သူ့ကို လှမ်းကြည့်လိုက်မိတယ်။ သူ့စိတ်ထဲမှာတော့ ကိုယ်တို့ငယ်စဉ်က တက္ကသိုလ်လို ဝင်ချင်ဝင်၊ ထွက်ချင်ထွက် လုပ်လို့ရမယ် ထင်နေပုံရတယ်။ ဆရာတင်တို့ ရှိစဉ်က ပြောဖူးတဲ့ တက္ကသိုလ်ကျောင်းတိုက် ဆိုတာက ဘုန်းကြီးကျောင်းတိုက်များ လိုပဲ။ ပညာတစ်စုံတစ်ရာအတွက် ဝင်သူဝင်၊ ထွက်သူထွက်နဲ့ အတားအဆီး အပိတ်အပင် မရှိတဲ့ နေရာ။ ခုတော့ ဒီလိုမဟုတ်ဘူး။ ကောင်းတဲ့ဘက်က ရှာကြံပြောမယ် ဆိုရင်တော့ ဖိုးကို ပြောဖူးသလို ပြောရမှာပဲ။ တို့တက္ကသိုလ်ကြီးလည်း ခုခါမှ သိက္ခာရှိလာအောင် သက်ဆိုင်ရာ အာဏာပိုင်တို့က အစောင့်အကြပ် ထားပေးတာပဲလို့ ပြောရမှာ။ အီကော်နောမစ် အင်စတီကျုနဲ့ ဘွဲ့နှင်းသဘင် နောက်နားဆီမှာက လူဝင်ပေါက်တော့

ရှိတယ်။ ဒါပေတဲ့ ရဲဘော်လေးတစ်ယောက် သေနတ်ကိုင်ပြီး စောင့်နေလေရဲ့။ ကျောင်းဝင်းထဲ ရောက်ရင်တော့ဖြင့် ဖိုးစောထွန်း ပြောသလို မိုးခိုစရာက အပုံကြီးပဲ။ ဒါပေတဲ့ ဝင်ဖို့က ခက်လေမလားပဲ။ တော်မီက လာဗျာ၊ ကျွန်တော် ပြောကြည့်မယ်၊ မဟုတ်ရင် မိုးမိလို့ အအေးမိပြီး လျှောကုန်မယ်လို့ ပြောတယ်။ ပြောရဦးမယ်။ ကိုယ်တို့အခေါ်ကတော့ တော်မှီ နာမည်က ဂဲဂဲ။ အဲဒီနာမည်ကိုတော့ ဖိုးကိုက ပေးထားတာ။ လင်းဝက်ကြီးများဟာ ညကျ ပေါ်လာပြီး မိုးလည်းလင်းရော ပျောက်ကုန်ကြသတဲ့။ လင်းဝက်ကြီးတွေကို မတွေ့ရပေတဲ့ သူတို့အော်သံ 'ဂဲဂဲ'ဆိုတာကိုတော့ ကြားနေရသေးတယ်တဲ့။ ဟုတ်တော့လည်း ဟုတ်တယ်။ တော်မီက 'ဂဲဂဲ'လို့ အသံ ကျယ်ကျယ်လောင်လောင် မြည်နိုင်သေးတယ်။ ခေတ်နဲ့ စနစ်နဲ့ အံသိပ်မဝင်လှတဲ့ တော်မီခမျာ သာသာနှင်ထုတ် အလုပ်ပြုတ်ဆိုတာမျိုး ဖြစ်ခဲ့ရတာ။ ထိပ်ပိုင်းက ကြိတ်ဝိုင်းနဲ့ကဖြင့် အဆက်အသွယ်တွေ ရှိနေသေးတယ်။ တော်ရဲ့ အတားအဆီး အစစ်အဆေးရှိရင် ဟော့ ... ငါပါကွ လို့ ခေါင်းထောင်ပြလိုက်ရင် ရနိုင်တဲ့လူ။ ဒီတော့လည်း သူ့ကို ရှေ့တန်းတင်ရင်း ဘွဲ့နှင်းသဘင်ခန်းမ နောက်က တက္ကသိုလ်ထဲဝင်တဲ့ လူဝင်ပေါက်ကလေးဆီကို ချဉ်းကပ်ခဲ့ကြရတယ်။ ရဲဘော်ကလေးကို တော်မီက အကျိုးအကြောင်း ပြောပြီး "... ငါပါကွ"လို့ လုပ်လိုက်ပုံရတယ်။ အဆင်ပြေသွားတယ်။ အဲဒီတုန်း ကိုယ့်ခေါင်းထဲမှာတော့ မနက်တိုင်း လေ့သင်းဘက်ဆီက ထွက်လာတဲ့ သူငယ်မလေး နှစ်ယောက်ကိုများ မင်း သတိထားလိုက်မိသလား လို့တော့ မေးလိုက်ချင်သား။ တစ်မျိုးတစ်မည်ထင်ပြီး အထဲမဝင်ရဘူးလို့ ပြောမှာ စိုးတာနဲ့ အသာငြိမ်နေလိုက်ရတယ်။

ဘွဲ့နှင်းသဘင် ဘေးနားဆီက အရိပ်အောက်မှာ ရဲဘော်ကလေး တစ်သိုက်နဲ့ ရပ်စကားပြောနေတုန်း သူတို့အရာရှိက အန်ကယ်တို့ အကြမ်းသောက်ချင်ရင် သောက်ကြပါလားလို့ ဆိုတာနဲ့ ကိုယ်တို့လည်း မိုးတိုးမတ်တတ် ရပ်ရင်း အကြမ်းသောက်၊ စကားပြောဖြစ်သွားတယ်။ တော်မီကိုတော့ နည်းနည်း ရှိန်ကြတယ်။ ဖိုးစောထွန်းကတော့ လေကောင်း အကြောင်းစုံဆိုတဲ့ လူမျိုး။ ရှေးဖြစ်ဟောင်း နှောင်းဖြစ်တွေက သူ့မှာ တစ်ထွေးကြီး။ ကိုယ်ကတော့ ရောယိမ်းလိုက်၊ ဘာသာယိမ်းလိုက် တစ်သက်လုံး လုပ်လာတာ။ အတိတ် ပြန်နေလို့ကဖြင့် နိဗ္ဗာန်ရောက်မှာ မဟုတ်ဘူးဆိုတဲ့ မူနဲ့ အသက်ရှင်နေတာ။ ခုခါမှတော့ ပစ္စုပ္ပန်တည့်တည့်မှာ မြုပ်မသွားရဲ့ နှာခေါင်းဖော်ပြီး နွားများ ရေကူးသလို ခေါင်းတမော့မော့ လုပ်နေရတာ။ ကျောင်းဝင်းကြီးကို လှမ်းကြည့်လိုက်တော့ ငြိမ်သက် နေတာပဲ။ သွားသူလာသူ ရှိပေတဲ့ ရှင်းနေသလိုပဲ။ စောလည်း စောသေးလို့ ဖြစ်မယ်။ တို့တုန်းကတော့ ဘယ်သို့ဘယ်ပုံရယ်လို့ ဖိုးစောထွန်းက သူ့ထုံးစံအတိုင်း အတိတ်တမ်း အလွမ်းပြေ လေပြဇာတ်နဲ့ စင်တင်နေတုန်း။ ဗိုလ်မှူးကလေးက အန်ကယ်တို့ သိကောင်းသိမယ်။ ဟောဟိုက ဆရာကြီး ဦးရွှေရောင်ကတော့ ကျောင်းဖွင့်ဖွင့်၊ ပိတ်ပိတ် နေ့စဉ် မနက် ခုနစ်နာရီခွဲရင် သူ့ဌာနကို ရောက်နေတာပဲလို့ ပြောပြီး ဝိဇ္ဇာခန်းမဘက်ဆီ လက်ညှိုး ထိုးပြတယ်။ ဒီတော့မှ ကိုယ်လည်း သတိရလိုက်မိတယ်။ ကိုယ့်အစ်ကို တစ်ယောက်က ပြောပြဖူးတယ်။ ကိုရွှေရောင်ကြီးတစ်ယောက် ပင်စင် စေ့ကာမှ အဘိုးကြီးက ခိုင်းလို့

တက္ကသိုလ်မှာသွားပြီး ပါမောက္ခ လုပ်နေရပြန်တယ် ဆိုတာ။ ဒီတုန်း ဖိုးစောထွန်းက မေးတယ်။ ဘမောင် ... ငါတို့ ကိုရွှေရောင်ကြီး မဟုတ်လား၊ ဟုမ်းကနေ ရလေ့ဂျယ့်စ်အဖဲကို ပြောင်းသွားတာလေတဲ့။ ကိုယ်က သာသာပဲ ခေါင်းညိတ်ပြလိုက်မိတယ်။ တော်မီက ဝင်ပြောတယ်။ သူ့ကိုတော့ အဘိုးကြီးက တော်တော်ခင်တာတဲ့။ လာကွာ၊ မိုးခိုရင်း သွားတွေ့ကြရအောင် လို့ ဖိုးစောထွန်းက ပြောတယ်။ ကိုယ်တို့လည်း ဗိုလ်မှူးလေးနဲ့ ရဲဘော်လေး တစ်သိုက်ကို ကျေးဇူးတင်ကြောင်း ပြောပြီး ထွက်လာခါနီးမှာ ဗိုလ်မှူးကလေးက အန်ကယ်တို့၊ ဒီက ထီးတစ်ချောင်း ယူသွား၊ အဲဒီမှာပဲ ထားလိုက်။ နောက်မှ ကျွန်တော် ယူခိုင်းလိုက်မယ်လို့ ပြောပြီး ထီးတစ်ချောင်းပေးတယ်။ ကိုယ်ကတော့ မနေနိုင်တော့ဘူး။ တော်မှကိုလည်း နည်းနည်း နှိမ်ချင်တာနဲ့ လှမ်းပြောလိုက်မိတယ်။ တော်မီ ... တွေ့လား၊ မင်းတို့ခေတ်က လူတွေနဲ့ မတူတော့ဘူး။ ခုခေတ် လူငယ်တွေက လူကြီးကို လူကြီးမှန်း သိတယ်လို့။ တော်မီကတော့ ခေါင်းခါတယ်။ မင်း ... မှတ်ထား ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ပြီး ပြုံးတယ်။ ဗိုလ်မှူးကလေးနဲ့ သူ့လူတစ်သိုက်ကတော့ ပြုံးစိစိလုပ်ရင်း ကျန်ရစ်ခဲ့ကြတယ်။

မိုးဖွဲဖွဲအောက်မှာ ဝိဇ္ဇာခန်းမဘက် လျှောက်လာကြရင်း စိတ်ထဲက သူငယ်မနှစ်ယောက်ဆီ ရောက်သွားတယ်။ ဒီကနေ့မနက် ပြုံးမပြရသေးတာဟာ အကြွေးတစ်ခုလိုပဲ။ ဂွတ်မောနင်းလို့ မပြောရသေးတာကလည်း လည်ချောင်းထဲမှာ တစ်ဆို့ဆို့ ဖြစ်နေတယ်။ ခုန်ထွက်ချင်နေပုံ ရတယ်။ ကောင်းကင်မှာတော့ တိမ်တွေ ပါးစပြုလာပြီ။ မကြာခင် မိုးရပ်သွားမယ့် ပုံပဲ။ ကိုရွှေရောင်ကြီး ဌာနဆီ ရောက်တော့ အခန့်သင့်ပဲ တွေ့ရတယ်။ ဒီတော့လည်း ဟိုတုန်းကအကြောင်း၊ ရှေးဟောင်းနှောင်းဖြစ်ကလေးတွေ ပြောဖြစ် သွားကြရပြန်တယ်။ ဝမ်းသာစရာ တစ်ခုကတော့ ကိုရွှေရောင်ကြီးမှာ အဖြေတွေ အကုန်လုံးရှိတယ်။ သူကိုယ်တိုင်ကလည်း ဖလော်ဆော်ဖီတို့၊ ဆိုက်ကော်လော်ဂျီတို့၊ ဘာသာရေးတို့နဲ့ အားလုံး ထွေးလုံးရစ်ပတ်ပြီး နေတဲ့လူ။ ဒီတော့လည်း တစ်ဖက်က မဟုတ်ရင် တစ်ဖက်က လှည့်ကြည့် လို့ ရနေတယ်။ ပြဿနာတစ်ရပ်ကို ခေါင်းမီးခြုံ စောင်အုပ်ပြီး အစ မပေါ်အောင် ခဲနဲ့ဖိထားတာမျိုး လုပ်တဲ့သူ မဟုတ်ဘူး။ ပြဿနာဆိုတာက ဆက်လက်နှီးနှောစရာ။ ဒီတော့ နှီးနှောခြင်းဟာ အဖြေရဲ့ တစ်စိတ် တစ်ပိုင်းပဲ။ ကိုယ်ကတော့ သူနဲ့စကားပြောနေရင်း ကျေနပ်မှုတစ်မျိုး ရလာပြန်တယ်။ လည်ချောင်းထဲကနေ ခုန်ထွက် မသွားရသေးတဲ့ ဂွတ်မောနင်း တစ်လုံးဟာ ဆက်စဉ်းစားစရာပဲ။ ဆက်စဉ်းစားရင် သူငယ်မကလေးတွေရဲ့ မျက်နှာ မြင်လာရမှာပဲ။ ဒီတော့လည်း သူတို့ အပြုံးကလေးတွေ ပေါ်လာပြန်တယ်။ ဒါတွေ အကုန်လုံးဟာ တရားသော ဆက်စပ်မှုတွေချည်းပဲ။ ကိုရွှေရောင်ကြီး ပြောတာတွေ အားလုံးကို နားထဲ မဝင်ပေတဲ့ သိပ်သဘောကျသွားမိတဲ့ စကားတစ်လုံးကတော့ အစ်ကိုကြီးတို့ရာ၊ လောကကြီး ဆိုတာက ကိုယ်က ဖန်ဆင်းတာမှ မဟုတ်ဘဲ ဆိုတာပဲ။ ဟုတ်သားကလား။ ကိုယ်က ဖန်ဆင်းထားတာ မဟုတ်တော့လည်း လောကကြီးဟာ ကိုယ် မှန်းထားတဲ့အတိုင်း အမြဲတမ်း ဖြစ်မနေနိုင်ဘူး။ ကိုယ်တွေးကြည့်လို့ မဖြစ်တာတွေဟာ ဆက်တွေးစရာတွေချည်းပဲ။ ဆက်မတွေးဘဲ ရပ်လိုက်ပြီး ဖြစ်သမျှအကြောင်း

အကောင်းချည်းပဲလို့ တွေးတာက ခပ်ညံ့ညံ့လူတွေရဲ့ အတွေးမျိုးပဲကိုး။

ကိုယ်တို့တစ်သိုက် လေအပစ် ကောင်းနေလိုက်တာ တစ်နာရီ သာသာလောက် ကြာသွားတယ်။ တော်မီကပဲ သွားစို့လို့ ပြောတာနဲ့ ကိုယ်တို့လည်း ကိုရွှေရောင်ကြီးကို နှုတ်ဆက်ပြီး သူ့ရုံးခန်းက ထွက်လာတယ်။ အပြင်ဘက်ရောက်တော့ သူ့စာရေး မောင်ဝင်းအောင်နဲ့ တွေ့တယ်။ သူ ဒီမှာလုပ်မှန်း ကိုယ်က မသိဘူး။ မောင်ဝင်းအောင်က ဖရက်ဒီ အိမ်က မောင်ထွန်းရွှေဆီ လာနေကျ။ ညနေတိုင်း ကမာရွတ်ထဲဆီမှာ အတူ သွားသောက်နေကျ။ ကိုရွှေရောင့်အကြောင်း စကားမစပ်မိကြဘူးကိုး။ သူက ဆရာကြီး ကားမပါဘူးလားတဲ့။ တို့ လမ်းလျှောက်ထွက်လာကြတာ၊ ဒီမှာ မိုးဝင်ခိုရင်း ကိုရွှေရောင်ကို ဝင်တွေ့တာပဲလို့ ကိုယ်က ဖြေလိုက်တယ်။ မောင်ဝင်းအောင်က မိုးကောင်းကင်ကြီးကို လှမ်းကြည့်လိုက်ရင်း ခုနေတော့ နေကလေး ပြူလာပြီ၊ တိမ်တွေကတော့ ရှိသေးတယ် ဆရာကြီးရယ်။ သိပ်စိတ်မချရဘူး။ ကျွန်တော် လှမ်းပြီး ထွန်းရွှေကို ဖုန်းဆက်လိုက်ပါ့မယ်၊ ဒီကောင့်ကို ကားနဲ့ လာကြိုခိုင်းလိုက်မယ်။ ခဏလောက် စောင့်ပါလို့ ပြောတယ်။ ကောင်းသားပဲလို့ ကိုယ်က ဖြေလိုက်တယ်။ သိပ်မကြာလိုက်ဘူး။ ရုံးခန်းထဲဆီက မောင်ဝင်းအောင် ပြန်ထွက်လာပြီး ကျွန်တော် ဖုန်းဆက်လိုက်ပြီ၊ ထွန်းရွှေ လာပါလိမ့်မယ် ဆရာကြီးလို့ ပြောရင်း ပေါ်တီကို အပြင်ဘက်နားဆီကို သွားပြီး ကောင်းကင်ကြီးကို မော့ကြည့်နေတယ်။ ပြီးတော့ ကိုယ်တို့နား ပြန်လာရင်း ပြောပြန်တယ်။ နွေက နှောင်းလို့ အိုတဲ့အခါ၊ မိုးက ခုခါမှ အစ၊ နုပျိုစဆိုတော့ ဘယ်ဟာကမှ အသားမကျသေးဘူး၊ ဘာမှစိတ်မချရဘူး ဆရာကြီးရယ်၊ အံ့ချင် အံ့၊ ရွာချင်ရွာ၊ သာချင်သာပဲ၊ အို ထိန်းမရ၊ ပျို စိမ်းဆတ်ဆတ် ဆိုတာမျိုးပေါ့ ဆရာကြီးရာ၊ ဟဲ ... ဟဲ ... တဲ့။ သူကလည်း အလာသားကိုးလို့ ကိုယ်က တွေးလိုက်မိပြန်တယ်။ တံငါနားနီး တံငါ ဖြစ်နိုင်သေးရင် ဖလော်ဆော်ဖာတွေအနား နေတော့ ဖလော်ဆော်ဖာနားနီ ဖလော်ဆော်ဖာ ဆိုတာမျိုး ဖြစ်ရမှာပဲပေါ့။

ကိုရွှေရောင်ကြီးလည်း ထွက်လာပြီး ဖိုးစောထွန်းနဲ့ စကားဆက် နေတယ်။ ဖိုးစောထွန်းတို့၊ ကိုရွှေရောင်တို့ဆီမှာ အတိတ်တွေဟာ တစ်ပုံကြီးပဲ။ ကိုယ်တို့၊ တော်မီတို့ကတော့ အတိတ်တွေကို အထိုက်အလျောက် ဖြုတ်ချထားလိုက်ခဲ့ပြီ။ တော်မီ့မှာက အနာဂတ်ဆိုတာ နည်းနည်းရှိတယ်။ ကိုယ့်မှာတော့ မရှိသလောက်ပဲ။ နေ့မြင် ညပျောက်တွေ များတဲ့အရွယ်က ရောက်နှင့်နေပြီကိုး။ မနက်တိုင်း လှေသင်းဘက်ဆီမှာ တွေ့ရတဲ့ သူငယ်မကလေးတွေလိုပဲ။ ဒီကနေ့တော့ မတွေ့ရတော့ဘူး။ မတွေ့ရပေတဲ့ တွေးနေရသေးတယ်။ မနက်ဖြန်ဆီကျရင် တွေ့ကောင်း တွေ့လေမလားဘဲ။ တွေ့တော့ကော ...။ တွေ့ရင် ပြုံးပြရမှာပဲ။ အပြုံးက အဲဒီနေရာ၊ အဲဒီဝန်းကျင်မှာ တည်နေတဲ့အရာ တစ်စုံတစ်ရာပဲ။ ကိုယ့်ဆီမှာ မရှိသလို သူတို့ဆီမှာလည်း ရှိမှာ မဟုတ်ဘူး။ မနက်ဖြန်မှာ တွေ့လို့ ပြောရမယ့် ဂွတ်မောနင်းက ဒီကနေ့မနက်က မွေးဖွားခွင့်မရခဲ့တဲ့ ဂွတ်မောနင်းမျိုး၊ အသက်မရှိခဲ့တဲ့ ဂွတ်မောနင်းမျိုး၊ လည်ချောင်းထဲက ခုန်ထွက်လာခွင့် မရခဲ့တဲ့ ဂွတ်မောနင်းမျိုး မဟုတ်ဘူး။ မနက်ဖြန်အတွက် ဂွတ်မောနင်းက

တကယ်တော့ ရောက်မလာသေးဘူး။ ရှိမနေနိုင်သေးဘူး။ ကိုယ်တို့ ငယ်စဉ်ကတော့ ပြုံးတယ်ဆိုတာ ကိုယ်က ပြုံးတာလို့ ထင်ခဲ့ကြဖူးတယ်။ တကယ်တော့ ပြုံးတာ၊ ရယ်တာပဲ ဖြစ်ဖြစ်၊ ဝမ်းနည်းတာ၊ ငိုတာပဲ ဖြစ်ဖြစ် ဒါတွေဟာ ရုပ်ဝန်းတစ်ခုထဲမှာ၊ နေရာတစ်ခုခုထဲမှာပဲ ဖြစ်နေတာ။ အမြဲတမ်း ရှိနေတာတွေ မဟုတ်ဘူး။ အပြုံးဆိုတာတွေဟာ ဘယ်တုန်းကမှ ရုပ်တန့်နေတာ မဟုတ်ဘူး။ အငိုတွေဟာ ဘယ်တုန်းကမှ ပြီးမသွားဘူး။ ခုနေတော့ ကိုယ့်ဆီမှာ ပြုံးစရာတွေက ရှိနေဦးမှာ။ ဖြစ်လာဖို့က ဝန်းကျင်လိုတယ်။ အငိုတို့ အပြုံးတို့ ဆိုတာတွေက နွေ မိုး ဆောင်းလို၊ နုပျိုခြင်းတို့၊ အိုမင်းခြင်းတို့လို သီးခြား ရုပ်ဝန်းထဲက သီးခြား အကြောင်းအရာတွေပဲ။ ဖြစ်နေခြင်း ဆိုတာတွေဟာ တိမ်တွေလိုပဲ။ 'သည်'နဲ့ '၏' နဲ့ ဆုံးပစ်လိုက်လို့ မရဘူး။ ရွေ့နေမှာပဲ။ မတော် မနက်ဖြန် မနက်မှာများ သူငယ်မကလေးတွေနဲ့ တွေ့လိုက်ရရင် ကိုယ့်ဆီမှာ အပြုံးတွေ ဖြစ်လာမှာ။ တားထားလို့ရမှာ မဟုတ်ဘူး။ မနက်ဖြန်မနက်နဲ့ လိုက်လျောညီထွေ ဖြစ်တဲ့ ဂွတ်မောနင်းတစ်ခု ပေါ်လာဦးမှာ။ ကျေနပ်မှုတစ်ခုခုပါ ဖြစ်လာဦးမှာပဲ။ မနက်ဖြန်အတွက် ကျေနပ်မှုဟာ ခုနေ မရှိနိုင်ဘူး။ ခုနေတော့ ကိုရွှေရောင်ကြီးရဲ့ မဆုံးနိုင်အောင် ချာချာလည်နေတဲ့ သံသရာဆိုတာကြီးပဲ ကိုယ်တို့အနားမှာ ရှိနေတယ်။ အဲဒီ သံသရာကြီးထဲမှာ သူငယ်မကလေးတွေရဲ့ အပြုံးတွေဟာ တစ်ချက်တစ်ချက် ပေါ်လာနေတယ်။

ခဏကြာတော့ မောင်ထွန်းရွှေ ရောက်လာတယ်။ ကိုယ်တို့လည်း ကိုရွှေရောင်တို့ ဆရာတပည့်ကို နှုတ်ဆက်ပြီး ကားပေါ် တက်လိုက်ကြတယ်။ ထုံးစံအတိုင်း ကိုယ်က ရှေ့ခန်းမှာ ဝင်ထိုင်လိုက်တယ်။ မောင်ထွန်းရွှေက ကိုယ့်ကိုကြည့်ပြီး တစ်ခုခု ပြောမယ်လို့ ဟန်ပြင်တယ်။ သူက စကားပြောရင် ကျွန်တော် မပြောဘူးလား ဆိုတဲ့ စကားအခံလေးနဲ့ စတတ်တယ်။ သူ့စကားကို 'သည်' နဲ့ '၏' နဲ့ ဆုံးမပစ်ဘူး။ ဘာကို ဆိုလိုမှန်းတော့ ကိုယ်လည်း သိပ်သဘောမပေါက်လှဘူး။ တစ်ခါတလေ ဘာမှလည်း ဆက်မပြောဘူး။ မောင်ထွန်းရွှေက ပြောမယ့်ဟန် ပြင်ပေတဲ့ အတော်ကြာအောင် ဘာမှမပြောသေးဘူး။ ကိုယ်ကတော့ နားစွင့်နေမိတယ်။ တက္ကသိုလ်ဆေးရုံ ဘက်နားဆီ အရောက်မှာ မောင်ထွန်းရွှေက ကားမောင်းနေရာက ကိုယ့်ဘက် တစ်ချက်ကလေး လှမ်းကြည့်လိုက်ရင်း ပြောတယ်။ ကျွန်တော် မပြောဘူးလားတဲ့။ ဒီ့နောက် ဘာမှတော့ ဆက်မပြောဘူး။

■

ငယ်ကျွမ်း စဉ်းစားလေ ...

ပြောမယ်ဆိုရင်တော့ ကံဆုံတယ်လို့ပဲ ပြောကြမှာ။ ကိုယ်ကတော့ အဲဒီလို မထင်ဘူး။ တိုက်ဆိုင်မှု တစ်ခုခုပဲလို့ ထင်တာပဲ။ အဲဒီလို ပြောပြန်ရင် ဖိုးစောထွန်းက မေးပြန်တယ်။ ဘမောင် ... မင်းဟာက ဘာတိုက်ဆိုင်တာတုံးတဲ့။ ကိုယ်ကလည်း သိပ်တော့ မရှင်းတတ်ဘူး။ တချို့ ကိစ္စတွေက ရှင်းပြလို့ မရဘူး။ ရှင်းခါမှ ရှုပ်သွားတတ်သေးတယ်။ ဒီတော့ ခင်ဗျားဟာခင်ဗျား ထင်ချင်တာထင်ဗျာလို့ပဲ ပြန်ပြောထည့်လိုက်မိတယ်။ ကိုယ်ပြောချင်တာက ဖြစ်လာတဲ့အကြောင်းတွေက ဆုံစည်းသွားတတ်တဲ့ သဘော ရှိတာပဲ။ ဒီလို ဆုံစည်းသွားတိုင်း ကံကြောင့်၊ ဘာကြောင့်လို့ ပြောလို့ရမယ် မထင်ဘူး။ ဖိုးစောထွန်းကတော့ ပြောလေ့ ရှိတယ်။ ဘမောင်ရာ ... မင်းက ဘုရားမရှိ၊ တရားမရှိနဲ့ ဆိုတော့ ကံတို့၊ ဘာတို့ ဘယ်လက်ခံမလဲလို့ ပြောတတ်တယ်။ ဒီကိစ္စက ဘုရားတို့၊ တရားတို့ကို ဆွဲထည့်စရာ မရှိဘူးလို့ ထင်တယ်။ မှော်ဝါဒတို့၊ ဘာတို့နဲ့လည်း မဆိုင်ဘူး။ ကိုယ် ဆိုလိုတာက နေရာတကာ ကံဆိုတာကို အတင်း ဓားစာခံ မလုပ်ကြတာအပေါ် ဘဝင်မကျနိုင်တာ။

အခု အကြောင်းပေါင်းစုံသွားတယ် ဆိုတာက ဒီလို။ ယောဂီဝတ်ပြီး ချောင်မှာ သွားနေနေတဲ့ အိမ်က ကျောင်းအစ်မကြီးကို သားအကြီးကောင်က လမ်းကြုံတာနဲ့ ဝင်သွားပြီး တွေ့တယ်။ သူ့အမေ နည်းနည်း ချူချာတယ်ဆိုပြီး ကိုယ့်ဆီ ဖုန်းဆက်ပြောရင်း အိမ်မှာ တစ်လ၊ နှစ်လ တန်သည် ပြန်နေခိုင်းပါလားလို့ ပြောတော့ မင်းအမေကို မေး၊ လာနေချင်သပဲ ဆိုရင် ငါ သွားခေါ်မယ်၊ ဘာမှ အပန်းမကြီးဘူးလို့ ပြောလိုက်တယ်။ သူက သူ့အမေကို မေးတယ်။ ဒီတော့ လကုန်ပိုင်းလောက် လာခေါ်လှည့်ချေလို့ ပြောသတဲ့။ ဒီအကြောင်းကို တစ်နေ့ဆီကတော့ ဂေါက်သီးရိုက် အပြီးမှာ ဖိုးစောထွန်းကို ပြောပြလိုက်တယ်။ ဖိုးစောထွန်းက နောက်တစ်နေ့မှာ စက်ပိုင် ကိုအောင်ခင်ကို ပြောလိုက်တယ်။ ဒီတော့ ကိုအောင်ခင်က အတော်ပဲ၊ ကျွန်တော်လည်း အဲဒီဘက် ဆင်းစရာ ရှိနေတာနဲ့၊ ဒီတော့ ကျွန်တော်တို့ စောစော သွားကြတာပေါ့။ ကျွန်တော့်ကိစ္စ ရှိရာကလေး သွားရင်း ဟိုနား ဒီနား သွား၊ မန္တလေးက ကျွန်တော့် နှမအိမ်မှာ နေပြီး အဲဒီမှာ ဂေါက်ကလေး ဘာလေး ရိုက်ပေါ့ဗျာလို့ ပြောသတဲ့။ ဖိုးစောထွန်းက ကိုအောင်ခင် ပြောတာကို သဘောကျလို့ ဖုန်းဆက်ပြီး ပြောတယ်။ ကိုယ့်အဖို့ကတော့ တိုင်းရက်တဲ့ ကမ္ဗလာ။ မလုံလို့၊ မိုးရွာခါမှ ထီးဆောင်းတာက တစ်ပိုင်း။ ဒါနဲ့ပဲ ကိုယ်တို့ သုံးယောက်သား မန္တလေးကို ဆင်းဖြစ် သွားကြတယ်။

တစ်မနက်တော့ ကိုအောင်ခင်က ခင်ဗျားတို့ သုံးချင်ရာ သုံးရ အောင် ဂျစ်ကားတစ်စီး ယူထားဆိုပြီး တည်းတဲ့အိမ်ကို ကားတစ်စီး ယူလာတယ်။ ကားမောင်းတဲ့လူလည်း ပါတယ်။ ဒီတော့ ဖိုးစောထွန်းက ဟန်သွားပဲလို့ ပြောပြီး

တို့နေခဲ့ဖူးတဲ့ဘက်တွေဆီ သွားရအောင်လို့ ပြောတယ်။ ကိုယ်ကတော့ ဘာငြင်းနေစရာ ရှိတာမှတ်လို့။ နေ့တိုင်းဟာ နေ့အသစ်ချည်းပဲ။ မနက်တိုင်း မိုးလင်းလို့ အိမ်သာတက်တယ်၊ မျက်နှာသစ်တယ်၊ မနက်စာ စားနေသေးတယ်ဆိုရင် ကိုယ်ခန္ဓာနဲ့ အသက်နဲ့ တွဲနေသေးသမို့ တစ်နေ့တော့ဖြင့် နေရဦးမယ်လို့ပဲ မှတ်တော့တယ်။ ဒီအရွယ်က ဒါပဲ မဟုတ်လား။ ဒါနဲ့ပဲ ကိုယ်တို့ နှစ်ယောက်သား ကိုအောင်ခင် ဒါနပြုထားတဲ့ ကားကလေးနဲ့ လျှောက်သွားကြတယ်။ ပင်စင် ယူထားတာတောင် အတော်ကလေး ကြာနေမှဆိုတော့ သိပ်မမှတ်မိတော့ဘူး။ ဒါပေတဲ့ နေ့ခင်း ထမင်းစားပြီးတော့ ဆိုင်က အထွက်မှာ ခေါင်းထဲကို မမျှော်လင့်ဘဲ သူဌေး ဦးဘိုးသင်း တည်ခဲ့တဲ့ ဘုန်းကြီးကျောင်းကြီး ရောက်လာတယ်။ ကားမောင်းတဲ့ သူငယ်ကို ကိုယ်ကပဲ မင်း ဒီအနီး အနားမှာ သူဌေး ဦးဘိုးသင်း တည်ခဲ့တဲ့ ဘုန်းကြီးကျောင်းကြီးများ သိသလား ဆိုတော့ သူက အဲဒီ အရပ်သား။ ဒါနဲ့ပဲ အဲဒီ ဘုန်းကြီးကျောင်းကြီးဆီ ထွက်ခဲ့ကြတယ်။ ဖိုးစောထွန်းက မင်းက ဘာလို့ အဲဒီ သွားချင်ရတာတုံးလို့ မေးသေးတယ်။ ဘာရယ် မဟုတ်ဘူး။ ဒီတစ်ကြောမှာ ကိုယ် မှတ်မိတော့တာက ဒါတစ်ခုပဲ ရှိတော့တာကိုး။ ဟိုစဉ်ကတော့ ဒီတစ်ကြောမှာ သူဌေး ဦးဘိုးသင်း ကျောင်းက အထင်ကရပဲ။ လည်ပေါ် သုံးထပ်နဲ့ အုတ်ရိုးကာထားတာ။ နည်းတဲ့ကျောင်းကြီး မဟုတ်ဘူး။ ပြဿနာတစ်ခုက သူခိုးသူဝှက်တွေက ကျောင်းဝင်းထဲ ဝင်ပြီး ပုန်းနေတတ်တာပဲ။ ဒီအခါမျိုးကျရင် ကိုယ်ကပဲ တိုက်အုပ်နဲ့တွေ့ပြီး ဝင်ပြီး ရှာဖွေခွင့်ရအောင် အတော်လျှောက်ရတာ။ ဟိုစဉ်ကတော့ ဘုန်းကြီးကို သွားပြီး ကျုပ်မှာ ဝရမ်းပါတယ်လို့မှ မလျှောက်ရဲဘဲ။ ပြောမယ်ဆိုရင်တော့ ကိုယ်လည်း ဒီဘက်ဆီရောက်မှ ဘုန်းကြီးရဟန်းနဲ့ အတော်ဆက်ဆံရဖူးတာ။

သူဌေး ဦးဘိုးသင်းကျောင်း ရောက်တော့ လက်ရှိ ဆရာတော်နဲ့ တိုက်အုပ်ကို ဝင်တွေ့တယ်။ အာလာပသလ္လာပ ပြောပြီးတာနဲ့ ကျောင်းဝင်း အပြင်ဘက်ဆီ လျှောက်ကြည့်ကြတယ်။ တာလမ်းဘက်ဆီကနေ ကျောင်းဆီကို ဦးတိုက် ဝင်လာတဲ့ဘက်က အုတ်စည်းရိုးနားရောက်တော့ ဖိုးစောထွန်းက ရယ်တယ်။ ပြီးတော့ ဘမောင် ... မင်း မှတ်မိသေးလားလို့ မေးကရော။ ဘာကို မှတ်မိရမှာတုံးလို့ ချက်ချင်းပဲ ကိုယ်က ဖြေလိုက်မိတယ်။ ဟောဒီ အုတ်ရိုးမှာလေကွာ ... လို့ သူက ပြောတယ်။ ကိုယ့် ခေါင်းထဲမှာတော့ ဘုန်းကြီးကျောင်း အုတ်ရိုးနဲ့ပတ်သက်လို့ ကြီးကြီးမားမား စွဲထင်နေခဲ့တာ မရှိဘူး။ ဒီအုတ်ရိုးက ခင်ဗျား လျှူထားတယ် ထင်လို့လားလို့ သူ့ကို ပြန်မေးလိုက်မိတယ်။ ဆရာဝန် ကိုထွန်းဝင်းလေကွာ ... လို့ ပြောပြီး သူက ရပ်နေတယ်။ အဲဒီတော့မှ ပြွန်းခနဲ ခေါင်းထဲကို ဆရာဝန် ကိုထွန်းဝင်း အကြောင်း ဝင်လာတယ်။ ကျောင်းဆရာမ မခင်ဆင့်၊ အဲဒီနောက် အုတ်ရိုးပေါ်က စာ။ ဒီတော့မှပဲ ကိုယ်လည်း မဆင်မခြင်နဲ့ ရယ်ချလိုက်မိတယ်။ ကိုယ်တို့နဲ့ ပါလာတဲ့ ဦးပဥ္စင်းကလေး ကတောင် လန့်သွားပုံရတယ်။ ဖိုးစောထွန်းကလည်း ရယ်ချလိုက်တယ်။ ဘာတဲ့ ... လို့ အစချီတယ်။ ပြီးတော့မှ မိုးကညို၊ လေကတိုး၊ ဆရာဝန် မိန်းမ ခိုးတယ်၊ မိန်းမလျှာနဲ့ တိုး ဆိုပြီး သူက ရွတ်တယ်။ ကိုယ်ကတော့ ဆက်ပြီး ရယ်နေရင်း ကိုယ့်ဘာသာ အရှိန်သတ်လိုက်ရတယ်။ တကယ်တော့ အဲဒီလို မရယ်သင့်လှဘူး။ အခု ရယ်တာကလည်း ဟိုတုန်းက

အကြောင်းတွေကို တွေးမိလိုက်လို့ပါ။

ဒီလို ...။ ကိုထွန်းဝင်းက မြို့နယ်ဆရာဝန်အဖြစ်နဲ့ ပြောင်းလာ တယ်။ လူက လူကောင်း။ ကိုယ်တို့ထက် ငယ်တယ်။ ဘီယာကို လင်မနစ်နဲ့ရောပြီး ရှန်ဒီလုပ်သောက်ရင် တစ်ဖန်ခွက် မကုန်ဘူး။ မူးကရော။ ဖိုးစောထွန်းတို့၊ တိုင်းဆေးရုံက သူ့ဆရာ ဆရာဝန်ကြီးတို့ကတော့ ပြောလေ့ရှိတယ်။ ထွန်းဝင်းလိုကောင်မျိုး များများရှိရင် မန္တလေးဘီယာနဲ့ အရက်ချက်စက်ရုံ ပိတ်ပစ်လိုက်ရတာ ကြာလှပေါ့တဲ့။ သို့ပေတဲ့ သူက ဂစ်တာတော့ အတီးကောင်း။ ကိုယ်တို့တစ်တွေ စုပြီး စားကြသောက်ကြလို့ အရှိန်ရလာတဲ့အခါ သီချင်းလေး ဘာလေး ဆိုချင်ကြရင် သူ့ကို အတီး ခိုင်းကြရတယ်။ ကိုယ်တို့ဝိုင်းမှာ ရာဇဝတ်အုပ်ကြီးကများဆိုရင် ကိုထွန်းဝင်း၊ ခင်ဗျား မတော်မတည့် လုပ်စရာများရှိရင် ကျုပ်ကို အရင်အကြောင်းကြားထား၊ ကျုပ်ဟာကျုပ် ကြည့်လုပ်ပေးမယ်လို့ နောက်လေ့ရှိတယ်။ အဲဒီ မတော်မတည့်ကိစ္စက တစ်နေ့တော့ ဖြစ်လာပါရော။ ပြောမယ့်သာ ပြောရတယ်။ ဒီကိစ္စက မတော်မတည့်ကိစ္စရယ်လို့တော့လည်း မပြောသင့်ဘူး ထင်တယ်။ တကယ်တော့ ဖြစ်ရိုးဖြစ်စဉ်ပဲ။ အဲဒီ ဖြစ်ရိုးဖြစ်စဉ်ထဲမှာ နည်းနည်းကလေး ထူးခြားတယ်လို့ပဲ ပြောမှ ကောင်းလိမ့်မယ်။

ကိုထွန်းဝင်းတစ်ယောက် မြို့နယ်ဆရာဝန် အဖြစ်နဲ့ ပြောင်းလာပြီး အထက်တန်းကျောင်းကို မခင်ဆင့်တစ်ယောက် ဒုတိယကျောင်းအုပ် အဖြစ်နဲ့ ပြောင်းလာတယ်။ ဖြူဖြူသွယ်သွယ်၊ မြင့်မြင့်။ ရွှေဘိုဘက်ဆီကလို့ ပြောတယ်။ အဲဒီဘက်ကဆိုတော့ ပေါ်တူဂီဆက်တွေ ဘာတွေ ဖြစ်ချင် ဖြစ်နေမှာ။ တစ်ခုပဲ။ အချောကြီး မဟုတ်ပေတဲ့လည်း ခန့်တယ်။ ဣန္ဒြေ ရတယ်။ အသံက နည်းနည်းအောတယ်။ ရုပ်နဲ့ အသံနဲ့ သိပ်မလိုက်ဘူး။ ဒါပေတဲ့ဗျာ ... မခင်ဆင့် ရောက်ပြီး မကြာခင် ကိုယ်တို့ဆီက လူပျို အရာရှိငယ်တွေ အတော်ကို ဝိုင်းပြီး ပိုးကြသေးတာ။ ကိုယ့်ဆီတော့ ရုံးကိစ္စနဲ့ လာရင်း ဝင်တွေ့လို့ ရင်းနှီးသွားတယ်။ အိမ်က ကျောင်းအစ်မကလည်း ကျောင်းဆရာမကနေ လာတာဆိုတော့ သူတို့ချင်းလည်း ခင်သွားတယ်။ မခင်ဆင့် လာရင် တောစာကလေးတွေ ဝယ်လာပြီး လက်ဆောင်ပေးတယ်။ ကျောင်းအစ်မကိုတော့ သူက ‘မမ’လို့ ခေါ်လေ့ရှိတယ်။ ကိုယ်တို့ အိမ်မှာတင်ပဲ ကိုထွန်းဝင်းနဲ့ တွေ့ကြ၊ သိကြတာ။ နောက်တော့ သူတို့နှစ်ယောက် အတွဲများတယ်။ ကိုထွန်းဝင်းတောင် ကိုယ်တို့ဝိုင်းမှာ ဂစ်တာ လာတီးမပေးနိုင်တာတွေ များလာတယ်။ ဒါကတော့ ခုနကပြောတဲ့ ဖြစ်ရိုးဖြစ်စဉ်ကိုး။ တစ်နေ့တော့ အိမ်က ကျောင်းအစ်မက ကိုယ့်ကိုပြောတယ်။ မခင်ဆင့်ဟာ မိန်းမတစ်ယောက်အနေနဲ့ အတော် ကြည့်ကောင်းတယ်၊ အတော် ဣန္ဒြေရတယ်။ ဒါပေတဲ့ ဘာလိုနေမှန်း မသိဘူးတဲ့။ တစ်ခုခု လိုနေသလိုပဲတဲ့။ ကိုယ်ကတော့ အဲဒီလောက်အထိ မသိဘူး။ ကိုယ့်ရုံး လာခါမှ ကိုယ်နဲ့တွေ့တာ။ တစ်ခါတလေ သူတို့ ကျောင်းအုပ်နဲ့တွေ့ဖို့ ကျောင်းဘက်ရောက်ခါမှ မိုးတိုးမတ်တတ် တွေ့တာလောက်ပဲ ရှိတာကိုး၊ ကိုယ်ကိုယ်တိုင်ကလည်း ကိုယ့်အိမ်က တစ်သက်လုံး ပေါင်းလာတဲ့ မိန်းမတောင် လိုအပ်တာတွေ အပြည့်ပါ၊ မပါ ဆိုတာ တစ်ခါမှ

စစ်ဆေး မကြည့်ဖူးဘဲ။ ဒီကိစ္စကို မေ့မေ့ပျောက်ပျောက်ပဲ သဘောထားလိုက်တယ်။ တစ်ညနေ ကိုယ်တို့အိမ်မှာ အရာရှိတွေ ဆုံကြတယ်။ စိုက်ပျိုးရေး ဘက်က ကိုလှမောင်က သူ့တပည့်တပန်းတွေက ပသလိုက်တဲ့ ဝီစကီ နှစ်လုံးနဲ့ ဝင်လာရာက လူစုဖြစ်သွားကြတာပဲ။ ထုံးစံအတိုင်း အရှိန်ကလေး ရလာတော့ ဖိုးစောထွန်းက ထွန်းဝင်းတစ်ယောက် မပါတာ နာသကွာလို့ ပြောတယ်။ သူက အရှိန်ကလေးရလာရင် အို မိုင်ဒါလင် ကလင်မင်တိုင်းကို ဟစ်ချင်တာ။ ခင်ဗျားတို့ မျှော်မနေနဲ့တော့၊ ထွန်းဝင်း တစ်ယောက် ကျောင်းဆရာမနောက် ပါသွားပြီလို့ တစ်ယောက်က ဝင်ပြော တယ်။ ဒီတော့ ရာဇဝတ်အုပ်ကြီးက မလှမ်းမကမ်းမှာ ရှိနေတဲ့ ကျောင်းအစ်မကြီးကို လှမ်းခေါ်တယ်။ အစ်မကြီး၊ ဒီကို ကြွစမ်းပါဦးတဲ့။ ပြီးတော့မှ အစ်မကြီး၊ မခင်ဆင့်ကို ဘယ်လိုမြင်သလဲတဲ့။ ဒီတော့ ကျောင်းအစ်မက ရှင် သူများ သားသမီးအကြောင်း ဘာများ မတော်မတည့် ပြောဦးမလို့တုံးလို့ ပြန်မေးတယ်။ မပြောပါဘူးဗျာ၊ ကျွန်တော်က အစ်မကြီးကများ မခင်ဆင့်ကို မိန်းမချင်း ဘယ်လိုများ မြင်သလဲလို့ သိချင်လို့ပါ လို့ သူက ထပ်ပြောတယ်။ ဒီတော့ ကျွန်မအနေနဲ့တော့ မခင်ဆင့်ဟာ ကြည့်ကောင်းတယ်၊ စိတ်ရင်းကောင်းတယ်လို့ပဲ မြင်တယ်လို့ ကျောင်းအစ်မကြီးက ဖြေတယ်။ ဒါပဲလားလို့ ရာဇဝတ်အုပ်ကြီးက မေးပြန်တယ်။ ဒါပဲလို့ ကျောင်းအစ်မကြီးက ပြန်ဖြေတော့ ရာဇဝတ်အုပ်ကြီးက ကျွန်တော် ကြားတာကလေး ပြောမယ်နော်၊ ကျွန်တော်လည်း ကိုင်တိုင်ကိုယ်ကျ သိတာတော့ မဟုတ်ဘူး။ အကြားပဲလို့ ပြောပြီး ဆက်မပြောဘဲ ရပ်နေတယ်။ ကျောင်းအစ်မ အပါအဝင် ကိုယ်တို့ အားလုံးလည်း သူ ဘာများ ဆက်ပြောမလဲလို့ စောင့်နေမိကြတယ်။ ဒီတော့ ရာဇဝတ်အုပ်ကြီးက ပြောတယ်။ မခင်ဆင့်က မိန်းမအစစ် မဟုတ်ဘူးတဲ့ဗျ တဲ့။ ဒီတော့ ကျောင်းအစ်မက ခပ်လွယ်လွယ် သဘောပေါက်ပုံ မရဘူး။ မိန်းမအစစ် မဟုတ်တော့ မိန်းမအတု ရှိသလားလို့ မေးလိုက်တော့ အားလုံးက ရယ်ကြတယ်။ နောက်တော့မှ သဘောပေါက်သွားပြီး ဩော် ... ဩော် ... လို့ပဲ သူ့ဘာသာ ဆက်ပြောနေတယ်။

အဲဒီတုန်းက ဖိုးစောထွန်းက ရာဇဝတ်အုပ်ကြီးကို မေးသေးတယ်။ ဟေ့လူ ... ခင်ဗျားကို စကော့တလန်ယာ့ဒ်က ပို့လိုက်တဲ့ ထောက်လှမ်းရေးနည်း စာအုပ်အရ ခင်ဗျားက ပြောတာလားတဲ့။ ကျွန်တော်လည်း အကြားပဲလို့ သူက ပြန်ပြောတယ်။ ဒီတော့မှ အိမ်က ကျောင်းအစ်မက တစ်ခါက သူ ပြောပြဖူးတာကလေး ထုတ်ပြောတယ်။ ပြောပြီးတော့ ရှင်တို့နော် ... သူများသားသမီးကို နာမည်ပျက်အောင် သွားပုပ်လေလွင့်တော့ လျှောက်ပြောမနေကြနဲ့ဦးလို့ သတိပေးလို့ ဖိုးစောထွန်းကတောင် ဝင်ပြီး ထောက်ခံရင်း သတိပေးတယ်။ ကိုယ်တို့အထဲမှာတော့ သူက စီနီယာ။ အသက်လည်း အကြီးဆုံးဆိုတော့ သူ ပြောတာကို နားထောင်ကြရတယ်။ အဲဒီနောက်တော့ အရပ်ထဲမှာတောင် သတင်းသန့်သန့် ထွက်လာတယ်လို့ လက်နှိပ်စက်စာရေး မောင်လှအေးတို့ဆီက ကြားရပြန်တယ်။ လိုရင်း ပြောရရင် နောက်ဆုံးတော့ ဆရာဝန် ကိုစောထွန်းတစ်ယောက် မြို့နယ်ပြောင်းရာမှာ မခင်ဆင့်ကို သုတ်ပြေးသွားတော့တာပဲ။ မခင်ဆင့်က တစ်ခါတည်း ထွက်စာတင်ခဲ့သတဲ့။ ဒါကလည်း

ကိုယ့်ဆီ ပညာအုပ် ရောက်လာပြီး ကျွန်တော့် ကျောင်းဆရာမကောင်း တစ်ယောက်တော့ ပါသွားပြီလို့ ပြောခါမှ သိရတာ။ ကိုယ်ကပဲ ကိုယ်တို့ ကြားတာကလေး ပြောပြတော့ သူက အံ့အားတောင် သင့်နေသေးတယ်။ သူ ဘာမှမသိလိုက်ရဘူးတဲ့။ ခင်ဗျားက ပညာအုပ်ပဲ၊ မသိဘူးလား ... ဆိုတော့ သူက အစ်ကိုရာ ... အတွင်းပစ္စည်းနဲ့ ပတ်သက်လို့တော့ ပညာအုပ်လည်း ဘာများ သိနိုင်တာမှတ်လို့ လို့ ပြန်ပြောတယ်။

အယ် ... သူ့ဌေး ဦးဘိုးသင်း ကျောင်းက အုတ်နံရံကိစ္စက ဒီလို။ ကိုထွန်းဝင်းက မခင်ဆင့်ကို သုတ်ပြေးသွားတယ် ဆိုတာရဲ့နောက် သိပ် မကြာခင် အဲဒီ အုတ်နံရံပေါ်မှာ ခုနကပြောခဲ့တဲ့ စာချိုးကလေးကို တစ်ယောက်ယောက်က ရေးသွားတယ်။ ဖတ်တဲ့သူတွေကတော့ ခွိခွိပေါ့။ ရေးတာကလည်း ရေနံချေးလိုဟာမျိုးကို အဝတ်နဲ့တို့ပြီး ရေးထားတာ ဆိုတော့ အတော်ကြီးကြီးပဲ။ ပထမတော့ တိုက်အုပ်ဘုန်းကြီးက အပေါ်က ထုံးသုတ်တယ်။ လွယ်လွယ်နဲ့ မပျောက်ဘူး။ ဒီတော့ တိုက်အုပ်က သူ့ ဒကာ တပ်ရေးတစ်ယောက်ကို ပြောတယ်။ တပ်ရေးက တပ်မှူးဆီ ရောက်တယ်။ တပ်မှူးက ဖိုးစောထွန်း။ ဖိုးစောထွန်းဆီကနေ ကိုယ့်ဆီကို ရောက်လာတော့တယ်။ တစ်နေ့တော့ ဖိုးစောထွန်းနဲ့ ကိုယ်လည်း အဲဒီကျောင်းဆီ သွားရတော့တာပဲ။ ဖိုးစောထွန်းက ဘာမှ မလုပ်တတ်။ ဒီတော့ ဘမောင်ကြီး ... ဘယ်လိုလုပ်မတုံးလို့ ကိုယ့်ကို မေးတယ်။ ထုံးသုတ်လို့မှ မရရင် တစ်ခုပဲ ရှိတော့တာပဲ။ အပေါ်က အင်္ဂတေကို ခွာချပြီး အင်္ဂတေ အသစ်ကိုင်ပြီး ထုံးပြန်သုတ်ခိုင်းပေါ့လို့ ကိုယ်က ဖြေတာကို ဖိုးစောထွန်းရော တိုက်အုပ်ပါ သဘောကျကြတယ်။ ကိုယ်တော် ... တပ်ထဲမှာ အဆောက်အအုံ အသစ်တွေ ဆောက်နေတယ်။ ဘိလပ်မြေ နှစ်အိတ်လောက် သွားအလှူခံပြီး လုပ်လိုက်ချေလို့ အစအဆုံး လမ်းပြ ပေးလိုက်တယ်။ အဲဒီတုန်းက ဖိုးစောထွန်းကိုတော့ တစ်ခု ပြောလိုက်ဖူးသေးတယ်။ အုတ်နံရံကတော့ အသစ်ဖြစ်သွားမယ်၊ ဘာစာမှ မမြင်ရတော့ဘူး။ ဒါပေတဲ့ အရင်တုန်းက ဒီအုတ်နံရံပေါ်မှာ ရှိခဲ့တဲ့ စာကို ဖတ်ဖူးတဲ့လူတွေ အနေနဲ့ကတော့ အဲဒီစာတွေကို မမြင်ရတော့တဲ့တိုင် သိတော့ နေကြမှာပဲလို့။ ဒီတော့ ဖိုးစောထွန်းက ပြောတယ်။ မင်းလောက် ရှည်ရှည်ဝေးဝေး ငါ မတွေးဘူးတဲ့။ အဲဒီနောက်တော့ မခင်ဆင့်အကြောင်းကို ရေဦး၊ ခင်ဦး ဘက်ဆီမှာ လုပ်လာတဲ့ အရာရှိငယ် တစ်ယောက်ဆီက ကြားရတယ်။ သူကတော့ မခင်ဆင့်အမျိုးတွေနဲ့ပါ သိတော့ ကိုယ်တို့ ကြားရတာတွေဟာ အမှန်ပဲလို့ အတည်ပြုတယ်။

အဲဒီကျောင်းကြီးကို ကြည့်ပြီး ပြန်အလာမှာ ဖိုးစောထွန်းက ပြောတယ်။ ထွန်းဝင်းတို့ လင်မယား ... လို့ စကားစလိုက်ပြီး ရပ်နေလို့ ကိုယ်ကပဲ လင်မယား လင်မယားပဲပေါ့ဗျာ၊ ပြောစမ်းပါလို့ စကား ထောက်လိုက်ရသေးတယ်။ အေး ... သူတို့လင်မယား တို့ဆီ လာကြလိမ့်မယ်လို့ ဖိုးစောထွန်းက ပြောတော့ ဘာလုပ်ရအောင်လဲလို့ မေးလိုက်မိတယ်။ အလည်နေမှာပေါ့ကွာ၊ ငါလည်း ဘယ်သိပ့်မလဲ။ တို့ ထွက်မလာခင် ကလပ်မှာ ဂျူးမောင်မောင်နဲ့ ငါ တွေ့တော့ သူတို့ လာမယ့် အကြောင်း

ပြောတယ်။ ဂျူးမောင်မောင်နဲ့ မခင်ဆင့်က အမျိုးတော်တယ်။ ထွန်းဝင်းက ဆေးရုံအုပ်ကြီးကနေ ပင်စင်ယူလိုက်ပြီလို့ ပြောတယ်။ သူ့ အိမ်မှာပဲ တည်းကြလိမ့်မယ်လို့ ဖိုးစောထွန်းက ပြောတယ်။ ဒီလိုဆိုရင်ဖြင့် အကောင်းသားပဲ။ ကျွန်တော်တို့အိမ်မှာ ဆုံကြရအောင်။ ကျောင်းအစ်မလည်း သဘောကျလိမ့်မယ် ထင်တယ်လို့ ကိုယ်ကပြောတော့ ဖိုးစောထွန်းက မင်း စီစဉ်လေလို့ပဲ ပြောတယ်။ ဘာကြောင့်မှန်းတော့ မသိဘူး။ ကိုထွန်းဝင်းတို့ လင်မယားကို တွေ့ချင်သွားတယ်။ ဒါနဲ့ အပြန်လမ်းမှာ ကျောင်းအစ်မကို ဒီအကြောင်းတွေ ပြောပြလိုက်တော့ သူက ဝမ်းမြောက်ဝမ်းသာပဲ။ ကားထဲမှာပါတဲ့ ကိုအောင်ခင်ကတော့ ဘာမှ မသိရှာလို့ အတော် ရှင်းပြလိုက်ရသေးတယ်။ အဲဒီနေ့ကျ ကျွန်တော်လည်း လာမယ်ဗျာလို့တောင် သူက ကြိုတင်ပြီး ကိုယ့်ဖိတ်စာကိုယ် ရိုက်ထားလိုက်သေးတယ်။

ကိုထွန်းဝင်းတို့ ဒီကိုရောက်တဲ့နေ့ကတော့ ကိုယ်တို့ လူသိုက်တွေ သွားတွေ့လိုက်ကြသေးတယ်။ စက်ပိုင် ကိုအောင်ခင်ကိုလည်း မိတ်ဆက် ပေးရအောင် ခေါ်သွားကြတယ်။ ဟိုရောက်တော့ ခဏပါပဲ။ မိုးတိုးမတ်တတ်ပဲ ပြောရမယ်။ သူတို့နှစ်ယောက်စလုံးက သိပ်ပြောင်းလဲမသွားကြဘူး။ မခင်ဆင့်ကတော့ နည်းနည်း ပိုပြီး ကိုယ်ရည်စစ်သွားတယ်။ သူကပဲ အိမ်က ကျောင်းအစ်မနဲ့ တွေ့ချင်သပါ့ ဆိုတာနဲ့ နောက်တစ်နေ့ ညနေဘက်ကို အိမ်မှာ စားကြသောက်ကြဖို့ ချိန်းလိုက်တယ်။ ကိုထွန်းဝင်းကတော့ ဖိုးစောထွန်းကို အစ်ကို ... ကျွန်တော် ဂစ်တာ ရှာခဲ့ရမလားလို့ နောက်နေသေးတယ်။ အပြန်လမ်းမှာတော့ ကိုအောင်ခင်က ပြောတယ်။ ခင်ဗျားတို့ ပြောထားပေလို့ပဲ။ မဟုတ်ရင်တော့ မခင်ဆင့်ဟာ တော်တော့်ကို ကြည့်ကောင်းတဲ့ မိန်းမလို့ သူက ပြောသေးတယ်။ ဒီတော့ ဖိုးစောထွန်းက မင်းသာ ထွန်းဝင်း အရင် မခင်ဆင့်ကိုတွေ့ရင် မင်း ကြိုက်မိမယ်လို့ ထင်သလားလို့ မေးတယ်။ ဒီတော့ ကိုအောင်ခင်က ခင်ဗျားတို့ ပြောထားတာကလေး မသိရင် ကြိုက်မိမှာပဲလို့ ပြန်ဖြေတယ်။ မဟုတ်သေးပါဘူးဗျာ ... လို့ ကိုယ်က ကြားဖြတ်ပြောမိတယ်။ ဘာလဲ ... လို့ နှစ်ယောက်စလုံးက ပြန်မေးကြတယ်။ ကြိုက်တာနဲ့ ဟိုကိစ္စနဲ့ မဆိုင်ဘူး ထင်တယ်လို့ ဆက်ပြောပြလိုက်တယ်။ မင်း တွေးလိုက်ရင်တော့ အဲဒီလို ချည်းပါပဲကွာလို့ ဖိုးစောထွန်းက ပြောတယ်။ ဒီတော့လည်း ပြောစရာကလေးက ဖြစ်လာတယ်။ ဒီမယ် ... ခင်ဗျားတို့၊ ကျွန်တော်တို့ ခေတ်တုန်းက အတော်များများဟာ မိဘပေးစားလို့ အိမ်ထောင်ဖက် ဖြစ်လာကြတာ များတယ်။ အမေ ပေးစားလို့ တစ်ယောက်ရလာကြတာလို့ ပြောရင်း ဖိုးစောထွန်းကို နည်းနည်းနှိပ်ဖို့ အကွက်ဝင်လာတာနဲ့ ခင်ဗျားသာ အမေ ပေးစားတာက တစ်ယောက်၊ ကိုယ့်ဘာသာ အပိုဆောင်းထားတာလေးက တစ်ယောက်လို့ ပြောရင်း ဝင်နှိပ်လိုက်ရသေးတယ်။

ကိုအောင်ခင်ကတော့ ဘာမှမပြောဘဲ ရယ်တယ်။ ဖိုးစောထွန်း ကတော့ မင်း ပြောစရာရှိတာ ပြော၊ ငါ့ကို ဆွဲမထည့်နဲ့လို့ ပြောတယ်။ ဒီတော့လည်း ဆက်ရပြန်တယ်။ ခင်ဗျားတို့၊ ကျွန်တော်တို့ အမေပေးစားလို့ ရပေတဲ့ ရပြီးသွားတော့လည်း

ချစ်သွားကြတာပဲ မဟုတ်ဘူးလား။ အဲဒီတုန်းက ခင်ဗျားတို့ ကျွန်တော်တို့က ကိုယ်ယူမယ့် မိန်းမကို သူများ အဆုံးအဖြတ်နဲ့ ယူခဲ့ကြတာ။ အဘွားမျက်စိအတွက် ကိုယ်က ဝင်ပြီး ကတိခံပေးတဲ့ သဘောပဲ။ တကယ်ပြောရရင် အဲဒီတုန်းက မိန်းမယူတယ် ဆိုတာ ချစ်တာက ဘယ်မှာနေမှန်း မသိဘူး။ ချစ်တာက နောက်မှ လိုက်လာတာ။ ကိုထွန်းဝင်းတို့က ချစ်တာက အရင်လာတာ၊ သူ့မှာက ခင်ဗျားလို ဟိုဟာ ဒီဟာ တွေးချစ်တာ မဟုတ်ဘူး ထင်တယ်လို့ ပြောတော့ ဖိုးစောထွန်းတို့ နှစ်ယောက်သား ဘာမှ ပြန်မပြောကြတော့ဘူး။ နောက်နေ့တော့ ကိုယ်တို့အိမ်မှာ လူဆုံကြတယ်။ လူဟောင်းတွေ အချင်းချင်း ပြန်တွေ့ကြတော့လည်း အတော်ကလေး ပျော်ဖို့ကောင်းတယ်။ စားကြ သောက်ကြနဲ့မို့ အတော် ညဉ့်နက်သွားတယ်။ အိမ်က ကျောင်းအစ်မတောင် မနေစဖူး အတော်ကလေး ညဉ့်နက်အောင် နေဖြစ်သွားတယ်။ ကိုထွန်းဝင်းတို့ လင်မယားကတော့ ခုထိ ကြင်ကြင်နာနာ ရှိနေသေးတယ်။ စကားပြောရင်း တစ်ယောက်လက်ကို တစ်ယောက် ကိုင်ထားတတ်ကြတာကို သတိထားလိုက်မိတယ်။ သူတို့မွေးစားထားတဲ့ သားကလေးတောင် ဆရာဝန်ဖြစ်နေပြီ ဆိုပဲ။ တခြားလူတွေကတော့ သတိထားမိ၊ မထားမိဆိုတာ မပြောနိုင်ပေတဲ့ ကိုယ်ကတော့ ကိုထွန်းဝင်း ပြောတဲ့အထဲက စကားတစ်ခွန်းကို သတိထားလိုက်မိတယ်။ ကျွန်တော်တို့ အချင်းချင်းက အကြောင်းသိ ဆိုတော့လည်း ဘာမှ ပြဿနာ သိပ်ပြီး ကြီးကြီးကျယ်ကျယ် မရှိခဲ့ကြဘူးတဲ့။ ဟုတ်သားကလား။ တစ်ယောက်အကြောင်း တစ်ယောက်သိ ဆိုတော့လည်း ဘာပြဿနာ ရှိရမှာမို့လဲ။

ကိုယ်နိုးတော့ ကိုးနာရီသာသာ ရှိနေပြီ။ အခန်းပြတင်းပေါက်ကနေ နောက်ဖေးခြံထဲ လှမ်းကြည့်လိုက်တော့ နှင်းဆီခင်းတွေနားဆီမှာ အိမ်က ကျောင်းအစ်မရယ်၊ ဖိုးစပ်တို့ လင်မယားနဲ့ စကားပြောနေကြတာ တွေ့ရတယ်။ ပြောရရင်တော့ ဒီနှင်းဆီအခင်းက သူ့အခင်းပဲ။ ဒီဆီကို ပြောင်းကတည်းက သူ စိုက်လာတာ။ သူ ရှာဖွေ စုဆောင်းထားတာ နှင်းဆီအမျိုးပေါင်း အတော်များတယ်။ ကိုယ်ကတော့လည်း မြက်ရိုင်းနဲ့ စပါးလင်ပင်ကို ကွဲတာလောက်က လွဲလို့ တခြား ဘာမှသိပ်မသိဘူး။ ဝါသနာလည်း မပါဘူး။ ဒါပေတဲ့ တရားတိုက်မှာ၊ ချောင်မှာ သူ အချိန်ပို ပေးလာကတည်းက ကိုယ်ကပဲ အားတဲ့ပြုတဲ့အခါ ရေလေး ဘာလေး လောင်းပေးရတာပေါ့။ ဖိုးစပ်ကိုလည်း မှာထားတယ်။ မင်းဘာသာ မူးချင်တဲ့ အချိန်မူး၊ နှင်းဆီပင်တွေကိုတော့ နေ့စဉ်ကြည့်၊ လိုအပ်တာ လုပ်ပေးလို့ မှာထားတယ်။ ဒီတော့လည်း နှင်းဆီတွေဟာ သူ အိမ်မှာ ရှိစဉ်ကလိုပဲ ပွင့်ချိန်တန် ပွင့်တယ်။ အိပ်ခန်းထဲက လှမ်းကြည့်နေရင်း နှင်းဆီပွင့်တချို့ကို ဖြတ်နေတာ တွေ့ရတယ်။ ဘုရားတင်ဖို့ပဲ ဖြစ်မယ်။ အိမ်က ဘုရားစင်ကလည်း သူ့ဘုရားစင်လို့ပဲ ပြောရမှာပဲ။ သူ အိမ်မှာ မနေပေတဲ့ ဖိုးစပ်မိန်းမက နေ့စဉ်လိုပဲ ဘုရားပန်းတင်တာတို့၊ သောက်တော်ရေ လဲတာတို့ လုပ်တယ်။ ဒါတွေ စဉ်းစားမိတော့လည်း မဆီမဆိုင် တစ်ခု သတိရလိုက်မိပြန်တယ်။ တစ်နေ့ စကားထိုင်ပြောနေကြရင်း ကျောင်းအစ်မက ကိုဘမောင် ... ရှင်လည်း မငယ်လှဘူး၊ တရားလေး ဘာလေးရှာဖို့ ထည့်စဉ်းစားဦးလို့ ပြောတော့ ကိုယ်က တရားရှာတယ် ဆိုတာ

တရားမရှိတဲ့ လူတွေ၊ တရားမသိတဲ့ လူတွေက လိုက်ရှာကြရတာ၊ ကိုယ့်တရားလေးနဲ့ ကိုယ် နေတတ်ရင် ပြီးပါသော်လို့ ပြန်ပြောလိုက်မိတယ်။ ဒီတော့ သူက ပြောတယ်။ ရှင်က တိတ္ထိပဲတဲ့။ ဒီတော့လည်း ပြောရပြန်တယ်။ တကယ်တော့ တိတ္ထိလို့ အပြောခံရသူတွေဟာ ငါ ပြောတာမှ မှန်တယ်လို့ ထင်တဲ့လူတွေနဲ့ သဘောထားချင်း မတူတဲ့လူတွေပဲ မဟုတ်လား။ ဒီတော့ သူက ဘာမှမပြောတော့ဘဲ ထိုင်ရာက ထသွားရင်း တံစက်မြိတ် တန်ပြန်ရေသောက်လို့မှ အနာမပျောက်တော့တဲ့လူ ဆိုတာ ရှင်ပဲ နေမယ်လို့ ကောက်ချက်ချသွားတယ်။ နောင်ခါမှ ဖိုးစပ်ကို မေး ကြည့်ရသေးတယ်။ တံစက်မြိတ် တန်ပြန်ရေဆိုတာ ဘာတုံးလို့။

ခုနေ ပြန်စဉ်းစားကြည့်ရင်တော့ ပြုံးချင်စရာပဲ။ ကိုယ်လည်း မျက်နှာသစ်၊ သွားတိုက်၊ ရေချိုးခန်းဝင်တဲ့အလုပ် လုပ်ပြီးတော့ နောက်ဘက် ဝရန်တာဆီ ထွက်ခဲ့တယ်။ ကျောင်းအစ်မကြီးလည်း အိမ်ပေါ် ပြန်တက်လာတယ်။ လက်ထဲက နှင်းဆီပန်းတွေ ထောင်ပြရင်း ဘုရားပန်း အတွက် မပူရတော့ဘူးလို့ ပြောလို့ ကိုယ်ကတော့ ပြုံးနေလိုက်မိတယ်။ သူက ဆက်ပြောတယ်။ ခုတင်ကပဲ ဖိုးစပ်ကြီးက ပြောတယ်၊ ဆရာကြီးက အမေ့နှင်းဆီတွေကို သိပ်ဂရုစိုက်တာပဲ။ ကျွန်တော့်ကိုလည်း တာဝန် ပေးထားတယ်။ သူကိုယ်တိုင်တောင် ရေတွေ ဘာတွေ လောင်းသေးတာလို့ ပြောတယ်။ ကျွန်မတောင် အတော် အံ့အားသင့်သွားမိတယ်လို့ သူက ပြောတယ်။ ကိုယ်ကတော့ ပြုံးနေလိုက်မိပြန်တယ်။ ခုလို အခါမျိုးမှာတော့ ကိုယ့်ဘက်က ပြုံးနေတာ အကောင်းဆုံးပဲလို့ ထင်တယ်။ ထောင်တန်တဲ့ အပြုံး၊ ရယ်ပြလိုက်မိကာမှ မုန်းကြရတယ် ဆိုတာမျိုး မဖြစ်ရင် ကောင်းတာပဲ။ ပြီးတော့မှ မနက်တိုင်း အိပ်ရာထရင် ရှင် ဘာတွေ စားနေသလဲလို့ မေးတယ်။ ကြုံသလိုပဲ၊ ဖိုးစပ်တို့လင်မယား ကျွေးတာ စားတာပဲ။ ခရင်မ် ခရက်ကာကို ထောပတ်လေးပါးပါး သုတ်ပြီး ကော်ဖီတစ်ခွက်နဲ့ ပြီးတဲ့အခါ ပြီးတာပဲလို့ ဖြေလိုက်တယ်။ ကျွန်မ ထင်သားပဲလို့ သူက ပြောပေတဲ့ ဘာကို ဘယ်လို ထင်မှန်းတော့ မသိ။ မီးဖိုခန်းထဲဆီ ဝင်သွားပြီး မကြာခင် သူ ပြန်ထွက်လာတယ်။ လက်ထဲမှာ လင်ပန်းတစ်ချပ်နဲ့ အစားတွေ ပါလာတယ်။ ကိုယ့်ရှေ့မှာ ချလိုက်ရင်း အရင်တုန်းက ရုံးမသွားခင် ရှင် စားတတ်တာ သိရလို့ ကျွန်မ ထမင်းကြော်ပေးထားတယ်၊ ဒါက ချပ်တနီး၊ မစပ်ဘူး။ ဒါက ကြက်ဥကြော်၊ ထမင်းကတော့ ပဲပြုတ်နဲ့ပဲ။ သိပ်မအေးခင် စားလိုက်ဦး။ ကျွန်မတော့ ဘုရားပန်း သွားတင်လိုက်ဦးမယ်လို့ ပြောတယ်။ ကိုယ်ကတော့ ဘာပြန်ပြောရမှန်းတောင် မသိတော့ဘူး။ ကိုယ်နဲ့ တစ်သက်လုံး ပေါင်းလာတဲ့ မိန်းမကို ကျေးဇူးတင်ပါတယ်လို့ ပြောပြန်ရင်လည်း သူစိမ်းတစ်ရံဆံ ဆန်လွန်းတယ် မဟုတ်လား။ ရိုင်းချင်တောင် ရိုင်းသွားဦးမှာ။ ဒီတော့ ပြုံးပြရင်း ခေါင်းကလေး တညိတ်ညိတ် လုပ်နေရတော့တာပေါ့။ တွေ့လျှင်တွေ့ချင်း မေတ္တာရှိစေသော နည်းကား ပြုံးပါ လို့တောင် ဆိုတာကိုး။

အတော်ကလေးကြာတော့ သူ ပြန်ထွက်လာတယ်။ စားပွဲနားက ကုလားထိုင် အလွတ်တစ်ခုမှာ ဝင်ထိုင်ရင်း ရှင် အစားအသောက်ကိုလည်း ဂရုစိုက်ဦးလို့

ဘာစကားအခံမှ မပါဘဲ ပြောတယ်။ ခေါင်းညိတ်ပြလိုက်မိရင်း ထမင်းကြော်ကလေးက မစားရတာ ကြာလို့ အရသာရှိတယ်လို့ ပြောလိုက်မိတယ်။ မင်း ကြော်လို့ ပိုကောင်းသကွာလို့ မေတ္တာတရား ရှေ့မှာထားရင်း ချီးကျူးလိုက်ပြန်ရင် စိတ်နဲ့တွေ့သွားရင်တော်ရဲ့။ စိတ်နဲ့ မတွေ့ခဲ့ရင် ကျွန်မ ကြော်တာက ပိုကောင်းတယ် ဆိုရအောင် ဘယ်သူ ကြော်တာနဲ့ ရှင်က ယှဉ်ပြောတာတုံးလို့ ဆိုပြန်ရင် နေရင်း ထိုင်ရင်း ရာထူးလက်ကိုင်မဲ့ အိမ်ဦးနတ်ဟောင်းကြီး ခေါင်းပေါ် ခဲကျသလို ဖြစ်သွားမယ်။ နောက်တော့ ကိုထွန်းဝင်းတို့အကြောင်း ဟိုဟိုဒီဒီ ပြောမိကြတယ်။ ပြောရင်း ... အေးကွယ်၊ သူတို့လင်မယား ခုလို ချစ်ချစ်ခင်ခင် ချစ်နေကြတာ တွေ့ရတော့လည်း ဝမ်းသာစရာပဲလို့ ကိုယ်က ပြောလိုက်မိတယ်။ ဒီတော့ ကျောင်းအစ်မက နေစမ်းပါဦး၊ ရှင့်မှာ ချစ်တယ်၊ ခင်တယ် ဆိုတာတွေ ရှိသေးသလားလို့ မေးတယ်။ လူပဲကွယ် ... လို့ ကိုယ်က မယုတ်မလွန် ပြောလိုက်မိတယ်။ ဒီတော့ သူက ပြောပြန်တယ်။ လူဆိုတာကတော့ ဟုတ်ပါတယ်။ အဲဒီ လူဆိုတာထဲ ရှင်က သိပ်ပါတာမှ မဟုတ်ဘဲလို့ သူက ပြောပြီး သူ့ဘာသာ ပြုံးတယ်။ ကိုယ်ကလည်း သူ့ကို အကဲခတ်နေရသေးတယ်။ တရုတ်စစ်သူကြီး ဆွန်ဇက မှာခဲ့တာကိုး။ ကိုယ့်အကြောင်းပဲ ကိုယ်သိပြီး တစ်ဖက်က အကြောင်းကို မသိရင်ဖြင့် ကိုယ့်ဘက်က အောင်ပွဲ တစ်ခုရတိုင်း တစ်ပွဲ ပြန်ရှုံးရတတ်သတဲ့။ ဒီတော့ သူ့အနေအထားကို ကြည့်ရတယ်။ ကိုယ်က ဘာမှ မပြောတော့ သူကပြောတယ်။ သုံးလေးလလောက်က ကျွန်မဆီ ကိုကြီးတင်သား ဝင်လာ တယ်။ ဇရပ်မှာတောင် တစ်ညဝင်အိပ်သွားသေးတယ်။ ရှင်တို့ဆီက အပြန် ထင်တယ်။ စကားစပ်သွားကြတော့ သူက ထူးထူးဆန်းဆန်း တစ်ခု ပြောတယ်။ ဘထွေးက အန်တီတော့ အတော်ချစ်တာတဲ့။ ဘာကြောင့် မင်းက အဲဒီလို ပြောတာလဲလို့ ကျွန်မက မေးတော့ သူက ပြောတယ်။ ဘထွေးဆီ သွားနေတဲ့ အခါတိုင်း သူ စကားပြောတဲ့အထဲမှာ အန်တီအကြောင်း အမြဲလို ပါတယ်။ ဒီ့ပြင် အန်တီ ခုလို ချောင်မှာ လာနေပေတဲ့ ဘထွေး စိတ်ထဲမှာတော့ အန်တီဟာ အိမ်မှာ ရှိနေသလိုပဲ သဘောထားပုံရတယ်။ ဒါတွေဟာ ချစ်လို့နေမှာပေါ့။ သံသယတောင် ရှိနေစရာ မလိုဘူးလို့ ပြောတယ်။ ပြောပြီးသွားတော့ ကျောင်းအစ်မက ပြုံးပေတဲ့ မရယ်ဘူး။ ရယ်ချင်ပုံတော့ ရတယ်။

ကျောင်းအစ်မက အဝေးဆီက ကောင်းကင်ကို ငေးကြည့်နေလို့ ကိုယ်လည်း သူ ကြည့်တဲ့ဘက်ကို ကြည့်နေမိလိုက်တယ်။ ကောင်းကင်ယံကို နောက်ခံထားပြီး ရေဘဲတစ်အုပ် ပျံသွားတာ တွေ့နေရတယ်။ ရှေ့ကနေ ဦးဆောင်သွားတဲ့နောက်မှာ ရေဘဲတွေက အုပ်ဖွဲ့ လိုက်သွားကြတာ။ ကိုယ့်ခေါင်းထဲ ကိုရင်မောင်တင့်သား ပြောဖူးတာတစ်ခု ဝင်လာတယ်။ မိန်းမ ဆိုတာကလည်း အခက်သား။ သူတို့ကို ချစ်တယ်၊ ကြိုက်တယ် ဆိုတာ လေးဆယ့်ငါးမိနစ်တိုင်း တစ်ကြိမ်လောက် ပြောမှ သဘောကျပုံပဲ။ အဲဒီလို ဆိုပြန်ရင် ချစ်တယ်၊ ကြိုက်တယ်ဆိုတာ ပေါသွားမှာပေါ့တဲ့။ ကိုယ်ကလည်း အဲဒါကို သဘောကျတယ်။ ဒါပေတဲ့ မိန်းမဆိုတာက မိန်းမပဲ။ ယောကျ်ားသားတစ်ယောက် တွေးသလို တွေးမှာ မဟုတ်ဘူး။ သူနဲ့ ကိုယ်နဲ့ အိမ်ထောင်ကျတာဟာ မိဘပေးစားလို့ ဆိုပေတဲ့ သားသမီးတွေ ရလာတာကတော့ မချစ်ဘဲနဲ့ ရမလာနိုင်ဘူး ထင်တယ်။ သူနဲ့

ကိုယ်နဲ့ ကြားမှာ ချစ်တယ်၊ ကြိုက်တယ် ဆိုတာကို ကြက်တူရွေး စာအံ သလို ရွတ်မလာကြပေတဲ့လည်း ချစ်တယ်ဆိုတာက တစ်နေရာရာမှာ ရှိနေမှာပါ။ ကျောင်းအစ်မက ကိုယ့်ဘက် လှည့်ကြည့်လို့ ကိုယ်ကပဲ မင်းလည်း ကျန်းမာရေးကို ဂရုစိုက်ဦးလို့ ပြောလိုက်မိတယ်။ သူက ပြုံးပြုံးပြရင်း ခေါင်းညိတ်တယ်။ ကိုယ်တို့ အရွယ်ရောက်တဲ့အခါ ချစ်ခြင်းဟာ ရုပ်တရားမှာ အခြေခံတာမျိုး၊ ထိစပ်မှုအခြေခံနဲ့ တွယ်ငြိတာမျိုး မရှိကြတော့ပေတဲ့ ကိုယ့်ရဲ့အတွင်းမှာ တည်နေသေးမှာပဲ။ အသိတရားထဲမှာပဲ ဖြစ်ချင်လည်း ဖြစ်နေမယ်။ ဘဝရဲ့ အသေးအမွှားကလေးတွေ ဆိုတာကလည်း အလေးထားစရာတွေပါ။ မင်းလည်း ငါ့အပေါ်မှာ ချစ်တယ်ဆိုတာကလေး မရှိဘဲနဲ့တော့ ခုလို ထမင်းကြော်ကလေး ကြော်ကျွေးမှာတော့ မဟုတ်ဘူး။ မင်း စဉ်းစားကြည့်စမ်းပါ။ လွယ်လွယ်ကလေးပါလို့ ပြောလိုက်မလို့၊ မပြောဖြစ်လိုက်ဘူး။ ကိုယ်တို့နှစ်ယောက်သား ပျံသွားတဲ့ ရေဘဲတစ်အုပ်ကိုပဲ ဆက်ကြည့်နေမိကြတယ်။ တဖြည်းဖြည်း ဝေးသွားကြတယ်။

တကယ်လို့ သူသာ စဉ်းစားကြည့်ရင်ဖြင့် သိစရာကောင်းတဲ့ အကြောင်းတွေ တစ်ပုံတစ်ခေါင်းကြီး အထဲက လွယ်လွယ်နဲ့ သိနိုင်တာ တချို့ကိုတော့ သိလာမှာပါ။ စဉ်းစားကြည့်ဖို့သာ လိုတာကိုး။

■

လွမ်းသလေ ... မောင်ကြီး

ခုရက်ပိုင်းကလေးမှာ မိုးက မရွာပေတဲ့ အုံ့တုံ့တုံ့နဲ့ရယ်။ ဒီတော့လည်း နေက မပွင့်လှဘူး။ ကိုယ့်တို့ဆီမှာတော့ တောရိပ်တောင်ရိပ်နဲ့ ဆိုတော့ မှောင်တောင်တောင်ပေါ့။ ဒီတော့လည်း သိပ်နေလို့ထိုင်လို့ မကောင်းလှဘူး။ နေထိုင် မကောင်းလှဘူး ဆိုပေသိ နှာစေး ချောင်းဆိုး ဖြစ်တာမျိုးတော့ မဟုတ်ဘူး။ စိတ်ထဲက မကြည်တာ။ တကယ်တော့ ကိုယ်တို့အရွယ်မျိုးမှာက နေထိုင်ကောင်းတယ်၊ မကောင်းဘူး ဆိုတာက အတော် ပြောရခက်လာတဲ့ အရွယ်။ နေထိုင်ကောင်းပါတယ်၊ ဘာမှမဖြစ်ပါဘူး ဆိုရင်တောင် ကိုယ်ခန္ဓာထဲက ဟိုးနားက နာတာတာ၊ ဒီနားက ကိုက်တိုက်တိုက်မို့ ပါးစပ်က ကျွတ်ကျွတ် ... ကျွတ်ကျွတ် ... နဲ့ ကျွတ်ထိုး နေရတာသာ ကြည့်တော့။ ခေါ်ချင်ရင်တော့ ကိုယ်တို့အရွယ်ကို ကျွတ်ကျွတ် အရွယ်လို့ ခေါ်ရတော့မှာပါ။ ခုတော့ ဒီကျွတ်ကျွတ်ကိစ္စက အကျင့်လိုတောင် ဖြစ်နေပြီ။ အိပ်ရာထဲ အိပ်နေရင်းက ဟိုဘက်ဒီဘက်ကို လှည့် ရင်တောင် ကျွတ်ကျွတ် ... လို့ ပါးစပ်က မြည်နေတတ်တယ်။ အသက်နဲ့ ဒီရုပ်၊ ဒီခန္ဓာ ပေါင်းသင်းနေကြတာကိုက နေ့စဉ်ဘဝကြီးထဲမှာ အပိုဆု ရထားတဲ့ ဒုက္ခတစ်ခုများလားလို့တောင် တွေးမိတယ်။ ဒီတော့လည်း ရှေးစာတစ်ခုထဲက စာကြောင်းကလေး တစ်ကြောင်း၊ နှစ်ကြောင်းကို သတိရမိပြန်တယ်။ 'ရုပ်ခန္ဓာ အကောင်ပုပ်ကိုလှ၊ စက်ဆုပ်လို့ ငြီမတွယ်၊ ပြတ်မယ်ပါ့ ခင်ကလေး ...' ဆိုတာ။ သို့ပေတဲ့ လင်မယားသာ ပြတ်စဲလို့ လွယ်တာ။ ခုဟာက သိပ်လွယ်လှတာ မဟုတ်ဘူး။

ဒီကနေ့မနက်တော့ ကျောင်းဆရာ ကိုဘမြင့်တစ်ယောက် ကိုယ့်ဆီ ပေါက်လာတယ်။ ဟိုတစ်ပတ်လောက်ဆီကပဲ ဝေါက်ကွင်းမှာတွေ့တော့ အစ်ကိုကြီးအိမ်က စာအုပ်ဗီရို လာဖွဦးမယ်လို့ သူက ပြောထားတယ်။ သူက ကိုယ်တို့ထက် ငယ်တယ်။ ကျောင်းဆရာလို့ ညွှန်းကြပေသိ တိုင်းပညာဝန်ကနေ အနားယူလာတာ ထင်တယ်။ ဟိုဘက်ထဲဆီမှာ နေတယ်။ ကိုယ့်အိမ် လာရင်တော့ ဝေါက်ကွင်းထဲကနေ ဖြတ်လာလေ့ ရှိတယ်။ ကိုယ်တို့ဆီမှာက ဘမြင့် နှစ်ယောက် ဖြစ်နေတော့ ဖိုးကို ရှိစဉ်က ဘမြင့်ချင်း ကွဲအောင်လို့ဆိုပြီး သူ့ကို ကျောင်းဆရာ ဘမြင့်လို့ ခေါ်တယ်။ တခြား ဘမြင့်ကတော့ အပွနား ဘမြင့်လို့ ခေါ်တယ်။ ပြောတော့ ပြောရဦးမယ်။ အပွနားဘမြင့်ကို အရင်ကတော့ ကုလားဘမြင့်လို့ ခေါ်ကြတယ်။ အမှန်မှာက အဲဒီ ဘမြင့်က ကုလားတော့ မဟုတ်ဘူး။ အသားက အတော်ညိုတာ။ အသားညိုတာကို စွဲပြီး ကုလားဘမြင့်လို့ ခေါ်တာပဲ။ တစ်နေ့တော့ ဝေါက်ကလပ်မှာ ဖိုးစောထွန်းက ပြောတယ်။ ကုလားရယ်၊ တရုတ်ရယ်၊ ဘာရယ်ညာရယ် ခုလို နာမည်ရှေ့ဆီ တပ်ခေါ်တာ၊ ဝိသေသ ပြုထားတာကတော့ ရိုင်းတယ်ကွာ၊ လူမျိုးအခြေခံအရ ခွဲခြားရာ ရောက်တယ်လို့ ပြောတော့ ဖိုးကိုက ဒီလိုဖြင့် ပြောင်းခေါ်တာပေါ့ကွာလို့ ပြော တယ်။ ဘယ်လို ပြောင်းခေါ်ကြမလဲလို့ တစ်ယောက်က မေးတော့ ဖိုးကိုက ကောက်ခါငင်ခါပဲ ပြန်ဖြေတယ်။ အပွနား ဘမြင့်ပေါ့ကွာတဲ့။

ဖိုးစောထွန်း ကတော့ မင်းဟာက အတော့်ကို ပြောင်းလဲသွားတာကိုးလို့ ရိုသေးတယ်။ နောက်ဆုံးတော့ ကုလားဘမြင့်ကနေ အပ္ပနားဘမြင့်လို့ ဖြစ်ပြီး ခုထိ တွင်နေတော့တာပဲ။

ပြီး ကိုယ့်အိမ်ကို မနက်ဖြန်မနက် လာမယ်လို့ပြောတယ်။ စောစောက မနေ့ညနေဘက်ဆီကတော့ ကျောင်းဆရာ ကိုဘမြင့်က ဖုန်းဆက် ကြိုပြောမထားတော့ ကိုယ့်မှာက ဂေါက်ရိုက်ဖို့ ချိန်းထားပြီးသား ဖြစ်နေတယ်။ တခြားလူနဲ့ ချိန်းထားရင်တော့ ပြောဆိုပြီး ဖျက်လို့လွယ်တယ်။ ဖိုးစောထွန်းနဲ့ကျတော့ မလွယ်ဘူး။ ရိုက်မယ်လို့ ပြောထားပြီး ပျက်ခဲ့ရင် ပျက်တဲ့လူက ကျွေးရမွေးရတယ်။ ဒါက အကြောင်းမဟုတ်ဘူး။ ကျွေးလိုက် မွေးလိုက်လို့ ကိစ္စပြတ်တယ်။ မပြတ်တာက တွေ့တိုင်းကြုံတိုင်း ဖိုးစောထွန်းရဲ့ ဆုံးမစကားကို နားထောင်နေရတဲ့ ကိစ္စပဲ။ ဒီမယ် ဘမောင် ရဲ့ ... တိုင်းကြီးပြည်ကြီးသားဆိုတာ အက်တိကက် ရှိရတယ် ဆိုတာက တစ်မျိုး။ ဒီမယ်လေ ဘမောင်ရဲ့ ... မင်းလည်း ဝန်ထမ်းက လာတာ၊ လူ့ယဉ်ကျေးမှုလည်း သိတန်သလောက် သိပါတယ်၊ လူဆိုတာ ပရိုတိုကောလ် နားလည်ရတယ်ကွ ဆိုတာက တစ်မျိုး။ အမျိုးမျိုးပါပဲ။ ခုခေတ် ကလေးတွေ ပြောနေကြတဲ့ ဂျပန်ဝက်အူ ဆိုတာမျိုး။ ဂျပန်ဝက်အူက အရစ်ရှည်တော့ ရစ်နေတာ ကြာသပေါ့။ အဲဒီရန် ကြောက်တာနဲ့ကို ဘမြင့်ကို အကျိုးအကြောင်း ပြောပြတော့၊ ဒီလိုဖြင့် ကျွန်တော် နေ့ခင်းဘက်လောက်မှ လာမယ်လို့ ပြောတယ်။ ဒီတုန်း ကိုယ့်ခေါင်းထဲမှာ အကြံတစ်ခုရတာနဲ့ပဲ သူ့ကို ပြောလိုက်မိတယ်။ ဒီလိုလုပ်ကွာ၊ မင်း လာမယ်လို့ စိတ်ကူးထားတဲ့အတိုင်း မနက်ဘက်သာ လာခဲ့။ ငါကတော့ စတိသဘောမျိုး ကိုးကျင်းတော့ သွားရိုက်လိုက်မယ်။ ထမင်းစားချိန်လောက် ပြီးမှာပဲ။ ဒီတော့ မင်းလည်း ငါ့အိမ်မှာ ထမင်းစား။ မင်းမှာ တခြား ထွေထွေထူးထူး လုပ်စရာမရှိရင် နေ့ခင်းဘက် ထိုင်ပြီး စကားပြောကြရအောင်။ ငါ့မှာလည်း အလကားရထားတဲ့ ဝီစကီတွေ ရှိတယ်။ ဒီတော့ ကိုဘမြင့်က မငြင်းဘူး။ ကိုယ်က ထပ်ပြောရပြန်တယ်။ မင်း လုပ်နိုင်ရင်တော့ကွာ။ ငါ့စာအုပ်ဗီရိုထဲက စာအုပ်တွေ နည်းနည်း ပြန်စီ ပေးခဲ့စမ်းပါ။ ကြုံသလို ထည့်ထားတာတွေ များလှပြီ ဆိုတော့ သူက လုပ်ပေးမယ်တဲ့။ ဒီလိုနဲ့ မုန့်စားရင်း လှည်းစီး၊ ငါးနှစ်ကောင်ဖမ်း စီမံကိန်း အောင်မြင်သွားတယ်။

မနက်ဘက် ဂေါက်ကွင်းကပြန်လို့ အိမ်ရောက်တော့ ကိုဘမြင့်က စာအုပ်တွေ အတော်စီလို့ ပြီးနေပြီ။ ကျွန်တော်ကတော့ ဒျူဝီစနစ်တွေ ဘာတွေ မတတ်ဘူး။ အမျိုးအစားအလိုက်ပဲ ခွဲပြီး စီထားတယ်လို့ ပြောသေးတယ်။ ကိုယ့်အတွက်ကတော့ ဘယ်လိုစီစီ၊ စီပေးတာကိုပဲ ကျေးဇူးတင်လှပြီ။ ဒါနဲ့ပဲ ကိုယ်တို့ နေ့ခင်း ထမင်းစားကြတယ်။ ပြီးတော့ သူက စာအုပ်တွေ ပြီးအောင် စီလိုက်ဦးမယ် ပြောတာနဲ့ ကိုယ်လည်း အိပ်ရာပေါ် ခဏ သွားလှဲနေလိုက်တယ်။ ကိုယ်တို့အရွယ်က နားဖို့လိုလာတဲ့ အရွယ်ကိုး။ အထူးသဖြင့် ခြေဆုပ်လက်နယ် မရှိတော့ ကိုယ့်ဘာသာပဲ နားတတ်ဖို့ လိုသပေါ့။ အင်း ... ကိုယ်တို့စကားများ ပြောရတာ အရသာရှိပါ့။ ခြေဆုပ်လက်နယ် ... တဲ့။ ကိုယ်လည်း အိပ်ရာပေါ်မှာ ဟိုလှည့်ဒီလှည့်၊ ကျွတ်ကျွတ်သံ ညည်းလိုက်၊

ခြင်ထောင်အမိုးကို ကြည့်လိုက်၊ နံရံပေါ်က ပြက္ခဒိန်ဆီက စေတီကြီးတစ်ဆူရှေ့မှာ ရပ်နေတဲ့ ကောင်မလေးပုံကို ကြည့်လိုက်နဲ့ အိပ်ပျော်သွားတယ်။ ဘယ်လောက် ကြာသွားမှန်းတောင် မသိဘူး။ ဖိုးစောထွန်း ကားရပ်သံကြားမှ နိုးလာတယ်။ မနက်ဆီက ဂေါက်သီးရိုက်ကြရင်း ကျောင်းဆရာ ကိုဘမြင့်တစ်ယောက် ကိုယ့်ဆီ လာမယ့်အကြောင်း ပြောလိုက်တော့ သူက ဒီလိုဖြင့် ငါလည်း လာမယ်လေကွာ။ ရာသီဥတုက မှုန်တုန်တုန်နဲ့ ပျင်းစရာကောင်းတယ်လို့ ပြောတယ်။ ကိုယ်ကိုယ်တိုင်ကလည်း ခပ်ပျင်းပျင်းမို့ လာလေလို့ပဲ ပြောလိုက်တယ်။ သူကလည်း လာရင် ဝိုင်ကောင်းကောင်း၊ ဝီစကီကောင်းကောင်းကလေး ပါတတ်တယ်။ ဒီလိုနဲ့ပဲ သုံးနာရီခွဲလောက်မှာ ကိုယ်တို့ သုံးယောက်သား နောက်ဖေးဘက်က ဝရန်တာပေါ်မှာထိုင်ရင်း စကားပြောဖြစ်သွားကြတယ်။ ဖိုးစောထွန်း ယူလာတဲ့ ဆာဗေညော်ဗလွန့်တစ်လုံးနဲ့ စကြတယ်။ အရင်ကတော့ ဖိုးစောထွန်းက ဝိုင်အနီ အတော်သောက်တာ။ ကာဗနေး ဆာဗေညော် ကောင်းကောင်း သောက်လေ့ရှိတယ်။ ခုတော့ ဝိုင်အနီက သူ့ခြေမက ဂေါက်နဲ့ သိပ်မတည့်လှဘူးဆိုပြီး ဝိုင်အဖြူဘက် ပြောင်းသောက်တယ်။ ကိုယ်ကတော့ သိပ်မရွေးလှဘူး။ အရောင်မရှိ၊ အနံ့မရှိ၊ အရသာ မရှိဆိုတဲ့ ဂုဏ်ထူးများပိုင်ရှင် ရေကိုသာ သိပ်မကြိုက်တာ။ သောက်မှတော့လည်း အရောင်ကလေး၊ အနံ့ကလေး၊ အရသာကလေးရှိမှ ကောင်းမှာပေါ့။ ယုတ်စွအဆုံး ရေနွေးကြမ်းပဲဖြစ်ဖြစ် မဟုတ်ပေဘူးလား။

ဖိုးစောထွန်းက ကိုယ်တို့နဲ့အတူ ဝရန်တာပေါ်က စားပွဲမှာ မထိုင်ဘဲ စားပွဲဘေးနားဆီက ပက်လက်ကုလားထိုင်မှာ ထိုင်တယ်။ ထိုင်ရင်း အုံ့တုံ့တုံ့ မိုးကောင်းကင်အောက်မှာ ဟိုးအနောက်ဘက်ခြမ်းဆီက တောင်ရိုးကို ငေးနေတယ်။ ကိုယ်နဲ့ ကိုဘမြင့်နဲ့က ဖိုးစပ်ကြီး စီစဉ်ပေးတဲ့ နို့ခဲကြော်ကို ကာဗနေးဆာဗေညော်နဲ့ မြည်းနေတုန်း ဖိုးစောထွန်းက ကိုယ်တို့ကို မကြည့်ဘဲ၊ ရာသီဥတုကလည်း လွမ်းစရာကြီးကွာလို့ ပြောတယ်။ ကိုယ့်အတွက်ကတော့ သူ့ကို တွယ်စရာအကွက် ဝင်လာတယ်။ ခင်ဗျားက လွမ်းစရာတွေ များတာကိုးလို့ ပြောပြီး ကိုဘမြင့်ကို ကြည့်ရင်း ကိုဘမြင့် ... မင်း မသိရင်သာ ရှိမယ်။ မင်းအစ်ကို စောထွန်းက တို့တိုင်းပြည် လွတ်လပ်ရေးရပြီးစက တစ်ရွာတစ်ကျီ တည်ရေး စီမံကိန်းမှာ ဥက္ကဋ္ဌ လုပ်လာခဲ့တဲ့လူကွ။ သူ့မှာ လွမ်းစရာတွေ အပုံကြီးရှိတယ်လို့ ပြောလိုက် တယ်။ ကိုဘမြင့်က အမြည်းစားနေရင်း ရယ်လိုက်မိလို့ သီးများတောင် သွားသေးရဲ့။ ဖိုးစောထွန်းက ပက်လက်ကုလားထိုင်ကို နောက်မှီပြီး ထိုင်နေရာက ကိုယ်ကို မတ်လိုက်ပြီး ကိုယ်တို့ဘက် လှည့်ရင်း မချိပြုံး ပြုံးလိုက်တယ်။ ပြီးတော့မှ ဘမောင် ... မင်းဘာသာ လွမ်းစရာ မရှိတာက မင်း ဒုက္ခ၊ ငါ့ကို ရိမနေနဲ့လို့ အရင်ပြောလိုက်ပြီးမှ ဘမြင့် ... ဘမောင်တို့ လင်မယားမှာ ဘာအတွယ်အတာမှ မရှိကြဘူး။ ကြည့် ... ခုဆို မိန်းမက တရားတိုက်မှာ သွားနေတယ်။ သူက ဒီမှာ နေချင်သလိုနေတယ်။ နောက် သူနဲ့ပေါင်းတဲ့လူတွေနဲ့ တိုးရင် ခံစားချက် မရှိတဲ့လူတွေ၊ မလွမ်းတတ်တဲ့ လူတွေ အကြောင်းကို မင်း ပိုပြီး သိလာမယ်လို့ ပြောပါလေရော။ ဘယ်သူတွေများတုံးလို့ ကိုဘမြင့်က ဖြတ်မေးတယ်။ ကိုရင်မောင်တင့်တို့

ညီအစ်ကိုတွေပေါ့လို့ ဖိုးစောထွန်းက ဖြေပြီး ခုတော့ မရှိကြတော့ဘူးလို့ ဖြည့်ပြောလိုက်တယ်။ ကိုဘမြင့်က အစ်ကိုကြီး ပြောတဲ့ ကိုရင်မောင်တင့် သား ဆိုတာတော့ ဒီကိုလာရင်း တစ်ကြိမ်၊ နှစ်ကြိမ်လောက် ဆုံခဲ့ရဖူးတယ်လို့ ပြန်ပြောတော့ ဖိုးစောထွန်းက မဆိုင်းမတွဘဲ ဒီအကောင်က ပိုဆိုးသေးလို့ ဝင်ပြောပြန်တယ်။

ဒီတော့လည်း ကိုယ်က မနေနိုင်ဘူး။ အားလုံးကို ရောပြီး ဝါးလုံးရှည်နဲ့ သိမ်းကျုံးမရိုက်စမ်းပါနဲ့ လို့ ဝင်ပြောရတယ်။ ဖိုးစောထွန်းက ခေါင်း အသာညိတ်ပြီး၊ အေး ... အားလုံး အတူတူပဲလို့ ငါ မပြောပါဘူးလို့ ပြန်ပြောတယ်။ ပြီးတော့မှ၊ သူတို့သားအဖတွေအကြောင်း ဘမြင့်ကို နည်းနည်း ပြောပြလိုက်စမ်းပါလို့ ထပ်ပြောတယ်။ ကိုဘမြင့် ကိုယ်တိုင်ကလည်း လိုလိုလားလား နားထောင်ချင်ပုံ ရတာနဲ့ ကိုယ်က ကိုရင်မောင်တင်တို့အကြောင်း ပြောပြလိုက်ရတယ်။ ကိုရင်မောင်တင်နဲ့ မောင်သုခကြီးက ဖအေတူ မအေကွဲ ညီအစ်ကို။ စီးပွားရေး လာဘ်မြင်တယ်။ မလွမ်းတတ်ဘူး။ မောင်သုခကြီး ပြောပုံနဲ့ ပြောရရင်တော့ လောကမှာ ဘာများ လွမ်းစရာ ရှိလို့တုံး။ သူကလည်း ပြီးပြီးပျောက်ပျောက်။ ကိုယ်ကလည်း ပြီးပြီးပျောက်ပျောက်တဲ့။ ဒီလိုတော့လည်း ဟုတ်သားလို့ ပြောရမှာပဲ။ ကိုရင်မောင်တင် ကျပြန်တော့ လွမ်းတာ လူ့အတွက် အချိန်ကုန်တယ်တဲ့။ လုပ်စရာ ကိုင်စရာ မရှိတဲ့လူတွေသာ အကြောင်းရှာပြီး လွမ်းတတ်တာတဲ့။ ဒါကလည်း အဟုတ်သားလို့ ကိုယ် ထင်တယ်။ ခု ... ဖိုးစောထွန်းကိုပဲ ကြည့်လေ။ ဘာမှ လုပ်စရာမရှိတော့ ပက်လက်ကုလားထိုင်ပေါ် ထိုင်၊ တောင်ရိုးကိုကြည့်ပြီး လွမ်းစရာရယ်လို့ တွေးမိတာ။ သူ့မှာ ဘာမှ လုပ်စရာ မရှိမှ မရှိဘဲ။ အဲ ... ကိုရင်မောင်တင့်သား ကျပြန်တော့ လွမ်းတယ် ဆိုတာ ဆင်ခြင်တုံတရားရဲ့ အပြင်ဘက်ကတဲ့။ ဆင်ခြင်တုံတရားရဲ့ အပြင်ဘက်က မှန်သမျှဟာ လူရဲ့ အကျိုးစီးပွားကို ယုတ်စေတာချည်းပဲတဲ့။ သူက ပညာတတ်။ သူ့အဖေက မင်း ပညာသာ တတ်အောင်သင် ဆိုပြီး လွှတ်ထားတာ။ လက်မှတ်ထိုးတတ်ရုံလောက်သာ စာတတ်တဲ့ ကောင်တွေတောင် မီလျံနာဖြစ်နေတဲ့ ခေတ်မှာ သင်းက ဘာမှမဖြစ်ဘူး။ ထားတော့။ ဒီကောင့် အကြောင်း။ သူကသာ မလွမ်းတတ်တာ သူ့ဘိုးအေကြီး လွမ်းတတ်ပုံကဖြင့် မှတ်တမ်းတင်လောက်ပါရဲ့။ ခု ဖိုးစောထွန်းက တကယ်တမ်း ပြောစေချင်တာက သူ့ဘိုးအေကြီး အကြောင်း။

ဒီလို ...။ မောင်သုခကြီးတို့ အဖေက မြို့အုပ်မင်း။ ရှေးကပေါ့ဗျာ။ မြို့အုပ်မင်း ဦးဖိုးသာ ဆိုတာပဲ။ မြင်ကွန်း မြင်းခုန်တိုင်တို့ဘက်က ပါတဲ့ လူ။ ခုခေတ် နိုင်ငံရေးစကားနဲ့ ပြောရရင် လစ်ဘရယ်အောက်လွှတ်ခံ ရှိတဲ့သူတွေပေါ့။ အရေးနိမ့်တော့ အောက်ပြည်အောက်ရွာကို ပြေးကြရတယ်။ အောက်ပြည်အောက်ရွာသူ မယ်ဆင့်နဲ့ အိမ်ထောင်ကျပြီး သားသမီးတွေ ရတယ်။ မြို့အုပ်ကျ ဆိုပေတဲ့လည်း အိမ်ကြီးရခိုင်နဲ့တော့ နေနိုင်သေးတာ။ မြို့အုပ်မင်းက သားသမီးတွေသာ ရတယ်။ လွမ်းတာကတော့ အတော် လွမ်းတတ်တာဆိုပဲ။ မိုးဦးကျ လေဦးကျ တောင်ကသို ပြို့တော့မယ် ဆိုတဲ့အခါမျိုးမှာ မြို့အုပ်မင်းက အိမ်အပေါ်ထပ် ဝရန်တာပေါ်က ခုခေတ် ပက်လက်ကုလားထိုင်လိုမျိုး ကျောမှီနဲ့ လက်တင်တန်းပါတဲ့ သစ်သားကုလားထိုင်ကြီးမှာ

သွားထိုင်လေ့ ရှိသတဲ့။ ကုလားထိုင်ကြီးကလည်း မြောက်ဘက်ကို လှည့်တယ်ဆိုပဲ။ မြောက်ဘက်ဆိုတော့ အောက်ပြည် အောက်ရွာကနေဆို အညာဘက်ပေါ့ဗျာ။ အဲဒီကုလားထိုင်ကြီးမှာ ထိုင်ရင်း အညာမှာ ကျန်ရစ်ခဲ့တဲ့ ငယ်ရည်းစားကို လွမ်းပြီး မျက်ရည်ကျသတဲ့။ အဲဒီလိုအခါမျိုးကျရင် မြို့အုပ်မင်းကတော် ဒေါ်ဆင့်က သားသမီးတွေကို ဟဲ့ ... ကလေးတွေ၊ မင်းတို့အဖေ ငယ်ရည်းစားကို လွမ်းနေတာမို့ အိမ်ပေါ်မှာ ပြေးလားလွှားလား မလုပ်ကြနဲ့၊ အိမ်အောက်ဆင်း ကစားကြလို့ ဆိုသတဲ့။ ကြည့်စမ်းဗျာ။ ဘယ်လောက် နားလည်မှု ရှိလိုက်တဲ့ မိန်းမမျိုး လဲလို့။ ခုခေတ် မိန်းမတွေနဲ့ မကွာလား။ မြို့အုပ်မင်းက သေသာသွားရော။ မိုးညို့ပြီဆိုတိုင်း ထိုင်ပြီး မျက်ရည်ကျတာတဲ့။ ကိုင်း ... ကိုဘမြင့်၊ မင်း ဘာပြောချင်သေးသတုံး။ အဲဒီ အလွမ်းဓာတ်ခံနဲ့လူဆီက ဆင်းသက်လာတဲ့ လူတွေမှာ ဘာဖြစ်လို့ အလွမ်းဓာတ်က ရိုးတိုးရိပ်တိပ်လောက်မှ မပါနိုင်ကြတာလဲလို့ ကိုယ်က မေးရင်း စကား အဆုံးသတ်လိုက်ရတယ်။ ဖိုးစောထွန်းကလည်း ကိုယ်ပြောတာကို ထောက်ခံတဲ့သဘောမျိုးနဲ့ ဘာမှ မပြောဘဲ ခေါင်းကိုသာ ညိတ်နေတယ်။ ကိုဘမြင့်ကတော့ အရည်ကုန်နေတဲ့ ဝိုင်ပုလင်းလွတ်ကိုပဲ ကြည့်နေတယ်။

ဝီစကီပုလင်းကို ကိုဘမြင့်ရှေ့ တွန်းပို့လိုက်တော့ သူက ပုလင်းဖွင့်ပြီး ဖန်ခွက်တွေထဲ ထည့်ပေးတယ်။ ထည့်နေရင်းက လွမ်းတယ်ဆိုတာကလည်း ရေခံမြေခံကလေး လိုမယ်ထင်တယ် အစ်ကိုကြီးလို့ ပြောပြီး ကိုယ့်ကို ကြည့်လိုက်တယ်။ ကိုယ့်အနေနဲ့ကတော့ မပြောတတ်ဘူးလို့ပဲ ပြောရမှာပဲ။ တစ်ခါကမှ လွမ်းတယ်ဆိုတာကို စနစ်တကျ တွေးမကြည့်ဖူးဘူး။ ကိုယ့်ဘာသာ တွေးနေတုန်း ဖိုးစောထွန်းက ပြောစမ်းပါဦးကွ ဘမြင့်ရ ... လို့ လှမ်းပြောတယ်။ ဒီတော့ ဘမြင့်က ပြောတယ်။ ကျွန်တော် အင်္ဂလန်မှာသွားပြီး ပညာသင်ရတုန်းက အကြောင်းကလေးတစ်ခု ပြောပါရစေ၊ တစ်နေ့တော့ ကျွန်တော်တို့ ကျောင်းသား လေးငါးခြောက်ယောက်လောက် ကျောင်းအားရက်မှာ လန်ဒန်ရဲ့ မြောက်ဘက်အရပ်တွေဆီ လျှောက်လည်ကြတယ်။ ဘိုင်ရွန်တို့ ကဗျာဆရာတွေ နေခဲ့တဲ့အရပ်ကို လျှောက်ကြည့်ကြတယ်။ ကြည့်ရင်း ဘိုင်ရွန် နေခဲ့တယ်ဆိုတဲ့ အိမ်ကြီးတစ်ခုကို ရောက်တော့ အာဖရိကက ကျောင်းသားတစ်ယောက်က ကောက်ချက်ချတယ်။ ဒါကြောင့်မို့လည်း သူတို့ အလွမ်းစာ ကောင်းကောင်း ရေးနိုင်ကြတာပဲတဲ့။ ကျွန်တော်က နားမရှင်းဘူး။ ဒါနဲ့ပဲ မင်း ဘာကို ဆိုလိုတာလဲလို့ မေးလိုက်တော့ သူက ပြောတယ်။ သူတို့ ရာသီဥတု၊ သူတို့ ပတ်ဝန်းကျင်၊ သူတို့ အနေအထားလိုမျိုး တို့မှာ မရှိဘူး။ ဒီတော့ တို့အနေနဲ့ လွမ်းမယ်ဆိုရင်တောင် သူတို့လွမ်းသလိုမျိုး မလွမ်းနိုင်ဘူး။ လွမ်းတာချင်း တူရင် သူတို့လို မဖွဲ့နိုင်ဘူး။ ခပ်ကြမ်းကြမ်း အလွမ်းပဲ ရနိုင်မယ်တဲ့။ ကျွန်တော်လည်း သူပြောတဲ့စကားအရ သူတို့အရေးအသားတွေ ဖတ်ကြည့်တော့ အမှန်ပဲ။ နောက်တစ်ချက်က ကျွန်တော်တို့ ဆရာကြီး ဦးဟုတ်ထိန် ပြောဖူးတယ်။ တရုတ် လွမ်းသလို ကုလား မလွမ်းဘူး၊ ကုလား လွမ်းသလို တရုတ် မလွမ်းဘူး ဆိုတာလည်း ဟုတ်တော့ ဟုတ်တာပဲ။ ကိုဘမြင့်က အတော်ကလေး စိတ်ပါလက်ပါနဲ့ ပြောပြီး ဝီစကီဖန်ခွက်ထဲကို ရေခဲနှစ်တုံး ထည့်ပြီး

ရေခဲကို လက်ညှိုးနဲ့ အသာမွှေနေတယ်။ ဖိုးစောထွန်း ကတော့ ဖန်ခွက်ကို ထွက်ပြေးသွားမှာစိုးလို့ လက်နှစ်ဖက်နဲ့ဆုပ်ပြီး ရင်ဘတ်ပေါ်မှာ ကပ်ထားရင်း တောင်ရိုးဘက်ကို ကြည့်နေတယ်။ ကိုယ်ကတော့ ဘာတွေးလို့ ဘာတွေးမှန်းတောင် မသိတော့ဘူး။

ကိုယ့်အတွေးထဲမှာတော့ မကြာခင်က အိမ်ကို ခဏပြန်လာတဲ့ ကျောင်းအစ်မကြီးနဲ့ ကိုယ် စကားပြောခဲ့ရတာကလေးတွေ ပေါ်လာတယ်။ တစ်နေ့မနက်တော့ သူနဲ့ ကိုယ်နဲ့ မနက်စာ စားပြီးကြလို့ ဒီနေရာကလေးမှာ ထိုင်ပြီး စကားပြောဖြစ်ကြတယ်။ အဲဒီတုန်း ဘာကြောင့်မှန်းတော့ မသိဘူး။ သူ့ကို ပြောလိုက်မိတယ်။ တစ်ခါတလေတော့ အိမ်မှာ မင်းမရှိတဲ့အတွက် တစ်ခုခု လစ်ဟာနေသလိုပဲ။ လွမ်းတယ်လို့ပဲ ခေါ်ရမလား မသိဘူးလို့။ ဒီတော့ သူက ကိုယ့်ကို သေချာကြည့်နေရင်းက ပြုံးလိုက်ပြီးက ကိုဘမောင် … ရှင် သူငယ်တော့ မပြန်လောက်သေးဘူး ထင်တယ်လို့ ပြောတယ်။ ကိုယ်ကတော့ ပြုံးနေလိုက်တယ်။ သူကလည်း ပြုံးနေရင်းနဲ့ ရှင်နဲ့ ကျွန်မတို့ အကြောင်းပါလို့ သားသမီးတွေ၊ မြေးတွေသာ ရခဲ့တယ်။ တစ်ခါဖူးကမှ ရှင့်ဆီက လွမ်းတယ်ဆိုတာ ကျွန်မ မကြားဖူးဘူးလို့ ပြောတယ်။ သူ့စကား ဆုံးတာနဲ့ ကိုယ်ကပဲ ဖြတ်မေးလိုက်မိတယ်။ မင်းကကော မလွမ်းဖူးဘူးလားလို့။ သူက ပြုံးနေတယ်။ ပြီးမှ မိဘပေးစားလို့ ရှင်နဲ့ ကျွန်မ ညားတာ၊ အစကတည်းက လွမ်းဖို့ အချိန်မရှိခဲ့ကြဘူး။ နောက်တော့ ရှင် ပြောင်းရာ ကျွန်မ လိုက်နေရတာပဲ။ ရှင်နဲ့ ကျွန်မအကြားမှာ လွမ်းလောက်တဲ့ အကွာအဝေး အတိုင်းအတာမှ မရှိခဲ့ဘဲ။ ဒီတော့လည်း ရှင်နဲ့ ကျွန်မအကြားမှာ လွမ်းတယ်ဆိုတာက မရှိခဲ့တဲ့ သဘောပဲလို့ သူက ဖြေတယ်။ ကိုယ်ကတော့ သိပ်နားမရှင်းဘူး။ တစ်သက်လုံး တစ်ခါမှ တွေးမကြည့်ခဲ့တာတွေဟာ တွေးကြည့်စရာ ဖြစ်လာတော့တယ်။ ဒီတော့ ကိုယ်က ခုနေ ပြောရတာတော့ ရယ်စရာလို ဖြစ်ကောင်း ဖြစ်နေမှာလို့ စကားကလေး ခံလိုက်ပြီး မင်းနဲ့ ငါအကြားမှာ ချစ်တယ်ဆိုတာကော ရှိခဲ့သလားလို့ မေးလိုက်မိတယ်။ ဘာလို့မှန်းတော့ မသိဘူး။ သူက အတော်ကြာအောင် ပြုံးနေတယ်။ ကိုယ် မြင်ခဲ့ဖူးတဲ့ သူ့ရဲ့အပြုံးတွေထဲမှာတော့ အတော်သာယာဖို့ ကောင်းတဲ့ အပြုံးပဲ။ ပြီးတော့မှ သူက ပြော တယ်။ ရှင်နဲ့ ကျွန်မအကြားမှာ ချစ်တယ်ဆိုတာ ရှိခဲ့လေသလား၊ မရှိဘူးလားတော့ မသိဘူး။ ရှင့် သားသမီးတွေကတော့ မိုးပေါ်ကကျလာတာ မဟုတ်တာ သေချာတယ်တဲ့။ ကိုယ်လည်း အတော်ကြာအောင် သူ့ကို ဘာမှ ပြန်မပြောနိုင်ဘူး။ နောက်မှ ထပ်ပြီး မေးကြည့်မိပြန်တယ်။ မင်း အခု ချောင်မှာ သွားနေတဲ့ အခါမျိုးမှာ တစ်ခါတလေများ ငါ့ကို မလွမ်းဘူးလားလို့ မေးတော့ သူက လွမ်းတယ်တော့လည်း မဟုတ်ဘူး။ တစ်ခါတလေတော့ ရှင် ဘယ်လိုများ စားသောက်နေတယ်၊ ရှင့်ဘာသာ အဆင်ပြေပါ့မလားလို့တော့ တွေးမိတတ်တယ်။ ဒါပေတဲ့လည်း ဒီအတွေးတွေ ရှိနေရင် ဒီသံသရာက ဘယ်မှာ လွယ်လွယ်နဲ့ ကျွတ်မှာ လွတ်မှာလဲလို့ သူက ပြောတယ်။

ကိုယ်ကတော့ ဖြစ်နိုင်ရင် ပြောလိုက်ချင်တယ်။ ဘာလို့ ဒီသံသရာကြီးထဲက

ထွက်သွားချင်ရတာလဲ။ သံသရာဆိုတာက ပျော်စရာကြီးပဲ။ သံသရာကြီးမှာကျမှ လွမ်းတာတို့၊ ချစ်တာတို့၊ မုန်းတာတို့တွေ ရှိတာ။ ဘာမှမရှိတဲ့ နေရာမှာတော့ဖြင့်လည်း အသက်ရှင် မနေချင်ပါဘူး။ အဲဒီတုန်းက မိန်းမတွေဟာ ယောကျ်ားတွေကို လွမ်းတတ်ပုံ မရဘူးလို့တောင် တွေးလိုက်မိတယ်။ အင်း ... အန်အက်စ်တဗလစ်ရဲ့ သီဝရီပေါ့ဗျာ။ မဟုတ်ရင် လူတွေဟာ မျောက်တွေနဲ့ နီးစပ်တယ် ဆိုတာထက် လူတွေဟာ ဆင်တွေ၊ ကြွံတွေနဲ့ ပိုနီးစပ်လေမလားလို့ တွေးကြည့်မိတယ်။ ကိုယ် ဖတ်မိလိုက်တာ တစ်ခုထဲမှာ ဆင်တွေ၊ ကြွံတွေဟာ အသက်အရွယ် အိုမင်းလာတာနဲ့အမျှ အထီးတွေက ပိုပြီး နူးညံ့သိမ်မွေ့လာပြီး အမတွေက ပိုပြီး ကြမ်းတမ်းလာသတဲ့။ ဖြစ်နိုင်တာပဲ။ အိမ်က ကျောင်းအစ်မကိုပဲ ကြည့်။ ခုခါမှ သံသရာက လွတ်မြောက်ချင်တာတို့၊ ဘာတို့ ပြောလာတယ်။ ဆင်မကြီးတွေ၊ ကြွံမကြီးတွေလို ခက်ထန်လာပုံ ရတယ်။ ခံစားချက် နည်းလာပုံ ရတယ်။ ကိုယ်တို့ ယောကျ်ားသားတွေနဲ့ ကွာလာတာပဲ။ ကိုယ်တို့ ယောကျ်ားသားတွေထဲမှာလည်း လောကကြီးကို စိတ်ကုန်နေတာတို့၊ ဘယ်သူကမှ အာမခံပြီး မပြောနိုင်တဲ့ နောက်ဘဝတို့၊ ကောင်းရာမွန်ရာတို့ကို ရှာကြံတွေးနေတဲ့ ခပ်ညံ့ညံ့ ယောကျ်ားတွေလည်း ရှိမှာပါ။ ကိုယ်တော့ ဒီစာရင်းထဲ မပါချင်ဘူး။ မလွမ်းတတ်လို့သာ နေရော့မယ်။ လွမ်းစရာ ရှိရင်တော့ လွမ်းချင်တာပဲ။ မျက်လုံးနှစ်လုံးက ရှိနေသေးတော့ လှတာကလေးတွေ ကြည့်ချင်တာပဲ။ ဒါမှလည်း သဘာဝကျမှာပေါ့ ။ လောကကြီးဟာ မသာအိမ်မှ မဟုတ်ဘဲ။ သာယာလှပတဲ့ လောကကြီးလို့ ခေါ်ကြတာသာ ကြည့်။ ဒီ သာယာလှပတဲ့ လောကကြီးထဲမှာ နေရင်းက ကိုယ့်ကိုယ်ကိုယ် မသာမယာ၊ မလှမပအောင် အတင်းကြိုးစားနေလို့တော့လည်း ဘယ်ဟုတ်ပါ့မလဲ။ မကြည့်ချင်၊ မမြင်ချင်တဲ့ အနိဋ္ဌာရုံတွေကို ရှာကြံကြည့်နေလို့ ဘယ်ဖြစ်ပါ့မတုံး။ အသက်ဆိုတာ တစ်ခါ ရှင်ရတာပါဗျာ။ ရှင်တုန်းကလေးမှာ ဒုက္ခကို လိုက်ရှာပြီး ဝယ်နေလို့တော့လည်း ဘယ်ဖြစ်မှာလဲ။ စားဖို့သောက်ဖို့၊ နေဖို့ထိုင်ဖို့ မပူမပင်ရဘဲ အချိန်တန် ထမင်းစားပွဲရှေ့ ရောက်နေနေရတဲ့ လူတွေက သံသရာကြီးဟာ မကောင်းဘူးလို့ ပြောနေကြတာကတော့ သိပ်တရားလှတယ်လို့ကို မထင်ဘူး။

အဲဒီညကတော့ ကျောင်းဆရာ ကိုဘမြင့်နဲ့ ဖိုးစောထွန်းတို့ ပြန် သွားပြီးတဲ့နောက် ကိုယ့်ဘာသာ ထိုင်နေရင်း ဆက်စဉ်းစားနေမိတယ်။ စဉ်းစားတယ်ဆိုတော့လည်း စဉ်းစားစရာက အပုံကြီး။ နယ်ကျယ်ကုန်တာပေါ့။ ဖိုးကို ရှိစဉ်ကတော့ ပြောလေ့ရှိတယ်။ မင်းတို့ ဝန်ထမ်းတွေဟာ ဝန်မထမ်းရပြန်တော့လည်း ရှာကြံတွေးရင်း ဝန်ထမ်းလေ့ ရှိသတဲ့။ ဟုတ်တုတ်တုတ်ရယ်။ အတွေးက စီးပိုးထားတာကိုး။ အတော်ကြာတော့ ဖိုးစပ်ကြီး တစ်ယောက် ဝရန်တာပေါ် တက်လာပြီး ပန်းကန်ခွက်ယောက်တွေ သိမ်းတယ်။ ကိုယ်ကလည်း ပျင်းပျင်းရှိနေသေးတာနဲ့ လာကွာ ... ဖိုးစပ်၊ တစ်ခွက်တစ်ဖလား သောက်ချေဦးလို့ ခေါ်တော့ သူက တစ်ခွက်လောက်ပဲ ဆရာကြီး၊ ကျွန်တော်လည်း ရမ် ချထားတယ်လို့ ပြောပြီး ဝင်ထိုင်တယ်။ သူက ကိုယ်နဲ့နေလာတာ ကြာပြီ။ ကိုယ် မင်းကြီးဘဝ ကတည်းကပဲ။ အကြောင်းသိလို့ ပြောရမယ်။ ဝီစကီတစ်ငုံလောက် သောက်လိုက်ပြီး ခုတစ်လော ဆရာကြီး ကြည့်ရတာ တစ်မျိုးပဲ။ တရားတိုက်ကို အမေ

ပြန်သွားကတည်းက ဆရာကြီးလည်း လွမ်းကျန်ရစ်ပုံ ရတယ်လို့ ပြောတယ်။ ကိုယ်က မပြောတတ်ဘူးကွလို့ ပြန်ပြောလိုက်တော့ ဖိုးစပ်ကြီးက ရယ်တယ်။ လွမ်းနေရင်တော့လည်း မပျင်းရတော့ဘူးပေါ့လို့ သူက ထပ်ပြောပြန်တယ်။ ဒီတော့ ကိုယ့်စိတ်ထဲမှာ လွမ်းနေရင် အပျင်းပြေသတဲ့လား ဆိုတဲ့ မေးခွန်းက ပေါ်လာပြန်တယ်။ ဒါပေတဲ့ ဆက်တွေးစရာ အကြောင်းက မရှိပြန်ဘူး။ နောက်တော့ ကိုယ်တို့ ဆရာတပည့် နှစ်ယောက်သား ရှေးရှေးက အကြောင်းတွေ တောပြောတောင်ပြော ပြောဖြစ်နေကြတယ်။ အတော်ကြာတော့ ကိုယ်လည်း နားချင်လာတာနဲ့ ငါတော့ သွားလှဲတော့မယ်ကွာလို့ ပြောပြီး ထိုင်ရာက ထတော့ ဖိုးစပ်ကြီးလည်း ထိုင်ရာက ထပြီး ပန်းကန်ပြားတွေ၊ ခွက်တွေ သိမ်းတယ်။ သိမ်းနေရင်း သူ့ဘာသာ ပါးစပ်ဆိုင်းလေး တီးပြီး သီချင်း ညည်းနေတယ်။ လွမ်းသလေ မောင်ကြီး ... ယိုးလားယီး ... လွမ်းပါ သလေလေ ... လွမ်းပါသလေလေ မောင်ကြီး ... တဲ့တဲ့တူနယ် ... တဲ့ ... ဖြောင် ... တဲ့။

အိပ်ရာပေါ်မှာ လှဲလိုက်တော့ ကိုယ်ထဲက နာတယ် ပူတယ် မရှိသေးဘူး။ ပါးစပ်က ကျွတ်ကျွတ်ရယ်လို့ အသံထွက်သွားတယ်။ ဘာလို့မှန်းတော့ မသိဘူး။ နောက်တော့ ညနေဆီက ပြောခဲ့ကြတဲ့ အလွမ်းအကြောင်းက ခေါင်းထဲ ဝင်လာပြန်ရော။ ဒါပေတဲ့ ခုနကတင် ဖိုးစပ်ကြီး ညည်းနေတဲ့ လွမ်းသလေ မောင်ကြီး ... ယိုးလားယီး ... ဆိုတဲ့အသံက နားထဲက မထွက်ဘူး။ လွမ်းတာနဲ့ ယိုးလားယီးနဲ့ အကြားမှာ ဘာက ဘယ်လို ဆက်နေမှန်း မသိဘူး။ ဒီအကြောင်းကိုတော့ နောင်ခါမှ ကိုရင် မောင်တင့်သားရဲ့ မိတ်ဆွေ ပြည်ဘက်ဆီက ကျောင်းအုပ်ဆရာကြီးများ ဒီဘက်လာတဲ့အခါ မေးစမ်းကြည့်ရဦးတော့မှာပဲ။ ဘာလို့ ယိုးလားယီးရတယ် ဆိုတာ။ သူက ရှေးသီချင်းတွေ၊ ဆိုင်းအကြောင်းတွေ အတော်ပိုင်တယ်။ လွမ်းတတ်၊ မလွမ်းတတ်တော့ မသိဘူး။

■

အသက်ကို ငဲ့လို့ တည့်တည့်ပဲ ပစ်လိုက်တော့တယ်

လာဗျာ။ ဒီကောင်ကြီးအကြောင်း မပြောမဆိုရတာ ကြာပြီ။ ဒါပေတဲ့ သိပ်ကြာသွားပြီတောင် မထင်မိဘူး။ တစ်နေ့ဆီက ကလပ်မှာ လူစုပြီး သူ ဆုံးသွားတာ လေးနှစ်ပြည့်တဲ့ အထိမ်းအမှတ်ကလေး လုပ်ကြတော့မှပဲ အတော်ကလေး ကြာသွားပြီဆိုတာ သတိထားမိလိုက်တော့တယ်။ ကလပ်က ကပ္ပတိန်လုပ်တဲ့ ဦးဘအေးကြီးကများဆိုရင် ခုထက်ထိ ဘဝင်မကျနိုင်ရှာသေးဘူး။ ငါ အမြဲလို သတိပေးနေသားကွာ၊ ခက်တာက ဒီကောင့်မှာလည်း ဒါကလေးနဲ့ ပတ်သက်ရင် ဘရိတ်က မပါဘူးလို ဖြစ်နေတယ်လို့ ပြောလို့ ကိုယ်တို့တစ်တွေ ရယ်ကြရသေးတယ်။ အဲဒီနေ့ ညနေက အတော် မိုးချုပ်သွားကြတယ်။ ဘယ်သူကမှ ဝမ်းနည်းပက်လက်တော့ မဖြစ်ကြဘူး။ သူကလည်း ဝမ်းနည်းတာမျိုးမှ မကြိုက်ဘဲကိုး။ ဖိုးစောထွန်းကတောင် ဖိုးကိုက ဘာကြောင့် ဝမ်းနည်း ဝမ်းနည်း ပျော့ညံ့ သေးသိမ်ရာ ကျတယ်လို့ ပြောဖူးတယ်။ ခင်ဗျားတို့ ဝမ်းနည်းချင်ကြရင် အိမ်ပြန်ပြီး ကိုယ့်မိန်းမ ကိုယ်ဖက်ပြီး ဝမ်းနည်းကြလို့ ပြောသေးတယ်။ ဘာလို့တုံးလို့ ကိုအောင်ခင်က မေးတော့ ဖိုးစောထွန်းက ငါ့မှာ လွတ်ရက်မရှိတဲ့ နင့်ရဲ့ အချစ်အကျဉ်းသား အဖြစ်နဲ့ နေရတာ အတော်ကြာသွားပါကလား ဆိုပြီး ဝမ်းနည်းတဲ့ အနေနဲ့ပေါ့တဲ့။ ဒီတော့ခါမှ လွတ်ရက်မရှိတဲ့ ခုနစ်အို၊ ရှစ်အို အချစ်ရဲ့ အကျဉ်းသားကြီးများ ရယ်နိုင်ကြရတော့တယ်။

တကယ်တော့ အဲဒီစကားက ဖိုးကို ပြောလေ့ရှိတဲ့ စကား။ ဖိုးကိုက မေတ္တာ၊ ကရုဏာ၊ မုဒိတာ စတာတွေကိုတော့ အတော်ပြောတယ်။ ကိုယ်နဲ့ အမြီးအမောက် သိပ်မတည့်တဲ့ အပိုင်းက အဲဒီအပိုင်းပဲ။ အဲဒီအခါမျိုးကျရင် ဖိုးစောထွန်းက သူ့ဘက်က ပါတယ်။ ဂေါက်ကွင်းမှာဆိုရင်တော့ နှစ်ယောက်သား မတည့်ကြဘူး။ ဖိုးစောထွန်းက သီဝရီသမား။ ခါးက ဘယ်လို၊ ပခုံးက ဘယ်လို၊ ဂေါက်သီးက ရိုက်တာ မဟုတ်ဘူး၊ လက်ရဲ့ အရှိန်နဲ့ ထိသွားတာ၊ ဘာရယ် ညာရယ်နဲ့။ ဂေါက်သမား ဆိုတာကလည်း ဦးတဲ့သူက ဆရာ လုပ်ချင်တာကိုး။ တီခုံပေါ်ရောက်ပြီဟေ့ ဆိုတာနဲ့ ပရို ဖြစ်သွားကြတာချည်းပဲ။ ဖိုးစောထွန်းကို နိုင်တာက ဖိုးကိုပဲ။ ဖိုးစောထွန်း တစ်ယောက် တီခုံပေါ်တက်ပြီး ရိုက်မယ်လုပ်ရင် ဖိုးကိုက ဟေ့ ... ဖိုးစောထွန်း၊ မင်း ခါးက နည်းနည်း မတ်မနေဘူးလား။ မင်း ပြောနေကျအတိုင်း မဟုတ်ပါလားလို့ ရိတတ်တယ်။ အဲဒီနေ့ ဖိုးစောထွန်း လက်ပျက်ကရော။ ကိုယ်ကတော့ ပုံမှန်ပဲ။ ပင်စင်ယူပြီးကာမှ ပရိုလည်း ဖြစ်မှာ မဟုတ်တော့ဘူး။ စင်ဂယ်လ် ဟင်းဒီကက် ရလည်း ဘာထူးတော့မှာ မို့လဲ။ ဟိုးလ်အင်န်ဝမ်း ရရင်တောင် ကိုယ်တို့အရွယ်က ဒီကျင်းလောက်ပဲ သွင်းနိုင်တဲ့အရွယ် ရောက်နေပြီ မဟုတ်လား။ ဘာစိတ်ဝင်စားစရာ ရှိတော့လို့တုံး။ ဆရာဝန် ကိုမောင်ကလေး ရှိတုန်းကဆိုရင် ကိုမောင်ကလေးနဲ့ ကိုယ်က တွဲလေ့ ရှိတယ်။ ကိုယ်တို့ လေးယောက်သား ရိုက်တဲ့အခါဆိုရင် သူတို့ နှစ်ယောက်သား ငြင်းဟယ်ခုံဟယ် လုပ်နေကြတာကို

ကိုယ်တို့က နောက်ကကြည့်ရင်း တခွိခွိနဲ့ပေါ့။ ကိုမောင်ကလေးကတော့ ကိုးကျင်းသမား။ အလွန်းဆုံး ရိုက်ရင် ဆယ့်လေးကျင်းပဲ။ ဆယ့်လေးကျင်းက ကလပ်ဟောက်စ်နဲ့ နီးလေတော့ ဆယ့်လေးကျင်းပြီးရင် ကလပ်ဟောက်စ်ဆီ တက်တော့တာပဲ။ ပြောလည်း ပြောသေးတယ်။ ဒီအရွယ်ကြီးနဲ့ မိုက်လို့ ဆယ့်ရှစ်ကျင်း ရိုက်တာတဲ့။ ဒီတော့ ဖိုးကိုက ပြောလေ့ရှိတယ်။ ကိုမောင်ကလေး ... ဘာကိစ္စဖြစ်ဖြစ် ပြီးပြီးပြတ်ပြတ် လုပ်ရတယ်၊ တိုးလိုးတန်းလန်း ထားခဲ့လို့ ဘယ်ကောင်းမှာလဲတဲ့။ ဒီအခါမျိုးမှာ ကိုမောင်ကလေးက ပြန်ပြောလေ့ ရှိတယ်။ မင်းမှာ ဂေါက်သီး ရိုက်တာတောင် အဲဒီစိတ်ကလေးက ရှိနေသေးတယ်တဲ့။ ဒီတော့လည်း ဖိုးကိုလည်း ပါးစပ်ပိတ်ရတယ်။

ဖိုးကိုကလည်း ဖိုးကိုပဲ။ အဲဒီကိစ္စကလေးတွေက သူ့မှာ အတော်များတယ်။ တစ်ခါတလေ မနက်ဘက် ရိုက်တဲ့အခါ သူများတကာ ဆယ့်နှစ်ကျင်း ပြီးလို့ ကလပ်ဟောက်စ် ရောက်နေကြပေတဲ့ သူက ပေါ်မလာဘူး၊ သူ့ကယ်ဒီကို မေးတော့မှ ဆရာကြီး ဆယ့်ကိုးကျင်းမှာ ... တဲ့။ ဆယ့်ကိုးကျင်း ဆိုတာက ဂေါက်ကွင်းနားမှာနေတဲ့ ကပြားမနှစ်ယောက် အိမ်ပဲ။ တစ်ခါတော့ မနေနိုင် မထိုင်နိုင် ကိုယ်က ပြောဖူးတယ်။ မနေနိုင် မထိုင်နိုင်လို့ ပြောရတာက ဒီကိစ္စမျိုးက ဘယ်သူ့ကိစ္စမှ မဟုတ်ဘဲ။ မင်းကွာ ... ငယ်လည်း ငယ်တော့တာ မဟုတ်ဘူး၊ ဒီကိစ္စလေး နည်းနည်း ထိန်းဖို့တော့ ကောင်းပြီလို့ ပြောတော့ သူက ပြောတယ်။ ဟကောင် ဘမောင်၊ ငါက မင်းလို မေတ္တာတရား ခေါင်းပါးနေတာ မဟုတ်ဘူး၊ မေတ္တာတရားတွေ ပိုလျှံနေတာ၊ မေတ္တာတရားကို ခြေချုပ်ချမထားကောင်းဘူးလို့ ရယ်စရာ နောက်စရာ အနေနဲ့ ပြန်ပြောတယ်။ အဲဒီတုန်းက ဆရာဝန် ကိုမောင်ကလေးက မဆုံးသေးဘူး။ သူကလည်း အနားမှာ ရှိနေတော့ ဝင်ပြောတယ်။ ဖိုးကိုရာ ... ငါတော့ မင်း ပြောပြောနေတဲ့ မေတ္တာတွေ၊ ကရုဏာတွေကို အထင်လည်း မကြီးဘူး၊ ယုံလည်း မယုံဘူးတဲ့။ ဒီတော့ ဖိုးကိုက ပြောတယ်။ ကိုမောင်ကလေး ... ခင်ဗျားက လူနာတွေ၊ လူမမာတွေနဲ့ အဆက်အဆံ များနေတာကိုး။ ကျုပ်တို့လို လူကောင်း သူကောင်းတွေနဲ့ များများပေါင်းပေး၊ အမြင်မှန် ရလာအောင်တဲ့။ ဒီတော့ ကိုမောင်ကလေးက သူ့ကို ဘာမှ ပြန်မပြောတော့ဘဲ ကိုယ့်ကို ကြည့်ပြီး ပြောတယ်။ ကိုဘမောင် ... တွေ့တယ် မဟုတ်လား။ ဒီကောင့်မှာ အဖြေ အမြဲတမ်း ရှိတယ်။ မြွေကိုက်တောင် သေမှာ မဟုတ်ဘူးတဲ့။ အေးဗျာ။ ဒါပေတဲ့ ဖြစ်ချင်တော့လည်း ဖြစ်သွားတာပဲ။ ကိုယ်ကတော့ သူ့အကြောင်း တွေးမိတိုင်း စိတ်ထဲမှာ တစ်မျိုးကြီးပဲ။ ဝမ်းနည်းတာလား၊ ဘာလဲညာလဲ မသိဘူး။ အဲဒီလို ဖြစ်တာကို ပြောပြမိတော့ ဖိုးစောထွန်းက ပြောတယ်။ ဟကောင် ဟိုကောင်က ဘဝကို ကျေကျေနပ်နပ်နဲ့ သေသွားတာ၊ မင်းလို တစ်လောကလုံးအတွက် ထိုင်ပြီး သောကပွားနေတာ မဟုတ်ဘူးတဲ့။ ဒါလည်း ဟုတ်လောက်ပါရဲ့။ ခုဟာက ဖိုးကိုအနေနဲ့ အရာရာကို စွန့်လွှတ်သွားတာပဲလို့ ပြောရလိမ့်မယ်။ အကြောင်းက ဒီလို။

တစ်နေ့ နေ့ခင်းတော့ ဖိုးကိုက ဖုန်းဆက်တယ်။ ကျောင်းအစ်မကြီး အိမ်မှာရှိသလားလို့ အရင်ဆုံး မေးတယ်။ ဘာလို့တုံးလို့ မေးလိုက်တော့ ညနေဘက် ငါနဲ့

ဖိုးစောထွန်း မင်းဆီ လာမလို့တဲ့။ လာချင် လာပေါ့။ အိမ်က ကျောင်းအစ်မက ချောင်မှာ။ အဲဒီမှာ အနေများတယ်။ ဘာလို့တုံး၊ သူနဲ့ စကားပြောချင်လို့လားလို့ ဆိုလိုက်တော့ နိုးနိုး နိုးနိုးလို့ သူက အလျင်စလို ဖြေတယ်။ ပြီးမှ ဘမောင်ရာ … မင်းတို့ လင်မယားက ဟစ်ပီလို လင်မယား၊ လောကကြီးကို မြင်ချင်သလိုမြင်၊ တွေးချင်သလို တွေးနဲ့၊ မင်းနဲ့ စကားပြောရတာတောင် လွန်လှပြီ။ ခုဟာက မင်းနဲ့ ဖိုးစောထွန်းကို ငါ တိုင်ပင်စရာရှိလို့ လို့ သူက ပြန်ဖြေတယ်။ ကိုယ်က ဘာမှဝင်မပြောဘဲ ဆက်ပြီး နားထောင်နေမိတယ်။ သူက ဆက်ပြောတယ်။ မင်းအိမ်က ဖိုးစပ်တို့ လင်မယားကို မြည်းစရာလေး ဘာလေး လုပ်ခိုင်းထား၊ ငါ ဝီစကီ ကောင်းကောင်း ယူခဲ့မယ်တဲ့။ ကိုယ်ကလည်း မသေချာတာနဲ့ မေးလိုက်မိတယ်။ ဖိုးစောထွန်းကြီးကို ပြောပြီးပြီလား ဆိုတော့ အေး … ငါ ပြောမလို့ဘဲ။ မင်း လှမ်းပြီး ဖုန်းဆက်လိုက်စမ်းပါ။ မင်း ခေါ်ရင် ရတယ်။ ဒီ ကိုလိုနီရဲ့ နောက်ဆုံးလက်ကျန် ဗျူရိုကရက်က တော်ရုံ ခေါ်ရမလွယ်ဘူးလို့ ပြောတယ်။ ကိုယ်ကတော့ သူ ပြောတာကို နားထောင်ရင်း ပြုံးနေမိတယ်။ ဖိုးစောထွန်း အကြောင်းလည်း တွေးလိုက်မိတယ်။ ပြောမယ်ဆိုရင်တော့ ဖိုးစောထွန်းကလည်း ဖိုးစောထွန်းပဲ။ ခုန ပြောပြီးပါပကော။ သီဝရီသမား၊ စနစ်က အတော်ကြီးတယ်။ ဘာလုပ်လုပ် စနစ်ရှိတယ်။ လူဆိုတာ စနစ်ရှိရတယ်၊ စနစ်မရှိရင် နွားနဲ့ တူသွားမယ်လို့ ပြောလေ့ ရှိတယ်။ တစ်ခါက မေးကြည့်ဖူးတယ်။ ဟေ့ … ဖိုး စောထွန်း၊ ကြားဖူးသရွေ့ကတော့ အိပ်၊ စား၊ ကာမ ဤသုံးဝမှာ လူနဲ့ နွား၊ မခြား အတူတူဆိုတာ မှားတယ်ကွ။ အိပ်တာရော၊ စားတာရော၊ ကာမဂုဏ် ခံစားတာရော လူနဲ့ နွား မတူဘူး။ လူက အရသာကို သိတယ်၊ နွားက သူ လုပ်စရာရှိတာ လုပ်တာ၊ အရသာ မပါဘူး။ ဆင်ခြင်တုံတရား မပါဘူး၊ စနစ် မပါဘူး၊ တကယ်တမ်းမှာ နွားနဲ့ လူနဲ့ မတူတာ စနစ်ရှိတယ်၊ မရှိဘူး ဆိုတာပဲလို့ ရှင်းပြတယ်။ ကိုယ်ကတော့ သဘောကျတတရယ်။ အကျကြီးတော့ မဟုတ်ဘူး။ အကြောင်းက တခြားတော့ မဟုတ်ဘူး။ လူနဲ့ နွား မတူတာ ပြောမှဖြင့်လည်း အဲသလို ကြီးကြီးကျယ်ကျယ် မတူမှ ကောင်းတော့မှာပေါ့။ မဟုတ်တရုတ်ကလေးနဲ့ လူနဲ့ နွား သွားတူတယ် ဆိုရင်ကဖြင့် နွားကို သူကြီးခန့်တာ ရိုးပြတ်မသိမ်းချင်လို့ပါ ဆိုတာမျိုး ဖြစ်ကုန်မှာပေါ့ဗျာ။

အင်း … ဖိုးစောထွန်းအကြောင်း ပြောနေရာက ခရီးနည်းနည်း လွန်သွားတယ်။ သူကလည်း ဖိုးကို ပြောသလို ဗျူရိုကရက်စိတ်နဲ့ ခေါက်ရိုးကျိုး နေလေသလားတော့ မပြောတတ်ဘူး။ သူ့ကို ကျွေးချင်မွေးချင်လို့ ဖိတ်ရင်ပြုရင် အနည်းဆုံး လေးဆယ့်ရှစ်နာရီ ကြိုဖိတ်ရတယ်။ တစ်ခါတော့ ကိုယ်က မေးကြည့်တယ်။ အချင်းချင်းတွေပဲဗျာ၊ နန်းရင်းဝန်အိမ် ညှော်ခံပွဲ တက်တာမှာ မဟုတ်ဘဲ၊ ဘာလို့ လေးဆယ့်ရှစ်နာရီ ကြိုပြီး အကြောင်းကြားရမှာတုံးလို့ ဆိုတော့ သူက ဖြေတယ်။ ပေါ့သွားမှာ စိုးလို့တဲ့။ ပြီးတော့ ပြောသေးတယ်။ ငါက လာခေါ်တိုင်း ထလိုက်ရအောင် ပြည်ကြီးဒါလီ မဟုတ်ဘူးတဲ့။ ဒီလို ဆိုပြန်တော့လည်း ဟုတ်သားကလား။ အဲဒါမျိုးတွေကြောင့် ကိုယ်က ဖိုးစောထွန်းကို သဘောကျတာ။ ဟုတ်တာ၊ မဟုတ်တာတွေ ထား။ နားမှာ ကြားလို့ကို တင့်တယ်တယ်။ သောတအာရုံမှာ ဂုဏ်ခံစရာကလေး ရှိလာသပေါ့ဗျာ။ ကိုယ်ကလည်း သူ

ပြောတာဆိုတာကို လက်မခံသည့်တိုင် ထပြု ငြင်းမနေဘူး။ ဒီတော့ လည်း သူက ကိုယ့်ကို သဘောကျပြန်တယ်။ ဘုတ် ကျီးရိုသေ၊ ကျီး ဘုတ်ရိုသေ ဆိုတာမျိုးပဲ ထင်တယ်။ သူကိုယ်တိုင်ကလည်း ပြောဖူးတယ်။ မင်းကို ငါ သဘောကျတာ မင်းမှာ ဆင်ခြင်တုံတရား ရှိတယ်။ ဆင်ခြင်တုံတရား ရှိတယ်ဆိုတာက စနစ်ရှိတာပဲ။ စနစ်ရှိတော့ မင်းက စဉ်းစားတယ်။ ဖိုးကိုတို့ ကိုဘအေးတို့လို ထပြီး ဖွတ်ငြင်းမနေဘူး။ မင်းက ငြိမ်ပြီး နားထောင်ရင်း ကိုယ့်ဘာသာ တွေးယူတယ်။ အဲဒါကိုက မင်းမှာ သဘောကျစရာ ကောင်းတဲ့ အရည်အချင်းပဲတဲ့။ သူက ပြောဖူးသေးတယ်။ မင်း မင်းကြီး ဖြစ်လာတော့ တခြားလူကြီးတွေနဲ့ ပဲခူးကလပ်မှာ ဆုံရင်း ငါ ပြောဖူးတယ်။ တစ်နေ့ ဘမောင်တစ်ယောက် မင်းကြီးဖြစ်လာမယ် ဆိုတာ ကျုပ် အစကတည်းက သိတယ်။ သူက စဉ်းစားတယ်၊ အတွေး ရှိတယ်။ အစည်းအဝေးတွေ ဘာတွေမှာဆို အမြဲလို သေသေချာချာ ငြိမ်ပြီး နားထောင်လေ့ ရှိတယ်။ အဲဒီကတည်းက ကျုပ် သိပြီးသားလို့ ပြောဖူးတယ်။ ဟုတ်တော့ ဟုတ်ပါရဲ့။ ကိုယ်က စဉ်းတော့ စဉ်းစားတတ်တယ်။ မနက်ပိုင်း လုပ်တဲ့ အစည်းအဝေးတွေ ဘာတွေဆို ပိုပြီး စဉ်းစားလို့ကောင်းတယ်။ ညနေပိုင်း အစည်းအဝေးနဲ့ မတူဘူး။ များသောအားဖြင့် ဆယ့်တစ်နာရီ၊ ဆယ့်နှစ်နာရီလောက်မှာ ပြီးတတ်တော့ ထမင်းကျွေးလေ့ ရှိတယ်။ ဒီတော့ စဉ်းစားတဲ့အထဲမှာ ပိုလို့ အရသာရှိလာတာက ဘာဟင်းနဲ့ ကျွေးမယ်ဆိုတာ ထည့်စဉ်းစားကြည့်လို့ ရတာပေါ့။ သူတို့တစ်တွေ ဝီစကီ ကောင်းကောင်းကလေး ရလို့ ကိုယ့်အိမ် ယူလာတဲ့အခါမျိုးမှာလည်း သူတို့ ပြောတာ နားထောင်ရတာပေါ့။ ကိုယ်က ဘာတွေ စဉ်းစားတယ်ဆိုတာ ဖိုးစောထွန်းကမှ မသိဘဲ။ ခုခါမှ ကိုယ်က ဘာတွေ စဉ်းစားတယ်ဆိုတာ သူ့ကို ထုတ်ပြောနေလို့ ဘယ်ကောင်းပါ့မတုံး။

ဒါနဲ့ပဲ ကိုယ်လည်း ဖိုးစောထွန်းကို ဖုန်းဆက်ရတော့တာပေါ့။ ဟိုလိုလို ဒီလိုလိုနဲ့ ခင်ဗျားကောင် သေကောင်ပေါင်းလဲ ဖြစ်နေတယ်၊ တိုင်ပင်စရာကလေးတွေ ရှိတယ်လို့ ပြောရတော့တာပေါ့။ သူက ဘာများလဲလို့ မေးတော့ ကိုယ့်မှာလည်း ဘာပြောရမှန်း မသိ။ မသိ ဆိုတာက တကယ့်ကို မသိတာ။ တကယ့်ကို မသိတာများမှ တကယ့်ကို ပြောစရာ မရှိအောင်ကို မသိတာ။ ခင်ဗျားလာတော့ သိမှာပေါ့ဗျာ လို့ပဲ ပြောလိုက်ရတယ်။ ပြောသာ ပြောရတယ်။ အဲဒီကျခါမှ ကိုယ်လည်း ဖိုးကိုကိစ္စ သိမှာ။ ဒီတော့ ဖိုးစောထွန်းက အတော်ပဲ၊ ငါလည်း ခပ်ပျင်းပျင်းနဲ့မို့ ညနေဘက်ကျရင် မင်းဆီ သွားဦးမှလို့တောင် စဉ်းစားထားသေးတယ် ဆိုပြီး စားဖို့သောက်ဖို့ ဘာများယူခဲ့ရမလဲလို့ မေးတယ်။ မလိုပါဘူးဗျာ၊ လာသာ လာပါ၊ ဝီစကီ ကောင်းကောင်းလောက်ကတော့ သောက်ရမှာပေါ့ လို့ ပြောလိုက်တယ်။ ပြောလိုက်ရဆို ... ဖိုးကိုက ဝီစကီကောင်းကောင်း ယူခဲ့မယ်လို့ ပြောထားတာကိုး။ မင်းကြီးလောက် ဖြစ်ခဲ့ဖူးမှတော့ ကိုယ်လည်း ဘုန်းကြီးလက်ဖက်နဲ့ အရပ်ကို မျက်နှာလုပ်တာလောက်ကတော့ တတ်ပါသော်ကော။ ဒီလိုနဲ့ အဲဒီနေ့ ညနေဘက်က ကိုယ့်အိမ်နောက်ဖေး ဘက်က ဝရန်တာပေါ်မှာ ကိုယ်တို့ သုံးယောက်သား စကားပြောဖြစ် သွားကြတယ်။ ကိုင်း .... အဲဒီ အပိုင်းကလေးတော့ လိုရင်းလောက်ပဲ ပြောမယ်ဗျာ။ သိပ်ရှည်နေမှာ စိုးလို့။ ဖိုးကိုက အဓိကပြောတဲ့ အချက်ကတော့

နှစ်ချက်တည်း။ သူ့မိန်းမ မရှင်သန့်နဲ့ သူ တရားဝင် ကွဲမယ်။ ကွဲပြီး ကောင်မလေး တစ်ယောက်နဲ့ ယူမယ်။ အဲဒီကောင်မလေး နာမည်ကတော့ လေးငါးလုံးနဲ့မို့ ကိုယ်လည်း အပြည့် မမှတ်မိတော့ဘူး။ ကိုယ့်လိုဖြင့်တော့ ဒီနာမည်ကို ခေါ်နေရတာနဲ့ အသက်ရှူကျပ်လာလို့ ကျန်တဲ့ အပိုင်းက အလုပ်ဖြစ်မယ် မထင်ဘူး။ ဖိုးကိုက သူ့မိန်းမ မရှင်သန့်နဲ့ ကွဲချင်တာက ဆန်းပေတဲ့ သိပ်မဆန်းလှဘူး။ ဒီလိုပြောချင်ရင် တစ်မျိုး ပြောနိုင်သေးတယ်။ သိပ်မဆန်းပေတဲ့ ဆန်းတယ်လို့ ပြောနိုင်တယ်။ အကြောင်းကတော့ ဒီလို။ ဖိုးကိုနဲ့ မရှင်သန့်တို့က ငယ်လင် ငယ်မယား။ အဆင့်အနေနဲ့ ပြောရရင်တော့ မရှင်သန့်က မယားကြီး။ မယားကြီး ဆိုပေတဲ့ ဆိုခါမျှ ပြောခါမျှ မယားကြီးမျိုး မဟုတ်ဘူး။ ဘားဆုံးနေပြီ၊ ဂိတ်ဆုံး ရောက်နေပြီ။ ရောက်ဆို ဖိုးကိုမှာက မယားငယ်ပဲ ခေါ်ရမလား၊ နောက်မိန်းမလို့ပဲ ခေါ်ရမလား၊ နှစ်ဦးသဘောတူ အပြန်အလှန် အကျိုးပြုမှု အစီအစဉ်အရ ပေါင်းသင်း နေထိုင်တယ် ပြောရမှာလား မသိတာတွေက အများကြီး။ အစကတော့ မရှင်သန့်က ပြောသေး ဆိုသေးတယ်။ ခုတော့ ပြောကို မနေတော့ဘူး။ အိမ်ပြန်လာရင် စကားပြောတယ်။ ပြန်မလာလည်း လိုက်မရှာတော့ဘူး။ ဂရုမစိုက်တော့ဘူး။ ဘယ်လိုကြီး ဖြစ်နေဖြစ်နေ လင်မယား အနေနဲ့ကတော့ တရားဝင် လင်မယားပဲကိုး။

အဲဒီတုန်းက ဖိုးစောထွန်းက တစ်ခွန်းဝင်ပြောတယ်။ မင်းတို့ လင်မယားနှစ်ယောက် စာရွက်ပေါ်မှာတင်ပဲ ပေါင်းသင်းနေကြတာ မဟုတ်လား။ ဘာလို့ ခုခါမှ တရားဝင် ကွဲချင်ရတာလဲတဲ့။ အကြောင်းကတော့ အဲဒီ နာမည်လေးငါးလုံးနဲ့ ကောင်မလေးက ဖိုးကိုကို ပြောသတဲ့။ ဖိုးကိုကို သူက ချစ်တာ။ ဖိုးကိုဆီက ဘာမှလိုချင်လို့ မဟုတ်ဘူး။ ဒါကြောင့် ကိစ္စအကုန် ရှင်းပြီးခါမှ အိမ်ပေါ်တက်ခဲ့။ သူနဲ့ တရားဝင်ယူလို့ ပြောလို့တဲ့။ ဒီတော့လည်း ကိုယ်က မနေနိုင်ဘူး။ တစ်ခွန်း ဝင်မေးကြည့် ရတယ်။ ခင်ဗျားကိုဗျာ ဒီအသက် ဒီအရွယ်ကြီးနဲ့ကျခါမှ အစိတ် သုံးဆယ်လောက်ရှိတဲ့ မိန်းကလေးက ဘာမှ မလိုချင်ဘူး၊ ချစ်တာ တစ်ခုတည်း ရယ်လို့ ပြောတယ် ဆိုတာကတော့ ဟုတ်ပါ့မလားလို့ မေးတော့ သူက ပြောတယ်။ ဘမောင်ကြီးရာ ... မင်းမှာလည်း အတွေးက အမြဲချော်သကိုး တဲ့။ ဘာလို့တုံးဆိုတော့ ... သူက ပြောတယ်။ ချစ်တာဟာ အသက်နဲ့ မဆိုင်ဘူးတဲ့။ ပုံမှန်အနေအထားနဲ့ ပြောရရင်တော့ ချစ်ခြင်းဟာ ချစ်ခြင်းပဲ ဆိုတာကို ယုံတယ်။ ဖိုးကိုရဲ့ အနေအထားမျိုးမှာတော့ မယုံဘူး။ ပြောရရင် လက်တွေ့မကျဘူး။ စိတ်ထဲမှာလည်း စနောင့်စနင်းနဲ့ ချဉ်တင်တင်လည်း ဖြစ်လာတာမို့ ဘာနဲ့ ဆိုင်သတုံး၊ အတက်နဲ့ ဆိုင်သလားလို့ ပြန်ပက်လိုက်မိတယ်။ ခင်ဗျား တစ်ခု စဉ်းစားကြည့်။ ကိုယ်တို့ အရွယ်ရောက်ရင် အောက်ဘက်က သူငယ်ကိုယ်တိုင်က တောင်ဝင်ရိုးစွန်းလောက်ဆီပဲ ခေါင်းစိုက်နေတော့တာ။ အီကွေတာကို မျှော်ဖို့ဆိုတာတောင် ခပ်ရေးရေးမို့ မြောက်ဝင်ရိုးစွန်းကို မျှော်ဖို့ဆိုတာက ဝေးပြီပဲ။ ခုလိုခါမှ ရည်းစား ထားချင်စိတ် ရှိလို့ရပါဦးမလား။ ချစ်ချင်စိတ်က ရှိလို့ ရပါဦးမလား။ ချစ်တယ် ဆိုတာက လေထဲမှာ ချစ်နေလို့ ရတာမှ မဟုတ်ဘဲ။ ဟိုတုန်းက ကွန်မြူနစ်တွေ ပြောတာ ကြားဖူးရဲ့ မဟုတ်လား။ လက်တွေ့မပါတဲ့ သဘောတရားဆိုတာ အလကားပဲ

ဆိုတာလေဗျာ။ ပြီးတော့ ကိုယ်တို့လို ဗျူရိုကရက် လက်ကျန်တွေ၊ နိုင်ငံခြားပြန် ပင်စင်စားကြီးတွေမှာက နေ့စဉ်ရက်ဆက် အသက်ဆက်စာလောက်ပဲ ပိုက်ဆံရှိကြတာ။ ကိုယ်တို့ အနေအထားက ဘိုကလေးတင့်အောင် ရေးတဲ့ သီချင်းတစ်ပုဒ်ထဲကလို 'ကျန်သေးသမျှ အားဆောင်ကြည့်ရှာ ... ကံပေးမှ ငါးတစ်ကောင် မိမှာ ...' ဆိုတာမျိုး။ ခုနေအခါကာလမှာ လက်မှတ်လောက်ပဲ ထိုးတတ်တဲ့ သူငယ်တွေ ဘယ်ရွေ့ဘယ်မျှ အထိအောင် ချမ်းသာလို့ ချမ်းသာမှန်း မသိအောင် ချမ်းသာပုံမျိုး ချမ်းသာလာတာ မဟုတ်ဘူး။ ကိုယ်တို့မှာ ဘာမက်စရာ ရှိလို့တုံး။ နေဦး။ ကိုယ်က အဲဒီလိုမေးတော့ ဖိုးကိုက ဖြေတယ်။ အသက်ကြီးလာတာနဲ့အမျှ ချစ်ပုံက ရင့်ကျက်လာသတဲ့။ ပိုပြီး နက်ရှိုင်းလာသတဲ့။ ဟိုကိစ္စချည်းပဲ မဟုတ်တော့ဘူးတဲ့။ ဒီတော့လည်း ဖိုးစောထွန်းက နေနိုင်ပုံ မရတော့ဘူး။ သူက ဝင်ပြောတယ်။ ဒီလိုဖြင့် မင်းဘာသာ ရင့်ကျက်လာတဲ့ အချစ်နဲ့ မင်းဟာမကလေးကို တစ်နေကုန် ထိုင်ကြည့်နေ၊ မိုးချုပ်သွားတဲ့အခါ ငါ့ဆီ လာပို့ထားချေလို့ ဝင်ပြောလိုက်ခါမှ ဖိုးကိုလည်း ငြိမ်သွားတော့တယ်။ နောက်တော့ ကိုယ်တို့တစ်တွေ မကြီးမငယ်နဲ့ တောပြော တောင်ပြော ပြောရင်း မိုး အတော်ချုပ်သွားတယ်။

ဒါနဲ့ပဲဗျာ။ လိုရင်းပြောရရင်တော့ ဖိုးကိုတစ်ယောက် အဲဒီ နာမည်လေးငါးလုံးနဲ့ ကောင်မလေးနဲ့ ယူတယ်။ ပင်လယ်ကမ်းစပ်ဆီ ဟန်းနီးမွန်း သွားကြသေးတယ်။ ကိုယ်တို့ဆီ တစ်ခေါက် ပြန်လာသေးတယ်။ ဂေါက်သီးရိုက်ကြသေးတယ်။ နောက်တော့ ဒီက ပြန်သွားပြီး မကြာခင် ဆုံးသွားတာပဲ။ အိပ်နေရင်း နှလုံးရပ်သွားတာတဲ့။ အေးလေ ... ဒီလိုဖြစ်သွားတော့လည်း စိတ်မကောင်း ဖြစ်ရပြန်တာပေါ့။ ဒါတောင် ကလပ်မှာ ရယ်စရာ ပြောဖြစ်ကြသေးတယ်။ တစ်ယောက်က ပြောတယ်။ ဖိုးကိုတို့များ ကံကောင်းသကွာ၊ သေတာတောင် အိပ်ရင်း နှလုံးရပ်သွားတာ ဆိုတော့ သက်သက်သာသာနဲ့ အသက်ထွက်သွားရတာပဲလို့ ဆိုတော့ တစ်ယောက်က ဝင်ထောက်တယ်။ ခင်ဗျားကို ပင်ပင်ပန်းပန်းနဲ့ အသက်ထွက်သွားတာ မဟုတ်ဘူးလို့ ဘယ်သူက ပြောလို့တုံး၊ အိပ်ရာပေါ် အိပ်နေရင်းနဲ့လို့ပဲ ကြားရတာ။ ဘယ်လို အိပ်တယ်၊ ဘယ်သူနဲ့ အိပ်တယ် ဆိုတာတွေမှ မသိဘဲတဲ့။ ဒီတော့ ရယ်ကြရသေးသဗျာ။ ကိုယ်ကတော့ မနေ့တစ်နေ့ဆီက ဖိုးကိုကို အတော်ကလေး သတိရလိုက်နေမိတယ်။ အကြောင်းက ဒီလို။ ဟိုတစ်လောဆီက ကိုရင်မောင်တင့်သား ဒီကို ဝင်လာတုန်းက ကိုယ့်ကို စာအုပ်တစ်အုပ် လက်ဆောင်ပေးသွားတယ်။ ကိုယ်က ဒုတိယ ကမ္ဘာစစ်ကြီးအကြောင်း စိတ်ဝင်စားတော့ ဒုတိယ ကမ္ဘာစစ်ကြီးနဲ့ ပတ်သက်တဲ့ စာအုပ်တွေများ တွေ့တဲ့အခါ ဝယ်ဖတ်လေ့ ရှိတယ်။ ခုနောက်ပိုင်းတော့ ကိုယ့်ဘာသာ ဝယ်ဖြစ်တာ သိပ်မရှိတော့ပါဘူး။ သူများ လက်ဆောင် ပေးတာလောက်သာ ဖတ်နိုင်တော့တာ။ အကြောင်းသိတော့ ကိုရင်မောင်တင့် သားက ကိုယ့်အတွက် စာအုပ်တစ်အုပ် ဝယ်လာပေးတယ်။ အဲဒီစာအုပ်က ဒုတိယ ကမ္ဘာစစ်ကြီးတုန်းက လက်ဖြောင့်တပ်သားတွေက သူတို့ရဲ့ အကြောင်းတွေ ပြန်ရေးထားတဲ့ စာအုပ်ပဲ။ အတွေ့အကြုံတွေပဲ ဆိုပါစို့ရဲ့၊ အဲဒီစာအုပ်ကို ဖတ်နေရင်းနဲ့ တစ်နေ့ကတော့ အကြောင်းတစ်ခု ဖတ်လိုက်ရတယ်။ အကြောင်းက ဒီလို။

ဥရောပ စစ်မြေပြင်တစ်နေရာမှာ ဂျာမန် လက်ဖြောင့်တပ်သားတွေက ရန်သူတပ်တွေရဲ့ သတင်း ထောက်လှမ်းဖို့ လာတဲ့ ရှေ့တန်းအုပ်စုတွေကို ရင်ဆိုင်နေတဲ့ အချိန်။ လက်ဖြောင့်တပ်သားတွေက နေရာအသီးသီး ယူပြီး သူတို့နယ်မြေထဲ ချီတက်လာတဲ့ အုပ်စုတွေကို အဝေးဆီကနေ လှမ်းပြီး လက်ဖြောင့်တပ်သားတွေက ပစ်နေတဲ့အချိန်။ လက်ဖြောင့်တပ်သားတွေက နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ နေလေ့ရှိတယ်။ တွဲထားတဲ့ ပုံစံကတော့ အတွေ့အကြုံရှိတဲ့ လက်ဖြောင့်တပ်သားကြီးနဲ့ အလုပ်သင် လက်ဖြောင့်တပ်သားကို တွဲထားလေ့ရှိတယ်။ အလုပ်သင် လက်ဖြောင့် တပ်သားကတော့ သေနတ်ကို ကျည်ဆန်ထိုးပေးရတယ်။ လက်ဖြောင့် တပ်သားတွေ ဆိုတာက အော်တိုမစ်တစ် သေနတ်မျိုးကို မကြိုက်ကြဘူးကိုး။ ပြီးတော့ အလုပ်သင် လက်ဖြောင့်တပ်သားက ပစ်မှတ်ကို ထိ၊ မထိ၊ ထိပြန်ရင် ဘယ်လို ဘယ်ပုံဆိုတာ မှန်ပြောင်းနဲ့ လှမ်းကြည့်ရတယ်။ အဲ ... အဲဒီ စစ်မြေပြင် တစ်နေရာမှာတော့ အတွေ့အကြုံသိပ်ရှိတဲ့ ဆာဂျင် လက်ဖြောင့်တပ်သားကြီးနဲ့အတူ အလုပ်သင် လက်ဖြောင့်တပ်သားတို့ရဲ့ အတွဲက ရှေ့ကိုတက်ဖို့ ပြင်နေတဲ့ ရန်သူ့တပ်ဖွဲ့ဝင် အုပ်စုတစ်စုကို ရှေ့မတိုးနိုင်အောင် အဝေးက လှမ်းပြီးပစ်ရင်း ထိန်းထားနေတယ်။ ဆာဂျင်ကြီး ကိုယ်တိုင်ကလည်း မှန်ပြောင်းနဲ့ လှမ်းကြည့်လေ့ ရှိတယ်။ ပြီးမှ တစ်ယောက်ချင်း ပစ်ချနေတာ။ သူ့ရဲ့ လက်သင်ရဲဘော်က ဆာဂျင်ကြီး ပစ်လိုက်တိုင်း ရန်သူဘက်ကို မှန်ပြောင်းနဲ့ လှမ်းကြည့်ရင်း သူ့ဆာဂျင်ကြီးကို အခြေအနေ ပြောပြတယ်။ တစ်ချီမှာတော့ ဆာဂျင်ကြီးက ပစ်မယ်လို လုပ်ပြီး မပစ်ဘူး။ သူ့တပည့်ကတော့ မပစ်သာသေးလို့ပဲလို့ မှတ်လိုက်တယ်။ နောက်တစ်ချီ၊ နှစ်ချီလည်း အဲဒီလိုပဲ။ မပစ်ဘဲနေတယ်။ သူ့တပည့်က သတိထား ကြည့်နေလေတော့ ဆာဂျင်ကြီး မပစ်ဘဲနေနေတဲ့ တစ်ဖက်က ရန်သူဟာ တစ်ယောက်တည်း။ ဆိုလိုတာကဗျာ ရန်သူဘက်က အဲဒီလူ ပစ်ကွင်းထဲ ဝင်လာလေတိုင်း ဆာဂျင်ကြီးက မပစ်ဘူး။ ပစ်မယ်လို့ ချိန်ထားပြီးခါမှ သေနတ်ကို ပြန်ချလိုက်တယ်။ ဒါပေတဲ့ တစ်ချီမှာတော့ ဆာဂျင်ကြီးက ပစ်ထည့်လိုက်ကရော။ ဒီတော့ သူ့ရဲ့ လက်သင်ရဲဘော်က မှန်ပြောင်းနဲ့ကြည့်ပြီး ထိတယ် ဆာဂျင်ကြီးရေ ... လို့ ပြောတယ်။ သေချာရဲ့လားလို့ ဆာဂျင်ကြီးက မေးတော့ သူ့တပည့်က လှုပ်ဖို့တောင် အချိန်မရဘူး၊ ပစ်မှတ်ကို တည့်တည့်ပဲလို့ ဖြေလိုက်တယ်။ ဆာဂျင်ကြီးက ဘာမှပြန်မပြောဘဲ ခေါင်းညိတ်ပြသတဲ့။

နောက် ရန်သူတွေ လှုပ်ရှားမှု မရှိတော့ ဆရာတပည့် နှစ်ယောက်သား နားကြတဲ့အခါ ရဲဘော်တပည့်က ဆာဂျင်ကြီးကို မေးသတဲ့။ ရန်သူ တစ်ယောက်ကို ဆာဂျင်က မှန်ပြောင်းနဲ့ ကြည့်လိုက်၊ ပစ်မယ် လုပ်လိုက်၊ မပစ်ဘဲနေလိုက်နဲ့ နေတာ အကြိမ်ကြိမ်ပဲ၊ ဘာကြောင့်လဲလို့ မေးတော့ ဆာဂျင်ကြီးက ခုလို ရှင်းပြတယ်။ တို့အလုပ်က တစ်ဖက်ရန်သူတွေကို ပစ်ဖို့၊ ထိဖို့၊ တစ်ချက်တည်းနဲ့ မသေလည်း သူတို့ ရှေ့မတိုးသာအောင် ထိန်းထားဖို့ပဲ။ ဒီတော့ ငါ လှမ်းပစ်လိုက်တိုင်း ထိသွားတယ် ဆိုရင်ပဲ တို့အဖို့ အသာစီးရနေတဲ့ သဘောပဲ။ ထိန်းထားနိုင်တဲ့ သဘောပဲ။ ထိလို့ သေတာရှိသလို ဒဏ်ရာရလို့ နောက်တန်း ပြန်ပြေးတာလည်း ရှိမယ်။ ဒါပေတဲ့ ရန်သူတပ်သား

တစ်ယောက်ကို မှန်ပြောင်းထဲကနေ ကြည့်ရင်း သတိထားမိလိုက်တယ်။ ဒီလူက အသက် အတော်ကလေး ကြီးနေပြီ။ ကြည့်ရတာ တို့လို အမြဲတမ်းတပ်တွေမှာ လုပ်နေတဲ့လူမျိုး မဟုတ်ဘူး၊ စစ်ကြီး ဖြစ်လာလို့ စစ်ထဲလိုက်လာတဲ့ လူမျိုး။ သူ့ကို ငါပစ်လိုက်လို့ မသေဘဲ ဒဏ်ရာရရုံရပြီး နောက်တန်းကို ပြန်သွားရရင် ဆေးကုသမှုခံပြီး ဒီဒဏ်ရာနဲ့ သူ့ရွာကို ပြန်ရမှာပဲ၊ ရွာမှာလည်း ဒီအသက်အရွယ်ကြီးကျမှ ဒုက္ခိတ ဘဝနဲ့ အသက်ဆက်ရှင်နေရတော့မှာ။ စစ်ကြီးကလည်း ဖြစ်နေတော့ တခြားအလုပ်လည်း လုပ်စားတတ်မှာ မဟုတ်ဘူး။ သူ့ဘဝ တစ် လျှောက်လုံး ငါက ဒုက္ခပေးလိုက်သလိုပဲ နေမယ်။ ဒီတော့ ငါ့အနေနဲ့ ပစ်တဲ့အခါ သေလောက်တဲ့ ပစ်မှတ်ကို ရတဲ့အထိ စောင့်ရတော့တာပဲ။ သူ့အသက်ကလည်း အတော်ကြီးပုံ ရတာကိုးတဲ့။ အလုပ်သင် လက်ဖြောင့်တပ်သားကတော့ ဘာမှ ပြန်မပြောပေတဲ့ ဘဝတာအတွက် အင်မတန် ကောင်းတဲ့ သင်ခန်းစာတစ်ခုကို ရလိုက်တယ်လို့ စာအုပ်ထဲမှာ ရေးထား တယ်။ ဘယ်လို သင်ခန်းစာရယ်လို့တော့ ရှင်းမပြဘူး။ ဆာဂျင်ကြီးရဲ့ စိတ်ရင်းကောင်းကို ပေါ်လွင်စေတာတော့ အမှန်ပဲ။ ရေးတဲ့လူက အဲဒီ အလုပ်သင် ရဲဘော်လေးပဲ။ စစ်ကြီးပြီးတော့ ဗိုလ်မှူးဘဝကနေ အနားယူပြီးတဲ့ အချိန်မှာ ရေးထားတာ။ ခေါင်းစဉ်ကတော့ ‘အသက်ကို ငဲ့လို့ တည့်တည့်ပဲ ပစ်လိုက်တော့တယ်’တဲ့။

ဘာလို့မှန်းတော့ မသိဘူး။ အဲဒါကလေး ဖတ်ပြီး ဖိုးကိုကိုပဲ သတိရနေမိတယ်။ ဘယ်လို ဆိုင်တယ်၊ မဆိုင်ဘူး ဆိုတာကိုလည်း ကိုယ့်ဘာသာ တွေးကြည့်လို့ မရဘူး။ ကိုယ် အခုပြောတာတွေက သင်ခန်းစာတစ်ခုလား၊ ဘာလားလို့လည်း မပြောတတ်ဘူး။ ဒါပေတဲ့ အဲဒီအကြောင်း ဖတ်လိုက်မိကတည်းက ဖိုးကိုကိုပဲ သွားပြီး သတိရနေမိတယ်။ ခင်ဗျားဘာသာ စဉ်းစားကြည့်ရင်တော့လည်း အဓိပ္ပာယ်တစ်ခုခု ထွက်ချင် ထွက်မယ်။ စဉ်းစားကြည့်ပေါ့ဗျာ။ ခင်ဗျား တွေးကြည့်လို့ရတာ ခင်ဗျားရဲ့ သိပုံ၊ ခံစားနိုင်ပုံ စတာတွေနဲ့ ဆိုင်လိမ့်မယ်။ စကြဝဠာလုံးဆိုင်ရာ အတွေးအခေါ်ကို အခြေခံထားတဲ့ ရလဒ်တော့ ဟုတ်ချင်မှ ဟုတ်မယ်။ ပြောမယ်ဆိုရင် တစ်ခုတော့ ရှိတယ်။ ပစ်တဲ့ ဆာဂျင်ကြီးဟာ ဖိုးကိုတော့ မဖြစ်နိုင်ဘူး။

■

ငယ်သော် လှ၏၊ အိုသော် ညှံ့၏

ရန်ကုန်က ဖရက်ဒီအိမ်မှာ ကိုယ် နေနေတုန်း တစ်နေ့ နေ့ခင်းတော့ တော်မီ ရောက်လာတယ်။ မပြောမဆို ပေါက်ချလာတာ။ တော်မီက အဲဒီလိုလူမျိုး မဟုတ်ဘူး။ ကာလတရားကြီးနဲ့ သင့်လျော်ပတ်မှု မရှိတော့လို့ သာသာနှင်ထုတ် အလုတ်ပြုတ် စာရင်းထဲ ပါသွားပေတဲ့ အင်မတန် စည်းစနစ်ရှိတဲ့လူ။ အနောက်ဘက် စစ်ကျောင်းကြီးတွေက လေ့ကျင့်ပေးလိုက်တဲ့ ဒစ်စပလင်တို့၊ အက်တိကက် ဆိုတာတို့တွေဟာ သူ့ ဖွားဖက်တော်လိုပဲ။ သူနဲ့ ခွဲလို့မရဘူး။ ညနေဘက် လမ်းလျှောက်ရင်း ကိုယ့်ဆီ ဝင်လာမယ်ဆိုရင်တောင် ဖုန်း အရင်ဆက်တယ်။ ဖုန်းလိုင်း ကျနေလို့ ဖုန်းဆက်မရရင် အိမ်က တစ်ယောက်ယောက်ကို အရင် လာပြောခိုင်းထားတယ်။ တော်မီက အဲဒီလို။ ခုတော့ ခြံထိပ်က ဂိတ်ဆီမှာ ကားတစ်စင်းရပ်တယ်လို့ အိမ်က သူငယ်တွေ ပြောတာနဲ့ ကြည့်ခိုင်းလိုက်တော့ တော်မီရယ်။ များသောအားဖြင့် သူ့ကားကို သူ မောင်းရမှ။ ဒရိုင်ဘာကို ဘေးက ထိုင်ခိုင်းတယ်။ ဒါကြောင့် ကိုချစ်မောင်ကြီးကတောင် သူ့ကို နောက်တယ်။ မင်း ဒီလောက် ကားမောင်းချင်တာ ငါ တက္ကစီ ထောင်မလို့၊ မင်း မောင်းပါလားတဲ့။

ဆင်ဝင်အောက်မှာ တော်မီ ကားရပ်လို့ ကြည့်လိုက်တော့ တော်မီ ဘေးမှာ သူ့ဒရိုင်ဘာ မဟုတ်ဘူး။ မောင်သုခကြီးရယ်။ မောင်သုခကြီးက ကိုရင်မောင်တင့် ညီ။ ကိုယ် ပြောတဲ့အထဲမှာ မကြာမကြာ ပါတတ်တယ်။ ကားထဲက ထွက်လို့ ကိုယ့်ကို တွေ့တာနဲ့ မောင်သုခကြီးက လက်အုပ်ကလေး ချီလိုက်ရင်း ပြောတယ်။ ကိုကြီးဘမောင်ရာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ၊ ကျွန်တော့်ကို ဟောဒီက ချိုကျိုး နားရွက်ပဲ့ စစ်ဗိုလ်က လမ်းမှာ ကားရပ်ပြီး အတင်းခေါ်လာလို့ ပါလာရတာပါ။ ကိုကြီးဘမောင်များ အနားယူနေသလား မသိဘူး။ အနှောင့်အယှက်များ ဖြစ်သွားရင် သင်းကိုသာ အပြစ်တင်ပါ။ သင်းက သာယာဝပြောတဲ့ လူ့ဘောင်သစ်ကြီးကို ချီတက်သွားရာမှာ လက်တွဲအဖြုတ်ခံရလို့ ယူနီဖောင်း ပြုတ်သွားတာတောင် သင်းကိုယ်သင်း အာဏာရှိသေးတယ်လို့ ထင်နေတာကလား။ ကျားသစ်ကြီးတွေ သူတို့ရဲ့ ကိုယ်ပေါ်က အစက်အပြောက်တွေကို ခါချလို့ မရသလိုပေါ့ဗျာ။ ကျုပ်တို့ကလည်း ညှံ့တာကိုး။ ဗိုလ်ဆိုရင် ဂတ်ဗိုလ်ကိုတောင် ကြောက်ရတဲ့လူမျိုး မဟုတ်လားတဲ့။ ကိုယ်ကတော့ ရယ်လိုက်မိတယ်။ မောင်သုခကြီးနဲ့ မတွေ့တာ ကြာတော့ ဒီလေမျိုး မကြားရတာ ကြာပြီ။ တစ်နေ့ကတင် ဖိုးစောထွန်းနဲ့ စကားပြောကြရင်း မောင်သုခတို့၊ မောင်ဘသောင်းတို့အကြောင်း ပြောဖြစ်သေးတယ်။ ဖိုးစောထွန်းက ပြောတယ်။ မောင်သုခကြီးတို့၊ မောင်ဘသောင်းကြီးတို့ တစ်တွေက ထင်ရာသာ လျှောက်လုပ်နေကြတာ။ လူတွေကတော့ လူတော်တွေကွတဲ့။ ဟုတ်တယ်လို့ ကိုယ်ကတောင် ပြန်ပြောလိုက်ရသေးတယ်။ တော်လို့လည်း ထင်ရာ

လျှောက်လုပ်နေကြတာပေါ့။ ခင်ဗျားတို့ ကျွန်တော်တို့ကတော့ ဘာမျှမလုပ်ရဲခဲ့ကြလို့ အချိန်တန် ပင်စင်ယူပြီးခါမှ ဂေါက်ကွင်းသွားပြီး မကျေနပ်ခဲ့တာ မှန်သမျှကို ဘောလုံးလို သဘောထားပြီး နင်းရိုက်နေရတာ မဟုတ်လားလို့။

ကျွန်တော် မင်္ဂလာဒုံဘက်က ပြန်လာတော့ ကမ္ဘာအေးဘုရားလမ်း ပေါ်မှာ သူ့ကို တွေ့တာ။ လက်နှစ်ဖက် နောက်ပစ်၊ ဆေးပြင်းလိပ် ခဲပြီး ဖြတ်သွားတဲ့ ကားတွေကို ကြည့်နေတာ တွေ့တာနဲ့ ကားရပ်ပြီး ခေါ်လာတာလို့ တော်မီက ဧည့်ခန်းထဲဝင်လာရင်း ပြောတယ်။ ဆက်တီတစ်ခုမှာ ဝင်ထိုင်လိုက်ရင်း မင်း ဘာလုပ်နေတာတုံးလို့ သူ့ကို မေးတော့ ကျုပ်တို့က တောသားကိုဗျ။ တောသားအတွက်တော့ တာလမ်းပေါ်က ဖြတ်သွား ဖြတ်လာလုပ်တဲ့ ကားတွေကို ငေးရတာကိုက ပိုက်ဆံမပေးရတဲ့ ဓာတ်ရှင်ကားပဲတဲ့လို့ တော်မီက ထပ်ပြောပြပြန်တယ်။ ကိုယ်ကတော့ သဘောကျမိတယ်။ ကိုယ် ခုနက ပြောတဲ့လေ။ ဒီလေမျိုးက သူ့ဆီကပဲ ကြားရတတ်တယ်။ မင်းက ကမ္ဘာအေးဘုရားပေါ် ဘာလုပ်နေတာတုံး လို့ ကိုယ်က ထပ်မေးလိုက်မိပြန်တယ်။ ကျုပ် ပြောပြီးပါပကော ကိုကြီး ဘမောင်ရာ၊ တောသားမို့ တာလမ်းထိပ်ထွက်ပြီး ကားငေးတာက ကျင့်သားရနေတာကိုး။ ပြီးတော့ ကျုပ်က ဒေါက်နဲ့ ဗျောက်နဲ့မို့ နောက်ဖေးပေါက်ကနေ အိပ်ခန်းထဲထိ တန်းဝင်၊ ခုတင်ပေါ် တက်နိုင်တဲ့ အကောင်မှ မဟုတ်ဘဲ၊ ဝင်စရာမှလည်း မရှိဘဲကိုးလို့ မောင်သုခကြီးက ပြန်ဖြေရင်း တော်မီကိုလည်း ကလိလိုက်သေးတယ်။ တော်မီမှာကလည်း ခြေတော် တင်စရာကလေးတွေ ရှိတယ်။ သူ့မိန်းမက ပိုကာဆွဲလေ့ရှိတော့ သူကလည်း အညောင်းပြေ အညာပြေ ခြေတော်တင်စရာကလေးတွေ ရထားတဲ့ သဘောပါပဲ။ ဒီအရွယ်ရောက်တော့လည်း ကိုယ့်နည်းကိုယ်ဟန်နဲ့ အပူ ထုတ်ကြရတာကိုး။ ကိုယ်တို့လို ခပ်ညံ့ညံ့ လူတွေလောက်ပဲ အနှိပ်ဆရာ ကိုမြဖေကို ခေါ်ပြီး ငွေတစ်ဆယ် ပေးပြီး အနင်းခံ၊ အနှိပ်ခံကြရတာ။ တော်မီလို အော်နရေးဘယ် ဂျင်တလ်မင်းတွေမှာက ပိုကောင်းတဲ့ အပူ ထုတ်နည်းကလေးတွေ ရှိတယ်။ လူတောင် နုသွားနိုင်တယ် ဆိုသလားပဲ။

နောက်တော့ မောင်သုခကြီးနဲ့ လေကျသွားကြတယ်။ ရှေ့ဖြစ် ခေါ်ခေါ်၊ နောက်ဖြစ်ခေါ်ခေါ် ကြုံရာလေးတွေပဲ။ မင်းတူ တစ်ကောင်ကော ... လို့ မေးကြည့်ရသေးတယ်။ ခု ရန်ကုန်မှာပဲတဲ့။ သူကလည်း ရွာရိုးကိုးပေါက် လျှောက်နေတဲ့ကောင်ပဲ။ ဘီအေ၊ အမ်အေ အောင်ပြီး အဖေက ကျွေးထားနိုင်တော့ စာတွေဖတ်ပြီး လောကကြီးကို စွဲချက် ထိုင်တင်နေတာ။ မကြာခင် ဖိုးစောထွန်းလည်း ရောက်လာတယ်။ ဖိုးစောထွန်းကပဲ မင်းနောင်ကြီး နေကောင်းသလား ဆိုတော့ ကောင်းသတဲ့။ ကျုပ် ထွက်မလာခင် ကိုချစ်မောင်ကြီးနဲ့ ဘာဆာတို့ ရောက်လာလို့ ထိုင်စကားပြော ကျန်ရစ်တယ်လို့ ပြောတယ်။ ကိုချစ်မောင်ကြီးနဲ့ ဘာဆာက မြန်အောင်ဆီက။ ကိုရင်မောင်တင်က ကြံခင်းက။ သူတို့ချင်း လုံးကြတယ်လို့ မောင်သုခက ပြောတယ်။ ပြီးတော့ သူကပဲ ဆက်တယ်။ ဒီလိုလုပ်ရအောင်ဗျာ တဲ့။ ကျွန်တော်လည်း ရန်ကုန်ရောက်နေတုန်း ကိုရင်မောင်တင်တို့ အိမ်မှာ ဆုံကြရအောင်။

သူကလည်း အခုဆို အပြင်သိပ်မသွားတော့ ဧည့်မျှော်တယ်။ အေးအေးလူလူ စကားလေး ဘာလေး ပြောကြရတာပေါ့ ဆိုတော့ ကိုယ်တို့မှာကလည်း ဘာအလုပ်မှ ရှိတော့တာမှ မဟုတ်ဘဲ၊ ဒီ့ပြင် သူတို့အိမ်က ထမင်းဟင်း အချက်ကောင်းတယ်။ အရင်ကဆို နှစ်ပတ် တစ်ကြိမ် ထင်တယ်။ တနင်္ဂနွေနေ့တိုင်း သူ့အိမ်မှာ လူကြီးတွေ စုပြီး ဘုရားအကြောင်း၊ တရားအကြောင်း ပြောကြတယ်။ ပြီးရင် ထမင်း ကျွေးတယ်။ အိုင်စီအက်စ်တွေ၊ ဘီစီအက်စ်တွေ၊ တက္ကသိုလ်က ပါမောက္ခတွေ ... အတော်စုံတယ်။ စုံသမှ ဘာသာရေးကလည်း အစုံပဲ။ ပွင့်ပွင့် လင်းလင်းပဲ။ မောင်သုခကြီး လေနဲ့ ပြောရရင်တော့ "ပညာတတ် လူကြီးလူကောင်းတွေရဲ့ အချိန်ဖြုန်းနည်း တစ်မျိုးတဲ့။ သူကတော့ အဲဒီအထိ မပါဘူး။ တနင်္ဂနွေနေ့ဆိုရင် မောနင်းရှိုး ရှိစဉ်ကတော့ ရုပ်ရှင်သွားကြည့်၊ ပြီးရင် ဟိုတယ် ဒီစီတီးမှာ ထမင်းစား၊ ပန်းဆိုးတန်းထိပ်မှာ မလိုင်လုံး ဝယ်စားပြီး အချိန်မီသေးရင် နောက်တစ်ကား ထပ်ကြည့်။ ပြီးရင် နယူးရောင်စိန်မှာ လက်ဖက်ရည်နဲ့ ဝက်သားပေါင်း စား။ ပြီးမှ သူ့အစ်ကိုအိမ် ပြန်တာ။ သူက အဲဒီလိုမျိုး။ အဲဒီတုန်းကတော့ ကိုယ်လည်း အတွင်းဝန်ရုံးမှာဆိုတော့ အားတဲ့ တနင်္ဂနွေနေ့တွေမှာ ရံဖန်ရံခါ သွားနားထောင် လေ့ ရှိတယ်။ ကိုယ်ကတော့ နားထောင်တဲ့ အဆင့်လောက်ပဲ။ သူတို့ထဲ ဝင်မတိုးရဲဘူး။ သူတို့ဆွေးနွေးပွဲမှာ ကိုယ် အကြိုက်ဆုံးကတော့ ဆွေးနွေးပြီးလို့ ထမင်းကျွေးတဲ့ အချိန်ပဲ။ အဲဒီထဲမှာပါတဲ့ ငါးသလောက်ပေါင်းပဲ ကိုယ်က မျှော်တာ။ ဖိုးစောထွန်း ပါလာတဲ့အခါ သူကလည်း ငါးသလောက်ပေါင်းပဲ အာရုံရှိတယ်။ နောက်ပိုင်းတော့ ၁၉၄၄ တို့၊ လူမစုရတို့ ဆိုတာတွေ ပေါ်လာတာနဲ့ အဲဒီပွဲကလေး မရှိတော့ဘဲ ကြုံရင် ကြုံသလို ဆုံပြီး ပြောကြ ဆိုကြတယ်။ ကိုရင်မောင်တင့် အိမ်မှာ ဧည့်တော့ မပြတ်ဘူး။ ဒါနဲ့ပဲ မောင်သုခကြီးက သူ့နောင်တော်ကြီးဆီ ဖုန်းဆက်ပြီး အစီအစဉ်လုပ်တာနဲ့ သူ့အိမ်မှာ နောက်နေ့ဆုံဖို့ ချိန်းလိုက်ကြတယ်။

နောက်နေ့တော့ ကိုရင်မောင်တင့် အိမ်ကို ၁၀ နာရီသာသာလောက် ရောက်သွားတယ်။ တွေ့ဆို ထုံးစံအတိုင်း နေထိုင်ကောင်းရဲ့နော် ဦးဘမောင်လို့ သူက မေးတယ်။ ထုံးစံအတိုင်းလို့လည်း ထည့်ပြောရတာက ကိုရင်မောင်တင်ရဲ့ ထုံးစံ။ လူကို 'ဦး' တပ်ခေါ်တဲ့ အကျင့်ပဲ။ သူမှ မဟုတ်ဘူး ထင်တယ်။ သူတို့ ရင်းနှီးတဲ့ မိတ်ဆွေတစ်သိုက်က အချင်းချင်း 'ဦး'တပ် ခေါ်ကြတာ။ သူ့ကိုတော့ ကိုယ်တို့က ကိုရင်မောင်တင်လို့ ခေါ်ပေသိ သူက ကိုယ်တို့ထက် နည်းနည်းတောင် ကြီးဦးမယ်။ သူ့ညီ မောင်သုခကြီးက ကိုရင်မောင်တင်လို့ ခေါ်တာနဲ့ ကိုယ်တို့ကလည်း ခေါ်ကြတာ။ သူတို့ညီအစ်ကိုက ကိုရင်ဝတ်ဖက်မို့ အဲဒီလို ခေါ်တာ။ ဖိုးစောထွန်းတို့ ပြောသလို ပြောရရင် ကိုရင်မောင်တင်ကတော့ ဖော်မယ်လစ်ပဲ။ စနစ်သမားလို့ ခေါ်ရမလားပဲ။ ကိုလိုနီစနစ်ကို မုန်းတဲ့ မျိုးချစ်ဆိုပေသိ အနောက်တိုင်းရဲ့ စနစ်ကျမှုကို လက်ခံထားတဲ့လူ။ ကိုယ်တို့ အရှေ့တိုင်းရဲ့ ညံ့ဖျင်းမှုဟာ စနစ်တစ်ခု မရှိလို့ဘဲလို့ လက်ခံထားတဲ့လူ။ သူ့အိမ်မှာ ဧည့်သည်လာလို့ တွေ့ရင်တောင် တိုက်ပုံအင်္ကျီဝတ် တွေ့တဲ့လူမျိုး။ ရှပ် အင်္ကျီအဖြူ ကော်လာ ကတုံးနဲ့ အမြဲနေတယ်။ အယ် ... ပြဿနာက သူ့ညီ မောင်သုခ။ မောင်သုခက ဘာစနစ်မှ မရှိတဲ့လူ။ စနစ်မရှိခြင်း သည်ပင်လျှင် သူ့ရဲ့ စနစ်ပဲလို့တောင်

သူက ပြောသေး။ ဘမျိုးဘိုးတူ ဆိုတဲ့စကားပဲ မှန်လေသလားတော့ မသိဘူး။ မောင်သုခ အမြင်ကို ကိုရင်မောင်တင့် သားက ရတယ်။ ဘာတဲ့ ..၊ လောကကြီးကိုက ကစဉ့်ကလျားကြီး ဖြစ်နေတာ ဆိုပဲ။ ဟုတ်၊ မဟုတ်တော့ မသိဘူး။ ကိုယ်တောင် အတော် သဘောတူချင်တာ။ လုပ်တာ မဖြစ်ရင် ဖြစ်သလို လုပ်ကြရမယ်ဆိုတဲ့ မူပဲ ထင်တယ်။ တွေ့ဆိုတာနဲ့ ကိုယ်ကလည်း ကိုရင်မောင်တင့်ကို ပြောရတယ်။ ခင်ဗျား ကျွန်တော့်ကိုတော့ဖြင့် 'ဦး'တပ် မခေါ်ပါနဲ့ဗျာ၊ မနေတတ်၊ မထိုင်တတ်ဖြစ်ပြီး ချော်လဲ ဒူးပြဲနေပါဦးမယ် လို့။ သူက မခေါ်ဘူးလို့တော့ အာမမခံဘူး။ ပြုံးလို့ပဲ နေတယ်။ သတိရတုန်း ပြောရဦးမယ်။

တစ်ခါက ကိုချစ်မောင်ကြီးက ပြောပြဖူးတယ်။ တစ်နေ့တော့ သူက သူ့တပည့်တစ်ယောက်ကို ဖုန်းဆက်ခိုင်းလိုက်တယ်။ အားတဲ့နေ့ တစ်နေ့လောက်မှာ သူ့ရုံးကို ဝင်ခဲ့ပါလို့။ အဲဒီတုန်းက ကိုချစ်မောင်က အတွင်းဝန်ရုံးမှာ ရုံးထိုင်တတ်တယ်။ သူက ဝန်ကြီး။ ကိုရင်မောင်တင်ရဲ့ အလုပ်ခန်းတစ်ခုက လွစ္စလမ်းထဲမှာ။ အတွင်းဝန်ရုံးနဲ့ဆို သိပ်မဝေးလှဘူး။ ဒီတော့ တစ်နေ့ မနက် ဆယ့်တစ်နာရီလောက် ကိုရင်မောင်တင်က ကိုချစ်မောင်ကို သွားတွေ့တယ်။ ကိုချစ်မောင်ကြီး ပြောပြတာက ဒီလို။ ... အဝကနေ ကျုပ်ဆီ ဖုန်းဆက်ပြောတော့ ကျုပ်က လွှတ်လိုက်ပါလို့ ပြေလိုက်တာနဲ့ ရောက်လာတော့ သူက သူ့ထုံးစံအတိုင်း တိုက်ပုံနဲ့ ခဲသားရောင် ဘန်ကောက်နဲ့၊ ဒီ့ပြင် ခေါင်းပေါင်းနဲ့။ ကျုပ်ကလည်း မနေနိုင်တော့ မေးကြည့်လိုက်မိတယ်။ ခင်ဗျား ဒီကပြီးရင် ပွဲထိုင်များ သွားစရာ ရှိသေးလားလို့။ သူက ဖြေတယ်။ ဝန်ကြီးက 'ဆင့်'လို့ လာတာပါ။ တခြားအကြောင်း မရှိပါဘူးတဲ့။ ကျုပ်တော့ တစ်ချီတည်း ချောက်ကျသွားတာ။ ဒါနဲ့ပဲ သူ့ကို ရှင်းပြရတယ်။ ကျွန်တော်က 'ဆင့်'တာ မဟုတ်ပါဘူး။ ခင်ဗျားက လွစ္စလမ်းဘက်ဆီ လာတဲ့အခါ ကျွန်တော့် ရုံးနဲ့ နီးနေတော့ ဝင်ခဲ့ပါလို့ ပြောတာပါလို့ ရှင်းပြရတယ်။ အကြောင်းကလည်း တခြားတော့ မဟုတ်ဘူး။ တာဝတိံသာ ဘုရားကြီးပွဲလုပ်ဖို့ အရပ်က လူတွေက သူ့ဆီ အလှူခံခိုင်းလို့ပဲ။ သူကတော့ အလှူအတန်းဆို လက်မရွံ့တဲ့လူမို့ လှူပါတယ်။ ဒါပေတဲ့ ကျုပ်ကို ရှင်းပြသွားတယ်။ ဝန်ကြီးက ရုံးကို ခေါ်တာဟာ 'ဆင့်'တာပဲ။ အိမ်ကို ခေါ်တာ မဟုတ်ဘူး။ ကိုယ့်တိုင်းပြည်က ဝန်ကြီးဆိုတော့ ကိုယ်က ကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ ဘယ်သူက ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ရိုသေသမှုလေးကတော့ ပြရမှာပဲ။ ဝန်ကြီးက ဆင့်လို့ပဲဖြစ်ဖြစ်၊ ပွဲထိုင်ကို ဖိတ်လို့ပဲဖြစ်ဖြစ် ဆင့်တဲ့လူ၊ ဖိတ်တဲ့လူကို တန်ဖိုးထားတဲ့အနေနဲ့ ထိုက်သင့် အားလျော်စွာ ဝတ်ရတယ်။ မဝတ်ရင် အဲဒီလူတွေကို စော်ကားလိုက်တာပဲ၊ ရိုင်းပျလိုက်တာပဲ။ ကျွန်တော်တို့ လူမျိုးမှာ 'တောင်းမှာအကွပ်၊ လူမှာ အဝတ်'ဆိုတဲ့ စကား ရှိတယ်တဲ့။ အဲဒီကတည်းက ကျုပ်လည်း တိုက်ပုံ အင်္ကျီကလေးတော့ အသင့်ဆောင်ထားရတယ်။ မဝတ်တောင် ကားထဲဖြစ်ဖြစ် ထည့်ထားရသတဲ့။ အဲဒါ ကျုပ်တို့ ကိုရင်မောင်တင်ပဲ။ အရာရာဟာ စနစ်တစ်ခုရဲ့ အတွင်းမှာချည်းပဲ။

လူစုံတာနဲ့ ထမင်းကျွေးတယ်။ လူစုံဆို ကိုယ်တို့ကသာ နောက်ဆုံးမှ ရောက်တာ။ ကိုယ်တို့အရင် ကိုချစ်မောင်တို့၊ ကိုခင်မောင်ကြီး၊ ကိုဒိုး၊ ဘာဆာကြီးတို့ ရောက်နှင့်နေကြတယ်။ ဒါက ကိုရင်မောင်တင့် အဖွဲ့တွေ။ ကိုယ်တို့နဲ့ကတော့ တစ်ကြောင်း မဟုတ်၊ တစ်ကြောင်းနဲ့ သိနေကြတဲ့ လူတွေချည်းပဲ။ ပြောမနာ ဆိုမနာတွေပဲ။ ကိုယ့်မျှော်လင့်ချက် ပြည့်တယ်ပဲ ပြောရမယ်။ ထမင်းပွဲမှာ ငါးသလောက်ပေါင်း ပါတယ်။ စားသောက်လို့ ပြီးကြတော့မှ ကိုရင်မောင်တင့် အိမ်ရှေ့ဆီက သရက်ပင်အုပ်အောက်မှာ ဆက်ပြီး လေပစ်ဖြစ်ကြတော့တယ်။ အကြောင်းကတော့ စုံလို့ပေါ့။ ကိုယ်နဲ့ ဖိုးစောထွန်းကတော့ ပတ်ဗလစ်ဆားဗင့် ခေါ်တဲ့ ပြည်သူ့ကျွန်ကြီးများ ဘဝက လာတော့ ခေတ်အကြောင်းလေး၊ နိုင်ငံရေး အကြောင်းကလေး ပါလာရင် ဝင်ပြောနိုင်တယ်။ သူတို့ ပြောတဲ့ ပညာရပ် အခြေခံအကြောင်း ဆိုတာတွေကျရင် 'ဘုရားမကြိုက်တဲ့ လူတစ်စု' ထဲကအတိုင်း '... ချလော့ ခုလျှင် အလှူရှင် ပြင်ခဲ့ ပြင်ခဲ့' ဆိုသလို လက်ဖက်သုပ်ခွက်ကို နင်းနှိုက်နေရတော့တာ။ ပြောရရင်တော့ သူတို့ တစ်တွေကလည်း နဖူးရည် ဒူးရည်ကိုက ပညာရှိရုပ် ပေါက်တဲ့လူတွေ။ 'မျက်ခုံးမွေး နတ်မျှော်နဲ့ အမတ်မင်းများသော်မှ မော်လို့ မကြည့်ရဲတဲ့ လူ' ဆိုတာမျိုးတွေ။ တွေ့ဖူးရဲ့ မဟုတ်လား။ မျက်ခုံးမွေး သန်သန်ကြီးတွေနဲ့ မျက်ခုံးမွေး အဖျားကြီးတွေက အပေါ်ထောင်နေတဲ့ လူကြီးတွေ။ အဲဒါ ရှေးလူကြီးတွေ ပြောတဲ့ ပညာရှိကြီးတွေရဲ့ ရုပ်လက္ခဏာပဲ။ ကိုယ်တို့ ပြည်သူ့ကျွန်ကြီးများကတော့ တစ်သက်လုံး ကုပ်ကုပ်နဲ့ အလုပ်လုပ်ခဲ့ရလို့လားတော့ မသိဘူး။ မျက်ခုံးမွေးများတောင် အောက်ကို ကုပ်လို့။ အပေါ် မထောင်ရဲကြဘူး။ ပြောဆိုနေကြတုန်း ကိုခင်မောင်ကြီးက ဘာကို သွားပြီးသတိရတယ် မသိဘူး။ ကိုရင်မောင်တင့်ကို လှမ်းမေးတယ်။ ခင်ဗျားကောင် ရှိသလားတဲ့။ ကိုရင်မောင်တင့် သားကို မေးတာ။ ကိုရင်မောင်တင်က မဖြေရသေးခင် မောင်သုခကြီးက ရှိပုံပေါ်တယ်။ မနက်ကတောင် ကျုပ် သွားစကားပြောသေးတယ်။ ကျုပ် သွားခေါ်လိုက်မယ် ဆိုပြီး ထသွားတယ်။ ကိုရင်မောင်တင့် သားက သူ့အိမ်ဘေးက ခြံထဲမှာ သူ့အိမ်ကလေးတစ်လုံးနဲ့ သူ့ဘာသာ နေတာ။

ဒီတော့ ကိုရင်မောင်တင့်အနား ထိုင်နေတဲ့ ကိုချစ်မောင်က ဦး ခင်မောင်ကြီး၊ ခင်ဗျား ဘာပြဿနာ ရှာဦးမလို့တုံးလို့ လှမ်းမေးတယ်။ ကိုခင်မောင်ကြီးက ဖြေမယ်လုပ်ပြီး လက်ကာပြရင်း ခေါင်းတညိတ်ညိတ်နဲ့ သူ့ဘာသာသူ ပြုံးနေတယ်။ အားလုံး ငြိမ်နေတုန်း ကိုချစ်မောင်က ပြောတယ်။ ကျုပ်တော့ ဟိုတလောဆီက ပညာ အပေးခံလိုက်ရတယ် တဲ့။ ဒီတော့ ကိုဒိုးက သူ့မျက်မှန်ထူထူကြီးထဲကနေ လှမ်းကြည့်လိုက်ရင်း ဘယ်လိုတုံး ... ခင်ဗျားဟာက ... လို့ မေးတယ်။ အားလုံးက ကိုချစ်မောင်ကို ဝိုင်းကြည့်နေကြတယ်။ ဒီလိုဗျာ ... လို့ အစချီပြီး ကိုချစ်မောင်က ပြောပြတယ်။ တစ်နေ့၊ ကျုပ်က ဒီလာပြီး လေပစ်နေတုန်း သူ့သားနဲ့ တွေ့တော့ ဟိုဟိုဒီဒီ ပြောနေကြရင်း သူက ပြောတယ်၊ အန်ကယ်တို့ လက်ခံခဲ့တဲ့ မာ့(စ)ဝါဒက မာ့(စ)စစ်စစ် မဟုတ်ဘူး။ ကုလားတွေ အမြင်နဲ့ ပြန်ပြီးရေးထားတဲ့ မာ့(စ)ဝါဒတဲ့။ ခုခါမှတော့ ကျုပ်လည်း သိပ်မမှတ်မိတော့ဘူး။ မင်း သိန်းဖေကို မေးကွ။ သူက ကွန်မြူနစ် စပါယ်ရှယ်လစ်လို့ ပြောတော့ ကျွန်တော် မေးကြည့်ဖူးတယ်လို့ ပြောပြီး သူ့စာအုပ်တွေ

သွားယူချလာသဗျ။ ကျုပ်ကို ရှင်းပြတယ်။ ကျုပ်ကလည်း ဘာငြင်းနိုင်မှာမို့လဲ။ ဒါပေတဲ့ သူပေးတဲ့ ဥပမာကိုတော့ ကျုပ် လက်ခံသွားရတယ်။ သူက ပြောတယ်။ ဒီလို ရှိတယ် အန်ကယ်၊ စမူဆာ ကြော်ထားတဲ့ ဆီ ကျန်နဲ့ အီကြာကွေး ကြော်လို့ မရဘူး မဟုတ်ဘူး၊ ရတယ်။ အီကြာကွေးတော့ ဖြစ်မှာပဲ။ ဒါပေတဲ့ အီကြာကွေးမှာ မဆလာအနံ့ ထွက်နေမယ်။ အီကြာကွေးက မဆလာအနံ့ ထွက်နေတယ် ဆိုမှတော့ အီကြာကွေးဟာ အီကြာကွေး မဟုတ်တော့ဘူးပေါ့၊ ဒါပဲတဲ့။ ပြောပြီးတော့ ကိုချစ်မောင်က လက်ခုပ်တစ်ချက် တီးပြီး ရယ်တယ်။ ဘာဆာကြီးက လွဲလို့ အားလုံးက ရယ်တယ်။ ဘာဆာကြီးကတော့ အသေအချာ စဉ်းစားနေပုံရတယ်။ ပြီးတော့မှ ပြုံးပြီး အိုင်ဆေး၊ ချစ်မောင်၊ သူပြောတာ ဟုတ်သားကွတဲ့။ ကိုချစ်မောင်က ပြန်ပြောတယ်။ ကျုပ်ကလည်း မဟုတ်ဘူးလို့ မပြောပါဘူး။ ဟုတ်ပါတယ်။ ကျုပ်တို့က သူ့လိုမှ မတွေးကြဘဲကိုးတဲ့။ ကိုချစ်မောင်က ဆက်ပြောသေးတယ်။ သူ့စကားကို နမူနာယူပြီး ဆိုရှယ်လစ်တွေနဲ့ တွေ့ရင် တွယ်ရသေးတယ်။ ဟိုတစ်နေ့ဆီက ကိုစောဦးတို့၊ ကိုတင်ထွန်းတို့နဲ့ တွေ့တော့ ခင်ဗျားတို့ ဆိုရှယ်လစ်က ဆိုရှယ်လစ် မစစ်ဘူး၊ တညင်းသီးဆားစိမ်နဲ့ ထွက်နေတဲ့ ဆိုရှယ်လစ်လို့။ ကိုတင်ထွန်းကတော့ ရယ်တာ မျက်ရည်ကိုထွက်ရော။

ကိုချစ်မောင် ပြောနေတုန်း မောင်သုခကြီးတို့ တူအရီးနှစ်ယောက်သား လျှောက်လာတာ တွေ့ရတယ်။ ကိုခင်မောင်ကြီးက ခုံလွတ်တစ်လုံး သူ့အနားယူထားပြီး ကိုရင်မောင်တင့် သားကို အဲဒီခုံမှာ ထိုင်ခိုင်းတယ်။ ကိုယ့်ကိုတွေ့တော့ ဟာ ... ဘဒ္ဒေးတောင် ရောက်နေပါလားလို့ အံ့အားသင့်သွားလေရဲ့။ သူက အထက်ဘက် သွားတဲ့အခါ ကိုယ့်ဆီ ဝင်နေကျကိုး။ မောင်သုခကြီးကို ခေါ်သလို ကိုယ့်လည်း ဘဒ္ဒေးလို့ ခေါ်တယ်။ ကိုရင်မောင်တင့် သားက ခုံမှာ ဝင်ထိုင်လိုက်တော့ ကိုခင်မောင်ကြီးက သူ့လက်ကို သာသာကိုင်ထားရင်း တစ်နေ့ဆီက ကိုဘသန်းနဲ့ အန်ကယ် တွေ့တယ်လို့ စပြောတယ်။ ကိုယ်တို့ကတော့ ဘာမှန်းမသိကြဘူး။ ဘာဆက်ပြောမလဲဆိုတာ နားစွင့်နေကြတယ်။ ကိုရင်မောင်တင့်ဆီက ဟာဗျာလို့ အသံထွက်လာလို့ ကိုယ်တို့အားလုံး သူ့ဆီ လှည့်ကြည့်လိုက်မိကြတယ်။ မင်းကွာ ... လူကြီးကို မတော်မတည့် သွားပြောရတယ်လို့ သူ့ကို ပြောရသေးတယ်လို့ ကိုရင်မောင်တင့်က သူ့သားကိုကြည့်ပြီး ပြောလိုက်တယ်။ သူ့သားကတော့ ပြုံးနေတယ်။ ကိုယ်ကတော့ သူ့အကြောင်း သိတယ်။ ကိုရင်မောင်တင်က အနေအထိုင်မှ မဟုတ်ဘူး။ အပြောအဆိုမှာလည်း ထိန်းတယ်။ ဒစ်ပလိုမေစီ ရှိတယ်။ သူ့သားကတော့ သူနဲ့ အဝေးကြီး။ ဘာဒစ်ပလိုမေစီမှ မရှိဘူး။ မောင်သုခကြီး ပြောသလို ပြောရရင်တော့ ဒီကောင်များ သံတမန်တွေ ဘာတွေ ဖြစ်ရင် တတိယကမ္ဘာစစ်ကြီး သေချာပေါက် ဖြစ်လောက်သတဲ့။ အဲဒီတုန်း ဟာ ... မဟုတ်သေးဘူးဗျလို့ ကိုခင်မောင်ကြီးက ဝင်ပြောတယ်။ ဘာရယ်တော့ မသိ။ ကိုယ်တို့က ဘယ်သူ ဘာပြောမယ်ဆိုတာကို မျှော်နေမိကြတယ်။ ကိုခင်မောင်ကြီးကပဲ ပြောတယ်။ သူပြောတာ အဟုတ်သားရယ်လို့ ပြောပြီး ကျွန်တော် ပြောပြမယ်လို့ ဆက်ပြောတယ်။

ဒီလိုဗျာ .. ကိုဘသန်းက အခု ပန်းချီခန်းတစ်ခု ဖွင့်ထားတယ်။ ပန်းဆိုးတန်း

ဟိုဘက်ထိပ်နားဆီမှာ။ သူကလည်း နေ့ခင်းဘက်လောက်ဆီ ကျရင် အဲဒီသွားပြီး စာရေးစာဖတ် လုပ်တယ်။ စကားပြောစရာလူ တွေ့ရင် စကားပြောကြတယ်ပေါ့ဗျာ။ တစ်နေ့တော့ ငါ့လူက သူ့မိတ်ဆွေ မောင်ပေါ်ဦးတို့ဆီ သွားရင်း မောင်ပေါ်ဦးတို့က မရှိတော့ ကိုဘသန်းနဲ့ ခဏ ဝင်တွေ့ရာက ဖလော်ဆော်ဖီတို့ ဘာတို့အကြောင်း ပြောဖြစ်သွား တယ်။ ကိုဘသန်းကလည်း စာဖတ်အား ကောင်းတာကိုး။ တစ်နေ့က ကျွန်တော်နဲ့ တွေ့တော့ ဒေါက်တာဆူဇူကီးရဲ့ ဇင်ဗုဒ္ဓဘာသာအကြောင်း ပြောတယ်။ အဲဒီဘက် စိတ်သန်နေပုံပဲ။ ဒါနဲ့ပဲ စကားပြောရင်းက ကိုဘသန်းက ရှူးမေကာရဲ့ Small is Beauty အကြောင်း ပြောတယ်။ ကိုဘသန်းက ဘာသာပြန်ကလည်း ကောင်းတော့ 'ငယ်သော် လှ၏'လို့ ဘာသာပြန်ပြီး ပြောတယ်။ သူက နားထောင်နေသတဲ့။ ပြီးသွားတော့မှ ပြောသတဲ့။ အန်ကန် … ငယ်သော် လှ၏ကို အဆိုတည်ပြီး ထုတ်ယူ ယုတ္တိစနစ် အခြေခံနဲ့ နိဂုံးထုတ်ယူရင်တော့ 'အိုသော် ညံ့၏'ပဲတဲ့။ ကိုဘသန်းလည်း ဘာဆက်ပြောရမှန်း မသိ ဖြစ်သွားရောတဲ့။ ကိုခင်မောင်ကြီးက ပြောရင်း ရယ်တယ်။ ကိုယ်တို့လည်း မနေနိုင်လို့ ရယ်လိုက်မိကြတယ်။ ဖိုးစောထွန်းကတော့ ရယ်ရင်း သူ့လက်နှစ်ဖက်ကို ပွတ်တယ်။ တစ်ခုခု သိပ်သဘောကျရင် ဖိုးစောထွန်းက လက်ဝါးနှစ်ဖက်ကို ပွတ် တတ်တယ်။ ရယ်ရှိန် လျော့သွားတော့ ကိုခင်မောင်ကြီးက နေဦးဗျလို့ ပြောပြီး စကားဆက်ပြန်တယ်။ အဲဒါကို ကိုဘသန်းက သူ့ဆရာ ကိုခင်မောင်ဝင်းကြီးနဲ့ တွေ့တော့ ပြောပြသတဲ့။ ဒီတော့ ကိုခင်မောင်ဝင်းကြီးက ပြောတယ်။ ခင်ဗျားက သူ့မှ သွားပြောတာကိုး။ သူ့မှာက အနောက်တိုင်း ဆင်ခြေစနစ်ဆိုတာပဲ ရှိတယ်။ မှန်ခြင်း မှားခြင်းဟာ စနစ်ထဲမှာပဲလို့ ပြောဆိုပဲလို့ ပြောပြီး ရယ်ပြန်တယ်။ ဒီတုန်း ကိုချစ်မောင်က ဝင်ပြောတယ်။ ပြောမယ့်သာ ပြောတယ်။ ကိုခင်မောင်ဝင်းလည်း ဒီလိုပဲ။ သူတို့မှာ သူတို့ဆင်ခြေ၊ သူတို့အဖြေ ရှိတယ်တဲ့။ ပြောပြီး ကိုရင်မောင်တင့်ကို လှည့်ကြည့်ရင်း ခင်ဗျား အစ်မကြီး မအေးသန့်ရှိတုန်းက ပြောဖူးတယ်။ တတ်နိုင်လို့ သူ့သားကို တက္ကသိုလ်ပို့ရင်လည်း သူများ သားသမီးလို ရှေ့နေတို့၊ ကျောင်းဆရာတို့ ဖြစ်အောင်၊ စီးပွားရေးလေး ဘာလေး နားလည်အောင် သင်ခိုင်းပါလား၊ မသင်ခိုင်းဘူး။ ဒီ ဒသဂီရိဗေဒဆိုလား ဘာလားဆိုတဲ့ ဆိုရခက် ပြောရခက်တဲ့ဟာကို သင်ခိုင်းတယ်လို့၊ ဘာလုပ်လို့ ရမှာတဲ့တုံး။ ဘယ်မှာလာပြီး အသုံးကျ တော့မှာလဲတဲ့လို့ ပြောပြီး ရယ်ကရော။ ဒီတော့ ကိုရင်မောင်တင်လည်း ရယ်တယ်။

နောက်တော့ ကိုခင်မောင်ကြီးက သတိရသွားတယ်။ ကိုရင်မောင်တင့် သားကို ကြည့်ရင်း နေဦး၊ ကိုဘသန်းက ပြောတယ်။ မင်းက ကဗျာကလေး ရွတ်ပြီး သူ့ကို အားပေးလိုက်သေးဆို။ လုပ်စမ်းပါ။ ငါတို့ ခပ်ညံ့ညံ့တွေလည်း အားရှိအောင် လို့ ပြောတယ်။ ဒီတော့ ကိုရင်မောင်တင့် သားက ရွတ်ပြတယ်။

… and tho'

We are not now that strength which in old days

Moved earth and heaven; that which we are, we are;

One equal temper of heroic hearts,

Made weak by time and faith, but strong in will

To strive, to seek, to find, and not to yield.

ချက်ချင်းလိုပဲ ကိုယ်ကတော့ သတိရလိုက်မိတယ်။ လော့(ဒ) တယ်နင်ဆင်ရဲ့ ယူလီဆီကဗျာထဲက။ ဘာဆာကြီးကတော့ လိုက်တောင် ရွတ်တယ်။ သူကလည်း အင်္ဂလိပ်စကားကို အင်္ဂလိပ်လို ပြောနိုင်တဲ့လူ။ အင်္ဂလိပ်စာ အလွန်ကောင်းတဲ့လူ။ ရွတ်လို့ ဆုံးသွားတော့ ကိုယ်တို့လည်း ဝိုင်း လက်ခုပ်တီးလိုက်ကြတယ်။ သူ့အဖေကပါ လက်ခုပ်တီးလေတော့ ဒီကောင် ဆက်ပြီး အကြိမ်းခံရမယ် မထင်ဘူး။ နောက်တော့ ကိုယ်တို့လည်း 'အိုသော် ညံ့၏'အကြောင်းကို ဆက်ပြောကြမိပြန်တယ်။ ပြောတာကတော့ ဘာစနစ်မျှ မပါဘူး။ ဘာဆင်ခြေမျှ မပါဘူး။ ဖိုးစောထွန်း ပြောလိုက်တဲ့ စကားအရတော့ အိုမင်းခြင်းက ရရှိလာသော အခွင့်အရေးတစ်ရပ်ကြောင့် စနစ်တကျ ညံ့ဖျင်းလာရခြင်းပဲ။ ဘာဆာကြီးကတော့ သူ့ကို အားပေးတယ်။ အိုင်ဆေး စောထွန်း၊ မင်းတောင် အမှန်တရားနဲ့ နီးစပ်လာပါပကောတဲ့။ ကိုရင်မောင်တင့် သားက တစ်ခု ဝင်ပြောသေးတယ်။ အိုတာဟာ အသက်နဲ့ မဆိုင်ဘူး။ ဘာသာစကားနဲ့ပဲ ဆိုင်တယ်တဲ့။ ဒီတော့ ကိုချစ်မောင်က ပြောရင်း တားတယ်။ ဟကောင်၊ တော်ပြီ၊ တော်ပြီ၊ အဲဒါမျိုးကို မင်းတို့ဆရာတပည့် တွေ့ဆုံတဲ့အခါ ပြောကြ။ မင်းတို့ဆရာကြီးက ဆေးတံကြီး ခဲပြီး ပြုံးပြုံးကြီးနဲ့ နားထောင်လိမ့်မယ်။ ငါတို့ကတော့ အိုသော် ညံ့၏ ဆိုတာလောက်နဲ့ လုံလောက်တယ် လို့ ပြောလို့ ရယ်ကြ ရသေးတယ်။

နောက်တော့ ကိုယ်တို့လည်း ဝိုင်းသိမ်းကြတယ်။ ပြန်ခါနီး ကားပေါ်တက်မယ် အလုပ်မှာ ကိုခင်မောင်ကြီးက ကိုရင်မောင်တင့် သားကို ပြောတယ်။ ငါ့လူ၊ ငါတို့ ညံ့မှန်းကို ငါတို့ဘာသာလည်း သိပါသကွာ။ မသိချင်ဟန်လေး ဆောင်နေကြရတာပါတဲ့။ ဒီစကားက ကိုယ့်ခေါင်းထဲ စွဲသွားတယ်။ အိမ်အပြန်လမ်း တစ်လျှောက်လုံး ကားထဲမှာ အသာမှိန်းရင်း စဉ်းစားလာမိတယ်။ အိုသော် ညံ့၏ ဆိုတာကတော့ ဘာမျှ ထပ်ပြီး အကျယ်ဝိတ္ထာချဲ့နေစရာ မလိုဘူး။ လက်မခံချင်လို့လည်း မဖြစ်ဘူး။ ဒါပေတဲ့ မသိချင်ဟန်ဆောင်နေရတာ ဆိုတာက ပိုလှတယ်။ ဟုတ်တယ်။ လောကကြီးကိုက မသိချင်ဟန်ဆောင်ထားဖို့ ကောင်းတာ။ သိနေရတာတွေဟာ တစ်ခါတလေတော့ သိစရာ မလိုတာတွေ။ မသိချင်ပေတဲ့ သိလာရတော့ သိတဲ့လူမှာ ပင်ပန်းရုံပဲ။ ခက်နေတာက တစ်ခုတည်းပဲ။ သိထားတဲ့ဟာကို မသိဘူး ဖြစ်အောင် ပြန်လုပ်လို့ မရတော့တာပဲ။

ခေါင်းထဲက ထုတ်ပြီး အမှိုက်ပုံးထဲ သွားပစ်လို့ မရဘူး။ သိတယ် ဆိုတာဟာ အတော် ကြောက်ဖို့ကောင်းတဲ့ ကိစ္စ။ အသက်ကြီးလာလေ၊ သိတာတွေက များလာလေ ဆိုတော့ သိထားတာတွေ များလေလေ ဆုံးဖြတ်ချက် ချဖို့ ခက်လာလေလေပဲ။ ဒီတော့လည်း ဆုံးဖြတ်ချက်ချဖို့ မရဲလာတာဟာ ညံ့လာတယ်ဆိုတာရဲ့ အထောက်အထားတစ်ခုပဲ ဖြစ်မယ်။ ကိုယ်ကတော့ တစ်သက်လုံး ကိုယ့်ကိုယ်ကိုယ် တော်လှချည်ရဲ့လို့ မတွေးခဲ့မိတော့ ငယ်ငယ်တုန်းကလည်း ညံ့တာပဲ။ အိုလာတော့လည်း ညံ့တာပဲ။ သိပ်မထူးဘူး။ ဖိုးစောထွန်းကတော့ သူ့ကိုယ်သူ လူတော်စာရင်းထဲမှာ အမြဲထည့်ထားတဲ့လူ။ သူ့စိတ်ထဲမှာ ဘယ်လိုနေမယ် မသိဘူး။ သူ့ကို မေးကြည့်ဦးမှလို့ တွေးမိလိုက်လို့ အသာ လှည့်ကြည့်လိုက်မိတယ်။

ငါးသလောက်ပေါင်းက သူ့ကို စကြဝဠာကြီး တစ်နေရာရာက ငြိမ်းချမ်းတဲ့ ပင်လယ်သမုဒ္ဒရာကြီး တစ်ခုခုအောက်ဆီကို သယ်သွားပုံ ရတယ်။ အိပ်ပျော်နေတာတောင် ငါးသလောက်ပြုံး ပြုံးလို့။

■

လူက စောင့်ရတဲ့ အချိန်

ကနေ့ မနက်တော့ မသိမသာကလေး အေးတယ်။ ဆောင်းဝင်စမို့ပဲ ထင်တယ်။ အိပ်ရာကထ ဆိုကတည်းက ကိုယ်တွေ၊ လက်တွေက နာနေတယ်။ မနေ့က ဆယ့်ရှစ်ကျင်း ပြည့်အောင် ရိုက်လိုက်မိလို့ ဖြစ်မယ်။ ကိုခင်မောင်မြင့်ကြီးကို အားနာတာနဲ့ပဲ လိုက်ရိုက်မိတာ။ သူက၊ ဒီကို အလည်ရောက်နေတုန်းမို့ ကိုဘမောင်ရေ၊ တစ်ချီလောက် နွှဲလိုက်စို့လား ဆိုတာနဲ့ ကြိတ်မှိတ်ပြီး လိုမ့်ရိုက်ရတော့တာပဲ။ သူကတော့ တောင့်သေးတယ်။ ရိုက်နိုင်တယ်။ ဖစ်(တ) ဖြစ်တယ်လို့ ပြောရမှာပဲ။ တပ်က ထွက်တာဆိုပေတဲ့ တပ်ထဲတုန်းကလည်း သူ့ကိုယ်သူ ဖစ်(တ) ဖြစ်အောင် နေတဲ့လူ။ ငယ်ကတည်းက စိန့်ပေါ်ကျောင်းမှာ နေလာတော့ ခေတ်မီတယ်။ အင်္ဂလိပ်လို ကောင်းတယ်။ တက္ကသိုလ် ရောက်တော့လည်း ဘောလုံး ကန်တယ်။ တင်းနစ် ရိုက်တယ်။ ကိုယ်တို့နောက် အတော်ကြာမှ အနားယူလိုက်တော့ ကိုယ်တို့နဲ့ မတွေ့ရတာ အတော်ကြာပြီ။ သူတို့၊ တော်မီတို့ လူသိုက်တွေက ရန်ကုန်မှာပဲ ဆက်နေကြတယ်။ ခု၊ ဒီဘက်ကို တစ်လ ကိုးသီတင်း အလည်လာကြတာ။ ဂေါက်ရိုက်ပြီးလို့ ဘီယာ သောက်ကြရင်း ကိုယ်ကပဲ မေးလိုက်မိတယ်။ ပင်စင်ယူတာနဲ့ မယူတာ ဘာကွာသလဲလို့ ဆိုတော့ သူက ဖြေတယ်။ ခုတော့၊ အိမ်မှာ ပိုနေရတော့ မိန်းမဆူတာ ပိုခံရသတဲ့။ ဒါကလည်း ဟုတ်လောက်တာပဲ။ သေသွားတဲ့ ဖိုးကို ပြောဖူးတယ်။ မိန်းမဆိုတာက ထူးဆန်းတဲ့ သတ္တဝါတစ်မျိုး။ ယောက်ျားရဲ့ အမှန် တစ်ရာနဲ့ အမှား တစ်ခုမှာ အမှား တစ်ခုကို သူတို့ပဲ တွေ့တတ်တာ။ တွေ့ပြန်ရင်လည်း မှတ်ထား တေးထားတတ်တယ် ဆိုတာမျိုးကိုး။ ကိုယ်တို့ကလည်း အသက်ကလေး ရလာတော့ ပိုမှားတတ်တာတော့ အမှန်။ ကြီးလာလို့၊ အိုလာလို့ ...။ ပေးချင်တဲ့ ဆင်ခြေပေး။ မှားတာကတော့ မှားတာပဲ။ ကိုရင်မောင်တင့် သားကတော့ ပြောဖူးတယ်။ အသက်ကြီးလို့ မှားလာတတ်တာဟာ အသက်ငယ်တုန်း အတွေ့အကြုံ မရှိလို့ မှားတာနဲ့ မတူဘူး။ အသက်ကြီးလို့ မှားတာကို 'အတွေ့အကြုံ ပြည့်ဝစွာနဲ့ မှားယွင်းမှု'လို့ ခေါ်သင့်သတဲ့။ 'အတွေ့အကြုံ ပြည့်စုံစွာနဲ့ မှားတဲ့ အမှားတွေ'ဟာ ပရမ်းပတာနဲ့ မှားတာမျိုး မဟုတ်တော့ ခွင့်လွှတ်သင့်တယ် ဆိုပဲ။ ဒါကလည်း၊ ဟုတ်လောက်တာပဲ။ ဒါကြောင့်ပဲ ထင်တယ်။ ပညာတတ် လူငယ်ပိုင်းကတော့ ကိုယ်တို့လို လူကြီးတွေ မှားရင်၊ ထားလိုက်ပါကွာ၊ လူကြီးတွေပဲ ... ရယ်လို့ ပြောတာ ကြားရတတ်ကြတယ်။ ပြောချင်တာကတော့ မကြာခင် လျှောသွားကြတော့မယ့် လူတွေမို့ သိပ်ဂရုစိုက်မနေနဲ့ ...။ ခွင့်လွှတ်လိုက်ပါ ဆိုတဲ့ သဘောပဲ၊ ထင်ရဲ့။

အဲဒီတုန်းက၊ ကိုယ်တို့ကို လာစကားပြောရင်း ရပ်ပြီး နားထောင်နေတဲ့ ဆယ်မြူအယ် စိုးမြင့်က ပြောတယ်။ ဟော့၊ ဂျွန်။ မင်း၊ ကိုဘမောင်ကြီးလို လုပ်။ မိန်းမကို ရိုပ်သာပို့ပြီး တရား အားထုတ်ခိုင်းချေ၊ တဲ့။ ဒီတော့၊ ဖိုးစောထွန်းက ကြားဝင်ပြီး ပြောတယ်။ ဘမောင်က တရားအား ထုတ်ခိုင်းတာ မဟုတ်ပေါင်၊ မောင်ရာ။ မိန်းမက

တရားအားထုတ်ချင်တယ် ဆိုလို့ ဘမောင်က တရားတိုက်ကို လိုက်ပို့ရတာပါ။ ဘမောင်သာ မိန်းမအပေါ် အဲဒီလောက် သြဇာရှိရင် တိုင်းပြည်အုပ်ချုပ်လို့ ဖြစ်လောက်တယ်၊ တဲ့။ ဖိုးစောထွန်းကတော့ အကြောင်းသင့်တာနဲ့ ကိုယ့်ကို သယ်တော့တာ။ ဆင်မြူအယ်၊ ငါ့မိန်းမက ခရစ်ယာန်ကွ။ သူတို့မှာက၊ ထာဝရ ဘုရားသခင်က အမြဲလို စောင့်ရှောက်ထားတာ။ အမြဲတမ်းလည်း ဘုရားသခင်ကို ဆုတောင်းနေတာ။ အရာရာဟာ သူတို့ ဘုရားသခင်ရဲ့ အလိုအတိုင်း ဖြစ်နေတာဆိုတော့ ငါ့ကို ပြောဆိုနေတာတွေဟာ ဘုရားသခင်ရဲ့ အလိုအတိုင်း ဖြစ်ချင် ဖြစ်နေမှာ။ ငါပြောတာ မှားမှား-မမှားမှား သူတို့ ဘုရားသခင်ကို စော်ကားတာပဲလို့ စွဲချက်တင်လိုက်ကာမှ အိမ်ပေါ်က ဆင်းပြေး နေရဦးမယ်။ အေးအေးဆေးဆေး နေစမ်းပါရစေ ဆယ်မြူအယ်ရာလို့၊ ကိုခင်မောင်မြင့်က ပြန်ပြောတယ်။ ဒီတော့၊ ဆယ်မြူအယ်က၊ ဒီလိုတော့ဖြင့် ငါလည်း မပြောတတ်ဘူးလို့ ပြောပြီး ဖိုးစောထွန်းကို ကြည့်ရင်း မေးငေါ့ပြတယ်။ ပြီးတော့မှ ပြောတယ်။ တစ်ခု ရှိတယ်။ ကိုကြီးစောထွန်းလို နေ။ ကိုကြီးစောထွန်းက အလုပ်မအားအောင် နေတတ်တယ်။ ရပ်ထဲ ရွာထဲက ကိစ္စတွေမှာ ဝင်ပါတယ်။ ကလေးတွေကို အင်္ဂလိပ်စာ အလကား သင်ပေးတယ်။ ဘုန်းကြီးကျောင်းသွားပြီး ရှုရှိုက် လုပ်တယ်။ အချိန်ရရင် သောတာပန်ဖြစ်နည်း ကျူူရှင် အလကား ပေးသေးတာ။ ဂေါက်သီး ရိုက်တယ်။ ဝီစကီ သောက်တယ်။ ဝီစကီ သောက်ရင်းတောင် တရားမှတ်တယ်။ ဟောကြည့်၊ ခုဆို ငါ့ကိုကြည့်ပြီး တရားမှတ်နေတာ။ ဒီကောင့်တော့ဖြင့် ဆဲဦးမှ ... ဆဲဦးမှ ... ဆဲဦးမှ ...။ ဆယ်မြူအယ် ပြောနေတုန်းပဲ ဖိုးစောထွန်းက သေခြင်းဆိုးလို့ ထဆဲပါလေရော။ ဒီတော့၊ ဆယ်မြူအယ်က ဟော၊ ဆဲပြီလို့ ပြောပြီး ရယ်ရင်း သူတို့ဝိုင်းဆီ ထွက်သွားတယ်။ ကိုယ်တို့အားလုံးလည်း ရယ်မိကြတယ်။ ဖိုးစောထွန်းလည်း ရယ်ရင်း ဆယ်မြူအယ်ဆိုတဲ့ အကောင်မှာ အဲဒီလိုမျိုး ပြောတတ်တာကတော့ ထူးခြားမှု တစ်ရပ်ပဲလို့ ကောက်ချက်ချတယ်။ အိပ်ရာကထ ဆိုကတည်းက ကိုယ်တွေ၊ လက်တွေ နာတာကို ဂေါက်သီးရိုက်လို့ နာတာပဲလို့ ကိုယ့်ဘာသာ တွေးကြည့်မိပေတဲ့ တကယ်တော့၊ ဂေါက်သီး မရိုက်လည်း အိပ်ရာက ထတာနဲ့ နာတာပဲ။ အရင်က၊ ကိုယ် ပြောခဲ့ပြီးပါသကော။ အိပ်ရာကထ ဆိုကတည်းက ကျွတ် .. ကျွတ် .. ရယ်လို့ စုပ်ထိုးရင်း ထရတာ။ တကယ်တော့၊ ကိုယ်တို့အရွယ်က ကျွတ်ကျွတ် အရွယ်ပဲ။ ကြွပ်ကြွပ်ရွရွတော့ မဟုတ်တော့ဘူး။ ကြွပ်ကြွပ်ရွရွကလေး မဟုတ်တော့ဘူး ဆိုတော့လည်း ဆယ်မြူအယ် ပြောဖူးတာ သတိရမိပြန်တယ်။ ကိုကြီးဘမောင်၊ အသက်ကြီးလာတဲ့အခါ သူတို့ အင်္ဂလိပ်စကားမှာ ရှိသလို နေနိုင်ရတယ်တဲ့။ ဘယ်လိုတုံးကွ၊ ဆိုတော့ သူက ပြောတယ်။ Growing old with Grace လို့ ပြောကြတယ် မဟုတ်လား။ ဒီတော့၊ ဂရေ့(စ) မရလည်း၊ အေမီတို့၊ အေစီတို့ တစ်ယောက်ယောက် ရှာပေါ့ဗျာတဲ့။ ဆယ်မြူအယ်က အဲဒီလို။ ဒီကောင့်မှာ ပြောစရာတွေက အပုံကြီး။ သူနဲ့ယှဉ်ပြောဖို့ မလွယ်ဘူး။ သူ ရှိရင်လည်း ဝိုင်းစိုတယ်။ မြိုင်တယ်။ ဖိုးစောထွန်းကတော့ သူ့အတွက် ပြောကွက်။ ဖိုးစောထွန်း ကိုယ်တိုင်ကလည်း သူ့တော့ ကြောက်ပုံရတယ်။ ဒီကောင့်ရှေ့ စကားကို သတိထား

ပြောရတယ်။ ဒီလို သတိထားနေတဲ့ အကြားက သူ ပြောစရာ ရသွားမယ့် ဟာမျိုးက ထွက်သွားသေးတာလို့ ပြောဖူးတယ်။ သူတို့အကြောင်း တွေးနေရင်း၊ ကိုယ့်မှာက ကျွတ်ကျွတ်သံ တညံညံနဲ့ အိပ်ရာက ထရတယ်။ အိပ်ရာကနိုးတာနဲ့ သောက်ရမယ်ဆိုတဲ့ သွေးကျဆေးကလေး တစ်လုံး သောက်ပြီး ဝရန်တာဆီ ထွက်ခဲ့မိတယ်။ မနက်ဆို ဝရန်တာမှာထိုင်ရင်း ကော်ဖီသောက်လေ့ ရှိတယ်။ ခုလိုနေ့မျိုးတွေမှာ ဝရန်တာကနေ လှမ်းမြင်ရတဲ့ တောင်ရိုးအလှက သိပ်ကြည့်ကောင်းတာ။ ဆောင်းရောက်ရင်ဖြင့် ခုလို အပြင်မှာ မထိုင်နိုင်ဘူး။ တောင်ခိုးဝေနေတဲ့ အလှကို ပြတင်းပေါက်ရဲ့ အခြားတစ်ဖက် ...။ အိမ်ရဲ့ အတွင်းထဲဆီကနေ ကြည့်ရတယ်။ သာယာ လှပနေခြင်းနဲ့ ကိုယ့်ရဲ့အကြားမှာ မှန် ခံနေတော့တယ်။ ဒီတော့လည်း၊ ခုလို အချိန်က ခွင့်ပြုလို့ ရထားတဲ့ အချိန်ကလေးကို လက်လွှတ်လိုက်လို့ မဖြစ်ဘူး။ တောင်ရိုးကို ကြည့်ကြည့်၊ မကြည့်ကြည့် ရထားတဲ့ အချိန်ကလေးကိုတော့ဖြင့် လွယ်လွယ် လက်မလွှတ်သင့်ဘူး၊ မဟုတ်လား။ ကိုယ်တို့ အရွယ်တွေက အသက်ရဲ့ အတိုင်းအတာကို ပါစင်တိတ်(ချ်) နဲ့ တွက်ကြည့်ရင် အသက်ရှင်နေရခြင်းဟာ နောက်ဆုံး ငါးရာခိုင်နှုန်း၊ ရှစ်ရာခိုင်နှုန်းထက် ပိုမှာ မဟုတ်တော့ဘူး။

ကောက်ဖီသောက်လို့ ကော်ဖီပန်းကန်ထဲမှာ လက်တစ်လုံး မကျသေးဘူး၊ တယ်လီဖုန်းသံ ကြားလိုက်ရတယ်။ နောက်တော့ ဖုန်းသံ ရပ်သွားတယ်။ ဖိုးစပ် သွားပြီး ဖုန်းဖြေလိုက်ပုံရတယ်။ ကိုယ်ကတော့ အတွင်းထဲဆီက နံရံကပ်နာရီကို လှမ်းကြည့်လိုက်မိတယ်။ ရှစ်နာရီ မခွဲတတ်သေးဘူး။ ဒီလိုအချိန်မျိုးမှာ ကိုယ့်ဆီ ဖုန်းဆက်ကြလေ့ မရှိဘူး။ အချိန်မတော် လာတဲ့ တယ်လီဖုန်းတွေကို ကိုယ်ကတော့ မကြိုက်လှဘူး။ မကြိုက်ဆို၊ အချိန်မတော် လာတဲ့ တယ်လီဖုန်းတွေဟာ ကောင်းတာထက်၊ မကောင်းတာတွေ များတယ်။ ကောင်းသတင်း ဆိုတာက ဖြန့်နေစရာမှ မလိုဘဲ။ ဘယ်သူကမျှလည်း ကောင်းသတင်းကို ဂရုတစိုက်မှ နားမထောင်ဘဲ။ ကိုယ့်စိတ်ထဲမှာ ပူလိုက်မိတယ်။ ကိုယ်တို့အရွယ်မှာက ဘယ်သူတော့ဖြင့် လျှောသွားပြီဟေ့ ဆိုတဲ့ သတင်းက မျှော်လင့်ထားနိုင်တဲ့ မမျှော်လင့်သေးတဲ့ သတင်းမျိုး၊ ကိုး။ နောက်တော့၊ ဖိုးစပ် ထွက်လာပြီး ဆရာကြီး ဦးစောထွန်းရယ် .. လို့ ပြောပြီး ရပ်နေတယ်။ ဒီတော့လည်း၊ ပိုပြီး လန့်သွားလိုက်မိတယ်။ ဖိုးစောထွန်း၊ ဘာဖြစ်လို့တုံးလို့ အလန့်တကြား မေးလိုက်တော့ ဆရာကြီး ဦးစောထွန်း ဖုန်းဆက်တာပါ။ ဆရာကြီးနဲ့ စကားပြောချင်လို့တဲ့လို့ ပြန်ပြောတယ်။ ဖိုးစပ်ရာ၊ ငါ့ကို နှလုံးရောဂါရအောင် မလုပ်စမ်းပါနဲ့လို့ ပြောပြီး အတွင်းဘက်က တယ်လီဖုန်းရှိရာကို ထလာလိုက်မိတယ်။ ဖိုးစပ်ကတော့ ခေါင်းခါရင်း ပြုံးနေပေတဲ့၊ ဘာမှ ပြန်မပြောဘူး။ ဖိုးစောထွန်းက မေးတယ်။ ဒီညနေ မင်း အားသလားတဲ့။ ဒီတော့လည်း၊ ကိုယ်က ဖြေနေကျ အဖြေပဲ ပေးလိုက်မိတယ်။ သေမယ်ရယ်လို့ ထိုင်စောင့်နေရတာက လွဲလို့တော့ သိပ် ထူးထူးခြားခြား လုပ်စရာမှ မရှိဘဲလို့။ ငါ သိပါတယ်လို့ ဖိုးစောထွန်းက ပြန်ပြောပြီး ညနေဘက် မင်းအိမ်ဆီကို ငါ လာခဲ့ချင်တယ်။ ကိုဘအေးကြီးလည်း ခေါ်ခဲ့မယ်။ စကားလေး ပြောချင်လို့ ထပ်ပြောတယ်။ လာလေလို့ ကိုယ်က ပြောပြီး ဒီမှာ ညစာစားပေါ့ဗျာ။ အိမ်က

ကျောင်းအစ်မလည်း နေ့ခင်းဘက် ပြန်ရောက်မယ်။ ကိုရင်မောင်တင့် သားလည်း တောင်ရိုးတက်သွားတာ နေ့ခင်း ညနေဘက်တော့ ပြန်ရောက်မယ်လို့ ဆက်ပြောလိုက်မိတယ်။ ကောင်းပြီ၊ ငါနဲ့ ကိုဘအေး လာခဲ့မယ်။ ဝီစကီ တစ်လုံး ဆွဲခဲ့မယ်လို့ သူက ပြောတယ်။ ဒီတော့လည်း ကိုယ်က နည်းနည်း ရိလိုက်မိတယ်။ ဖိုးစောထွန်းကိုက ရိနိုင်မှ၊ ကွန့်နိုင်မှ။ ကျုပ်လည်း ဝီစကီလောက်တော့ တိုက်နိုင်ပါတယ်ဗျာလို့။ သူကတော့ ထူးထူးထွေထွေ တုံ့ပြန်မနေတော့ဘဲ၊ သူ့ထုံးစံအတိုင်း ဟကောင်၊ ဘမောင်၊ တော်ပြီလို့ ပြောပြီး ဖုန်းချသွားလို့ ကိုယ်ကတော့ ရိလိုက်ရတာကလေးကို အရသာ ခံပြီး ပြုံးရင်း ဖုန်းချလိုက်တော့တယ်။ ရိရတယ် ဆိုတာက အမြဲတမ်း ရတတ်တဲ့ အခွင့်အရေးမှ မဟုတ်ဘဲ။ ရိဖို့အကြောင်းက ရှိရတယ်။ ရိစရာ စကားလုံးက ရှိရတယ်။ တစ်ခုခု မရှိတာနဲ့ တခြား တစ်ခုတည်းဟာ ဘယ်လိုမျှ အသုံးမကျတော့ဘူး။

ကော်ဖီ ပြန်သောက်မယ်လုပ်တော့ ကော်ဖီက အေးနေပြီ။ ဒီအပိုင်းမှာ ဖိုးစပ်က တော်တယ်။ နောက်ထပ် အသစ် နှပ်ပေးထားတယ်။ ကော်ဖီတို့၊ လက်ဖက်ရည်တို့ဆိုတာက ပြန်ပြီး နွေးသောက်ရတာမျိုးမှ မဟုတ်ဘဲကိုး။ ကော်ဖီ လာချရင်း အကြောင်းများ ထူးသလား ဆရာကြီးလို့ သူက မေးတယ်။ ဒီညနေဘက်၊ ဖိုးစောထွန်းနဲ့ ကိုဘအေးတို့ လာကြမယ်တဲ့။ မင်းမိန်းမကို ကြည့်ပြီး ချက်ပြုတ်ခိုင်းထားဦး။ အတော်ကြာ၊ မင့်အမေ သွားကြိုရင်း ကျုညီနောင်ဆိုင်က ငါ သောက်နေကျ ဝီစကီ နှစ်လုံး ဝင်ဆွဲခဲ့။ လမ်းမှာ မင်းအမေကိုလည်း ပြောပြထားဦး။ ပြီးတော့၊ နေ့ခင်း ညနေဘက်လောက် ဟိုကောင်လည်း ပြန်ရောက်လိမ့်မယ်။ စီစဉ်စရာ ရှိတာကတော့ ထုံးစံအတိုင်း မင်း စီစဉ်ပေါ့ကွာလို့ ကိုယ်က ပြောလိုက်တယ်။ ဖိုးစပ်က ပြဿနာမရှိပါဘူး ဆရာကြီးလို့ ပြောပြီး ထွက်သွားတော့မယ် အလုပ်မှာ ဦးလေးကြီးသား ပြန်လာရင် ကောင်မကလေးရော ပါမှာလားလို့ မေးတယ်။ ဘာလို့တုံးဟလို့ မေးတော့ သူ၊ ဒီလာလို့ အချိန်ရရင် တောင်ရိုးကို တက်သွားတယ်။ တောင်ပိုင်ကြီးတို့ဆီ သွားတာ မဟုတ်ဘူးလား။ တောင်ပိုင်ကြီး မြေးမကလေးနဲ့ သူတို့ချင်း ကြိုက်နေကြတာ မဟုတ်ဘူးလားလို့ ပြန်မေးတယ်။ အင်း၊ ဒီကိစ္စက တစ်မျိုး။ ကိုင်း၊ ငါ ရှင်းပြမယ်။ တစ်ခါက ငါ မေးကြည့်တယ်။ မင်းတို့ချင်း ချစ်နေ ကြိုက်နေကြသလားလို့ ဆိုတော့။ ချစ်နေကြတယ်တဲ့။ ဒါပေတဲ့၊ တစ်ယောက်ကိုတစ်ယောက် ဖွင့်မပြောဘူးဆိုပဲ။ သိတော့ သိနေကြသတဲ့။ ဒီတော့၊ ဘာလို့တုံးလို့ ငါက မေးလိုက်တယ်။ ပြောလိုက်ရင်၊ လက်ခံလိုက်ကြရင် ဒီကိစ္စက ပြီးသွားမယ်။ ရှေ့တိုးစရာ မရှိတော့ဘူး။ ချစ်ခြင်းရဲ့ လှုပ်ရှားမှုတွေအားလုံး ရပ်တန့်သွားမယ်။ သရေပွဲနဲ့ ပြီးသွားတဲ့ ဘောလုံးပွဲလိုပဲ ဖြစ်သွားမယ်တဲ့။ ငါလည်း သိပ်နားမလည်ဘူး။ ကိုင်း၊ မင်း ဘာများ ပြောချင်သေးသလဲဆိုတော့ ဖိုးစပ်က ခေါင်းခါတယ်။ ဆရာကြီးက မင်းကြီး လုပ်လာတာ။ ကျွန်တော်က မင်းကြီးနောက်လိုက်၊ အိတ်ကိုင်။ မင်းကြီးက နားမလည်ဘူး ဆိုရင်တော့လည်း ကျွန်တော့်ကို မေးမနေနဲ့။ ကျွန်တော် သွားတော့မယ်။ ဒီမှာ စီစဉ်ပြီးရင် အမေ့ကို စောစောပဲ သွားခေါ်လိုက်မယ်။ မြတ်စွာဘုရား၊ ဒီအကြောင်း ဆက်စဉ်းစားရင်

လမ်းတောင် ပျောက်မှာ စိုးရတယ်။ လမ်းမပျောက်အောင် အတော် သတိထားရမယ့် ကိန်းပဲလို့၊ ပြောပြီး ဖိုးစပ်တစ်ယောက် အိမ်ပေါ်က ဆင်းသွားတော့တယ်။ ကိုယ်လည်း ကိုယ့်ဘာသာပဲ ပြုံးနေရင်း ကော်ဖီကို အရသာခံနေမိတယ်။ ဘုရား တ,ရင်း ပြောသွားတဲ့ ဖိုးစပ်ရဲ့ လမ်းမပျောက်အောင် သတိထားရမယ်ဆိုတဲ့ စကားကတော့ အဓိပ္ပာယ်တွေ အများကြီးနဲ့။

နေ့ခင်းဘက်တော့ ကျောင်းအစ်မ ပြန်ရောက်လာတာနဲ့ ဝရန်တာပေါ်မှာပဲ ထိုင်ပြီး ကော်ဖီသောက်ရင်း စကားပြောဖြစ်ကြတယ်။ နောက်တော့ ကိုရင်မောင်တင့်သားလည်း ရောက်လာတယ်။ သူလည်း အထုပ်အပိုးတွေ ဝရန်တာပေါ်မှာပဲ ချရင်း စားပွဲမှာ ဝင်ထိုင်တယ်။ ရောက်တတ် ရာရာကလေး ပြောဖြစ်သွားတယ်။ ဒီတုန်း ဖိုးစပ် ရောက်လာတာနဲ့ ဦးလေးစပ်၊ ဟောဟို အိတ်ထဲမှာ စပ်နွယ်တွေဆီက ယူလာတဲ့ မီးတောက် စပယ်ရှယ် နှစ်လုံး၊ အန်တီအတွက် လက်ဖက်ခြောက်တွေ ပါတယ်။ ဝါးကျည်တောက်မှာ ဖယောင်းနဲ့ ပိတ်ထားတာကိုတော့ လောလောဆယ် ယူလာတဲ့ဟာတွေ ကုန်မှ ခွဲပါတဲ့။ ဘဒွေးအတွက်တော့ အဘိုးကြီးက ရေမီမာတင်တစ်လုံး ပေးလိုက်တယ်။ ကိုဘမောင်က ငါ့လိုပဲ။ ညဘက် အစာပိတ် သောက်တတ်သတဲ့လို့ ပြောသေးတယ်။ ဦးလေးစပ်၊ ကျွန်တော့်ကိုတော့ ဝီစကီ လက်နှစ်လုံးလောက် ထည့်ပေးပါလို့ ကိုရင်မောင်တင့် သားက ပြောတယ်။ ကျေးဇူးပါပဲလို့ ကျောင်းအစ်မက ပြောပြီး သမီးလေးတို့ မောင်နှမတွေကော နေထိုင်ကောင်းကြရဲ့ မဟုတ်လားလို့ မေးတယ်။ သမီးတို့ မောင်နှမတွေ ဆိုတာက တောင်ပိုင်ကြီးရဲ့ မြေးတွေကို ပြောတာ။ အကြီးကောင်ကတော့ ဟိုဘက် သွားတယ်။ တစ်ရက်တော့ အလတ်ကောင်ရယ်၊ စပ်နွယ်တွေရယ်နဲ့ ကျွန်တော်တို့ တောပစ်ထွက်ကြတယ်။ သူလည်း နေကောင်းပုံရတယ်။ အသေအချာတော့ မေးမကြည့်လိုက်မိဘူး လို့ ဟိုအကောင်က ဖြေတော့၊ ကျောင်းအစ်မကြီး ခေါင်းရှုပ်သွားပုံ ရတယ်။ နေစမ်းပါဦးလို့ အစချီပြီး ကျောင်းအစ်ကြီးက မေးပါလေရော။ တောင် ပိုင်ကြီးတို့ဆီ မင်း သွားတာ တောပစ်ရအောင် သွားတာလား။ သမီးနဲ့ တွေ့ဖို့ မင်းမှာ အချိန်မရဘူးလား။ စကားလေး ဘာလေး မပြောဖြစ်ကြဘူးလား။ နေကောင်းပုံရတယ် ဆိုတာက ခပ်လှမ်းလှမ်းကပဲ လှမ်းတွေ့ လိုက်ရလို့လား၊ တဲ့။ ဒီတော့ ဟိုအကောင်က ရယ်တယ်။ တွေ့ပါတယ်။ ညနေတိုင် ချောင်းဖျားအထိ လမ်းလျှောက်ကြပြီး အဲဒီမှာ ထိုင်စကားပြောဖြစ်ကြတယ်။ ညစာ အတူစားကြရပါတယ်။ အန်တီ သိတဲ့အတိုင်းပဲ။ အဘိုးကြီးက ညစာကို အတူစားကြမှ။ ဥရောပ အမြင်တွေ၊ အကျင့်တွေ သူ့မှာ ရှိသေးတယ်။ နေကောင်းပုံ ရပါတယ် ဆိုတာကတော့ သူ နေကောင်း၊ မကောင်း ကျွန်တော် အသေးစိတ် မေးမကြည့်မိလို့ပါလို့ ဖြေတယ်။ ကျောင်းအစ်မကြီး ပါးစပ်ကတော့ သြော် ... သြော် ရယ်လို့ပဲ ထွက်လာတယ်။ ဖိုးစပ်က ဟိုအကောင့် ဖန်ခွက်ထဲမှာ ဝီစကီဖြည့်ပေးနေတုန်း ကျောင်းအစ်မကြီးဆီက နေစမ်းပါဦးကွယ့် ... ရယ်လို့၊ အသံ ထွက်လာပြန်တယ်။ ကိုယ်ကတော့ ဘာမျှ ဝင်မပြောဘဲ ဘာများ မေးဦးမလဲလို့ စောင့်ကြည့်နေမိတယ်။ ဖိုးစပ်က ကျောင်းအစ်မကြီးကို လှမ်းကြည့်လိုက်ပြီး အမေ၊ မေးစရာရှိတာတွေ

နောက်တော့မှ ဆရာကြီးကို မေး။ နားလည်အောင် ရှင်းပြလိမ့်မယ်။ သွားတော့၊ ရေမိုးချိုးပြီး နားတော့။ ညနေကျရင် ဆရာကြီး ဦးစောထွန်းတို့ လာကြလိမ့်မယ်လို့ ပြောပြီး၊ ကျောင်းအစ်မကြီးရဲ့ စကားကို ဖြတ်လိုက်တယ်။ ကျောင်းအစ်မကြီး အိမ်ထဲဝင်သွားတော့ ဖိုးစပ်က ဟိုအကောင့် ပခုံးပေါ် လက်တစ်ဖက် တင်လိုက်ရင်း ခု၊ လေးဆယ့်ငါးမိနစ် ပြည့်သွားပြီ ကိုယ့်ဆရာ။ သရေ ဖြစ်နေသေးတယ်။ နောက်ထပ် လေးဆယ့်ငါးမိနစ်အတွင်းမှာ ဆက်ပြီး သရေမဖြစ်ရအောင် တစ်ခုခုလုပ်ကြဖို့ စဉ်းစားဖို့ အချိန်တန်ပြီလို့ ပြောတယ်။ ပြောပြီးတော့၊ ထွက်သွားရော။ ဟိုကောင်ကတော့ ပြုံးရင်း ဝီစကီ ကို စိတ်ပါလက်ပါ သောက်နေတယ်။ ကိုယ်ကတော့ ဘာပြောရမှန်း မသိဘူး။ ဘောလုံး ကစားကြတဲ့အကြောင်းကို အခြေခံပြီး တစ်ခုခု ပြောတာ ဖြစ်မယ်လို့ပဲ ထင်တယ်။ ကိုယ့် ဦးနှောက်ရှိသမျှနဲ့ ကိုယ့်ဘာသာ တွေးကြည့်လိုက်မိပြီး အဖြေ မထွက်တာကတော့ ဘာဖြစ်လို့ လေးဆယ့် ငါးမိနစ်စီ ကစားကြရတယ် ဆိုတာပဲ။ မိနစ် သုံးဆယ်ဖြင့် သုံးဆယ်၊ လေးဆယ်ဖြင့် လေးဆယ် ဆိုရင် မကောင်းဘူးလား ဆိုတာ။ မဟုတ်တောင် မိနစ်ငါးဆယ်ပေါ့။ ကိုးလိုးကန့်လန့်။ ဘယ့်နှယ်၊ လေးဆယ့် ငါးမိနစ်ရယ်လို့။

ညနေဘက်တော့၊ ငါးနာရီလောက်မှာ ဖိုးစောထွန်းနဲ့ ကိုဘအေးကြီးတို့ ရောက်လာကြတယ်။ ကိုယ်တို့လည်း နောက်ဘက် ဝရန်တာပေါ်မှာပဲ ဆက်ပြီး ဝိုင်းဖြစ်သွားကြတယ်။ ဖိုးစပ်နဲ့ ကိုရင်မောင်တင့် သားကတော့ ယာတွေဘက် လျှောက်ကြတယ်။ အဓိကကတော့ ကျောင်းအစ်မကြီးရဲ့ အသီးအနှံ များများစားကြဖို့ လှုံ့ဆော်ချက်ကြောင့်ပဲ။ ဒီကလောက်၊ အသီးအနှံတွေ လတ်လတ်ဆတ်ဆတ်၊ ပေါပေါလောလော ရနေပါကလျက်နဲ့ အသီးအနှံကို မစားကြတာများတော့ ကျွန်မ အံ့သြမိပါရဲ့ တဲ့။ အဲဒါနဲ့ပဲ၊ ဖိုးစပ်လည်း ယာတွေဆီ သွားမယ်ဆိုတော့ အမဲပစ်လာတယ်ဆိုတဲ့ ကောင်လည်း ဂေါ်ဖီထုပ် ဖြတ်ရအောင် လိုက်သွားတော့တာ။ ကိုယ်တို့လည်း ရောက်တတ်ရာရာ ပြောနေမိကြတယ်။ မကြာခင်ပဲ၊ ဖိုးစပ်တို့ နှစ်ယောက်သား ပြန်ရောက်လာပြီး မီးဖိုဘက်ဆီ သွားမယ်အလုပ်မှာ ဖိုးစောထွန်းက ဟိုနှစ်ကောင်၊ မီးဖိုထဲမှာသွားပြီး ခွက်ပုန်း မလုပ်ကြနဲ့ဦး။ ခုကိစ္စမှာ မင်းတို့လည်း ပါတယ်။ မင်းတို့က သက်သေလို့ လှမ်းပြောတာ၊ ပစ္စည်းတွေချပြီး လာခဲ့ပါ့မယ်လို့ ဖိုးစပ်က လှမ်းပြောတယ်။ ကိုယ်ကတော့ အတော့်ကို အံ့အားသင့်သွားမိတယ်။ သက်သေ သက္ကာယနဲ့ ပြောစရာရှိတယ်ဆိုတဲ့ အကြောင်းကို တွေးကြည့်လိုက်မိတယ်။ ဒီတုန်း၊ ကျောင်းအစ်မက ထတော့မယ်လို့ ဖင်ကြွရင်း ရှင်တို့ကိစ္စထဲ ကျွန်မတော့ လွတ်တယ် မဟုတ်လားလို့ ပြောလိုက်တော့၊ ဘယ်လွတ်မှာတုံး၊ ခင်ဗျားလည်း သက်သေလုပ်ရဦးမှာတဲ့။ ဒီတော့၊ ကိုယ်ကတော့ တွေးမိတယ်။ ငါလည်း သက်သေစာရင်းထဲ ရောက်နေပုံပဲ၊ လို့။ ဒီတုန်း၊ ကျောင်းအစ်မကြီးက ပြန်ထိုင်လိုက်ရင်း ရှင့်မှာ ကွာရှင်းပြတ်စဲစရာများ ကျန်သေးလို့လား။ မဟုတ်လည်း လက်ဖက်တစ်ရိုး၊ ကွမ်းတစ်ရိုးနဲ့ ပြီးရမယ့် ကိစ္စကို သက်သေခံခိုင်းမလို့လားလို့ ပြောရင်း သူ့ဘာသာ ရယ်တယ်။ ကိုဘအေးကြီးက ဝီစကီသောက်မယ် အလုပ်၊ ဝီစကီခွက်ကို ကိုင်ထားရင်း ရယ်လိုက်တော့ သူ့ဖန်ခွက်ထဲက အရည်တွေ ဘေးစဉ်ကုန်ရော။ သူက၊ ဝီစကီကို

ဖန်ခွက်ထဲမှာ လက်တစ်လုံးထည့်ပြီး ဆိုဒါအပြည့် ရောသောက်လေ့ရှိတဲ့ လူမျိုး။ အသက်ကြီးလာရင် အဲဒီလိုမျိုး သောက်မှ များများ သောက်နိုင်မှာလို့ ပြောတော့၊ ဝီစကီကို မကြိုက်လို့ ရောသောက်တာ မဖြစ်နိုင်ဘူး။ ရေမရောရင် အသေစောမယ် ဆိုတာကို ကြောက်ပုံပဲ။ ဖိုးစောထွန်းကတော့ ကျောင်းအစ်မကြီးကို တည့်တည့် ပြန်မပြောဘဲ ကိုဘအေးကို ကြည့်ရင်း တွေ့တယ် မဟုတ်လား။ သူတို့ လင်မယားက တစ်လေတည်းလို့ ပြောပြီး၊ ဒါကြောင့် ဖိုးကို ရှိတုန်းက သူတို့ လင်မယားကို ဟစ်ပီလင်မယားလို့ ခေါ်တာလို့၊ ထပ်ပြောတယ်။ ကိုဘအေးကတော့ အရယ်ကို မရပ်နိုင်သေးဘူး။ သက်သေ သက္ကာယနဲ့ လုပ်ရမယ့်ကိစ္စ ဆို တော့လည်း ဘာများတုံးလို့တော့ ကိုယ့်ဘာသာ ထပ်ပြီး မေးခွန်းထုတ် နေလိုက်မိပြန်တယ်။ ဖိုးစပ်တို့ နှစ်ယောက်သား ရောက်လာပြီး ဖန်ခွက်ထဲ ဝီစကီငှဲ့နေကြတုန်း ဖိုးစောထွန်းက မင်းတို့၊ တစ်ငုံလောက်တော့ သောက်။ မမူးစေနဲ့ဦးဆိုတော့ သူတို့နှစ်ယောက်တင် မကဘူး။ ကိုယ်တောင် မအူမလည် ဖြစ်သွားတယ်။ ခုကိစ္စက မူးလို့လည်း မဖြစ်ပြန်သေးဘူး။ အားလုံးက ဖိုးစောထွန်း ဘာဆက်ပြောမလဲ ဆိုတာ အာရုံစိုက်နေကြတယ်။ ကိုင်း၊ အားလုံး ချီးယား(စ)လို့ ပြောပြီး သူ့ဖန်ခွက် မ,လိုက် လို့ ကိုယ်တို့လည်း ချီးယား(စ)လိုက်ကြရတယ်။ ပြီးတော့၊ သူက ငါ့အတွက်တော့ ဒီဟာတွေစာ ဒီည နောက်ဆုံးပဲတဲ့။ တခြားသူတွေတော့ ဘယ်လို စိတ်ကူးရမယ် မသိဘူး။ ကိုယ့်စိတ်ထဲမှာတော့ ဘာမျှကို တွေးကြည့်လို့ မရဘူး။ အရက်ဖြတ်တာဟာ သက်သေ သက္ကာယ လိုသလား။ အရက်ဖြတ်တာဟာ သူ့ ကျန်းမာရေးကြောင့်လား။ ဘာတုံး၊ ညာတုံး ... ဆိုတာတွေက ခေါင်းထဲ ဝင်လာတယ်။ လူဆိုတာမျိုးကလည်း မဆီမဆိုင် ရှာကြံတွေးကြည့်ရင်း ထင်မိထင်ရာ ထင်တတ်ကြတာကိုက အရသာတစ်မျိုးကိုး။ ခင်ဗျား ပြောစရာရှိတာ ပြော။ ဝီစကီ မသောက်ခင် စိတ်ရှုပ်ရတာ မကောင်းဘူးလို့ ကိုဘအေးကြီးက ဝင်ပြောတယ်။ ကိုယ်ရော၊ ဖိုးစပ်နဲ့ ကိုရင်မောင်တင့် သားကပါ အသံမထွက်ဘဲ ပြုံးရင်း ခေါင်းတညိတ်ညိတ်နဲ့ ထောက်ခံလိုက်မိကြတယ်။ ကျောင်းအစ်မကတော့ ကိုယ်တို့ သုံးယောက်ကို ကြည့်ရင်း ပြုံးတယ်။ ထောက်ခံမယ့်သူများ ရှိမှ ရှိပါ့မလားရယ်လို့ဆိုတဲ့ သဘောမျိုးနဲ့ ပြုံးတာ။ အပြုံးနောက်က အနက်တွေကတော့ မတူဘူး။ ဒီတော့၊ ဖိုးစောထွန်းက ပြောတယ်။ ငါ၊ တောင်စွန်း သွားပြီး ယောဂီဝတ်နဲ့ နေတော့မယ်ရယ်လို့တဲ့။ ဟေ .. လို့ ဘာအဓိပ္ပာယ်မျှမရှိတဲ့ အသံ ကိုယ့်ပါးစပ်ထဲက ထွက်သွားတယ်။ ကျောင်းအစ်မကြီးကတော့ ဘာမျှ မပြောပေတဲ့ သိပ်အံ့အားသင့်သွားပုံ မရဘူး။ ဖိုးစပ်တို့ နှစ်ယောက်သားကတော့ ငါတို့တော့ မမူးလောက်သေးပါဘူး ဆိုတဲ့ပုံနဲ့ သူတို့ ဖန်ခွက်တွေကို ကြည့်နေကြတယ်။ ကိုယ်ကတော့ လုံးနေတယ်လို့ လက်ခံထားတဲ့ ကမ္ဘာကြီးကို တစ်ယောက်ယောက်က ပြားနေပါသော်ကောဗျာလို့ အခိုင်အမာ ပြောသံ ကြားလိုက်ရသလိုပဲ။ ခုခါမှကွာ၊ ပြားပြားလို့ ပြောရလေမလား။ လောက်စာလုံးများ လုံးသလို နည်းနည်း ကလေး ပြန်လုံးကြည့်လို့ မရတော့ဘူးလားလို့ မေးကြည့်ရလေမလား။ တွေးကြည့်နေတုန်း ဖိုးစောထွန်းအသံ ဆက်ကြားလာရတယ်။ ဒါကြောင့်၊ ငါလည်း လုပ်စရာရှိတာတွေ ကိုဘအေးနဲ့ တိုင်ပင်ပြီး ရှေ့နေ ရှေ့ရပ်တွေနဲ့

တရားဝင်ဖြစ်အောင် လုပ်လာတယ်။ အခု၊ မင်းတို့က သက်သေအဖြစ် လက်မှတ်ထိုးကြရလိမ့်မယ်တဲ့။ ပြီးတော့မှ၊ ဖိုးစောထွန်းက ဆက်ပြောပြန်တယ်။ ဘမောင်၊ မင်းကတော့ အခရာ။ ငါ့ပိုင်ဆိုင်မှု အဝဝကို မင်း လက်ထဲ လွှဲခဲ့မှာ။ ငါ့မှာ မင်းထက် စိတ်ချရမယ့်လူ မရှိဘူး။ ဂျင်နရယ်ပါဝါ လွှဲခဲ့ရုံတင် မကဘူး။ ပြဿနာမဖြစ်အောင် ငါ့အိမ်ကိုပါ မင်းနာမည်နဲ့ ပြောင်းခဲ့မယ်။ မင်း၊ ကြိုက်သလို စီစဉ်။ စောစောက ပြောရင် မင်းက ကဏ္ဍကောစ လုပ်နေမှာစိုးလို့။ ကိုဘအေးကြီးနဲ့ တိုင်ပင်ပြီး လုပ်ရတာပဲ၊ တဲ့။ ကိုယ့်စိတ်ထဲမှာတော့ ဩော်၊ ဒီလိုကိုးလို့ စိတ်ထဲ ဖြစ်လိုက်မိပြီး၊ ခုခါမှ ကမ္ဘာကြီး ပြားသွားရတဲ့ အကြောင်းထဲမှာ ငါကလည်း သွားပြီး ငြိနေတာကိုးလို့ပဲ၊ တွေးလိုက်မိတော့တယ်။

ကိုဘအေးက ကိုယ့်ရှေ့ကို စာရွက်တစ်ပုံ လှမ်းချလိုက်ရင်း ဘမောင်၊ နည်းနည်းတော့ ဖတ်ကြည့်ဦးလို့ ပြောတော့ ကိုယ့်စိတ်ဟာ စားပွဲပေါ် ပြန်ရောက်လာတယ်။ ခင်ဗျားတို့ကမှ ကျွန်တော့်ကို ယုံကြည်တယ် ဆိုလို့ဖြင့် ကျွန်တော်က ဖတ်နေစရာ မလိုဘူး။ ကျွန်တော်လည်း ခင်ဗျားတို့ကို ယုံကြည်တယ်။ မဖတ်တော့ဘူး။ ပေး၊ ဖောင်တိန်။ လက်မှတ်ထိုးဖို့ .. လို့ပဲ။ ကိုယ်က ပြန်ပြောလိုက်မိတယ်။ ကျောင်းအစ်မကတော့ ဘာမျှ ဝင်မပြောဘဲ ကြည့်နေတယ်။ သူ့စိတ်ထဲ ရှင်းသွားအောင် လက်မှတ်ထိုးရမယ့် စာရွက်တစ်ထပ်ကို ထောင်ပြလိုက်ရင်း စာရွက်က အစိတ်လောက် ရှိမယ်လို့ပဲ ပြောလိုက်မိတယ်။ အဲဒီတုန်း၊ ဘာဖြစ်လို့ အန်ကယ်က .. ဆိုတဲ့ ကိုရင်မောင်တင်ရဲ့သား အသံ ကြားလိုက်ရတယ်။ ကိုယ်လည်း အသာ မျက်စိလှန်ကြည့်လိုက်မိတယ်။ ဖိုးစောထွန်းက လက်ကာပြရင်း ငါ ရှင်းပြမယ်။ ခဏနေဦး။ ဘမောင် တစ်ယောက် လက်မှတ်ထိုးပြီးအောင် စောင့်ဦးလို့၊ တားလိုက်တယ်။ ကိုယ်ကလည်း မနေနိုင်တော့ဘူး။ မေးတာ မေးပါစေလား။ ဒါမှလည်း ကျုပ်တို့ အကျိုးအကြောင်းကလေး သိမှာ။ လက်မှတ်ထိုးတာကတော့ မျက်စိမှိတ်ထိုးတောင် ရတယ်။ မင်းကြီး ဘဝမှာ ကျုပ် အများဆုံး လုပ်လာတာ လက်မှတ်ထိုးတာပဲ။ ခု၊ ခင်ဗျားကို အားနာလို့ မျက်စိဖွင့် ထိုးနေတာလို့၊ ပြောလိုက်မိတယ်။ ပြောပြီးတော့၊ ကိုရင်မောင်တင့်သားကို လှည့်ကြည့်လိုက်ရင်း၊ မင်း၊ ခုန မေးမယ့်ဟာ ပြန်မေးစမ်းပါလို့ မင်းကြီးဘဝက လေကလေး ထည့်ပြီး ပြောလိုက်တော့တယ်။ ကိုရင်မောင်တင့် သားလည်း လမ်းဖွင့်ပေးလိုက်တာနဲ့ မေးတော့တာ။ အန်ကယ်က ဘာဖြစ်လို့ ယောဂီ သွားဝတ်ချင်ရတာလဲ။ ခုလည်း၊ စားနိုင်သောက်နိုင်ပဲ မဟုတ်လား။ စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ ဖြစ်နေလို့ ယောဂီ သွားဝတ်တယ် ဆိုရင်တော့လည်း တစ်မျိုးလို့၊ မေးရင်း သူ့အမြင်နဲ့ ကောက်ချက်ချသေးတာ။ သူ့ နံဘေးနားဆီမှာ ထိုင်နေတဲ့ ကျောင်းအစ်မက ဟဲ့ ..၊ လို့ အသံပြုလိုက်ရင်း လက်နဲ့ အသာ လှမ်းပုတ်လိုက်တယ်။ ဒီတော့၊ ကိုရင်မောင်တင့် သားက ကျွန်တော် ပြောတာက စားရမဲ့မဲ့၊ သောက်ရမဲ့မဲ့ ဖြစ်နေလို့ ခပ်ဝေးဝေး ချောင်ကျကျ တစ်နေရာမှာ သွားပြီး ယောဂီဝတ်၊ လုပ်နိုင်တာလေး ဝိုင်း လုပ်၊ တစ်နေ့ တစ်နပ်စား ..။ အဲဒီလို ဆိုရင်တော့လည်း အဓိပ္ပာယ်ရှိတာပေါ့။ ကျွန်တော် ပြောတာ မဟုတ်ဘူးလားလို့ ပြောရင်း ကျောင်းအစ်မကို မေးခွန်းထုတ်ပြန်တယ်။ ကျောင်းအစ်မကြီးခမျာ

ပြန်မဖြေနိုင်ဘဲ၊ သူ့ဘာသာ အသံမထွက်အောင် ရယ်တယ်။ ကိုဘအေးဆီကတော့ ခွိခနဲ အသံထွက်လာတယ်။ ကိုယ်ကတော့ ပြုံးမိတယ်။ ဒီကောင့်ဆီက မေးခွန်းတစ်ခုခု ထွက်မယ်ဆိုတာ တွက်ထားမိလို့ မေးခိုင်းလိုက်တာ။ ဖိုးစောထွန်းက အတော်ကလေးကြာအောင် အချိန်ယူလိုက်လို့ အားလုံး ငြိမ်နေကြတယ်။ ပြီးတော့မှ ပြောတယ်။ ငါ မေ့မပစ်နိုင်တဲ့ စကားတွေထဲမှာ မင်းအဖေ ပြောဖူးတဲ့ စကားလည်း ပါတယ်။ တစ်နေ့ နေ့ခင်းတော့ မင်းအဖေရယ်၊ ကိုချစ်မောင်ရယ်၊ ငါရယ် ဆန်းကဖေးမှာ လက်ဖက်ရည် သောက်ကြတယ်။ ကိုချစ်မောင်က ဆိုရှယ်လစ် ပြန်လည်ပညာပေးရေး စခန်းက ထွက်လာပြီးတော့ ခုနောက်ပိုင်းမှာ ဘာသာရေးစကား အတော်ပြောလာတယ်။ ဒီတော့၊ ငါတို့ ပြောနေတာတွေက ဘာသာရေးဘက် ပြောင်းသွားတယ်။ ဘယ်လိုကနေ ဘယ်လို စကားရောက်သွားတာကိုတော့ အသေးစိတ် မမှတ်မိတော့ဘူး။ မင်းအဖေက အချိန်နဲ့ ဒီရေဟာ လူကို မစောင့်ဘူးဆိုတဲ့ စကားအကြောင်း ရှင်းပြတယ်။ လူတွေဟာ အဲဒီစကားကို ပေါ့ပေါ့တန်တန် ထားတတ်ကြတယ်။ ဆိုလိုတာကိုလည်း တကယ် သဘောမပေါက်ကြဘူးတဲ့။ အချိန်နဲ့ ဒီရေဟာ လူကို မစောင့်ဘူး ဆိုတဲ့အတွက် လူဟာ အချိန်နဲ့ ဒီရေကို စောင့်နေရတာ။ ဘယ်အချိန် ဘာလုပ်ရမယ် ဆိုတာကို လူက သိဖို့လိုတယ်။ သတိရှိဖို့ လိုတယ်တဲ့။ သတိမထားမိလို့ မမီလိုက်ရင်တော့ နောက်တစ်ကျော့ စောင့်ကြရလိမ့်မယ်တဲ့။ အဲဒီစကားကို ငါ ဘယ်တော့မှ မမေ့ဘူး။ ခုနောက်ပိုင်းမှာ၊ ငါ စဉ်းစားမိလာတာက ငါတို့ အသက်အရွယ်ဟာ အချိန်မရွေး သေနိုင်တဲ့အရွယ် ရောက်နေပြီ။ ပြင်ဆင်ထားဖို့ လိုလာပြီ။ ဒါပဲ .. လို့ ဖိုးစောထွန်းက ခပ်ရှည်ရှည် ရှင်းပြတယ်။ ကျောင်းအစ်မကြီးကတော့ သာဓုခေါ်တယ်။ ကိုဘအေးကတော့ ခေါင်းတညိတ်ညိတ် လုပ်နေတယ်။ ကိုယ်ကတော့ ကုန်လုကုန်ခင် ဖြစ်နေတဲ့ ဝီစကီခွက်ကို ယူလိုက်ပြီး မော့လိုက်မိတယ်။ ပြီးတော့ ဖိုးစပ်ကို ထပ်ဖြည့်ဖို့ လှမ်းပေးလိုက်တယ်။ ကိုယ့်အဖို့ကတော့ ဖန်ခွက်ထဲက ဝီစကီ ကုန်သွားမှ အသစ်ထပ်ထည့်ဖို့အတွက် စောင့်နေမိတာကိုး။ ဟုတ်ပါတယ်။ ကိုရင်မောင်တင့် စကားကို ကိုယ်လည်း သဘောတူတယ်။ ဒါပေတဲ့ ဖိုးစောထွန်းနဲ့ နားလည်လက်ခံပုံချင်းတော့ ကွာမယ်။ ကိုယ် မျှော်လင့်ထားတဲ့အတိုင်း ကိုရင်မောင်တင့် သားဆီက မေးခွန်းထွက်လာတယ်။ အန်ကယ်က ပစ္စုပ္ပန်ရဲ့ ရှိနေခြင်းနဲ့ ပစ္စုပ္ပန်မှာနေဖို့ ဆိုတာကို လက်မခံတော့ဘူးဆိုတဲ့ သဘောလားတဲ့။ အရင်ကဆိုရင်တော့ ဖိုးစောထွန်းက ရှုံ့ရှုံ့ရှဲ့ရှဲ့ ထလုပ်မှာ။ ခုတော့၊ လေအေးကလေးနဲ့ ဖြေတယ်။ ငါ့အနေနဲ့ ပစ္စုပ္ပန်ရဲ့ ရှိနေခြင်းကို မငြင်းပါဘူး။ ဒါပေတဲ့ သေခြင်းအတွက် ပြင်ဆင်ထားတဲ့ သဘောပါပဲတဲ့။ ဒီတော့ ကိုရင်မောင်တင့် သားက တစ်ဆင့် တက်ပြန်တယ်။ အန်ကယ်က သေခြင်းအတွက် ပြင်ဆင်တာလား။ သေခြင်းရဲ့ အခြားတစ်ဖက်လို့ မရေမရာ လက်ခံနေကြတဲ့ လူတွေရဲ့ မျှော်လင့်ချက်မျိုးနဲ့ ပြင်ဆင်နေတာလားလို့ မေးပြန်ရော။ သူ့စကား ဆုံးသွားတော့ ကျောင်းအစ်မကြီးက ကိုယ့်ကို လှမ်းကြည့်တယ်။ ရှင် တစ်ခုခု ဝင်ပြောဦး ဆိုတဲ့ သဘောပဲ။ ကိုယ်လည်း မြင်လိုက်မိတာက ကိုရင်မောင်တင့် သားဆီက ရှေ့ဆက်ပြီး မေးခွန်းတွေ တက်လာရင် ဖိုးစောထွန်း ချောင်ပိတ်မိမယ်။ အဲဒီကျရင် ဖိုးစောထွန်းရဲ့

ထိုးစံအတိုင်း ချဲတော့မှာပဲ။

ဒီတော့ ကိုယ်က ရှဥ့်လည်း လျှောက်သာစေ၊ ပျားလည်း စွဲသာစေ လုပ်ရတော့တာပေါ့။ ကိုယ် နားလည်ထားတာ တစ်ခုက ကိုရင်မောင်တင့် သားလို လူမျိုးမှာ မေးခွန်းတွေ အများကြီး ရှိတယ်။ သူတို့ ဆရာကြီးဆို အရွယ်အားဖြင့် ကိုယ်တို့နဲ့ သိပ်ကွာတာ မဟုတ်ဘူး။ သူတို့မှာကိုက မေးခွန်းတွေ အများကြီးပဲ။ ဆော့ခရိတ် ဆိုသလား၊ ပလေတို ဆိုသလားပဲ။ မေးခွန်းတွေ မေးရင်း အမေးအဖြေ ဒိုင်ယာလော့(ခ)တွေ ဖြစ်လာတာ။ ဒီတော့ ဒိုင်ယာလော့(ခ)တွေ အများကြီး ထွက်မလာခင် တစ်နည်းတစ်ဖုံနဲ့ လမ်းလွှဲပစ်ဖို့ လုပ်ရတယ်။ ဒီပစ္စုပ္ပန်တည့်တည့်မှာ နေရမယ်ဆိုတာကို ငါလည်း ခုထိတော့ သိပ် သဘောမပေါက်သေးဘူးကွ လို့ ကြားဖြတ် ပြောလိုက်ရတယ်။ ကိုရင်မောင်တင့် သားက ကိုယ့်ဘက် ဦးတည်လိုက်ပြီး ဘဒွေး ပြောတာ အမှန်ပဲ။ ပစ္စုပ္ပန်ဆိုတာဟာ ရပ်တည်နေတာ မဟုတ်ဘူး။ ပစ္စုပ္ပန်ဆိုတာဟာ ဖြစ်နေခြင်းအထဲမှာ လိုက်ပါသွားနိုင်ခြင်းပဲ လို့ ပြန်ပြောတယ်။ ကိုယ်ကတော့ ကိုဘအေးကို မသိမသာ တစ်ချက် လှမ်းကြည့်လိုက်မိတယ်။ သူ့ခမျာမှာလည်း ဘေးကျပ်နံကျပ် ဖြစ်နေရာက အစာမကြေ လေမသက်ရင် သုံးဆိုတဲ့ မီးရထားတွေပေါ်မှာ လိုက်ရောင်းတဲ့ လေပုပ်ထုတ်ဆေး ကြော်ငြာသမားရဲ့ လေကျဆေးနဲ့ ရလိုက်သလိုပဲ။ မသိမသာ ပြုံးတယ်။ ကျောင်းအစ်မကြီးကတော့ ကိုယ့်ကို ကြည့်နေတယ်။ ကျွန်မ ယောကျ်ားကတော့ဖြင့် တော်ပါသေးသော်ကောလို့ မပြောပေသိ၊ ရှင့်အစွမ်းအစတော့ သိပါသော်ကောဆိုတဲ့ သဘောပဲ။ ဗိစပ်ဖူးတက်အတက်မှာ ပြုတ်ကျတာမျိုး မဖြစ်ရင် ပြီးတာပဲ မဟုတ်လား။ ဒီလိုတော့ ရှိတယ်ကွလို့ စကားခံလိုက်ပြီး ကိုယ့်အမြင်ကို ပြောပြမိတယ်။ တို့များကတော့ အစဉ်အလာက လက်ခံလာခဲ့တဲ့ အတွေးအမြင်မှာ အခြေခံပြီး အရာရာကို လက်ခံခဲ့ကြတာပဲ ဆိုတာတော့ မငြင်းဘူး။ ဒါပေတဲ့ တကယ်တမ်း ဆိုးရွားနေတာက အစဉ်အလာအတွင်းမှာ နစ်မြုပ်နေရတာကို သာယာနေတာပဲလို့ ငါ မြင်တယ်။ မှားရင် .. မှားမှန်း သိရင်တောင် ပြင်လိုက်ဖို့ ဝန်လေးတယ်။ ပြင်လိုက်တယ်ဆိုရင် လူနေမှုစနစ်ကြီး တစ်ခုလုံးကို ငြင်းဆိုတာပဲလို့ ထင်နေတတ်ကြတယ်။ မင်းလည်း သိသားပဲ။ တိဿရဟန်းကြီး အကြောင်းကို ဘယ်သူကမျှ ရှေ့တန်းတင် မပြောဘူး။ ပြောလိုက်ရင် အမြင်တွေ ပြောင်းကုန်ကြမှာစိုးလို့။ မဟုတ်ဘူးလားလို့ မေးခွန်းထုတ်ရင်း အားလုံးကို ဖြည်းဖြည်းချင်း လှမ်းကြည့်လိုက်တယ်။ ကျောင်းအစ်မကြီးကတော့ ဘာမျှမပြောဘဲ ပြုံးနေပေတဲ့ ကျွန်မဖြင့် အဲဒီလိုမျိုး ကြားမှ ကြားရပါ့မလားဆိုတဲ့ မျက်နှာပေးမျိုးနဲ့ ကြည့်နေတယ်။ ကိုယ်ကတော့ နည်းနည်း ဆက်ပြောမယ်လို့ စဉ်းစားတယ်။ ခုအနေအထားက တစ်တက် စားလည်း ကြက်သွန်၊ နှစ်တက် စားလည်း ကြက်သွန် အနေအထား ရောက်သွားပြီကိုး။ ဖိုးစပ်ကြီးက အချိန်မီ ဖြည့်ပေးနေတဲ့ ဝီစကီကလည်း အသိပညာအရာမှာ နိုးကြားစေတဲ့ ခွန်အား ပေးသနားနေတော့တာကိုး။ တစ်ခုတော့ ရှိတယ်ဗျာလို့ စကားအခံနဲ့ပဲ စကားဆက်လိုက်မိတယ်။

ကိုယ်တို့တစ်တွေ အစဉ်အလာအရ တောက်လျှောက် လက်ခံလာခဲ့ကြတဲ့ အယူက တကယ်တမ်းမှာတော့ တခြားလူတွေရဲ့ သက်ဝင် ယုံကြည်မှုမျိုးမှ မဟုတ်ဘဲ။ အကျင့်မှာ အခြေခံတာ။ မင်း ပြုသမျှ ငါ ခံမယ်လို့မှ မဟုတ်ဘဲ။ မင်း အမှားကို ငါ့အမှား လုပ်လို့မှ မရဘဲ။ ထိုင် ဆုတောင်းနေလို့ ဘာမျှမဖြစ်တဲ့ အမြင်ပဲ။ အစီဝရီ မြစ်ကမ်းပါးမှာ ဝါသေဌ သူဌေးသား ရဟန်းကြီး ဂေါတမက ဆုံးမတာ ကြားဖူးရဲ့ မဟုတ်လား။ ဒီဘက်ကမ်းက ကျီးကန်းက ဟိုဘက်ကမ်းကို ပျံမသွားဘဲ ဟိုဘက်ကမ်း ငါ့ဆီလာလို့ ဆုတောင်းနေလို့ မရဘူး ဆိုတာလေ ..။ ဒါပေတဲ့ ကိုယ်တို့မှာ ရှိနေတာက အစဉ်အလာ သက်ဝင်ယုံကြည်မှုတွေကို ရောထွေးပစ်လိုက်တာ။ မိမိကိုယ်ကို မိမိ မစွန့်လွှတ်နိုင်သရွေ့ မငြိမ်းချမ်းနိုင်ဘူးဆိုတဲ့ အမြင်ဟာ ဆုတောင်းတာဘက် ပြောင်းသွားတာပဲ။ ခု ဖိုးစောထွန်း လုပ်တာက ဆုတောင်းနေရာက အကျင့်ဘက် ပြန်ပြီး ပြောင်းသွားတာပဲလို့ ကိုယ် ထင်တယ်။ မှားတယ်၊ မှန်တယ်တော့ ကိုယ် မသိဘူး။ မိမိကိုယ်ကို မိမိဘာသာ စွန့်လွှတ်နိုင်အောင် အားထုတ်တာကတော့ ကိုယ်တို့ လက်ခံလာခဲ့ကြတဲ့ အစဉ်အလာကို ကိုးကွယ်မှုအမြင်ရဲ့ အနှစ်သာရပဲလို့၊ ခပ်ရှည်ရှည် ပြောချလိုက်တယ်။ ဖိုးစောထွန်းရော၊ အားလုံးကပါ လက်ခုပ်တီးကြတယ်။ ရှဉ့်ကတော့ လျှောက်သာ၊ မသာ မသိဘူး။ ပျားအတုပ် မခံရဖို့က လိုသေးတာကိုး။ ဖိုးစောထွန်းကတော့ ကျောင်းအစ်မကို လှမ်းကြည့်လိုက်ရင်း ဘမောင်တစ်ယောက် လူတွေ ပြောသလောက်တော့ အစွန်းမရောက်သေးပါဘူး လို့ ပြောတယ်။ နောက်တော့ ကိုယ်တို့လည်း တခြား အကြောင်းတွေ ပြောဖြစ်သွားကြတယ်။ ဝိုင်းသိမ်းလို့ အိပ်ရာထဲဝင်တော့ ကိုယ့်ဘာသာပဲ ဆက်စဉ်းစားကြည့်နေမိတယ်။ ဖိုးစောထွန်းဟာ သူ့အချိန်အခါကို သူ့ဘာသာ ဆုံးဖြတ်လိုက်တာလို့ပဲ ကောက်ချက်ချမိတယ်။ ကိုရင်မောင်တင် ပြောခဲ့ဖူးတဲ့ လူက အချိန်ကို စောင့်ရတယ်၊ သိရတယ် ဆိုတာက ဟုတ်တာပဲ။ တကယ်တမ်း သူ ပြောချင်တာက လူနဲ့ နည်းဗျူဟာတွေ အကြားက ဆက်ဆံရေးပဲ။ နိုင်ငံခြားမှာ အုပ်ချုပ်ရေးနဲ့ပတ်သက်လို့ သွားပြီး လေ့လာခဲ့စဉ်က ကိုယ်တို့ ဆရာတွေ ပြောပြတဲ့ Overt, Covert နဲ့ Invert ဆိုတဲ့ စကားလုံးတွေကို သတိရလာမိတယ်။ ဘဝရဲ့ ဖြစ်နေခြင်းကို စနစ်ကြီးတစ်ခုနဲ့ ထိန်းထားလို့ မရဘူး။ နည်းဗျူဟာတွေနဲ့ပဲ ဝန်းရံထားရမှာ။ ကျားကန် နေရတာ။ ဒီတော့လည်း နေ့ခင်းဘက်ဆီက ဖိုးစပ်ကြီး ပြောတဲ့ ဘောလုံးပွဲအကြောင်း သွားသတိရမိပြန်တယ်။ ဖိုးစပ်က ကိုယ့်နောက်က အိတ်ကိုင်လိုက်နေရတယ် ဆိုပေတဲ့ သူ့ဆီက အဲဒီလိုမျိုး ပညာရှိ အတွေးကလေးတွေ ကြားရတတ်တယ်။ ကိုယ် ဆက်ပြီး တွေးလိုက်မိတာ တစ်ခုကတော့ ပွဲမသိမ်းခင်တော့ တစ်ဖက်ဖက်က နိုင်ရင် ကောင်းမယ် ဆိုတာပဲ။ ခုခေတ်ကြီးမှာက သရေဖြစ်လို့ ကိုယ်က မနိုင်ပေတဲ့ သူကလည်း မနိုင်ဘူးရယ်လို့ ပြောမဖြစ်ပြန်ဘူး။ ကိုယ့်ကွင်းမှာ သူ လာကန်လို့ သရေဖြစ်တယ် ဆိုရင် ကိုယ်က တစ်ဂိုးရှုံးတာပဲ မဟုတ်လား။

■

ကိုယ်တို့ ခေတ်တုန်းကလည်း မညံ့ခဲ့ကြပါဘူး

ကိုယ်တို့တုန်းက အကြောင်းတချို့ကို ပြောချင်နေတာ။ ပြောကွက်ကလည်း မကြုံဘူး။ ခုတော့ ဖိုးစောထွန်း တစ်ယောက်လည်း သံသရာ တံခါးကို ပိတ်နိုင်အောင် သံသရာရဲ့ ပြတင်းပေါက်ကို ဖွင့်ကြည့်ဖို့ ထွက်သွားပြီ။ ကိုယ်လည်း စကားပြောစရာလူ နည်းနေတုန်း ခင်ဗျား ရောက်လာတာနဲ့ အတော်ပဲ။ ပြောစရာ အကြောင်းကလေးကလည်း ရလာတယ်။ ဒီလို။

ဟိုတစ်နေ့က မောင်ကြည်ထွန်းတစ်ယောက် ကိုယ့်ဆီ ရောက်လာတယ်။ မောင်ကြည်ထွန်း ဆိုတာက ကိုသိန်းဇံကြီးသား အကြီးကောင်။ မတွေ့ရတာ ကြာလှပြီ။ ဒီဘက်ကို ကိုယ် ပြောင်းပြီးကာမှ တစ်ခါလား၊ နှစ်ခါလား မသိဘူး၊ ဆုံဖူးတယ်။ မှတ်မှတ်ရရ၊ တစ်ခါကတော့ ချမ်းမြ သာစည်မှာ။ ကိုယ်က ရန်ကုန် ဆင်းဖို့။ သူကတော့ မြစ်ကြီးနား ဆိုသလား၊ သွားဖို့။ သူက ဂျီအော်လောဂျစ်။ ဘူမိဗေဒပညာရှင် ခေါ်ရမှာပေါ့။ ဒီတော့လည်း သူ့အလုပ်တွေက တောထဲတောင်ထဲမှာလို့ ပြောရ မှာ။ တောထဲတောင်ထဲ ရှုံးစိုက်ရတဲ့ လူပေါ့ဗျာ။ ခုလည်း ဆယ်မြူအယ် စိုးမြင့်က ခေါ်လာတာ။ ဆယ်မြူအယ် ကိုယ်တိုင်ကလည်း ဂျီအော်လောဂျစ်။ ကျွန်တော့်ကို ထွက်ခွင့်ပေးကြပါ ခင်ဗျားလို့ ခေတ်အဆက်ဆက် တောင်းခံလာခဲ့ရရှာတာ နောက်ဆုံးတော့မှ ထွက်ခွင့်ရတဲ့လူ။ ထွက်ပြီး အကြံပေးရဦးမယ်ဆိုလို့ ဆက်ပြီး အကြံပေးနေရသေးတာ။ ကျွန်တော့်မှာလည်း ပေးစရာ ‘အကျုန်’လောက်ပဲ ရှိပါတော့တယ် ခင်ဗျားလို့ နောက်ဆုံးတော့ အသနားခံစရာ နည်းပေါင်းစုံ သုံးရင်း ရှာကြံပြောပြီး ထွက်လာခဲ့ရရှာတာ။ ဆယ်မြူအယ်တို့ ကိုသိန်းဇံတို့က အစပ်တွေ။ ကိုယ်တို့ ခေါ်ခေါ်နေကြတဲ့ ကပြား–ကကတစ်တွေ။ ဒါပေတဲ့ ဖြူဖြူချောချောတွေ။ အာမေနီယာန် အစပ်တွေ။ တစ်ချိန်တစ်ခါက ကပြား–ကကတစ်တွေကို နေ့ချင်းပြီး နှင်ထုတ်နေတဲ့ ကာလကြီး ရောက်လာခဲ့တုန်းက အလုပ်ထွက်ခွင့် မရရှာကြတဲ့ ကပြား–ကကတစ်တွေ အတော်ရှားတယ်။ ထွက်ခွင့် မရကြတဲ့အထဲမှာ ဆယ်မြူအယ်တို့၊ ကိုသိန်းဇံတို့ ပါတယ်။ ကိုသိန်းဇံကိုတော့ ကိုယ်တို့က အလ်ဘာ့(တ)လို့ ခေါ်တတ်ကြတယ်။ သူတို့က ကပြား–ကကတစ်တွေ ဆိုတော့ ဘိုနာမည် ရှိကြတယ်။ ဆယ်မြူအယ်ကတော့ နောက်လေ့ရှိတယ်။ မည်းညစ်ညစ် ကောင်တွေပဲ မြို့ပေါ်မှာ များလာပြီး လူချောလူလှတွေ သိပ်မကျန်တော့လို့ အလ်ဘာ့(တ)တို့၊ ကျွန်တော်တို့ကို ချန်ထားရတာတဲ့။ ကိုသိန်းဇံက ဘီအိုစီက။ အထက်ဘက်မှာ ကိုယ် တာဝန်ကျစဉ်ကတည်းက ကိုသိန်းဇံနဲ့ ချောက်မှာ သိကြရတာ။ ဖြစ်ချင်တော့ ကိုသိန်းဇံရဲ့မိန်းမက ကိုယ်တို့ ကောလိပ်တုန်းက နာမည်ကြီး မြမြ ဆိုတာ။ နာမည်ကြီးတယ် ဆိုတာက တခြားမဟုတ်ဘူး။ သူ့အဖေ ဦးမောင်ကြီးဆိုတာက အဲဒီခေတ် အဲဒီအခါက လူချမ်းသာ။ အဲဒီခေတ်၊ အဲဒီအခါ ဆိုတာက အဲဒီတုန်းက လူချမ်းသာ ဆိုတာကို လက်ချောင်းထောင်ပြီး ရေကြည့်လို့ရတဲ့ ခေတ်။ မြို့ပေါ်မှာ

သွားလာနေတဲ့ ကားတွေဆိုရင်တောင် တွေ့တာနဲ့ ဘယ်သူ့ကား၊ ဘယ်ဝါ့ကားရယ် လို့ ပြောလို့ရတယ်။ ဒီတော့ မြမြက ကောလိပ်ကျောင်းလာရင် သူ့အဖေရဲ့ အမိုးဖွင့်ကားနဲ့။ စိန်ကို သီးနေတာ။ စိန်မှ ဖက်ထုပ်စိန် ခေါ်ကြတာမျိုး။ ဖက်ထုပ်စိန် ဆိုတာကို မင်းကတော်တွေ မင်းပွဲစိုးပွဲလောက်ကြကာမှ ဝတ်နေရတဲ့ ကာလမှ မြမြက ကျောင်းတက်ရင်း ဝတ်တာ။ ဒါကြောင့် သူ့ကို စိန်မြမြလို့တောင် ခေါ်ကြတာ။ အဲဒီခေတ် ကောလိပ်တက်တဲ့ မိန်းကလေးကလည်း နည်းတယ်။ မြမြကို ကြိုက်တဲ့လူတွေလည်း များတယ်။ ကိုယ်တို့ကတော့ ဖိုးစောထွန်းကိုတောင် မြှောက်ပေးကြသေးတယ်။ ဘယ် .. အနားကပ်နိုင်မှာတဲ့တုံး။ ကားမောင်းလာတဲ့ နှုတ်ခမ်းမွေး ကားကားနဲ့ ဒရိုင်ဘာ ..၊ ကားတံခါး ဖွင့်ပေးရတဲ့ ဘောင်းထုပ်နဲ့ ပန်ချာပီကို မြင်တာနဲ့ အနားကပ်ဖို့ မပြောနဲ့၊ အဝေးက လှမ်းပြီး မေတ္တာစာ ပစ်တာမျိုး မလုပ်ရဲကြဘူး။ ကိုယ်တို့ခေတ်ကတော့ လိုက်စကားပြောတာတို့၊ ဘာတို့ မရှိဘူး။ မနေနိုင် မထိုင်နိုင်နဲ့ ကြိုက်ကြတဲ့ လူတွေကတော့ အမျိုးသမီးတွေ နောက်ကနေ ဆံထုံးကြားထဲ စာပစ်ထည့်တာမျိုး လုပ်တတ်ကြတယ်။ ဒါကို ဘောင်းဘီ အမြဲဝတ်ပေတဲ့ မြန်မာစာ အင်မတန်တော်တဲ့ ဝါးခယ်မသား ဟုတ်စိန် ပြောတဲ့အတိုင်း ပြောရရင် "ဂနိုင်နေ တောသား ဂျန်ဂလီဝလားတို့ရဲ့ အမူအကျင့်တစ်ရပ်ပေပဲ" လို့ ကောက်ချက်ချရလိမ့်မယ်။ ဟုတ်တော့လည်း ဟုတ်တယ်။ ဟိုစဉ် ဟိုအခါက အမေ ရှာပေး တစ်ယောက်တော့ ရတဲ့ခေတ်ကိုး။ ကောလိပ်ကျောင်းထွက်ကို သမက်တော်ချင်ကြတဲ့ ကြေးရတတ်တွေ၊ မင်းကြီး မင်းကလေးတွေက အများသားရယ်။ မဟုတ်လို့ ကိုယ်က မျက်စိကျတာကလေးများရှိရင် အမေ၊ အဖေကို သွားပြီး အတောင်းခိုင်းလို့ ဖြစ်တယ်။ မိန်းမတစ်ယောက်ကတော့ ရကို ရမှာ။ တချို့ကျပြန်တော့ အပိုဆာဒါးကလေးများတောင် ဆောင်ထားတတ်ပြန်တယ်။ ဖိုးစောထွန်းက အဲဒီစာရင်းထဲ ပါသမို့ သူ့ကိုတော့ 'အမေ ပေးစား – ပလပ်(စ) ဝမ်း'ရယ်လို့ ခေါ်ကြတာ။ ဒီတော့လည်း ကောလိပ်ကျောင်းထွက် ဖြစ်လာကြသူတွေ အတော်များများဟာ 'ကျွန်–ကုလား၊ မယား–တောသူ' မှုကို ငြင်းပယ်ကြရသပေါ့။ တောသူက သဘောဖြူကောင်း ဖြူမယ်။ ပတ်ဗလစ်ဆားဗင့်တွေရဲ့ မင်းကတော်တွေ အကြားက ပွဲထိုင်တွေမှာ ပွဲမတိုးနိုင်ရင်တော့လည်း သဘောဖြူရုံနဲ့ မဖြစ်သေးဘူး။ မင်းကတော် ဒေဝီတို့၊ အေမီတို့ အကြားမှာ ယူနဲ့ အိုင်နဲ့ သုံးပြီး ကွန်ဗင့်ကျောင်းတုန်းက ကြည့်မရတဲ့ ကောင်မတွေအကြောင်း အတင်းအဖျင်းပြောရင်း မျက်နှာပေးနဲ့ အထင်သေး မပြတတ်သေးရင်ဖြင့် ရွှေမြိုင်သူရယ်လို့ နောက်ကွယ်မှာ ခေါ်တတ်ကြတဲ့ စာရင်းထဲ ပါကုန်ရော။ ရွှေမြိုင်ဆိုလို့ မော်လမြိုင်ကို ပြောတယ်တော့ မထင်နဲ့။ သူတို့ ပြောတဲ့ မြိုင် ဆိုတာက တောကို ပြောတာ။ ဒီတော့ စဉ်းစားသာ ကြည့်ပေါ့ဗျာ။

ကိုသိန်းဇံက ဘီအိုစီရဲ့ ဓာတုဗေဒ အရာရှိ။ နောက်တော့ ဓာတု ဗေဒ အရာရှိချုပ် ဖြစ်လာတဲ့လူ။ သူ့အလုပ်မှာ သူ တော်တယ်။ တော်ဆို သူ့ဘဝဟာ သူ့အလုပ်။ သူ့အလုပ်ဟာ သူ့ဘဝဆိုတဲ့ လူမျိုး။ သူ့အလုပ်နဲ့ ပတ်သက်လို့ တစ်ရေးနိုး ထမေး– အဖြေပေးနိုင်တယ် ဆိုတဲ့ လူမျိုး။ ဘယ်လိုလုပ် မြမြနဲ့တွေ့ပြီး အကြောင်းပါကြတယ် ဆိုတာတော့ အသေအချာ မသိဘူး။ ဖိုးကို ရှိစဉ်က ပြောဖူးတာကတော့ မြမြတို့ဘက်က

မြမြရဲ့ ညီမ တစ်ယောက်ယောက်နဲ့ ကိုသိန်းဇံကို ကမ်းလှမ်းတာ။ ဒါပေတဲ့ ကိုသိန်းဇံက မြမြကို သုတ်ပြေးသွားတာတဲ့။ ဘယ်လိုဖြစ်တာတုံးလို့ မေးတော့ ဖိုးကိုက မြမြကသာ ချောတာ။ ကျန်တာတွေက မချောဘူးတဲ့။ အဲဒီတုန်းက ကိုယ်ကတောင် နောက်သေးတယ်။ ဖိုးစောထွန်းကို အဲဒီထဲက တစ်ယောက်ယောက် ကြံပါလားလို့။ တစ်ယောက်ယောက်ကိုသာ ရရင် ပတ်ဗလစ်ဆားဗင့် ခေါ်တဲ့ ပြည်သူ့ကျွန်ကြီး လုပ်နေစရာတောင် လိုမှာ မဟုတ်တော့ဘူး။ ဘာအလုပ်မျှ လုပ်မစားရဘဲ ဗန်ကောက် ပုဆိုးကို ရေလဲလုံချည်လုပ်လို့ ရမှာလို့။ ဖိုးကိုကတော့ ဟားတယ်။ ကျန်တဲ့ ညီမတွေက မချောမလှပေတဲ့ သင်းနဲ့တော့ဖြင့် ဦးမောင်ကြီးက ပေးစားမယ် မထင်ဘူး။ အရင်ဆုံး သူဌေးဦးမောင်ကြီးရဲ့ ဝင်းထိပ်မှာ နှစ်လုံးပြူးကိုင် စောင့်ရတဲ့ ဒရဝမ်အလုပ် လျှောက်ကြည့်ပါလား။ ရကာမှ နောက်တစ်ဆင့် တက်တာပေါ့တဲ့။ အဲဒီတုန်းကများဆို ဖိုးစောထွန်း တစ်ယောက် စိတ်ဆိုးလို့ ထဆဲတာ ရစရာ မရှိလောက်အောင်ဘဲ။ ကိုသိန်းဇံတစ်ယောက် တညင် ပြန်ရောက်ပြီး ဓာတုဗေဒအရာရှိချုပ် ဖြစ်တယ် ဆိုတာကို သိလာတာကလည်း ဖိုးစောထွန်းပဲ။ အလုပ်ကိစ္စနဲ့ သွားရင်း တွေ့တာလို့ ပြောတာပဲ။ ဟုတ်ချင်လည်း ဟုတ်မယ်။ ဟိုတုန်းကတော့ ခရိုင်မြို့က တညင်ကိုး။ ခုခေတ်တော့ သန်လျင်ရယ်လို့ ပြန်ခေါ်ကြ ဆိုပဲ။ ရုံးကိစ္စနဲ့ သွားတယ်ဆိုတာ ..။ ဒါကတော့လည်း ဟုတ်ချင်မှလည်း ဟုတ်မယ်။ ကိုယ်ကတော့ အာမ မခံရဲဘူး။ ဖိုးစောထွန်းမှာက သိက္ခာ သမာဓိရှိရှိနဲ့ တစ်ရွာတစ်ကျီ တည်တတ်တဲ့ပညာ စုံတယ်။

ကိုယ်လည်း အကြောင်းရှာပြီး တညင်ကို သွားဖြစ်သွားတယ်။ ကိုယ် ပြောပြီးပါပကော။ ခရိုင်မြို့ဆိုတော့ ရုံးကိစ္စဆိုတာက သိပ်ရှာစရာ မလိုဘူး။ အဲဒါကလေးကို ကိုယ် ပြောချင်နေတာ။ ကိုယ်တို့ခေတ်မှာ ဘာတွေ ပြောင်းလို့ ဘာတွေ ပြောင်းပြောင်း၊ ပြည်သူ့ကျွန်ကြီးများကတော့ အနေအထိုင် သိပ်မကျုံ့ခဲ့ကြဘူး။ အကြောင်းရှာ သွားတော့ ကိုသိန်းဇံနဲ့ တွေ့သပေါ့။ ဒါက၊ ပြည်သူပိုင်တွေ ဘာတွေ မသိမ်းခင်။ ကိုသိန်းဇံကလည်း ဘီအိုစီမှာ ဓာတုဗေဒ အရာရှိချုပ်ကိုး။ ကိုယ်နဲ့ တွေ့ကြစဉ်တုန်းက ချောက်မှာ မွေးတဲ့ သမီးကလေးတောင် အတော်ကလေး ကြီးပြီ။ သူတို့မှာက သားသမီး ခြောက်ယောက်၊ ခုနစ်ယောက် ရှိတယ် ထင်တယ်။ မြမြကလည်း ဝမ်းသာတယ်။ ကိုသိန်းဇံနဲ့ ပြန်ဆက်မိကတည်းက ကိုယ်တို့လူသိုက်လည်း တညင်ကို အတော်ရောက်ကြတယ်။ တညင်ရုံးက လူတွေကတောင် သိပ်ဘဝင် မကျကြတော့ဘူး။ မကျဆို မင်းကြီး၊ မင်းကလေးတွေက တညင်လာတာ များလေတော့ သူတို့ခမျာလည်း သိပ်မချောင်ကြဘူး။ ကိုယ်တို့ကတော့ တညင်ဂေါက်ကွင်းမှာ ဂေါက်သီး ရိုက်၊ ကိုသိန်းဇံတို့ ဘီအိုစီထဲက ဂျင်မခါနာကလပ်မှာ ဘီယာလေး ဘာလေး သောက်ပေါ့။ တစ်ခါတလေတော့ တစ်ညအိပ်ပြီးမှ ပြန်ကြတယ်။ အစိုးရအိမ်တွေ ရှိပေတဲ့ ကိုယ်တို့ကတော့ ကိုသိန်းဇံ စီစဉ်ပေးတဲ့ အိမ်တွေမှာ နေကြတယ်။ အစိုးရအိမ် ဆိုရင်တော့လည်း မှတ်တမ်းတင်ပြီးသား ဖြစ်သွားမှာ။ ဒါတွေက အလုပ်က သင်ပေးလိုက်တဲ့ ပညာတွေပဲ။ ကောလိပ်တုန်းက သင်လာရတဲ့ အထဲမှာတော့ ရုံးစာ ဖြောင့်ဖြောင့်ကလေး ရေးတတ်တာကလေး တစ်ခုပဲ အသုံးတည့်တာ။ ကိုယ်တို့ သွားရေး

လာရေးက ကိုသိန်းဇံရဲ့ အစီအမံနဲ့။ နိုင်ငံတော်စရိတ် မဟုတ်ဘူး။ ဘီအိုစီက သဘော်နဲ့။ သူတို့ပိုင် ဂျက်တီမှာ ကပ်တာ။ တကယ်တော့ ကိုယ်တို့က တိုင်းပြည်ရဲ့အလုပ်တွေကို မခိုမကပ်တော့ လုပ်နေတာပဲ။ ဒါပေတဲ့ သိပ်ပြီး အပင်ပန်းခံပြီး မလုပ်တာကလေးပဲ ပြောစရာ ရှိတယ်။ ကိုယ်တို့ လုပ်သမျှအတွက် နာမည်ပျက် မရှိခဲ့ကြဘူး။ ဥပမာ၊ လာဘ် မစားဘူးဗျာ။ မိတ်ဆွေ အပေါင်းအသင်းက ခင်လို့ ပြုစုစောင့်ရှောက်တာပဲ။ လာဘ်ယူတယ် ဆိုတာမျိုးမှ မဟုတ်ဘဲ။ ဖိုးစောထွန်းများဆိုရင် မန္တလေးဆီ ရောက်တာနဲ့ ပိုးထည်တိုက်က သူ့မိတ်ဆွေတွေဆီ ဝင်တော့တာ။ ဘာမျှ ပြောနေစရာ မလိုဘူး။ ပွဲထိုင်တက်ဖို့ မြောက်ပြင် လေးငါးထည်ကတော့ အလကား ပေးကြတာ။ တစ်ခါတလေ ပုဆိုးနဲ့လိုက်မယ့် တိုက်ပုံချုပ်ဖို့ တိုက်ပုံစတွေတောင် ရသေး။ ကိုင်း၊ မကျေနပ်လို့ ပြောချင်ရာ ပြောကြ။ သူငယ်ချင်းက ခင်လို့ ပေးတာ။ ခင်သမို့ ဆင်ပေးတာလို့ ပြောကြသလိုပဲ။ ဒါက လာဘ်ယူတာမှ မဟုတ်ဘဲ။ လာဘ်ဆိုတာကလည်း ပေးတဲ့လူကိုက ကြည်ဖြူနေလို့ တိုင်တာတောတာမျိုး မရှိခဲ့ရင် ဘယ်သူက တရားစွဲလို့ ရမှာတဲ့တုံး။ တစ်မျိုး ပြောရရင်တော့ဗျာ၊ သူငယ်ချင်းချင်းမို့ ပေးလို့ ယူတာ။ တောင်းနေစရာ လိုတာ မှတ်လို့။

ကိုယ်ကတော့ တညင်သွားဆို ထန်းသီးမုန့်ကလေးတော့ စားရမှ။ ကမ်းနားဆီမှာ အသည်တွေ ရှိတတ်တယ်။ ဖိုးစောထွန်းကတော့ ပုလဲမုန့် ဆိုတာ ကြိုက်တယ်။ တညင်မှာ ကိုယ် မမေ့နိုင်တာ တစ်ခုကတော့ ကိုသိန်းဇံ သားတွေ ရှင်ပြု၊ သမီးတွေ နားထွင်း–နားသတဲ့ ကိစ္စပဲ။ နေဦး။ ခင်ဗျားတို့ ခေတ်လူတွေက သိပ်နားမရှင်းတတ်လို့ ရှင်းအောင် ပြောဦးမယ်။ နားထွင်း–နားသ ဆိုတာက မတူဘူး။ နားထွင်းတယ် ဆိုတာကတော့ နားဖောက်တာ။ နားမှာ နားကပ်ဝတ်လို့ရအောင် အပေါက်ကလေး ဖောက်ပေးရတာ။ နားသတယ် ဆိုတာက နားထွင်းပွဲ မတိုင်ခင်ကတည်းက နားဖောက်ပြီးသား၊ ဖောက်ထားတဲ့ နားမှာ အပေါက်ကလေး ဖြစ်လာတော့ ပြန်ပြီး ပိတ်မသွားအောင် ယာယီအဖြစ် တစ်ခုခု ထည့်ထားရတယ်။ အဲဒီ နားသမင်္ဂလာပြုတဲ့ နေ့ကျမှ နားကပ်ကလေးနဲ့ အဲဒါကလေးနဲ့ လဲကြရတာ။ ကိုသိန်းဇံရဲ့ သမီးကလေးတွေ နားထွင်း–နားသပွဲကို တကယ်တမ်း စီမံတာက မြမြရယ်။ အဲဒီပွဲလာတဲ့ ကိုယ်တို့လို စီနီယာ ပတ်ဗလစ် ဆားဗင့်တွေတိုင်း သဘောကျကြတယ်။ လက်ဖျား ခါကြရတယ်။ တခြား ဟုတ်ပါရိုးလား။ ရှင်ပြု နားထွင်း–နားသပွဲကို ဘီအိုစီရဲ့ ဂျင်မခါနာ ကလပ်မှာ လုပ်လိုက်တဲ့ ကိစ္စ။ ဂျင်မခါနာကလပ်ဆိုတာ ခင်ဗျားလည်း သိတဲ့အတိုင်းပဲ။ လူဖြူ ကိုလိုနီ အရာရှိကြီးတွေရဲ့ အပန်းဖြေရာ နေရာ။ တချို့ကတော့ ရုံးတွေ အပြင်ဘက်က ရုံး .. Office outside of offices လို့တောင် ခေါ်ကြတာ။ အိုအို–အိုအိုလို့ တချို့က အတိုကောက် ခေါ်တတ်ကြတယ်။ အိန္ဒိယပြည်မှာ ရှိခဲ့ဖူးတဲ့ ဆင်းမလားကလပ် ဆိုတာ ကြားဖူးရဲ့ မဟုတ်။ အိန္ဒိယပြည်မှာ ဖွင့်ထားတဲ့ လူဖြူတွေရဲ့ ကလပ်ကို အိန္ဒိယ ပြည်သူပြည်သားနဲ့ ခွေး မဝင်ရဘူး။ လူဖြူတွေက သူတို့ ကိုလိုနီလုပ်ထားတဲ့ အရပ်တွေမှာ သူတို့ လုပ်ချင်ရာ လုပ်တော့တာကိုး။ "အရပ်ကိုတဲ့မှ အားမနာ" လို့တောင် ပြောရလေမလားဘဲ။ ဒါပေတဲ့ ကိုသိန်းဇံဆီက ဖိတ်စာရတော့ ဘီအိုစီက

ဂျင်မခါနာကလပ်မှာ ဆိုကတည်းက ကိုယ်တို့အားလုံး စိတ်ဝင်စားကြတယ်။ စိတ်ဝင်စားဆို၊ ရှင်ပြု နားထွင်း–နားသနဲ့ ဂျင်မခါနာကလပ်နဲ့က ဘယ်လိုမှ ဆက်လို့မရတဲ့ ကိစ္စကိုး။

ကိုယ် တက်ခဲ့တဲ့ ပွဲတွေအထဲမှာ ဒီပွဲကတော့ဖြင့် ဘယ်သော်မှ၊ မေ့မှာ မဟုတ်ဘူး။ ဟိုရောက်တော့ ဟန်ကျသွားတာ တစ်ခုက နားလာ ထွင်းပေးတာက ကိုတင်လှိုင်ရယ်။ သူက မျက်စိအထူးကု ဆရာဝန်ကြီး။ သူကလည်း ကိုသိန်းဇံတို့လို ဖြူဖြူချောချောတွေ။ အဲဒီမှာ လူသွားစုံတာက ရှားမီးက ပတေးတွေလည်း လာကြတယ်။ ကျားဘက်က ထောင်ကဲကြီးတွေ၊ ထောင်ကဲမကြီးတွေလည်း လာတယ်။ လူမျိုးစုံပဲ။ ဘီအိုစီက အဖြူတွေလည်း လာကြတော့ ကုလသမဂ္ဂ ပွဲတော်ကလေးလို့တောင် ကိုယ်တို့အချင်းချင်း ရယ်စရာ ပြောမိကြသေးတယ်။ တစ်ခု ပိုထူးခြားတာက ရှင်ပြု၊ နားထွင်း–နားသပွဲမှာ လက်ဖက်ရည်ပွဲနဲ့ ဧည့်ခံတာ။ ဘိုလိုတော့ အက်ဖတာနွန်းတီး ပေါ့ဗျာ။ အက်ဖတာနွန်းတီး ဆိုတာကလည်း ရိုးရိုး လက်ဖက်ရည်ပွဲမျိုး မဟုတ်ပြန်ဘူး။ ကိုယ်တို့က သတိမထားလိုက်မိတာ တစ်ခုကို အိမ်က ကျောင်းအစ်မက ထောက်ပြတယ်။ မြမြကတော့ သူ့နည်းသူ့ဟန်နဲ့ တော်လှန်ရေးတစ်ရပ် ဆင်နွှဲလိုက်တာပဲလို့ ဆိုတယ်။ ကိုယ်တို့ နားမရှင်းမှန်း ရိပ်မိတော့ သူက ရှင်းပြတယ်။ ဂျင်မခါနာကလပ် ဆိုတာက ကိုလိုနီစနစ်ရဲ့ ပြယုဂ်တစ်ခုပဲ။ ကိုလိုနီစနစ် အောက်က အဆောက်အအုံတစ်ခုပဲ။ အဲဒီမှာ မြမြက မြန်မာ့ယဉ်ကျေးမှု အခြေခံနဲ့ ရှင်းပြုနားသပွဲ လုပ်လိုက်တယ် ဆိုတာက ငါတို့မှာလည်း ငါတို့ ယဉ်ကျေးမှုနဲ့ ငါတို့ အစဉ်အလာနဲ့ပါ ဆိုတာ ပြလိုက်တာပဲ။ အခိုင်အမာ အုပ်စီးထားမှုအောက်မှာ သီးခြားယဉ်ကျေးမှု ရှိနေတယ် ဆိုတာပဲ တဲ့။ အင်း၊ သူကတော့ ကျောင်းဆရာမကြီးဘဝက လာတာ။ ကိုယ်တို့ ပတ်ဗလစ်ဆားဗင့်ခေါ်တဲ့ ပြည်သူ့ကျွန်ကြီးများလို ခိုင်းရင် လုပ်၊ သင့်အောင် နေ။ မလုပ်၊ မရှုပ်၊ မပြုတ် အစဉ်အလာကြီးနဲ့ ရှင်သန်နေတာမှ မဟုတ်ဘဲ။ ကျောင်းအစ်မ ရှင်းပြကာမှ ကိုယ်တို့လည်း အတော် သဘောပေါက်သွားမိကြတယ်။ ကိုယ်တို့ အမြင်ရှိထားတာက တော်လှန်တယ်၊ အန်တုတယ်၊ တုံ့ပြန်တယ် ဆိုတာ ဓားကိုင်ပြီး ထခုတ်တာ .. သေနတ်ကိုင်ပြီး ထပစ်တာမျိုးကိုး။ ခုတော့ ဗြိတိသျှ အင်ပါယာကြီးရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးတွေ ဘော(လ)ရူး(မ) ကတဲ့နေရာမှာ ရှင်ပြု နားထွင်း–နားသ လုပ်ပစ်တာ။ ကိုယ်ကတော့ သိပ်သဘောကျပဲ။ ယဉ်ကျေးမှု တော်လှန်ရေး မဟုတ်ပေတဲ့ ယဉ်ကျေးမှုအခြေခံ တော်လှန်ရေးတစ်ရပ်ပဲ။

ကိုယ်တို့က တော်လှန်ရေးခေတ်မှာ လူဖြစ်လာရတော့ တော်လှန်ရေး စုံစုံ ကြုံခဲ့ရဖူးတာကိုး။ ဆယ်မြူအယ် နာမည်ပေးထားတဲ့ မည်းညစ်ညစ် ကောင်တွေ မြို့ပေါ်ရောက်လာတဲ့ ခေတ်မှာကတော့ တခြားလူတွေထက် ပြည်သူ့ကျွန်ကြီးများအတွက် အတော်ကလေး ပိုခက်လာတယ်။ ပြည်သူ့ကျွန်ကြီးများရဲ့ မီးဖိုချောင်ကိုပါ ထိခိုက်လာတဲ့ ခေတ်ပဲ။ လစာတွေက အစ အကုန်လုံး လျှော့ပစ်လိုက်ကြတာ။ အဲဒီတုန်းက အလ်ဘာ့(တ) တို့၊ ဆယ်မြူအယ်တို့တွေက ပိုပြီး ထိခိုက်တယ်။ သူတို့ လစာတွေကို

သုံးပုံတစ်ပုံလောက် လျှော့ပစ်ရုံ မကဘူး။ သူတို့ ရပိုင်ခွင့်ဖြစ်တဲ့ ဘတ်တလာတို့၊ အိမ်ထောင်ပရိဘောဂတို့ ... စတာတွေ အားလုံး ရပ်ပစ်လိုက်တယ်။ သူတို့က ဘီအိုစီကုမ္ပဏီရဲ့ နိုင်ငံတကာ အဆင့်အတန်းနဲ့ ပေးထားတဲ့ ရပိုင်ခွင့်ကို ရထားကြတာ။ ပြည်သူပိုင်လည်း သိမ်းရော အကုန်လုံး မြေလှန်သလို ပြောင်းလိုက်ကြတော့တာ။ မည်းညစ်ညစ် ကောင်တွေထဲက အင်္ဂလိပ်လိုလေး ဘာလေး ပြောနိုင်တဲ့ အရာရှိတွေနဲ့ အစားထိုး တတ်ကြတယ်။ ကိုယ်တို့ မြို့ပြပြည်ရွာ အုပ်ချုပ်ရေးတွေမှာလည်း သူတို့တွေ ဝင်လာတယ်။ ခုခါမှ ခင်ဗျားတို့လည်း တပ်–ဗလစ်ဆားဗင့် ဖြစ်ရတော့တယ်လို့ ဆယ်မြူအယ်က ပြောလေ့ရှိတယ်။ ပြည်သူ့ကျွန်တင် မကဘူး။ တပ်ရဲ့ကျွန်ပါ ဖြစ်သွားရတဲ့ သဘောပဲ။ ဟိုစဉ်က မြို့နယ်အဆင့်၊ တိုင်းအဆင့်တွေမှာ ကိုယ်တို့နဲ့ တွဲလုပ်ခဲ့ရဖူးတဲ့ လူတွေနဲ့ တွေ့ရင် မဆိုးလှဘူး။ နားလည်မှု ရှိကြတယ်။ ရှေ့တန်းက ခေါ်လာပြီး ဗျောက်ကို ခါးက မချနိုင်တဲ့ ကောင်တွေကတော့ မောက်မာတော့တယ်။ သင်းတို့အတွက်တော့ ဗျောက်ဆိုတာက အရာရာကိုး။ ဒါပေတဲ့လည်း ကိုယ်တို့ အတွေ့အကြုံအရတော့ အဓိကအကျဆုံး အမှားတစ်ခုက .. အင်း၊ ရှင်းအောင်တော့ ပြောဦးမှ။ အဓိကကျတဲ့ အမှားတွေက အတော်ကလေး ရှိနေတဲ့အထဲက တစ်ခုက အရပ်ဘက် အုပ်ချုပ်ရေးနဲ့ တပ်ဘက် အုပ်ချုပ်ရေး မတူတာဘဲ။ မတူတာကို နားမလည်ကြတာ။ ရေ သွားရှာ ဆိုရင် ရေဘူးပေါက်နေတာ၊ မပေါက်တာက အရေးမကြီးဘူး။ ရေ သွားရှာဖို့ကသာ အရေးကြီးတာ။ ဒါက တပ်ကလူတွေ အပြော၊ အမြင်။ အမိန့်နဲ့ အုပ်ချုပ်တဲ့ စနစ်။ တပ်မှာက အမိန့်ကို တစ်ဆင့်ချင်း နိမ့်ရာက မြင့်ရာ၊ မြင့်ရာက နိမ့်ရာ ခံကြရတာ။ တန်းစီ၊ ညာညို၊ သတိ ဆိုရင် အုံးလွဲနေလို့ ညာညိုလို့ မရဘူးလို့၊ မရဘူး။ ဘာဆင်ခြင်တုံတရားမှ မလိုချင်ဘူး။ ရာထူးဟာ အာဏာပဲ။ အာဏာဟာ သေနတ်ပြောင်းဝမှာ တည်တယ်ဆိုတဲ့ ကာလ။ ကိုယ်တို့ အရပ်ဘက်မှာက ရေဘူးပေါက်နေတယ် ဆိုရင်ဖြင့် ဒီကိစ္စကို အရင်ဖြေရှင်းပြီးကာမှ ရှေ့ဆက်လို့ ရမှာ။ အရပ်မှာက ဆင်ခြင်တုံတရား ရှိတယ်။ ကိုယ်တို့ အရပ်ဘက်က လူတွေ အဲဒီလို မြင်လာဖို့ အဆင့်ဆင့် သင်ကြား လေ့လာခဲ့ရတာ။ အလုပ်မှာလည်း လုပ်သက်ဆိုတာက သိပ်စကားပြောတယ်။ သူတို့က အဲဒီလိုမှ မဟုတ်ဘဲ။ ဆင်ခြင်တုံတရားကို သုံးတယ် ဆိုတာကိုက အမိန့်ကို အာခံတာ။ ဆင်ခြေပေးတယ် ဆိုတာက ငါတို့ကို အန်တုတာလို့ မြင်ကြတာ။ အမိန့်ဆိုတာ နာခံဖို့။ ဒီတော့လည်း အလေအလွင့်၊ အချည်းအနှီးတွေက အလျှံပယ် ဖြစ်ကုန်တယ်။ ရေဘူးပေါက်နဲ့ ရေသွားကဲ့တော့ အချိန်ကုန်၊ လူပန်းရုံပဲ။

ခေတ်ကျပ်ကြီးထဲက တပ်–ဗလစ် ဆားဗင့်ဘဝမှာ ကိုယ်တို့အဖို့တော့ ကြည့်နေခဲ့ရတာ။ ကြည့်မနေတတ်ရင် သိပ်မလွယ်ဘူး။ အစည်းအဝေးတွေ၊ ဘာတွေမှာ စောစောပိုင်းက ဖိုးစောထွန်းက ထပြီး ပြောတာမျိုး၊ မေးတာမျိုး လုပ်တယ်။ ကိုယ်ကတော့ သတိပေးရတယ်။ တစ်အချက်၊ ခင်ဗျား ပြောတာလည်း သူတို့ နားမလည်ဘူး။ ဘယ်လို ရှင်းပြလို့မှလည်း နားလည်မှာလည်း မဟုတ်ဘူး။ နှစ်အချက်၊ သူတို့ကို ကဏ္ဍကောစ လုပ်ရကောင်းသလား ဆိုပြီး ဖြုတ်တာက အကြောင်းမဟုတ်ဘူး။ အထဲ ထည့်ထားလိုက်ရင် ပြန်ထွက်လာတဲ့အခါ ပင်စင်တောင် ရမှာမဟုတ်ဘူး။ ဒီ့ထက်

ပိုဆိုးတာက သေနတ်ထဲက ကျည်ဆန်က အလိုလို ထွက်သွားတာဆိုတဲ့ ဖြေရှင်းချက်တစ်ခုနဲ့ ရှင်းပစ်နိုင်တဲ့ အနေအထား သူတို့မှာ ရှိနေတာပဲ။ ဒီတော့မှ ဖိုးစောထွန်းလည်း ငြိမ်လာတယ်။ မငြိမ်ရင်တော့လည်း သင်းတို့က နှိပ်မှာပဲ။ ဖြစ်လာပုံကတော့ဗျာ .. ဂျပန်ခေတ်တုန်းက ဂျပန်တပ်တွေ ဝင်လာတော့ ဟုတ်ဟုတ်၊ မဟုတ်ဟုတ် လမ်းမှာ တွေ့တဲ့ကောင် ပါးရိုက်တော့တာပဲ။ စစ်ဦးဘီလူး ဆိုသလိုပဲ။ ဘာအကြောင်းမျှ မဟုတ်ဘူး။ ကျောင်းမှန်း ကန်မှန်း သိအောင် လုပ်ပြလိုက်တာ။ ကိုယ်တို့ကတော့ အကြော သိလာတယ်။ စီနီယာ ပတ်ဗလစ်ဆားဗင့်ကြီးတွေ အချင်းချင်းလည်း တစ်ယောက်ကို တစ်ယောက် ပြောထားကြရတယ်။ သတိပေးထားရတယ်။ သင်းတို့ကို ဆန့်ကျင်မနေတော့ဘူး။ ဆန့်ကျင်လို့မှလည်း မရဘူးကိုး။ သူတို့က ဒီလိုလုပ်မယ်ဟေ့ ဆိုရင် ကောင်းသား လို့ပဲ၊ မယုတ်မလွန် ပြောတယ်။ လုပ်လို့မဖြစ်မှန်း သိပေတဲ့ အရပ်ဘက် အုပ်ချုပ်ရေးမှာလို ညှိညှိနှိုင်းနှိုင်းမှ မရှိတော့ဘဲ။ အမိန့်နဲ့ အာဏာနဲ့ပဲ။ ‘ငါ ခန့်–မင်း ဖြစ်’ မူပဲ။ အာဏာရှင် ဖြစ်လာတော့၊ ခန့်ချင်ရင် ချာပရာစီကိုတောင် သမ္မတခန့်လို့ ရလာတာ။ ခန့်သမျှကလည်း ငါ ပြောရင် နားထောင်မယ်ဆိုတဲ့ လူကို ရွေးထားတာ။ ဒီတော့လည်း ကိုယ်တို့အဖို့ကတော့ လူနာ မျက်ဖြူဆိုက်လေ ဆရာကြိုက်လေ ဆိုတာမျိုး ဖြစ်လာတယ်။ ပတ်ဗလစ် ဆားဗင့်ကြီးများလည်း စနစ်တကျ ဖြီးတတ်လာတယ်။ အဲဒီနောက်တော့ တိုင်းပြည် အကျိုးစီးပွားအတွက် တကယ်လုပ်မယ့် လူထက် ဆောင်ပုဒ်တွေက ပိုများလာတယ်။ ဆိုရှယ်လစ်ခေတ်လေ၊ မှတ်မိသလား။ ပြည်သူတို့နဲ့အတူ မရောက်ရောက်အောင် လက်တွဲသွားကြမယ် ဆိုတဲ့ ဆိုရှယ်လစ်ခေတ်ပေါ့။ ကိုယ်တို့ ပတ်ဗလစ်ဆားဗင့်ကြီးတွေလည်း တပ်–ဗလစ် ဆားဗင့် ဖြစ်လာရာက အပျို တကယ်စစ်၊ မစစ် ရွေးစရာ မလိုတော့တဲ့ ဆိုရှယ်လစ်ခေတ်ကြီးထဲမှာ ပုဆိုးတိုတိုဝတ်ပြီး လယ်တော ဆင်း။ တိုင်းသူပြည်သားတို့ အကျိုးစီးပွားအတွက် ဓာတ်ပုံ အရိုက်ခံ။ နေစောင်းလာတော့ ဂျွန်နီနဲ့ လမ်းလျှောက်ထွက်။ ဟုတ်လို့၊ ပြည်သူတို့နဲ့ ဘယ်တုန်းက ဘယ်လို လက်တွဲဖြုတ်ခဲ့ကြတယ် ဆိုတာတောင် မသိတော့ဘူး။ ကိုယ်တို့လိုပဲ၊ ပညာရေးဘက်က လူတွေလည်း တဖြည်းဖြည်း ဟန်ကျလာကြတယ်။ သူတို့တစ်တွေက ပညာတတ်တွေ။ နိုင်ငံခြားတွေ၊ ဘာတွေမှာ ပညာသင်လာခဲ့ကြတဲ့ လူတွေ။ စစ်တပ်က အာဏာသိမ်းတယ် ဆိုတာကို မကြိုက်ကြဘူး ဆိုတာထက် လက်ကျန် အိုင်စီအက်(စ)၊ ဘီစီအက်(စ)တွေရဲ့ အသာကလေး တို့ထားလိုက်တာကို ယုံသွားကြတဲ့ လူတွေ။ အိုင်စီအက်(စ)၊ ဘီစီအက်(စ)ကြီးတွေက ဒီကောင်တွေ သုံးယောက် ပေါင်းလို့မှ လေးတန်း မအောင်ဘူးရယ်လို့ လှောင့်လိုက်တဲ့ သတင်းက ကျယ်ပြန့်သွားတယ်။ ပျံ့နှံ့သွားတယ်။ ဒီတော့လည်း ပညာတတ်ကြီးတွေ စိတ်ထဲမှာတို့လို ဘီအေ၊ အမ်အေ အောင်လာတဲ့ လူတွေက လေးတန်းလောက်မှ မအောင်တဲ့လူတွေ ပြောတာ နားထောင်ရမယ်တဲ့လားလို့ ဖြစ်ကရော။ အမှန်မှာတော့ ပညာတတ်တွေက သူတို့ရဲ့ ပညာတတ်ဆိုတဲ့ ဂုဏ်နဲ့ တိုင်းပြည်အုပ်ချုပ်တာနဲ့ ရောပြီး နားမလည်ဖြစ်တာလည်း ပါလိမ့်မယ် ထင်တယ်။ အဲဒီတုန်းက တက်လာတဲ့ လူတွေဟာ ကောလိပ်ကျောင်း ထွက်တွေ။ နိုင်ငံရပ်ခြားမှာ

ပညာသင်လာတဲ့ လူတွေ။ တော်းတွေသက်သက် မဟုတ်ကြဘူး။ ဒါပေတဲ့ ရှေ့မှာ ပြောခဲ့ဖူးသလို အရပ်ကို တပ်ပုံစံနဲ့ အုပ်ချုပ်ချင်တာ။ တစ်ချိန်တည်းမှာပဲ ကိုယ်တို့ရဲ့ အရှေ့တောင်အာရှကြီး တစ်ခုလုံးမှာ ..၊ လက်တင်အမေရိက ဒေသတွေမှာ ..၊ ကိုလိုနီလက်အောက်က လွတ်မြောက်လာတဲ့ တိုင်းပြည်တွေမှာ စစ်တပ်က အာဏာသိမ်းတယ်ဆိုတာတွေ ဖြစ်နေတဲ့ကာလ။ Trend တစ်ခုလို့ပဲ လွယ်လွယ် ပြောကြစေတော့ရဲ့။ အများစုကတော့ ကောင်းဖို့ လုပ်တာ။ မြောက်ဘက်ဆီက ကွန်မြူနစ်ဝါဒကြီးကလည်း လျှောဆင်းသွားလိုက်တာ ဟိုး .. တောင်သမုဒ္ဒရာထဲက ကျွန်းကြီးထိပ်ကို ရောက်ကရော။ ဘယ်မှာ ဘယ်လို ဖြစ်ဖြစ်၊ ကိုယ်တို့ဆီမှာ အကုန်လုံး ကပြောင်းကပြန်တွေ ဖြစ်လာတယ်။ ကသောင်းကနင်းတွေ ဖြစ်လာတယ်။ အဲဒီမှာ ပညာရေးဘက်က လူတွေလည်း နေရာယူတတ်လာတယ်။ အနောက်ဘက်မှာ ပြောလေ့ရှိတဲ့ စကားတစ်ခွန်း ရှိတယ်။ ခွေးကို ကိုယ်နဲ့ရင်းအောင် လုပ်နိုင်မှ အိမ်စောင့်ခိုင်းလို့ ရမယ်၊ ဆိုတာ။ ဒီတော့ ကိုယ်တို့အကြားမှာ ပေါင်းတတ်မှ ခေါင်းမပြတ် မှာ ဆိုတဲ့စကား ပေါ်လာတယ်။ ပညာရေးက လူတွေက စပြီး အာဏာသိမ်းတဲ့ အစိုးရကို ဝင်လုံးကြတော့တာ။ ပြောမယ်ဆိုရင် ပညာရေးစနစ်ကြီးကို သူတို့က ဖျက်ပစ်တာ။ အစိုးရက သူတို့လက်ထဲ အပ်လိုက်တာ။ နိုင်ငံခြား သွားကြ၊ လေ့လာကြ။ ပြန်လာတော့ အစီရင်ခံစာ တစ်ထပ်ကြီး ရေး။ တစ်ဖွဲ့ တစ်မျိုးကိုး။ တကယ်တော့ ကိုယ့်လူတွေက နိုင်ငံခြားသွားပြီး အလုပ်ရှာလာကြတာ။ သွားပြီး လက်ဝါးချင်း ရိုက်လာခဲ့ကြတာ။ သူတို့ စနစ်တွေ မအောင်မြင် ဖြစ်လာတော့ တစ်ယောက်ပြီး တစ်ယောက် နိုင်ငံခြားကို လစ်ကရော။ ဟိုမှာ အလုပ်ကောင်းကောင်း ရကုန်ကြတယ်။ နောက်တော့ စနစ်သစ် ပညာရေးရဲ့ စနစ်သစ် ပညာရေးတွေ ဆက်တိုက် ပေါ်လာချေတော့တာပဲ။ အဆိုးဆုံး ဖြစ်သွားတာကတော့ နောက်ဆုံး စစ်ခေတ်မှာ တက္ကသိုလ်ဘွဲ့ဆိုတာက စတုပ်တိုက် ပေးတာ။ ပိသာချိန်နဲ့ ရောင်းတဲ့ ငါးနုသန်းခြောက်ကလေးတွေ ဖြစ်ကုန်တော့တာပဲ။ တကယ် ပညာတတ်ဖို့ မလိုဘူး။ ဘွဲ့လက်မှတ်ရဖို့ပဲ လိုတယ်ဆိုတဲ့အမြင် ရလာကြရအောင် ပညာရေးစနစ်ကြီးကို စနစ်တကျ ဖျက်ဆီးပစ်လိုက်ကြတာ။

အဲဒီတော့ ကိုယ်တို့က အငြိမ်းစားကြကုန်ပြီ။ ဒါပေတဲ့ ကြားနေ ရသေးတာကိုး။ ကိုယ်ကတော့ သိပ် နားမထောင်ချင်လှဘူး။ နားမထောင်ချင်ပေတဲ့ ကြားနေရတော့လည်း စိတ်ထဲ ဘဝင်မကျလှဘူး။ မကျလည်း မကျဘဲ။ ကိုယ်တို့ရဲ့ နေ့ရက်ကာလတွေ ကုန်ဆုံးသွားပြီ။ ဒီတော့လည်း ဆူးခါးတိုက်က ဘုန်းကြီးကြီး မိန့်တာ သွားသတိရမိတယ်။ "ဟကောင်၊ နေတတ်အောင်နေ" ဆိုတဲ့ စကား။ အမှန်ပဲ။ ကိုယ်တို့လို ပတ်ဗလစ် ဆားဗင့်ဟောင်းကြီးတွေ အဖို့ကတော့ နေတတ်မှ။ ဒီဘက်ခေတ်မှာက ပိုဆိုးတယ်။ မထင်ရင် အသရေဖျက်မှုနဲ့ တရားစွဲလို့ ရတယ်။ မှန်တာ ပြောရင် မမှန်တဲ့နည်းနဲ့ ဖမ်းလို့ရတယ်။ အစိုးရက နောက်တစ်ကြိမ် မဲရဖို့ သူတို့ကို လူတွေကြိုက်ဖို့ လုပ်နေရတော့ တကယ့် တိုင်းရေးပြည်ရေးကို မလုပ်နိုင်ဘူး။ လစ်ဟင်းနေတာတွေ အပုံကြီးပဲ။ ရှင်ဘုရင်ကြီး ဝတ်လဲတော်ကသာ အရေးကြီးသလိုမျိုး။ တခြား ပိုပြီး ပြောလို့ဆိုလို့ ဝေဖန်လို့ မရဘူး။ တိုင်းပြည် အုပ်ချုပ်သူတွေကို သိက္ခာမချရဘူးဆိုပြီး

တားမြစ်ထားတယ်။ ကွန်မြူနစ်နိုင်ငံတွေ၊ အာဏာရှင်တွေ လက်အောက်က နိုင်ငံတွေမှာလိုပဲ။ ဒီတော့လည်း ဘယ်သူက ဘာပြောရဲတာ မှတ်လို့။ ကိုယ်တို့ ကြုံခဲ့ရတဲ့ ခေတ်ပြောင်းတော်လှန်ရေး ကာလကြီးမှာ မှားနေတာ မခံနိုင်လို့၊ သတ္တိကလေးလည်း ရှိနေရင် ဥက္ကဋ္ဌကြီးကို သွားတွေ့ပြီး ပြောပြလို့ ရတယ်။ သူ့စိတ်ထဲ မတွေ့တာနဲ့ တိုးနေရင်တော့လည်း ရာထူးကချ၊ အချုပ်ချ ခံရတာမျိုးနဲ့ တိုးတတ်တယ်။ ဥက္ကဋ္ဌကြီးရဲ့မူက 'သံသယရှိရင် ကိုယ် ဦးပေ့စေ'ကိုး။ 'မှားသွားရင် တောင်းပန်လိုက်' ဆိုတာကလေးလည်း ပါတယ်။ ဒီတော့ သူ မှားသွားတာရှိရင် ပြန်ပြီး တောင်းပန်တယ်။ လူပဲဗျာ။ ဘယ်သူက ထာဝစဉ် မှန်နေမှာလဲ။ မှားမှန်းသိလို့ တောင်းပန်တာကိုက သူ့ရဲ့ အရည်အချင်းတစ်ခုပဲ။ အလုပ်က ဖြုတ်တောင် ပင်စင် ပြန် ပေးတယ်။ သနားစရာ ကောင်းနေရင် သံအမတ်လောက်တော့ ဖြစ်သေးတယ်။ ခုခေတ်လို ပြောင်လိမ်ပြောင်စား သဘောမျိုးနဲ့ မသိချင်ယောင်ဆောင်ပြီး "ဘာဖြစ်သွားကြမှန်း မသိဘူး" ရယ်လို့ တစ်ကမ္ဘာလုံးကို ဘာသာစကားအခြေခံနဲ့ လှည့်ဖြားမနေဘူး။ ခုတော့ အသံတိတ်တိုင်းပြည် ဆိုတာ တကယ် ဖြစ်သွားတာ။ တကယ် ဖြစ်နေတာ။ ကိုယ်တို့ကတော့လည်း ဆူးခါးတိုက် ကိုယ်တော်ကြီး ဆုံးမဖူးတဲ့ "ဟကောင်၊ နေတတ်အောင် နေ"ဆိုတဲ့ စကားမှာ နောက်ဆက်တွဲ ဥပမာကလေးအတိုင်းပဲ။ နွားကို ဆရာတင်ရတော့မယ်ဟေ့ ဆိုရင် နွားလိုသာ တွေး။ မြက်ကလေး စားပြီး မြို့နေဖို့ကသာ အရေးကြီးတာ မဟုတ်လားတဲ့။

ကိုယ်တို့တစ်တွေလည်း အဲဒီလို နေခဲ့ကြလို့ ခုတော့၊ ခုလို နေနိုင်ကြတာပဲ။ ပြောမယ်ဆိုရင်တော့ ခေတ်ကျပ်ကြီးတွေ အကြားမှာ နေတတ်အောင် နေခဲ့ကြတာပါ။ ကိုယ်တို့ ခေတ်အခါတုန်းကလည်း ကိုယ်တို့တစ်တွေ မညံ့ခဲ့ကြပါဘူး။ အင်း၊ မေးမယ်ဆိုရင်တော့လည်း တော်ကော တော်ခဲ့ကြသလားရယ်လို့ မေးစရာပဲ။ အင်း၊ တော်တယ် ဆိုတာကိုက ဘာမှန်းမှ မသိခဲ့ဘဲ။ မြမြလို သူ့နည်းသူ့ဟန်နဲ့ တော်လှန်ရေးတစ်ရပ် ဆင်နွှဲလိုက်တာမျိုးတောင်မှ မစဉ်းစားမိလိုက်ကြဘဲ။ ပဲခူးကလပ်တို့၊ ယူနီယံကလပ်တို့ ပိတ်လိုက်လို့ အလံတစ်ဝက် ထူချင်တဲ့ လူမျိုးသာ ပေါ်ခဲ့တာ။ ကိုယ်တို့အဖို့ကတော့ မြက်ကလေးစားပြီး မြို့နေရတာကသာ အရသာရှိနေတာကိုး။

■

မသေလို့ တွေ့ မေ့နိုင်ပါ့မလား

ကိုယ်တို့အနားဆီကနေ တောင်ခြေဘက်ကို ဆင်းအသွားမှာ ကျူညီနောင် ကုန်စုံဆိုင် ဆိုတာကလေးတစ်ခု ရှိတယ်။ ကုန်စုံဆိုင် ဆိုတာကတော့လည်း ဟိုဟာ ဒီဟာ ရောင်းလို့ပဲလို့ ပြောရမှာ။ ဟိုဟာ ဒီဟာ ဆိုတော့လည်း သိပ်ရှုပ်ရှုပ်ထွေးထွေး စဉ်းစားမနေနဲ့။ ဟိုဟာ ဒီဟာပဲလို့ မှတ်ထား။ သေချာတာကတော့ သူတို့ဆိုင်မှာ မရှိတာ မရောင်းဘူး။ ဒီတော့၊ မနေနိုင် မထိုင်နိုင်နဲ့ ဘာတွေရောင်းသလဲလို့ မေးရင်တော့ သွားသာကြည့်လို့ ပြောရမှာပဲ။ စုံတာကတော့လည်း စုံတယ်။ ကိုယ် လိုချင်တာ မရှိလို့ မေးလိုက်ရင် ဆိုင်မှာရှိတဲ့ လူက လိုက်ရှာတော့တာ။ အထူးသဖြင့်၊ ကျူ ညီအစ်ကိုထဲက တစ်ယောက်ယောက်နဲ့ တွေ့ရင် ပိုဟန်တယ်။ သူတို့ မရှိတဲ့အခါ သူတို့မိန်းမတို့၊ ခယ်မတို့ ရှိတတ်တယ်။ ခယ်မဆိုတာကလေးကတော့ အထက်တန်းကျောင်း တက်နေရင်း အားတဲ့အခါ ဆိုင်မှာ ဝင်ထိုင်ပေးရုံလောက် ဆိုတော့ ဘာမျှ သေသေချာချာ သိပုံမရဘူး။ သူတို့ မိန်းမတွေကတော့လည်း တရုတ် ကပြားမကလေးတွေ ဆိုပေတဲ့ ယဉ်ကျေးတယ်၊ မွန်ရည်တယ်။ ကိုယ် သွားတဲ့အခါနဲ့ သူတို့ ချက်ပြုတ်ပြီးတာနဲ့ ကြုံရင်၊ ကနေ့ ခေါက်ဆွဲကို ခွန်းမင်ဘက်ဆီက လာတဲ့ မှိုနဲ့ကြော်တာ အန်ကယ်ကြီး၊ အိမ်ကျရင် စားဖို့ ဘူးကလေးနဲ့ ထည့်ပေးလိုက်ဦးမယ် .. စသဖြင့် ပြောတတ်တယ်။ ထည့်လည်းပေးတယ်။ ကိုယ်နဲ့အတူ ဖိုးစပ်က ပါလာလေ့ရှိတော့ သူက ပြောတတ်တယ်။ ဆရာကြီးက ပါရှင်မကလေးတွေတင် မကဘူး၊ တရုတ်မကလေးတွေကလည်း ကျတာပဲတဲ့။

ဒါကတော့ ဒီလို။ ကြွားတာရယ်လို့တော့ မဟုတ်ဘူး။ ကိုယ်တို့ အသက်အရွယ်နဲ့က ကြွားစရာရှိသည့်တိုင် ခါးက ပါတော့တာ မဟုတ်လို့ ကြွားလည်း ကြွားကြွားပဲရှိမှာ။ ဒီလို ..။ တစ်ခါလေ ကိုယ်တို့လူသိုက်က မြို့ထဲက နာရီစင်ဘက် သွားတတ်ကြတယ်။ ဘာရယ် မဟုတ်ဘူး။ ဂေါက်မရိုက်တဲ့ နေ့လိုမျိုးမှာ စုပြီး လေပစ်။ မဟုတ်ရင် မြို့ထဲဘက်က လက်ဖက်ရည်ဆိုင် တစ်ခုခုကို သွားထိုင်ရင်း ကြုံရာ ပြောကြဆိုကြပေါ့လေ။ မဟုတ်ရင်၊ ဖုန်းဆက်ပြီး ညဘက်ကတည်းက ချိန်း။ မနက် လက်ဖက်ရည် သောက်ချိန်မှာ ဆုံတတ်ကြတယ်။ လက်ဖက်ရည်ဆိုင်က သုံးဆိုင်။ နှစ်ဆိုင်က ကုလားဆိုင်။ တစ်ဆိုင်က တရုတ်ဆိုင်။ ကုလားဆိုင်ပေတဲ့ ချစ်တီးလို ကုလားမျိုးတွေ ..။ ဘင်္ဂါလီညိုရောင် ခပ်မှောင်မှောင် ဆိုတာမျိုးတွေ၊ မဟုတ်ဘူး။ ဖြူဖြူချောချောတွေ။ ကိုယ်တို့ သောက်နေကျ ဆိုင်မှာ စကားစပ်မိလို့ မေးကြည့်တော့ ကမဲလ်ပါးရှားဘက်ဆီက။ ခင်ဗျားတို့ ခေတ်ကတော့၊ အီရန်နီယံတွေပေါ့ဗျာ။ ဟိုစဉ် .. ဖိုးကို ရှိစဉ်ကတော့ ပြောလေ့ရှိတယ်။ ကမဲလ်ပါးရှား ဆိုတာက ပပဝတီ လာတဲ့ အရပ်ကွ၊ တဲ့။ ကိုယ်ကလည်း သမိုင်းတွေ ဘာတွေ သိပ်မပိုင်တော့ အသေအချာ မပြောရဲပေတဲ့၊ အဲဒီဆိုင်က အားလုံးလိုလိုကတော့ဖြင့် ကြည့်ကောင်းကြတယ်။ ခက်နေတာ တစ်ခုက ကိုယ်တို့စကားမှာ တရုတ် မဟုတ်ရင် ကုလား၊ ကုလား မဟုတ်ရင် ဘို၊ ဘို မဟုတ်ရင်

မြန်မာ။ ဒီလိုနဲ့ ခက်နေတာ။ ခုလို ဖြူဖြူချောချောတွေကို ကုလားရယ်လို့ ခေါ်ရတာကတော့၊ မတရားလှဘူး။ မတရားလည်း ကုလားလို့မှ မခေါ်ရင် ခေါ်စရာမှ မရှိဘဲ။ ကိုယ်တို့ လူမျိုးမှာက ဘာသာစကားအရ ရန့်ရင်း ကြမ်းတမ်းတယ်ဆိုတဲ့ အမြင်၊ ဘာသာစကားအရ သိမ်မွေ့ခြင်းအမြင် ဆိုတာတွေက ရှိမှ၊ မရှိဘဲ။ ဖိုးစောထွန်းကိုပဲ ကြည့်။ သူ့ဘာသာ အင်္ဂလန်မှာ ပညာသင်လာ သင်လာ၊ အင်္ဂလိပ်စကားကို အင်္ဂလိပ်လိုပဲ ပြောနိုင် ပြောနိုင်၊ မြန်မာလို ပြောတော့ ခွေး–ကုလား၊ သောက်တရုတ်ဆိုတဲ့ အမြင်နဲ့ ဉာဉ်က ရှိနေသေးတယ်။ ခင်ဗျားမှာ ကိုလိုနီအက်တီကျူ ရှိနေသေးတယ်လို့ ပြောပြန်ရင်လည်း သူက သိပ်မကြိုက်ဘူး။

အဲဒီ လက်ဖက်ရည်ဆိုင်ကလေးမှာ သွားသောက်ကြတဲ့အခါ နောက်လိုက် တပည့်တွေ၊ ကားမောင်းသမားတွေလည်း ပါတတ်တယ်။ ကိုယ်တို့ အထဲမှာတော့ ဖိုးကိုက လူ့အဆင့်အတန်း ခွဲတာမျိုးကို မကြိုက်လှဘူး။ တရုတ် ပျော်ပွဲစားရုံမှာ သွားစားကြရင်လည်း ကားမောင်းပေးတဲ့ လူတွေ၊ ကိုလိုနီ လေနဲ့တော့ ဒရိုင်ဘာတွေပေါ့ဗျာ။ အကုန်ခေါ်ပြီး အတူတူ စားခိုင်းလေ့ ရှိတယ်။ လက်ဖက်ရည်ဆိုင်မှာတော့ ကိုယ်တို့က တစ်စားပွဲ။ သူတို့က တစ်စားပွဲ ထိုင်လေ့ရှိတယ်။ တခြားကြောင့်တော့ မဟုတ်ဘူး။ ကိုယ်တို့ဝိုင်းက လက်ဖက်ရည်၊ ကော်ဖီတင် မကဘူး။ သူတို့ဆိုင်မှာ လုပ်တဲ့ မုန့်တွေ၊ နံပြား၊ ပလာတာ လတ်လတ်ဆတ်ဆတ်တွေ စားလေ့ရှိတော့ စားပွဲ မဆံ့ဘူး။ ဒီအကြားထဲ၊ သူတို့ဘာသာ လုပ်တဲ့ မလိုင်တို့၊ မခမ်းတို့ကလည်း ကောင်းတယ်။ တစ်နေ့တော့၊ မလိုင်နဲ့ ပီဒီ စားနေရင်း .. အင်း၊ ပြောရဦးမယ်။ ပီဒီဆိုတာ နံပြားလိုပါပဲ။ ပါရှင်းတွေ၊ ဘက်ဘနီ(စ) တွေ စားကြတဲ့ဟာမျိုး။ စားနေရင်း ဆိုင်ပိုင်ရှင် ဇနီးကို မင်းတို့ မလိုင်ကတော့ ကောင်းသကွာ။ ငါက မလိုင် ကြိုက်တယ်။ စားခဲ့ရသမျှတွေနဲ့ မတူဘူးလို့ ပြောလိုက်မိတယ်။ သူတို့က မှတ်ထားပုံရတယ်။ တစ်နေ့တော့ ဖိုးကိုရယ်၊ ကိုယ်ရယ် ဂေါက်ရိုက်မယ်ရယ်လို့ ထွက်လာပြီးခါမှ ရာသီဥတုကလည်း ခပ်မှုန်မှုန်၊ အေးတေးတေးနဲ့မို့ ဖိုးကိုကပဲ လက်ဖက်ရည် သွားသောက်ကြရအောင် ဆိုတာနဲ့ အဲဒီဆိုင် သွားထိုင်ကြတယ်။ အဲဒီနေ့က ဆိုင်မှာလည်း လူပါးတယ်။ စားစရာ သောက်စရာတွေ လာချတော့၊ ဆိုင်ရှင်ရဲ့ ခယ်မက အန်ကယ်၊ ဒီမလိုင်က မနေ့က လုပ်တာ။ ပိုပြီး အရသာရှိတယ်။ ကနေ့လုပ်၊ ကနေ့စား ဆိုရင် မလိုင်က ပေါ့တတ်တယ်လို့ ပြောပြီး မလိုင်ပန်းကန် ချပေးတယ်။ ဟဲ့၊ ငါတို့လည်း ပိုက်ဆံ ပေးစားတာပဲ။ ဒီအန်ကယ်ကြီးကျမှ ဘာလို့ ပိုကောင်းတယ်ဆိုတာ ပေးရတာတုံးလို့ ဖိုးကိုက မေးတော့၊ အန်ကယ်တို့က အစာကို စားရုံ စားတာ။ ကောင်းတယ်၊ မကောင်းဘူး မှတ်ချက် မချဘူး။ အစားအစာချက်တဲ့ လူတွေဆိုတာက သူတို့အစာကို ကောင်းတယ်၊ မကောင်းဘူး ဆိုတာ ကြားချင်ကြတာ။ မကောင်းတောင် မကောင်းမှန်း သိချင်တယ်။ ဒါမှ ပြင်လို့ရမှာ။ အစာကို စားရုံသက်သက် စားတဲ့လူတွေနဲ့တော့ မတူဘူးပေါ့လို့ ပြန်ရှင်းပြတယ်။ ဖိုးကိုနဲ့ မောင်စပ်တော့ အဲဒီနေ့က ပညာရသွားကြတယ်။ ကိုယ်ကတော့ ဘယ်အချိန် သွားစားစား၊ ကိုယ့်အတွက် ထူးထူးခြားခြားကလေးတွေ ထုတ်ကျွေးတယ်။ သူတို့အိမ် စားဖို့ လုပ်တဲ့

ဘာကလာဘာလိုမျိုး၊ ဟာလဝါလိုမျိုးတွေ ဘူးကလေးနဲ့ထည့်ပြီး အိမ်မှာ စားဖို့ ပေးတတ်တယ်။ မမေ့ခင် ပြောရဦးမယ်။ ဟာလဝါဆိုတာကို ကိုယ်တို့လူမျိုး အစားအစာလို့ တစ်သက်လုံးလို မှတ်ခဲ့တာ။ သူတို့နဲ့ တွေ့မှ သူတို့ အရှေ့အလယ်ပိုင်းက လူတွေရဲ့ အစားအစာမှန်း သိတယ်။ ကောင်းကရော။

နေဦး။ ပြောချင်တာကနေ အတော်ကလေး ဝေးသွားပြီ ထင်တယ်။ ဒီလိုပေါ့ဗျာ။ စကားဆိုတာ အူပေါက်ပြောကာမှ စုံတာကိုး။ ခုဟာက၊ မိန့်ခွန်းပြောသလိုမျိုး ရေးထားတာ ပြန်ဖတ်ပြနေတာမှ မဟုတ်ဘဲ။ ကျူ ညီနောင်ဆိုင်အကြောင်း ပြန်သွားကြရအောင်။ အရင်က သူတို့ဆိုင်က ခုနေရာမှာ မဟုတ်ဘူး။ လားရှိုးဘက် အထွက်မှာ ..။ လားရှိုးလမ်းပဲ ခေါ်ပါတော့။ ဒီဆိုင်ကို တွေ့လာတာက မောင်ဘသောင်းရယ်၊ ကိုရင်မောင်တင့် သားရယ်။ ကိုယ့်ဆီ လာနေကျတွေလေ။ လာရင်လည်း အေးအေးဆေးဆေး နေတတ်ကြတယ်။ တစ်ချီတော့၊ သူတို့မှာ သောက်စရာက လုံလုံလောက်လောက် ပါမလာဘူး။ မပါဘူး ဆိုတာတောင် အရေအတွက်နဲ့ပြောရင် တစ်လီတာခွဲလောက် ပါတယ်။ တစ်ပတ်၊ ဆယ်ရက် နေမှာ ဆိုတော့လည်း မလုံလောက်ဘူးပေါ့။ သူတို့ အပြောကတော့ ဝီစကီသောက်တယ် ဆိုရာမှာ မပြည့်မစုံနဲ့ သောက်လို့ မဖြစ်ဘူး၊ တဲ့။ သောက်ချင်သောက်၊ မသောက်ချင်နေ၊ သောက်မလိုလို မသောက်ဘူး လိုလိုနဲ့ တစ်ခွက်လောက်တော့ မြည်းလိုက်ဦးမယ် ဆိုတာမျိုး၊ မလုပ်ရဘူးဆိုပဲ။ ယဉ်ကျေးမှု အခြေခံနဲ့ တည်ဆောက်ထားတဲ့ လူမှုဆက်ဆံရေး နယ်ပယ်မှာ ရိုင်းသတဲ့။ ဒီ့ပြင်၊ ဝီစကီက ဖော်ထုတ်ပေးတဲ့ တုံ့ပြန်မှုကို အပြည့်အဝ ခံစားရချင်ရင် ဝေဒနာကို ပယ်ပြီး သောက်မှ၊ တဲ့။ ပြောချင်တာကတော့ဗျာ၊ လူ့ရဲ့စိတ်မှာ ဖြစ်နေတဲ့ အကောင်းဝေဒနာ၊ အဆိုးဝေဒနာ စိတ်ကို ဖယ်ပြီး နဂိုစိတ်ရင်းနဲ့ သောက်ရသတဲ့။ ပျော်လို့၊ စိတ်ညစ်လို့ သောက်တယ် ဆိုတာမျိုးက ကိုယ့်အကျိုးစီးပွားအတွက် သူများအပေါ်မှာ အခွင့်အရေးယူတာမျိုး။ လူဆိုတာက သူ့ရဲ့ ရှိနေခြင်းကို သူ့ဘာသာ စောင့်ရှောက်ရတာ။ Care of self ကို နားမလည်ရင် လူမှာ တန်ဖိုးမရှိလှဘူး ဆိုပဲ။ နေဦးဗျာ။ သူတို့ ပြောတဲ့ ဝီစကီသောက်နည်း နိသျရည်းကို နောင်မှ သတ်သတ်ပြောမယ်။ မဟုတ်ရင် ကျူညီနောင်ဆိုင်အကြောင်း ရောက်မယ် မထင်ဘူး။ ဝီစကီ ဘယ်မှာရမယ်ဆိုတာ ဟိုစုံစမ်း ဒီစုံစမ်း လုပ်တော့ ကလပ်က ကိုဘအေးဆီ လာနေကျ ရဲအုပ်ကလေးတစ်ယောက်က ပြောပြလို့ အဲဒီဆိုင်ကလေးကို သိသွားတာ။ အဲဒီဆိုင်ကလေးက တိုင်းမှူးတစ်ယောက်ကို ဟိုဘက်ကနေ ဝီစကီ မှာပေးတာတဲ့။ အဲဒီ တိုင်းမှူးကလည်း မောင်ဘသောင်းတို့လိုမျိုး ဖြစ်လေမလားဘဲ။ ဂျော်နီ တို့၊ ရှီးဗာ့(စ)တို့ကို ရောင်းတန်းမို့ မသောက်ဘူးဆိုပဲ။ သင်းတို့ နှစ်ကောင်သားလည်း အဲဒီဆိုင်က ပြန်လာတော့ ရွှေတွင်း တွေ့လာသလိုပဲ။ “ဘဒွေးရေ၊ နောက်တော့ဖြင့် တကူးတက သယ်မလာတော့ဘူး။ လိုတာ၊ သူတို့ကို အော်ဒါပေးထားလိုက်ရုံပဲ” တဲ့။

နောက်တော့ ဆိုင်က သူငယ်တွေနဲ့ သူတို့နှစ်ယောက်လည်း အဖွဲ့ကျသွားတယ်။ တစ်ကြိမ်တော့ အဲဒီသူငယ်တွေကို သူတို့က အကြံပေးတယ်။ ကိုယ့်ဆီ တက်အလာ

လမ်းနံဘေးမှာ ရပ်ကွက်သစ် တည်မလား၊ မြေတွေပဲ ရောင်းမလို့လား မသိဘူး။ မင်းတို့ အဲဒီဘက်မှာ စုံစမ်းပြီး ဆိုင်ဖွင့်ရင် ခုထက် အလုပ်ဖြစ်မယ်လို့ အကြံပေးကြတယ်။ မောင်ဘသောင်းရော၊ ကိုရင်မောင်တင့် သားရောက ခုလို အကြံပေးရာမှာ တော်ကြတယ်။ မင်းတို့ လုပ်ပါလားဆိုရင် မလုပ်ကြဘူး။ နီးနီးစပ်စပ် ဥပမာ ပေး ပြောရရင် နိုင်ငံခြားက ဘောလုံးအသင်း နည်းပြတွေလိုပေါ့ဗျာ။ သူတို့ကိုယ်တိုင် ကန်စဉ်က သိပ်ပြီး မတော်ကြဘူး။ နည်းပြလုပ်တော့ အလုအယက်ကို ငှားရလောက်အောင် အောင်မြင်ကြတာ။ ဒီလိုနဲ့ ကျူ ညီနောင်လည်း မြေပြန့်ဘက် အဆင်းလမ်းမှာ ဆိုင်ဖွင့်ဖြစ်သွားပြီး ပို အောင်မြင်လာကြတယ်။ ကိုယ်ကတော့ အဲဒီမှာ ဆိုင်ဖွင့်ပြီးကာမှ ရောက်တာ။ တစ်နေ့၊ ကျောင်းအစ်မကို တရားတိုက် လိုက်ပို့ပြီး အပြန်မှာ ဖိုးစပ်ကို အဝင်ခိုင်းရတယ်။ သူကတော့ ကောင်ကလေးတွေနဲ့ ရင်းနေပြီ။ အသွားကတည်းက ကိုယ်ကလည်း ကိုယ့်အကြံနဲ့။ နိုင်ငံခြားမဂ္ဂဇင်း အဟောင်းတစ်ခုထဲမှာ တွေ့ထားတဲ့ ဝီစကီပုလင်း ကြော်ငြာကို ဆုတ်ဖြဲပြီး ယူလာခဲ့တာ။ အသွားကတည်းက အပြန်ကျ ဝီစကီ ဝင်ဝယ်စို့လို့ ပြောလိုက်မိခဲ့ရင် အိမ်က ကျောင်းအစ်မနဲ့ ကောင်းကောင်း စကားများရတော့မှာ။ မိန်းမဆိုတာကလည်း ပေါင်းလာတာ ဘယ်လောက်ပဲ ကြာကြာ၊ ကြာလာလေလေ ငါ့ယောကျ်ားကတော့ဖြင့် ထင်ရာ လုပ်တတ်တာ ကိုးလို့ မြင်လာလေလေပဲ၊ မဟုတ်လား။ အယ်၊ ပြောရရင်တော့၊ ကျောင်းအစ်မကို တရားတိုက်ပို့ပြီး အပြန်မှာ ကိုယ်နဲ့ ဖိုးစပ်လည်း ကျူညီနောင်ဆိုင်ကို ဝင်ကြတယ်။ သူတို့ဆီမှာက အတော်စုံစုံ ရရုံတင် မကဘူး။ ကောင်ကလေး နှစ်ယောက်စလုံးက လက်ဖြစ်တယ်။ ပြင်တတ်၊ ပြုတတ်တယ်။ ကိုယ့်အိမ်မှာ ပျက်နေတဲ့ နံရံကပ်နာရီတို့၊ ရေဒီယိုအဟောင်းတို့ ဆိုတာတွေဟာ သူတို့ကြောင့် ပြန်ပြီး ကောင်းကုန်တာပဲ။ ကျောင်းအစ်မတောင်မှ အတော် သဘောကျသွားတယ်။ ဘိုးစဉ်ဘောင်ဆက် သူ သိမ်းလာခဲ့တဲ့ မတ်တတ်မီးတိုင်ဟာ မီးလုံးရှာမရလို့ မသုံးရဘူး။ သူတို့က အကုန် ပြင်ဆင်ပြီး ခုခေတ်သုံးတဲ့ မီးလုံး တပ်လို့ရအောင် လုပ်ပေးတာ။ ပြောစရာ တစ်ခုကတော့ ကိုယ်တို့ မျိုးဆက်တွေပဲ။ အသိမ်းလွန်တဲ့ မျိုး ဆက်တွေ။ ဘာမဆို သိမ်းရမှ၊ သိမ်းထားရမှ။ တစ်နေ့ အသုံးတည့်ချင် တည့်မှာဆိုပြီး သိမ်းထားတာတွေက အိမ်တိုင်းမှာလို ရှိတတ်တာကိုး။ တစ်နေ့ အသုံးတည့်မှာပဲ ဆိုပေတဲ့ ကာလတရားရဲ့ သယ်ဆောင်ခြင်း နောက်ကို မျောပါ သွားကြရသမို့ အသစ်ကလေးတွေက ကောင်းလာတော့ အဟောင်းလည်း ရောင်းရတာပါပဲ။ တကယ်တော့ ကောင်ကလေးတွေ နာမည်က ကျူ .. ဘာဘာညာညာ မဟုတ်ဘူး။ တရုတ်လို အရက်ကို ကျူလို့ ခေါ်တာနဲ့ တစ်ယောက်ယောက်က ကျူညီနောင်လို့ ခေါ်လိုက်ရာက တွင်သွားတာ။ ကိုယ်နဲ့လည်း အတော် ခင်သွားကြတယ်။ ကိုယ့် မိတ်ဆွေတွေလည်း အဲဒီကို သွားလာကြတယ်။ ကိုယ် သောက်ချင်တာကလေးတွေ၊ စိတ်ကူးပေါက်တာကလေးတွေ သူတို့ကို ရှာခိုင်းလို့ ရတယ်။ ကိုယ် ပြောချင်တာကလေးက ခုမှ ပြောရတော့မယ်။ တစ်နေ့တော့၊ အောက်ဘက်ကအပြန် သူတို့ဆိုင်ကို ဝင်တယ်။ နေကလည်း အတော်ကလေး ပူတဲ့နေ့မို့ ဂျင် သောက်ရရင် ကောင်းမယ်လို့ တွေးပြီး ဝင်ဝယ်တာပဲ။ ဝယ်ပြီး ကိုယ်တို့လည်း

ဟိုဟိုဒီဒီ ပြောနေကြရင်းက နောက်ဘက်ထဲက တရုတ်ကြီးတစ်ယောက်နဲ့ ဆိုင်ရှင်ကောင်ကလေးတစ်ယောက်ရဲ့ မိန်းမတို့ စကားပြောရင်း ထွက်လာကြတယ်။ သူတို့က ပြုံးပြတော့ ကိုယ်လည်း ပြုံးပြလိုက်မိတယ်။ တရုတ်ကြီးကတော့ ပြုံးပြရုံတင် မဟုတ်ဘူး။ မရေမရာ ဖြစ်သွားပုံလည်း ရတယ်။ ကောင်မကလေးကို တရုတ်လို တစ်ခုခု မေးလိုက်တယ် ဆိုတာတော့ ကိုယ် ရိပ်မိလိုက်တယ်။ နောက်တော့ တရုတ်ကြီးက အနားကိုလာပြီး အရေးပိုင်မင်းလို့ ခေါ်ရင်း မျက်နှာကို လက်ညှိုးတထိုးထိုး လုပ်နေတယ်။ မှတ်မိသွားပုံရတယ်။ နောက်တော့၊ ထပ်ပြီး အရေးပိုင်မင်းလို့ ခေါ်ပြန်တယ်။ ကိုယ်ကတော့လည်း နောက်ချင်တာနဲ့ အရေးမပိုင်တာလည်း ကြာပေါ့ ငါ့လူရာလို့ပဲ ပြောလိုက်မိတယ်။ အဲဒီတုန်း နောက်နားဆီမှာ မဂ္ဂဇင်းတွေ လှန်လှော ကြည့်နေတဲ့ ဖိုးစပ်က ဟာ၊ မောင်စိန်ကြီးပါလားလို့ ပြောပြီး ထလာတယ်။ ကိုယ်ကတော့လည်း မမှတ်မိဘူး။ နောက်တော့၊ တရုတ်ကြီးက လက်အုပ်ကလေးချီရင်း အသနားခံသလို လုပ်ပြီး ငါလေ၊ အာ့စိန်လေ။ တံတားထိပ် ကားဆိပ်ဆီက ခေါက်ဆွဲဆိုင်က အာ့စိန်လေလို့ ပြောတယ်။ ပြောရုံတင် မကဘူး။ ကြမ်းပေါ် ထိုင်ချလိုက်ပြီး ကန်တော့ပါလေရော။ မသေလို့ တွေ့ မေ့နိုင်ပါ့မလား အရေးပိုင်မင်းရယ်။ အရေးပိုင်မင်းတို့ ကျေးဇူးတွေလည်း ကြီးလှပါတယ်ရယ်လို့လည်း ပြောနေသေးတယ်။

နောက်တော့၊ ဆိုင်ရှေ့နားဆီက သစ်ပင်ရိပ်အောက်မှာ ထိုင်ရင်း ရှေးဖြစ်ဟောင်း အောက်မေ့ဖွယ်ကလေးတွေ ပြောဖြစ်သွားကြတယ်။ ဒီတော့လည်း၊ ကိုယ့်ဘဝရဲ့ ဖြတ်သန်းသွားလာခဲ့ရတဲ့ လမ်းကလေးတွေမှာ ဟိုကွေ့ ဒီကွေ့ ကွေ့ရင်း မေ့ပျောက်နေခဲ့တာကလေးတွေ ပေါ်လာတယ်။ အာ့စိန်နဲ့ တွေ့ရသိရတာက ဒီလို။ တစ်နေ့တော့ ဖိုးစောထွန်းရယ်၊ ကိုယ်ရယ် ကားနဲ့ အောက်ဘက်ကို ဆင်းကြတယ်။ လမ်းမှာ ထမင်းဝင်စားပြီး မြို့က မထွက်ခင်၊ လမ်းကလည်း ကြုံနေတာနဲ့ သူဌေး ဦးအုတ်ကန် တိုက်ဆီ ဝင်ပြီး နာရီဝက်၊ တစ်နာရီလောက် စကားစမြည် ပြောကြတယ်။ ပြောပြီး ထွက်မယ်လုပ်တော့ ကားကြုံစောင့်နေတဲ့ ကိုယ်တော်ကလေး တစ်ပါး တွေ့တယ်။ သူတို့နဲ့ ရင်းပုံရတယ်။ ကားချောင်ရင် ကိုယ်တော်လေးကို ခေါ်သွားပေးပါ ဆိုတာနဲ့ပဲ ကိုယ်တို့လည်း ခေါ်လာလိုက်တယ်။ တံတားကျော်ပြီး တံတားထိပ် ကားဆိပ်ရောက်တော့ ကိုယ်တော်ကလေးက ကျုပ်ကို ဒီမှာသာ ချခဲ့ပါ ဒကာကြီး။ ကျုပ်တို့အရပ်ဆီ ပြန်တဲ့ ကားတစ်စီး ဒီကို သုံးနာရီ၊ လေးနာရီလောက်ဆို လာတတ်တယ်လို့ ပြောတယ်။ ကိုယ်တို့လည်း သစ်ပင်ရိပ်အောက်မှာ ကားရပ်ပေးလိုက်ရင်း အညောင်းပြေ ကားပေါ်က ခဏ ဆင်းကြတယ်။ ကိုယ်တော်ကလေးကတော့ အဲဒီနားဆီက ဈေးတန်းကလေးမှာ သွားစောင့်မယ် ပြောတယ်။ ဖိုးစောထွန်းက အအေးလေး၊ ဘာလေး သောက်ရရင် ကောင်းမယ်ကွာလို့ ပြောတယ်။ ကိုယ်တော်ကလေးက ကြားသွားပုံရတယ်။ ဒကာကြီးတို့ ကျုပ်နောက် လိုက်ခဲ့လို့ ပြောတာနဲ့ သူ့နောက် လိုက်သွားမိကြတယ်။ အဲဒီမှာ၊ အာ့စိန်ကို တွေ့တာပဲ။ ဟော့၊ ဘုန်းကြီး၊ လာ၊ အထဲ ဝင်။ ဩော် .. ဧည့်သည်တွေတောင် ပါသေးသကိုးလို့ ဆိုပြီး ကိုယ်တို့ကို ဆိုင်ထဲခေါ် ထိုင်ခိုင်းတယ်။ ဗင်တို၊ ဖရူတို၊ ပင်မှည့် အကုန်ရတယ်။ ကိုယ်တော်ကလေးက အကျိုးအကြောင်း ပြောပြရင်း

အစိုးရအရာရှိတွေက ကားကြုံပေးလို့ လိုက်လာရတာကို ရှင်းပြတယ်။ ဒီတော့၊ အာ့စိန်က ကိုယ်တို့ကို အရေးပိုင်မင်းတို့လို့ ခေါ်ရင်း ငါ့ဘုန်းကြီးကို စောင့်ရှောက်ပေးတော့ ငါလည်း ကျေးဇူးတင်တယ်။ ဒီဆိုင်ကလေး မှတ်ထား။ အမြဲတမ်း ဝင်ကြပါ။ အအေး သောက်ကြပါဦးလို့လည်း ပြောတယ်။

အဆင်မပြေ ဖြစ်ရတာက ကိုယ်တော်ကလေးပဲ။ သူ့ကျောင်းရှိရာဘက် ပြန်မယ့်ကားက အပြန်ကုန် မရတာနဲ့ပဲ စောစောက ပြန်သွားပြီ တဲ့။ အဲဒီဘက်မှာကလည်း ကားအသွားအလာ နည်းတာကိုး။ ဒီတော့၊ ကိုယ်တို့ကပဲ တပည့်တော်တို့နဲ့သာ လိုက်ခဲ့ပေတော့။ လမ်းကလည်း သင့်နေတာ။ ခရီးဆက်ကြမယ် လုပ်လို့ ကိုယ်တို့ သောက်တဲ့ အချိုရည်ဖိုးနဲ့ ဘုန်းကြီးလေးအတွက်ပါ ပိုက်ဆံထုတ်ပေးတော့ အာ့စိန်က ပြော တယ်။ ကိုယ်တော်ကလေးကို ကားကြုံတင်လာတဲ့ ကားခလို့ သဘောထားပါ၊ တဲ့။ ငါ့ဘုန်းကြီးကို အရေးပိုင်မင်းတို့ စောင့်ရှောက်တာဟာ ငါ့ကို စောင့်ရှောက်သလိုပါပဲ၊ တဲ့။ ပိုက်ဆံပေးလို့ မယူဘူး။ လမ်းမှာ ကိုယ်တော်ကလေးနဲ့ စကားပြောရင်းက အာ့စိန်အကြောင်း သိရတာ။ အာ့စိန်တစ်ယောက် ဒီဘက်ကို ဘယ်လို ရောက်လာမှန်းတော့ မသိဘူး။ ဂျပန် အပြေးမှာ သူ့မိဘတွေ အသတ်ခံရတယ်။ ကိုယ်တော်ကလေးတို့ ကျောင်းက အရင် ဆရာတော်ကြီးက သနားတာနဲ့ ရေနံချောင်းဆီက ပျော်ပွဲစားရုံလုပ်တဲ့ တရုတ်မိသားစုကို မွေးဖို့ အပ်လိုက်တယ်။ နောက်တော့ အနောက်ဘက်ကမ်းက မိသားစုတွေနဲ့ နေပြီး အရွယ်ရောက်လာတော့ ဒီပြန်ရောက်လာပြီး သူ့ဘာသာ ရှာဖွေ စားသောက်နေရာက ခေါက်ဆွဲဆိုင်ကလေး ဖွင့်တာ။ အတော် ဟန်ကျသတဲ့။ ခုတော့၊ မသိသူ မရှိသလောက်ပဲ။ စာပို့ချင်ရင်တောင် ‘အာ့စိန်၊ တံတားထိပ် ကားဆိပ်’ ဆို ရောက်သတဲ့။ ပြောမယ်ဆိုရင်တော့လည်း အာ့စိန်က တံတားထိပ် ကားဆိပ်က **Legend** တစ်ခုကိုး။ ကိုယ်တော်ကလေး ကိုယ်တိုင်ကလည်း စားကောင်းရုံ ကြုံရာကျပန်း ပြောပြီး ပဟာပြောစားနေတဲ့ ဖွတ်ချရီး ကိုယ်တော်ကလေးမျိုး မဟုတ်ဘူး။ ဓမ္မာစရိယ ဖြေပြီးသား။ ကိုယ်တို့လည်း ကိုယ်တော်ကလေးကို တာလမ်းပေါ် ရပ်ပေးမယ်လို့ လုပ်ရာက ဖိုးစောထွန်းကပဲ နေပူပါတယ် ဘုရား။ ကျောင်းအထိပဲ လိုက်ပို့ပါ့မယ်လို့ လျှောက်တယ်။ ကိုယ်တော်ကလေးကတော့ ငြင်းပါတယ်။ ကျုပ်၊ လျှောက်နေကျပါ ဒကာကြီး။ နေမဝင်ခင်တော့ ကျောင်းကို ရောက်မှာပါလို့ ပြောသေးတယ်။ ဒီလိုနဲ့၊ ကျောင်း ရောက်သွားကြတာ။ ကျောင်း ဆိုပေတဲ့ စာသင်တိုက်။ တာလမ်းရဲ့ အတွင်းထဲမှာမို့ ဒီလိုမျိုး ကျောင်းကြီး၊ ကျောင်းဝင်းကြီး ရှိမယ်တောင် မထင်မိဘူး။

ကျောင်းဝင်းထဲရောက်လို့ ကားရပ်ပြီးတော့ ကိုယ်တို့လည်း တစ်အောင့်တစ်နား ဆင်းကြတယ်။ အဲဒီမှာ တိုက်အုပ်နဲ့ တိုးတယ်။ ကိုယ်တော်ကလေးက အကျိုးအကြောင်း လျှောက်တော့ တိုက်အုပ်က သလိုဖြင့်၊ ခဏဖြစ်ဖြစ် ဆရာတော်ကြီးနဲ့ ဝင်တွေ့ကြဦး။ မောင်ဘဏ်၊ မင့်နှယ်နော်၊ လူကြီးတွေကို ဒီအတိုင်း ပစ်ထားရသတဲ့လား။ ခက်တယ်။ ဒကာကြီးတို့၊ ကျုပ်ကလည်း တိုက်အုပ်ဆိုတော့ အစစ ကျုပ်လက်ထဲမှာ။ ခင်ဗျားတို့လည်း

အစိုးရဝန်ထမ်းတွေမို့ စီမံကွပ်ကဲရတဲ့ကိစ္စ ကောင်းကောင်း သိမှာ။ စီမံအုပ်ချုပ်ရတယ် ဆိုတာက အတတ်ပညာတစ်မျိုးကိုး။ ခု၊ မောင်ဉာဏ်က ကျုပ်လက်ထောက်။ အစစ သွန်သင်နေရတာ။ စိတ်ချရပြီ ဆိုတော့မှ သူ့လက်ထဲ လွှဲပြီး ကျုပ်အရပ်ကို ပြန်ရတော့မှာ။ ကိုင်း၊ ဆရာတော်ကြီးနဲ့ စကားစမြည်ကလေး ပြောကြဦး။ ကျုပ်၊ အကြမ်းကရား ပို့ခိုင်းလိုက်မယ်။ သွားကြချေလို့ ပြောတယ်။ ဖိုးစောထွန်းနဲ့ ကိုယ်ကတော့ တိုက်အုပ်ကို အတော် သဘောကျသွားတာ။ ကျောင်းကြီးဘက်ကို လျှောက်သွားကြရင်း ကိုယ်တော်လေးက ခပ်သုတ်သုတ် လှမ်းသွားတော့ ကိုယ်တို့နဲ့ ကွာသွားတယ်။ အဲဒီတုန်း၊ ဖိုးစောထွန်းက ကောက်ချက်ချတယ်။ ဘမောင်၊ မင်း စောင့်သာကြည့်၊ ကိုယ်တော်လေး တိုက်အုပ် ဖြစ်လာရင်လည်း ခုတိုက်အုပ်လို တော်မှာ၊ စေ့မှာ။ သူ မိန့်သလိုပဲ စီမံအုပ်ချုပ်တယ် ဆိုတာက ပညာ။ ဆရာကောင်း လိုတယ်။ ခု တိုက်အုပ်ကတော့ဖြင့် တကယ့် ဆရာကောင်းပဲ၊ တဲ့။ ကိုယ်ကတော့ သဘောတူပါတယ်။ ဒါပေတဲ့၊ အကြောင်းသင့်နေတော့ ဖိုးစောထွန်းကို တွယ်ရဦးမှ။ ဟုတ်သဗျာ။ ခင်ဗျားလိုပေါ့။ အုပ်ချုပ်ရေးပိုင်းတော့ မသိဘူး။ ခင်ဗျား လက်အောက်က မြို့ပိုင်တွေမှာ အနည်းဆုံး မယားနှစ်ယောက်တော့ ရှိတာ သတိထားမိတယ်လို့ ပြောလိုက်တော့၊ သူက လှည့်ပြီး မင်း၊ မှတ်ထား .. ဆိုပြီး တေးထားတယ်။ သူနဲ့ ကိုယ်ကတော့လည်း ပြောမနာ၊ ဆိုမနာ။ ဦးတဲ့လူက တွယ်တာပဲ။

အဲဒီညနေကတော့ ဆရာတော်ကြီးနဲ့လည်း လေပစ်လို့ ကောင်းသွားတယ်။ ကောင်းဆိုတာက ကိုယ်တို့ ငယ်စဉ်ကတည်းက နားလည် လက်ခံလာခဲ့တဲ့ 'သံဃာ'ဆိုတာမျိုး။ အာဂန္တုအဖြစ်နဲ့ ဒီကို ရောက်လာရင်း အရင် ဆရာတော်ကြီးတွေနဲ့ အရပ်ကြောင့် ဒီမှာ မြဲသွားတာ။ သူ့မှာ ဘာပိုင်ဆိုင်မှု၊ ဘာတွယ်တာမှုမျှ မရှိဘူး။ ဂန္ထဓုရဟာ သာသနာတော်အတွက် သူ ထမ်းနေရတဲ့ တာဝန်တစ်ခု။ ဒီတော့လည်း လွတ်လပ်ရေး ရပြီးစ ဆယ်နှစ်မှာ ကျောင်းကြီးတွေဆောက်၊ မော်တော်ကားမှာ အလံထောင်စီးတဲ့ ကိုယ်တော်တွေ၊ မော်တော်ဆိုင်ကယ်စီး၊ ဘောလုံးပွဲကြည့်တဲ့ ကိုယ်တော်တွေနဲ့ ဘာမျှမဆိုင်တဲ့ ဘုန်းကြီးကြီးမျိုး။ ဆရာတော်ကြီးက အကြောင်းကြီးငယ် ထူးထူးခြားခြား မရှိရင် ဒီမှာပဲ ညအိပ်ပြီး မနက်ကျမှ ခရီးဆက်ကြပေါ့လို့ မိန့်တော့ ကိုယ်တို့ နှစ်ယောက်သား သဘောခွေ့ သွားမိတယ်။ ဘာလို့မှန်းတော့ မသိဘူး။ ကျောင်းဝင်းကြီးနဲ့ အရိပ်အာဝါသကို ကြည့်ရင်း ရောက်စကဒီမှာ တစ်ညလောက် အိပ်ရရင် ကောင်းမှာလို့ စိတ်ထဲ ဖြစ်မိသေးတာ။ ညစာတော့ တိုက်အုပ်နဲ့ သူ့ လက်ထောက်က စီစဉ်ပေးလို့ ဆွမ်းစားဆောင်ထဲမှာ စားကြရတယ်။ ဆွမ်းချက် ကိုကြွ ဆိုတာကလည်း ရှိနေတော့ အဆင်ပြေတယ်။ ကိုယ်ကတော့ မနေနိုင်လို့ ကိုယ်စားချင်တာကလေး စကားတောက်ရင်း ကိုကြွကို မေးကြည့်ရသေးတယ်။ ခင်ဗျားဆီမှာ ဟင်းလေး ချက်ထားတာကလေးများ မရှိဘူးလားလို့၊ ကိုယ် အင်မတန်ကြိုက်တဲ့ ဟင်းလေး။ ဒါမျိုးကလည်း ကိုယ့်ဘာသာ ချက်စားလို့ ရတာမှမဟုတ်ဘဲ။ ဘုန်းကြီးကျောင်းမှာ ဟင်းလေး မရှိရင် ဘယ်မှာ ဘုန်းကြီး ဟုတ်တော့မှာလဲ ဝန်ထောက်မင်းရယ်လို့ ကိုကြွက ပြောသေးတယ်။ ဒီ့ပြင်၊ ကိုကြွရဲ့

ပန်ထွေဖျော်နဲ့ ရှာစည်းရိုး တစ်လျှောက်က ချိုးလာတဲ့ အရွက်တွေ၊ အညွန့်တွေ ရေနွေးဖျောထားတာကလည်း လိုက်ဖက်သင့်သကိုး။ သတိရတုန်း ပြောရဦးမယ်။ အာ့စိန်ဆီမှာတော့ ကိုယ်တို့က အရေးပိုင်မင်း။ ကိုကြွဲဆီ ရောက်တော့ ဝန်ထောက်မင်း။ ကိုယ်တို့မှာ ဘာများ နာစရာရှိတာမို့လဲ။ နိုင်ငံ့ဝန်ထမ်း၊ ပတ်ဗလစ်ဆားဗင့် ဆိုတာက ပြည်သူ့ကျွန်ကြီးတွေပဲ။ ပြည်သူတွေက ဘယ်လိုခေါ်ခေါ်၊ ဘာအဆင့်ဖြစ်ဖြစ်၊ ပရမတ်စစ်စစ်နဲ့ ပြောရင်တော့လည်း အချိန်တန် လခရနေတဲ့ ရေ၊ မြေ၊ လေ၊ မီး ဓာတ်ကြီးလေးပါးရဲ့ အစုအဝေးကြီးပဲ မဟုတ်လား။

အဲဒီနေ့ကို ကိုယ် မမေ့နိုင်တာ တစ်ချက် ရှိသေးတယ်။ တိုက်အုပ်ဆီက ရခဲ့တဲ့ စကားတစ်ခွန်းပဲ။ ပညာပဲ ဆိုပါတော့။ ညစာ စားသောက်ပြီးတော့ ကိုယ်တို့လည်း ကျောင်းဝင်းကြီးထဲ လျှောက်ကြည့်ရင်း သစ်ပင်တစ်ပင်ကို ပတ်ဝိုင်းထားတဲ့ အုတ်ဘောင်ကလေးပေါ်မှာ ထိုင်ပြီး စီးကရက်သောက်ရင်း စကားပြောနေမိကြတယ်။ မကြာခင်ပဲ မြစ်ဘက်ဆီက လျှောက်လာကြတဲ့ တိုက်အုပ်ဘုန်းကြီးနဲ့ သူ့လက်ထောက် ကိုယ်တော်ကလေးကို တွေ့လာရတယ်။ အနားရောက်ကြတော့ တိုက်အုပ်ကပဲ ကျောင်းကြီးအောက်ထပ်မှာ ခင်ဗျားတို့ အိပ်ရာလိပ်တွေ ခင်းခိုင်းထားတယ်။ အဆင်မပြေဘူး ထင်ရင်တော့ ဟိုနားဆီက ဂန္ဓကုဋီလုပ်ထားတဲ့ အုတ်တိုက်ကလေးထဲ အိပ်ကြ။ အဲဒီထဲကတော့ နည်းနည်း ပိုအေးမလားပဲလို့ ပြောတယ်။ နောက်တော့ ထွေရာလေးပါး ပြောဖြစ်ကြရင်းက တိုက် အုပ်က ပြောပြန်တယ်။ ခုတင် မြစ်ဘက်လျှောက်ကြရင်း မောင်ဉာဏ်ကို ပြောပြရတယ်။ ခင်ဗျားတို့ အုပ်ချုပ်ရေးပိုင်းမှာ စနစ်ဆိုတာ ရှိတယ် ဆိုတဲ့အကြောင်း။ သို့ပေသိ အုပ်ချုပ်ရတဲ့လူ၊ စီမံခန့်ခွဲရတဲ့လူ ဆိုတာကလည်း သူ အုပ်ချုပ်တာ ခံရမယ့်လူ၊ စီမံခန့်ခွဲတာ ခံရမယ့် လူတွေ အကြောင်းတော့ သိဖို့ လိုတယ်ဆိုတာ ရှင်းပြရသေးတယ်လို့ ပြောတယ်။ ဒီစကားကတော့ ကိုယ့်ခေါင်းထဲ စွဲတော့တာပဲ။ အုပ်ချုပ်သူနဲ့ အုပ်ချုပ်ခံ အကြားက ဆက်ဆံရေး ဆိုတာဟာ ဒီဘက်ခေတ်ထဲမှာ ပျောက်သလောက် ဖြစ်လာတယ်။ ဖြစ်လာရတာက ကိုယ်တို့မိတ်ဆွေ ဆင်မြူအလ် ပြောလေ့ရှိတဲ့ ညိုညစ်ညစ်ကောင်တွေ အာဏာရပြီး မြို့ပြအုပ်ချုပ်ရေးကို တပ်ရဲ့ အုပ်ချုပ်ရေးလို သဘောထားလိုက်ကြ ကတည်းကပဲ။ နေရာတကာမှာ အာဏာ၊ အမိန့်၊ လုပ်ပိုင်ခွင့်တွေ သုံးပြီး အုပ်ချုပ်လို့ မရဘူး။ ကိုယ်တို့ အလုပ်ထဲ ရှိနေတုန်းက မြို့နယ်တစ်ခုနဲ့တစ်ခု၊ ခရိုင်တစ်ခုနဲ့တစ်ခု နားလည်ပုံ၊ မြင်ပုံ၊ လက်ခံပုံချင်း မတူကြတာ သိနေရတယ်။ လွယ်လွယ် ပြောရရင်တော့ဗျာ၊ တစ်သက်လုံး ကိုယ်တို့ ပြောလာခဲ့ကြတဲ့ မြန်မာစကားထဲမှာ ရှိနေတဲ့ ရပ်ဓလေ့၊ ရွာဓလေ့ ဆိုတာပဲ။ ခု တိုက်အုပ်က သူ့ လက်ထောက်ကို ရှင်းပြနေတယ်ဆိုတာ အဲဒါပဲ။ ကိုယ်ကတော့ဖြင့် ခုလို တိုက်အုပ်မျိုးတွေကို သိပ်ချီးကျူးတာ။ တကယ်တော့ ဒီလိုမျိုး ကိုယ်တော်တွေကလည်း အက်(ဒ)မင်နင်စထရေးရှင်းကို ပိုင်ကြတာပဲ မဟုတ်ဘူးလား။

နောက်ပိုင်းတော့ ကိုယ်တို့လည်း ပြည်ဘက်တို့၊ အောက်ဘက်တို့ ဆင်းရင် စာသင်တိုက်ကြီးထဲ ဝင်နားလေ့၊ အိပ်လေ့ ရှိတယ်။ အာ့စိန် ဆိုင်မှာလည်း ဝင်ပြီး

ဘီယာကလေးသောက်ရင်း နားတတ်ကြတယ်။ ကိုယ်တို့ကတော့ မြန်မာဆန်ဆန် မောင်စိန်လို့ပဲ ခေါ်တယ်။ သူကလည်း ကြိုက်တယ်။ သူ့ဆိုင်နောက်ဖေးဘက် အဖီထုတ်ထားတဲ့ နေရာကလေးမှာ ထိုင်ရတာ တခြား တစ်လောကကို ရောက်သွားရသလိုပဲ။ စဉ့်အင်တုံကြီး နှစ်ခုထဲမှာ ရေအပြည့်။ တစ်ခုထဲမှာတော့ ကန်စွန်းရွက်တွေ။ ကိုယ်တို့အတွက်တော့ ဘီယာမြည်းဖို့ ဟာန်နေတာ။ ဝက်အူချောင်းတွေကလည်း တံစက်မြိတ်မှာ တန်းထိုးထားတဲ့ အပေါ်မှာ တိုးလိုးတွဲလောင်း။ နေလှန်းထားတာ။ သူနဲ့ အဖွဲ့ကျသွားတာဟာ ကိုယ်တို့အတွက် လမ်းခရီးမှာ အနားစခန်းတစ်ခု ရလိုက်သလိုပဲ။ အရပ်က လူတွေကလည်း သူ့ကို ခင်ကြတယ်။ ဒါပေတဲ့ တစ်ချီတော့ ပြဿနာတစ်ခု ပေါ်တယ်။ အသစ်ရောက်လာတဲ့ ရာဇဝတ်အုပ်ကလေး ဆိုသလား၊ ပုလိပ်ကြပ် ဆိုသလားတော့ အသေအချာ မမှတ်မိဘူး။ ပုလိပ်ကြပ်ပဲ ထားပါတော့။ အရက်မူးပြီး ရမ်းလို့၊ ဆိုင်ရှေ့ဘက်ကို ကန်ကျောက်ဖျက်ဆီး။ ဖန်ခွက်တွေ၊ ပန်းကန်တွေ ကွဲ။ အာ့စိန် ကိုယ်တိုင်လည်း ပုလင်းနဲ့ အရိုက်ခံရလို့ လေးငါးချက် ချုပ်လိုက်ရတယ် ဆိုပဲ။ ဒီ့ပြင် တိုင်လားတောလား လုပ်ရင် ဆိုင်ကို မီးရှို့ပစ်မယ်လို့ ပြောသေးတာ။ အဲဒါသာ ကြည့်။ ကိုလိုနီပုလိပ်ရဲ့ စိတ်ထားက ဒီဘက်ခေတ်အထိ ရှိနေသေးတာ။ ယူနီဖောင်းဝတ်တွေရဲ့ စိတ်ထဲမှာကလည်း ခွေး–ကုလား၊ သောက်–တရုတ် ဆိုတဲ့ အမြင်ဟာ သိပ် မပြောင်းလဲဘူး။ ခုလို ဖြစ်ပျက်ခဲ့တာတွေကို အာ့စိန်က ဘာမျှမပြောဘူး။ သူ့ဆိုင် ဓားလွယ်ခုတ်ဆီက ထန်းရည်လိုင်စင်စီလုပ်တဲ့ ငထိုက်ကြီးနဲ့ ကြည်ဝင်းက မြို့ကိုလာရင်း ဝင်ပြောပြလို့ သိရတာ။ အဲဒီတုန်း ဖိုးစောထွန်းကလည်း ကိုယ့်ရုံးရောက်နေလို့ ဟန်ကျသွားတယ်။

ကိုယ်ကတော့ ခရိုင်ရဲဝန်ကို အကြောင်းကြားမယ်၊ အရေးယူသင့်တာ ယူရမယ်လို့ စဉ်းစားပြီး ဖိုးစပ်ကို မောင်စိန့်ဆီ လွှတ်ပြီး အကျိုးအကြောင်း မေးခိုင်းတယ်။ ဖိုးစောထွန်းကတော့ ရှုးရှုးရှားရှားသမား။ ခုနောက်ပိုင်းမှသာ တရားအားထုတ်တာတွေ ဖြစ်ပြီး အတော်လေး စိတ်လျှော့လာတာကိုး။ သူက ရန်ကုန်ကို ချက်ချင်း ဖုန်းဆက်တော့တယ်။

ရဲမင်းကြီး ဆိုတာကလည်း ရန်ကုန်သွားတဲ့အခါ သူနဲ့ ဂေါက်ရိုက်ဖက်။ ဟယ်လို၊ အိုင်ဆေး ..။ ယူဂို၊ အိုင်ကမ်း .. မြင်တန်းတစ်လျှောက်က ဟာတွေကို အလွမ်းဖောက်ပြီး စီးယူ၊ ဂွတ်ဘိုင် တိုင်တယ်ပြီးမှ စကားဆုံးတော့တာ။ ဘာပြောကြတယ်တော့ အသေအချာ မသိဘူး။ ဖုန်းလည်း ချပြီးရော အဲဒီနားဆီက တပ်မှူးဆီ ဖုန်းဆက်ပြီး အကူအညီ လှမ်းတောင်းတယ်။ အဲဒီ ပုလိပ်ကြပ် .. ထင်တယ်။ သင်းကို သင်းဆီက လက်ထိပ်နဲ့ ခတ်ပြီး ကျုပ်ဆီ ပို့လိုက်စမ်းပါတဲ့။ ဒီတော့လည်း ကိုယ်က ကြားဝင်ရ ပြန်တယ်။ ကြားဝင်ရတယ် ဆိုတာက ခရိုင်ရဲဝန်လောက်ကိုတော့ အရင် အသိပေးရမယ်ရယ်လို့။ တကယ်တော့ ကိုယ်တို့ရဲ့ အရပ်ဘက် အုပ်ချုပ်ရေးစနစ်မှာကလည်း သူ့နည်းသူ့လမ်းနဲ့ လုပ်ရမယ့်ဟာတွေက ရှိသေးတာကိုး။ ကိုယ်ကတော့လည်း စစ်ပညာရှင်ကြီး ကလော့(စ)ဗစ် စကားနဲ့ ပြောရင်

ကြင်နာသနားတတ်တဲ့ အသည်းနှလုံးရှိတဲ့ လူများ စာရင်းထဲ ဝင်လေမလားပဲ။ ဟဲဟဲ ..။ ကလော့(စ)ဗစ် (Carl Von Clausewitz)က ရေးခဲ့တယ်။ Kind-hearted people might of course think there was some ingenious way to disarm or defeat an enemy without too much bloodshed, and might imagine this is the true goal of the art of war. ကြင်နာသနားတတ်တာနဲ့ ခပ်တုံးတုံးနဲ့ အကြားမှာကလည်း စည်းရိုးက ပါးပါးကလေး ဆိုတာကိုတော့လည်း ကိုယ် သဘောပေါက်ပါတယ်။ ဖိုးစောထွန်းကတော့ ငါ ပြောပါ့မယ်ရယ်လို့ပဲ ပြန်ပြောတယ်။ သူ့ဘက်ကနေ ကြည့်ရင်တော့ The art of war deals with living and with moral forces. ဆိုသလို သဘောထားချင် ထားမယ်။ အနိုင် တိုက်ဖို့ကိုး။ ရန်သူကို ခေါင်းမထောင်နိုင်စေရဘူးလို့ ကလော့(စ)ဗစ်ကြီးက မှာထားခဲ့တာ မဟုတ်လား။ ဒီပြင် အကြောင်းတစ်ခုက ရဲဝန်က ပရိုမိုးရှင်းရလာတာ သိပ်မကြာသေးဘူး။ အဲဒီလို ပရိုမိုးရှင်း ရလာဖို့အတွက် ဖိုးစောထွန်းဆီက ရက်ကောမင်ဒေးရှင်းလည်း ပါတယ်။ ဒီတော့ ရှင်းအောင် ပြောရရင် ဖိုးစောထွန်း လုပ်တာကို ရဲဝန်က ကန့်ကွက်မှာ မဟုတ်ဘူး။ ဟဲဟဲ ..။ ပြောမယ် ဆိုရင်တော့လည်း ဘုတ်ကို ကျီး ရိုသေ၊ ကျီးကို ဘုတ် ရိုသေဆိုတဲ့ အပြန်အလှန် ရိုသေမှုစနစ်ကြီးကတော့လည်း ဘယ် နိုင်ငံ၊ ဘယ်အရပ်၊ ဘယ်ခေတ်ကာလရဲ့ အုပ်ချုပ်ရေးစနစ်တွေမှာမဆို ရှိတော့ ရှိနေကြတာပဲ။ ဒါပေတဲ့ ခုနောက်ပိုင်းမှာ ပေါ်လာတဲ့ ယူနီဖောင်းဝတ်ဆိုရင် ဘယ်သူမျိုးမဆိုထက် တစ်ဆင့်မြင့်တယ်ဆိုတဲ့ အမြင် ..၊ စိတ်ထားမျိုးကတော့ ဟိုစဉ်က မရှိခဲ့ကြဘူး။ ရပ်ထဲရွာထဲဆီက အလှူပွဲ လာရင် တပ်မှူးတွေ၊ နယ်မြေမှူးတွေက ပုဆိုးတိုတိုနဲ့ အင်္ကျီလက်ရှည် အဖြူကလေးနဲ့ လာကြတာ။ ကိုယ်တို့နဲ့တွေ့ရင် ရင်းရင်းနှီးနှီး အစ်ကိုကြီးရယ်လို့ ခေါ်တတ်ကြတယ်။ ရာထူးကို ရှေ့တန်းတင်ပြီး မခေါ်ကြဘူး။ ယူနီဖောင်းပေါ်မှာ ယောဂီရောင်တဘက်ပတ်၊ ခါး ပြောက်ထိုးပြီးတော့ ဘုရားပေါ် တက်တာမျိုးတော့ ကိုယ်တို့ခေတ်မှာ မတွေ့ခဲ့ရဖူးဘူး။

အင်း၊ မောင်စိန့်ကိစ္စ ပြန်ပြောရအောင်။ နောက်နေ့တော့ ရဲဘော်နှစ်ယောက်နဲ့ တပ်ကြပ်ကြီးတစ်ယောက်က အဲဒီ ပုလိပ်ကြပ်ကို ခေါ်လာပြီး ဖိုးစောထွန်းရုံးကို တန်းခေါ်သွားကြတယ်။ အဲဒီမှာ ခရိုင်ရဲဝန်လည်း ရောက်နေတယ်။ ကိုယ်လည်း ရှိနေတယ်။ တပ်ကြပ်ကြီးကို အခန်းထဲမှာ ကုလားထိုင်တစ်လုံး ထိုးပေးပြီး ထိုင်ထားခိုင်းတယ်။ မင်း၊ ဘာလုပ်တယ် ဆိုတာ မင်း သိတယ် မဟုတ်လား ဆိုတဲ့ မေးခွန်းတစ်ခုပဲ မေးတော့ ပုလိပ်ကလေးခမျာမှာလည်း ဘာမျှကို ပြန်မပြောရဲဘူး။ ဟုတ်ကဲ့ တစ်လုံးပဲ ပြန်ပြောနိုင်တယ်။ ကိုယ့်အထင်တော့ ဖိုးစောထွန်းနဲ့ ရဲဝန်က ပြောဆိုပြီး စီရင်ချက်ချထားတာ ရှိနေလိမ့်မယ်။ အဆုံးတော့ ရာထူးတစ်ထစ် ပြန်ချပြီး နယ်ပြောင်းပစ်လိုက်တယ်။ သူတို့ကတော့ တစ်ချီတည်း ထုတ်ပစ်လိုက်ချင်ကြတာ။ ကိုယ်ကတော့လည်း သူ့မိသားစု စားဝတ်နေရေး စတာတွေ နည်းနည်း ထည့်ပြောထားရတယ်။ ဒီတော့လည်း ရဲဝန်က ပြောပါတယ်။ ဒီက ဆရာကြီးတွေကသာ ပြောမထားရင် မင်းဘဝ ဒီမှာ တစ်ခန်းရပ်သွားမယ်။ အရက်ဆိုတာ သောက်ကြတာပဲ။

အရက်သောက်ပြီး ရမ်းတာတို့၊ ယုတ်စွအဆုံး ကိုယ့်အိမ်က မိန်းမကို ရိုက်တာတို့ ဆိုတာတွေက မတရားမှုကို ကျူးလွန်တာ။ ကိုယ် အသုံးမကျလို့ ဖြစ်ရတာ .. စသဖြင့် ပြောလို့ ကျေးဇူးတင်ရသေးတယ်။ အဲဒီလို စီရင်ချက်ချတုန်း ကိုယ်ကတော့ သိပ် သဘောကျမိတာတစ်ခု ရှိတယ်။ တပ်ကြပ်ကြီးပဲ။ ကိုယ်တို့ ဟိုစဉ်က အခေါ်တော့ ဆရာကြီးပေါ့။ ပုလိပ်ကြပ်ကို ပြောဆို စီရင်ချက်ချနေတုန်း ကိုယ်တို့က တပ်ကြပ်ကြီးကို တိုင်တည်ပြီး "မဟုတ်ဘူးလား ဆရာကြီး .."ရယ်လို့ လှမ်းပြီး ပြောတတ်ကြတယ်။ ပြောလိုက်တိုင်း သူက "ဟုတ်ပါတယ် ခင်ဗျား"လို့ ပြန်ဖြေတယ်။ ဒီအတိုင်း ပြန်ဖြေတာ မဟုတ်ဘူး။ မတ်တတ် ထရပ်လိုက်ပြီးမှ ပြောတာ။ ကြည့်စမ်း၊ အထက်က စကားကို ဘယ်လို နာခံရမယ်ဆိုတာဟာ သူ့ခေါင်းထဲမှာ စွဲပြီး အလေ့အကျင့် ဖြစ်နေတာကိုး။ ဘယ်သူ ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ကိုယ်ကတော့ ဒစ်စပလင်ဆိုတာကို ကြိုက်တဲ့လူ ဆိုတော့ တပ်ကြပ်ကြီးရဲ့ အပြုအမူကို ကြည့်ပြီး ရိုသေသွားမိတယ်။ ဖိုးစောထွန်းကိုတော့ မသိဘူး။ ရဲဝန်နဲ့ ကိုယ်ကတော့ သတိထားလိုက်မိတယ်။ သုံးခါလောက် ထိုင်ချည်၊ ထချည် လုပ်တော့ ကိုယ်လည်း မနေနိုင်တော့ဘူး။ ဆရာကြီး၊ ထိုင်လျက်နဲ့ ပြောပါဗျာ။ ခင်ဗျားတို့ရဲ့ ယူနီဖောင်း လုပ်ထုံးအရ လုပ်တာ မဟုတ်ပါဘူး။ ကျုပ်တို့ တိုက်ပုံပေါ်မှာလည်း အရစ် မပါပါဘူးလို့ လှမ်းပြီး ပြောလိုက်မိတယ်။ ဒါနဲ့တောင် ဟုတ်ကဲ့ ခင်ဗျားလို့ ပြန်ပြောတော့ ဖင်နည်းနည်း ကြွလိုက်သေးတယ်။ သူ့ဘာသူလည်း ပြုံးတယ်။

အားလုံး ကိစ္စပြီးသွားတော့ ကိုယ်တို့လည်း တပ်ကြပ်ကြီးနဲ့ သူ့ ရဲဘော် နှစ်ယောက်ကို လက်ဖက်ရည် မှာတိုက်ရင်း ကျေးဇူးတင်ကြောင်း ပြောကြတယ်။ အဲဒီတုန်း ကိုယ်ကပဲ တပ်ကြပ်ကြီးကို ပြောမိတယ်။ ခင်ဗျားတို့လည်း အဲဒီဘက် သွားလာနေကြတယ် ဆိုတော့ အာ့စိန်ကို စောင့်ရှောက်ပါ။ လူကောင်းပါလို့ ပြောတော့ ရဲဘော်ကလေး တစ်ယောက်က စကားပြောခွင့်တောင်းပြီး ဆိုင်ရဲ့ ရှေ့ပိုင်းကတော့ အတော်ကလေး ပျက်စီးသွားတယ်။ ပြန်ပြီး ဖွင့်နိုင်ပါ့မလား မသိဘူးလို့ ပြောတယ်။ ကိုယ်တို့ကတော့ ဘာပြောရမှန်း မသိဘူး။ ဒီတော့ တပ်ကြပ်ကြီးက သူ့ ရဲဘော်နှစ်ယောက်ကို မေးတယ်။ ငါတို့ ဘားရက်တစ်ခု ပြန်ဆောက်တော့ ဘားရက်အဟောင်း ဖြိုတုန်းက ကျန်ရစ်ခဲ့တဲ့ သစ်တိုသစ်စတွေ ရှိသေးလားဆိုတော့ ရဲဘော်ကလေး တစ်ယောက်က ရှိသေးတယ်လို့ ပြောတယ်။ ဒီလိုဖြင့် မပူပါနဲ့။ တပ်မှူးဆီက တောင်းပြီး ကျွန်တော့် ကောင်ကလေးတွေနဲ့ တစ်မနက် သွားပြီး ပြင်ဆင်ပေးပါ့မယ်။ ဘိလပ်မြေကတော့ နှစ်အိတ်လောက် လိုမလားဘဲလို့ တပ်ကြပ်ကြီးက ပြောတယ်။ ပြောပြီး သူ့ရဲဘော်ကလေးတွေကိုလည်း ဖြစ်တယ် မဟုတ်လားလို့ လှည့် ပြောတယ်။ ရဲဘော်ကလေးတွေကလည်း ဖြစ်ပါတယ်လို့ တက်တက်ကြွကြွနဲ့ ဖြေတယ်။ ကိုယ်ကတော့ ငွေနှစ်ဆယ် ထုတ်ပေးလိုက်ပြီး ဘိလပ်မြေဖိုးလို့ ပြောတော့ ဖိုးစောထွန်းကလည်း ငွေနှစ်ဆယ် ထုတ်ပေးပြီး ခင်ဗျား ရဲဘော်လေးတွေလည်း မုန့်လေးပဲလေး ဝယ်ကျွေးလိုက်ဗျာ လို့ ပြောတယ်။ ရဲဝန်ကလည်း ငွေနှစ်ဆယ် ထုတ်ပေးသေးတယ်။ အဲဒီက ကိုယ်တို့ခေတ်က အရပ်နဲ့ တပ်ရဲ့ ဆက်ဆံရေး။ တပ်က

သူတို့ နိုင်တာ ဝင်လုပ်ပေးတဲ့ အစဉ်အလာ ရှိတယ်။ မနိုင်တာကို အတင်း ကျော်လုပ်တာမျိုး၊ လုလုပ်တာမျိုး၊ မသိချင်ယောင်၊ မကြားချင်ယောင် ဆောင်နေတာမျိုးတွေ မရှိဘူး။ ယူနီဖောင်းက ယူနီဖောင်းတွေ အကြားမှာ အဆင့်ဆင့် ရိုသေသမှု ရှိကြပေတဲ့ ယူနီဖောင်း မဝတ်တဲ့ လူတွေထက် ငါတို့က ခေါင်းတစ်လုံး သာတယ်လို့ တင်ကူး လက်ခံမထားကြဘူး။ ကိုယ်တို့ကိုလည်း ရိုသေသမှုရှိတယ် ဆိုတာက ကိုယ်တို့ အရပ်ဘက် အုပ်ချုပ်ရေးမှာကလည်း ဥပဒေကို လက်တစ်လုံးကြား လှည့်ပြီး ရာထူးယူတာ၊ အာဏာကို ဖန်တီးပြီး အတင်းလုယူထားတဲ့ ရာထူးမျိုးတွေ မရှိခဲ့ဘူး။ အားလုံးဟာ စနစ်ကြီးထဲကပဲ။ စည်းမကျော်ကြဘူး။ ကိုယ်တို့ဘက်က စည်းကျော်မိလို့ သူတို့ မရိုမသေ ဖြစ်ခဲ့ရင်တော့လည်း သူတို့ကို အဆိုး မဆိုသာဘူး မဟုတ်လား။

အဲဒီနောက် အာ့စိန်နဲ့ နှစ်ကြိမ်၊ သုံးကြိမ်လောက်ပဲ တွေ့တော့တယ်။ ကိုယ်တို့တစ်တွေလည်း ပြောင်းကြရွှေ့ကြရတာကိုး။ အရပ်ဘက် အုပ်ချုပ်ရေးစနစ်ကြီး တစ်ခုလုံးဟာ အူကြောင်ကြောင်နဲ့ စစ်တပ်အောက် ရောက်သွားပြီး ကိုယ်တို့ ပတ်ဗလစ် ဆားဗင့်ကြီးတွေလည်း တပ်ဗလစ် ဆားဗင့်တွေ ဖြစ်ကုန်ကြရတာ။ ကြည့်မရ ထောင်ချ မှုနဲ့ ပတ်ဗလစ် ဆားဗင့်ကြီးတွေလည်း ဝက်စာကျင်း တရှုံ့ရှုံ့မှာ နန်းစံသူတွေ နန်းစံကြ ရပြီး တဖြည်းဖြည်း မျိုးဆက်ပြတ်ကုန်ကြရတယ်။ သူတို့ တံတားထိပ် ကားဆိပ်ဆီမှာကော ဘာတွေ ဖြစ်ကုန်တယ် မသိဘူး။ မောင်စိန်၊ မင်းက ဆိုင်မဖွင့်တော့ဘူးလားလို့ မေးကြည့်မိတယ်။ ဖွင့်တယ်၊ အရေးပိုင်မင်း။ ခုတော့ မွေးစားထားတဲ့ ကောင်လေး လင်မယား ဆက်လုပ်နေတယ်။ ငါကတော့ လိုတာလေး ဝင်ပြောပေါ့လေလို့ ပြန်ဖြေတယ်။ တိုက်အုပ် ဘုန်းကြီးကလေးကောလို့ မေးတော့ တိုက်အုပ်ကတော့ အမြဲတမ်းတိုက်အုပ် ဖြစ်သွားပြီ။ ဆရာတော်ကြီး မရှိတော့ဘူး။ နောက်ဆရာတော်ကြီး တစ်ပါး။ တိုက်အုပ်ကို အရပ်ကရော၊ တခြားဘုန်းကြီးတွေကပါ ဝိုင်း တောင်းပန်ကြပေတဲ့ သူက ငြင်းတယ်။ ငါတို့ ကိုယ်တော်ကလေးက ဗိုလ်ကြီး၊ ဗိုလ်မှူး ဖြစ်ချင်တာ မဟုတ်ဘူး။ လက်ကောက်ဝတ်မှာ အပတ် ပတ်ရတဲ့ အရာခံဗိုလ် ဖြစ်ချင်တာ။ ဂေါ်ယာတွေတုန်းက အာ–အက်(စ)–အမ်၊ စီ–အက်(စ)အမ်လို့ ခေါ်ကြတာတွေလေ။ တပ်တစ်တပ်လုံးကို ထိန်းရတဲ့ လူလေ .. လို့ အရှည်ကြီး ရှင်းပြတယ်။ မင်းနဲ့ ဒီက ကောင်ကလေးတွေနဲ့က ဆွေမျိုးတော်သလားဆိုပြီး ကျညီနောင်အကြောင်း မေးတော့ ကျွန်တော်တို့မှာ ဆိုရိုးစကား ရှိပါတယ်လို့ အစချီပြီး အာ့စိန်က ပြောတယ်။ ပင်လယ်ကြီးလေးခု အကြားမှာတော့ အားလုံးဟာ ညီအစ်ကိုတွေပဲတဲ့။ ဒီတော့လည်း ကိုယ့်ဘာသာ တွေးကြည့်မိတယ်။ ဒါကြောင့် သင်းတို့ဟာ အချင်းချင်းကို စောင့်ရှောက်ကြတာပဲ။ ငါတို့လူမျိုးလို ကြောပြနေကြတာမှ မဟုတ်ဘဲ။ ဘုရားအကြောင်း၊ တရားအကြောင်း တွင်တွင်ပြောပြီး ဣဿာမစ္ဆရိယ များနေကြတာမျိုးမှ မဟုတ်ဘဲလို့။ ကိုယ်တို့ ပြန်ခါနီးတော့ အာ့စိန်က ကိုယ့်ကို နောက်တစ်ကြိမ် ကန်တော့တယ်။ ကန်တော့ရင်း မသေလို့ တွေ့ မေ့နိုင်ပါ့မလား အရေးပိုင်မင်းရယ်လို့ ထပ်ပြီး ပြောပြန်ဘယ်။ ကိုယ့်အတွက်တော့ အဲဒီစကားက ခေါင်းထဲက မထွက်တော့ဘူး။

ဒီတော့လည်း ဆက်ပြီး တွေးကြည့်စရာ ဖြစ်လာတယ်။ မသေလို့ တွေ့၊ မေ့နိုင်ပါ့မလားလို့ ဆိုတော့ သေသွားလို့ မတွေ့ကြရဘူးဆိုရင်ဖြင့် မေ့လို့ ရသွားတဲ့ သဘောပဲ။ အင်း၊ ဟုတ်တော့လည်း ဟုတ်သားကလား။ စကားတိုင်းမှာ ဆက်တွေးစရာတွေချည်းပဲ။ သေသွားခဲ့ရင်တော့လည်း ဘယ်မှာ တွေးကြည့်စရာ လိုတော့မှာလဲ။ ဘယ်မှာ တွေ့ကြတော့မှာလဲ။ ဒါကတော့၊ တစ်မျိုး။

■